www.burmeseclassic.com

မင်းခိုက်စိုးစန်

# မင်းသားကြီး

BURMESE CLASSIC

ဝတ္ထုတိုများ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၉၈၀၁၁၁

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၅၉၁၁၁၁

◆

ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

◆

မျက်နှာဖုံးဒီဇိုင်း
everybody

◆

ဖလင်
Color King

◆

အုပ်ရေ
၅၀၀

◆

တန်ဖိုး
၂၅၀၀ ကျပ်

◆

ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ
အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

◆

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃၀၁

မင်းခိုက်စိုးစန်

မင်းသားကြီး/ မင်းခိုက်စိုးစန်၊ ရန်ကုန်။
နန်းဒေဝီစာပေ - ပထမအကြိမ်၊ ၂၀၁၁။
၂၁၂ - စာ၊ ၁၃ × ၁၉ စင်တီမီတာ။
မင်းသားကြီး

www.burmeseclassic.com

www.burmeseclassic.com

# မင်းသားကြီး

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ငါရဲ့အဘိဓာန် ၁၄

သိမ်းဆည်းထားတဲ့အမိုက် ၂၆

ဇာတ်ဝင်ခန်း ၃၂

သင်သိသမျှဖြည့်စွက်ထည့်သွင်းရေးသားပါ ၄၆

သေမင်းပုံသံကြောင့်ရှာတဲ့မိုး ၅၄

ခွကျသူ ၆၆

ကျွန်တော့်ရဲ့အရုပ်တခွေ ၇၈

ကျွန်တော်နှင့်ဖေဖော်ဝါရီခါးခါး ၈၂

သကြံန်အရှုံးတစ်ယောက်အကြောင်း ၉၈

နှလုံးထဲ၌လှည်းဘီးကျိုးနေသည် ၁၀၈

စာမေးပွဲ ၁၂၄

ကျိန်စာ ၁၃၀


www.burmeseclassic.com

www.burmeseclassic.com

နဂါးမျက်စောင်း ၁၄၀

ကျွန်တော့်ဒိုင်ယာရီထဲတွင် ရေးမှတ်ထားသော

လူ ၁၃ ယောက်အကြောင်း ၁၅၆

သင်္ချာသေလို့ဝင်စားတဲ့စိတ် ၁၇၄

မင်းသားကြီး ၁၈၆

## ပရိသတ်များသို့ မှတ်မှတ်ရရကဗျာ


ငွေကြယ်ပွင့်ရဲ့အမေများနေ့ အမှတ်တရ

ရင်တွင်းစကားများ ၂၀၉

ငွေကြယ်ပွင့်မေမေရဲ့ရင်ဖွင့်သံ ၂၀၂

www.burmeseclassic.com

www.burmeseclassic.com



## အလန့်တကြား အမှာစာ

အမှာစာရေးဖို့ ကိုကျော်စိုးက ဖုန်းဆက်လာတော့ ကျွန်တော် 'လန့်' သွားတယ်။ ချက်ချင်းပဲ ဒါကဘယ်လိုဖြစ်ရတာလဲလို့ ဆက်မေးမိသွားခဲ့တယ် ထင်တာပဲ။ သူက မရေမရာတွေ တောင်ပြော မြောက်ပြော လျှောက်ပြောပြီး ဖုန်းချသွားတယ်။ ရယ်ကျဲကျဲအသံနဲ့။ နောက်တစ်နေ့တွေ့တော့မှ သူ အတည်ပြောမှန်း သိတယ်။

'အမှာစာ' တဲ့။ ဘာကို မှာရမှာလဲ၊ မှာဖို့ကော လိုသေးလို့လား။ သူ့ကိုဖြင့် တစ်တိုင်းပြည်လုံး သိပြီးသားကြီးကို၊ 'အမှာစာ ဆိုတာ order letter ကို ခေါ်တာလား' လို့ သူ့ကို ပြန်နောက်တော့

www.burmeseclassic.com

www.burmeseclassic.com

'မင်းဘယ်လို ထင်သလဲ၊ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူး. . ဒဲ့ရေး' လို့ ပြောပါလေရဲ့။ သူ ပြောပြောနေတဲ့ စကားတစ်ခွန်း ရှိပါတယ်။ 'ကိုယ်က တစ်ခါတလေ ညံ့တဲ့ အရသာကို ကြိုက်တယ်' ဒါပေမဲ့ ကျွန်တော့်စာရေးတဲ့ သက်တမ်းနဲ့ ယှဉ်ကြည့်လိုက်တော့ သူ့ရဲ့စာတွေဟာ ကျွန်တော့်အတွက် ကောင်း၏၊ ညံ့၏ ပြောစရာ 'အကြောင်းအရာ' မဟုတ်ပါ။ သူ ပေးတဲ့ Message ကို အမိလိုက်ယူနိုင်ရုံ ကိုယ် သိသလိုလေး သိမ်းထားရုံ ပညာယူရုံ သက်သက်ပါပဲ။

Fender ဂီတာကို တောက်လျှောက် တီးလာတဲ့ လူတစ်ယောက်ဟာ stretocaster, telecaster ခွဲမှာ မဟုတ်ပါဘူး။ ဘယ်ဟာက ပိုကောင်းသလဲ ဆိုတာလည်း သူနဲ့ မဆိုင်ပါဘူး။ ဘာ Series ပဲဖြစ်ဖြစ် သူ ကြိုက်မှာပါပဲ။ (အသေချာဆုံးကတော့ အမှာစာ မရေးတတ်မှန်းသိလို့ကို တမင်ရေးခိုင်းသွားခြင်း ဖြစ်သည်။ ဒီဝတ္ထုတိုပေါင်းချုပ် ကော်ပီကို လက်ထဲ ထိုးအပ်သွား၏။)

စာအုပ်ကို စဖတ်လိုက်တော့ A, B, C, D, E, F, G ဆိုတဲ့ လူခုနစ်ယောက်နဲ့ ခွေးတစ်ကောင်ကို တွေ့တယ်။ x, y သင်္ချာမသိကိန်းတွေကို လိုက်တွက် ရတယ်။ နည်းနည်း အလုပ်ရှုပ်သွားတယ်။ ကျွန်တော်သာဆိုရင်တော့ ခွေးကိုသတ်၊ မှော်ဆရာလိုလို ကောင်ကြီးပေးတဲ့ ဆန်တွေကိုယူ၊ ပြီးရင် မှော်ဆရာကိုပါ သတ်။ ပြီးမှ လူသေရော၊ ခွေးသေရော အသားတွေလှီးယူ၊ အခြောက်ခံ၊ နေလှန်းကြော်လှော်ပြီး ရှိတဲ့ဆန်နဲ့ ခုနစ်ယောက် လောက်အောင် စားပစ်မှာပဲ။ အတော်ကြာရင် တိမ်တွေ ပြန်လာဦးမှာပေါ့။ သူ့ဝတ္ထုထဲမှာ ပြောပါတယ်။ လူတွေက သင်္ချာသိပ်မကျွမ်းကြဘူး။ သူ့ငွေတွေကို မသေဆေး သွားကျွေးတဲ့ကောင်က ရှိသေးတယ်။ သူ့ခမျာ သမက်ကို ကြက်ဥတိုက်တဲ့ အချိုးမျိုး။ ဟိုမှာဖြင့် ပြားနေကြပြီ။ ပြီးတော့ လူ ၁၃ ယောက်. .။ အပုဒ်စေ့ လိုက်ရေးနေရအောင်လည်း ဒါက အဖြေစာအုပ်မှာ အမှတ်ခြစ်ရတာမျိုး မဟုတ်လေတော့ 'မှာ' တဲ့ ကိစ္စကို ဒီမှာပဲ အလန့်တကြား ပစ်ချခဲ့လိုက်တော့မယ်။

(ကိုကျော်စိုးရေ ခင်ဗျားလိုတော့ အိမ်သာထဲကို ဆေးလိပ်တစ်လိပ် စာတစ်အုပ်နဲ့ ဝင်သွားပြီး အမှာစာကြီး ပိုက်ပြီး ဘာပြ ပြန်ထွက်လာနိုင်မလဲဗျာ၊ နော်)

www.burmeseclassic.com

www.burmeseclassic.com

**အခြားသော ယောင်ဝါးဝါးများ**

၁၉၉၄ ကျွန်တော် တောင်ငူမြို့ကနေ ရန်ကုန်ကို ပြောင်းခါနီးမှာ ဆရာ ဇော်ဇော်အောင်ရဲ့ **'ကြောင်ရေးတဲ့ ဝတ္ထု'** ကို မဂ္ဂဇင်း တစ်အုပ်မှာ ဖတ်ခဲ့ရတယ်။ လေးတန်းကျောင်းပြီးခါစပေါ့။ ရန်ကုန် ပြောင်းပြီး ငါးတန်းမှာ မင်းခိုက်စိုးစန်ရဲ့ **'ငှက်ကလေးရဲ့သက်တော် စောင့်'**၊ ဆရာ သစ္စာနီရဲ့ **'အမည်မဲ့ကဗျာများ'** စသည် စသည် ဖြင့် ကျွန်တော့်ကို ဆက်ကာဆက်ကာ ဝိုင်းဝန်းရိုက်နှက်၊ ခုတ်ဖြတ်။ ကျွန်တော် စုတ်ပြတ်သွားခဲ့ရပါသည်။ ဘာတွေလဲ ဒါ ဘာကြီးတွေလဲ။ ကျောင်းမှာသင်တဲ့ မြန်မာစာနဲ့ အပြင်မှာ ဖတ်ရတဲ့ ဒီမြန်မာစာတွေ ဘာကွာနေလဲ၊ ဘာတွေ လုပ်နေကြတာလဲ၊ 'မရက်စက်ကြပါနဲ့ ကျွန်တော် ငယ်ပါသေးတယ်' ရှူးပြီ။ ဘာလုပ်ရမှန်း မသိတော့ဘူး။ ဒီစာတွေဟာ သူစိမ်းဆန်သလို အင်မတန်လည်း ဖော်ရွေတယ်။ ခြေနင်းကြမ်းသလောက် အစွန်းရောက်အောင်လည်း သိမ်မွေ့လွန်း နေတယ်။ အနှောင့်အယှက်ပေးတယ်၊ မသိချင်ယောင် ဆောင်တယ်။ ပခုံးကို ဖက်ထားတယ်၊ ပါးကို လွှဲရိုက်တယ်။ 'ဖြောင်း' ခနဲ။ ပို့စ်မော်ဒန်ဆိုပဲ။ တစ်ချက် တစ်ချက် 'ဖော်ဝေးငှက်များ' လိုမျိုး ကဗျာထဲကနေ လှမ်းလှမ်းခြောက်တဲ့ တစ္ဆေတွေကိုလည်း တွေ့ခဲ့ရ တယ်။ ဒါတွေကို ကျွန်တော် သွေးရူးသွေးတန်း တစ်စွန်းတစ်စ လှမ်းလှမ်းဆွဲကြည့်နေမိခဲ့သလား ကျွန်တော် မမှတ်မိပါ။ သစ်လွန်း တဲ့ ဒဏ်ကြောင့် အူရောင်ငန်းဖျား ဖြစ်တဲ့အခါဖြစ်၊ စိတ်ထဲကတော့ ဒီစာတွေကို 'ချစ်' တတ်နေခဲ့ပါပြီ။

ဆရာဇော်ဇော်အောင်၏ အသက် ၇၅ နှစ်ပြည့် စာအုပ် ကြီးမှာ ဝင်ရောက်ရေးသားခွင့်၊ ကျွန်တော့်ရဲ့ ဒုတိယမြောက် စာအုပ် အတွက် ဆရာသစ္စာနီရေးပေးတဲ့ အမှာစာ လက်ရေးမူကို ကိုယ့် မျက်လုံးနဲ့ ကိုယ်ကိုင် မြင်တွေ့ခွင့်၊ ကိုယ်ရေးတဲ့ သီချင်းတစ်ပုဒ်ကို Emperor Band နဲ့ ဦးညီထွဋ်ကိုယ်တိုင် သီဆို အသံသွင်းတာကို နားနဲ့ ဆတ်ဆတ်ကြားခွင့်၊ ကိုလေးဖြူနဲ့ Duet သီချင်း အတူ သီဆို ခွင့်တို့ကို ရခဲ့ပြီး အခု ကိုယ်ငယ်ငယ်လေးကတည်းက ဖတ်ခဲ့ရသော စာရေးဆရာတစ်ယောက်ရဲ့ စာအုပ်ရှေ့ဆုံးမှာ 'ရေးချင်တာရေး' ဆိုပြီး အခွင့်ပေးခြင်းကို ခံခဲ့ရသောအခါ ကျွန်တော် မည်သို့ဖြစ် မည်ကို အားလုံးသိကြမည် ထင်ပါသည်။ ဘုရားစူး၊ ကျွန်တော် ဒါတွေကို အိပ်မက်တောင်မှ မမက်ဖြစ်ခဲ့ပါ။ ကျွန်တော် မျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com

သည့် အရာများထက် မမျှော်လင့်ထားသော ကိစ္စများကို ဘုရားက ပို၍ ပေးခဲ့သည် ထင်ပါသည်။

**အစဉ်အလာဖျက်ခြင်း နှစ်ပါးသွား**

'ကိုကျော်စိုး အငယ်က အကြီးကို အမှာစာရေးတာ အစဉ်အလာ မရှိဘူးနော်' လို့ ကျွန်တော် သတိပေးတော့ သူက 'အေး အဲဒီအစဉ်အလာ မရှိတာကို လုပ်ချင်တာ' ဟု ပြန်ပြောခဲ့ပါတယ်။ ('အစဉ်အလာဖျက်ခြင်း' ဆိုတဲ့ Album တစ်ခုလည်း မကြာမီလေးတင် ထွက်သွားခဲ့ပါသေးတယ်) လူတိုင်းစေ့ အစဉ်အလာ ဖျက်ကုန်ကြလျှင်လည်း မကောင်းပါ။

'အစဉ်အလာဖျက်ခြင်း' သာ အစဉ်အလာကြီး တစ်ခု ဖြစ်ခဲ့ရင် ဒုက္ခ။

၀

MUCH APPRECIATED!!

**ကျားပေါက်**

(BIG BAG)

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - အင်တာဗျူးတွေမှာ ခဏခဏတွေ့နေရတဲ့ 'အနုပညာလောက' ထဲကို တစ် ကျော့ပြန်ဝင်လာတာတို့၊ ပြန်ထွက်သွားတာတို့၊ ဝင်လိုက်ထွက်လိုက် လုပ်နေ တာတွေဟာ ဘယ်အပေါက်ကနေလဲဆိုတာ သိရင် တစ်ဆိတ် လမ်းညွှန်ပေးစေ လိုပါတယ်။**

ဖြေ - အဲဒီအပေါက်ဟာ တိရစ္ဆာန်ဥယျာဉ်ထဲက ဆင်လှောင်ရုံမှာရှိပါတယ်။ အနုပညာလောကဆိုတာ နေရာတစ်ခုမဟုတ်ပါဘူး။ ဇာတ်စင်တစ်ခု မဟုတ် ပါဘူး။ ပရိသတ်ရဲ့ 'လေးစားအသိအမှတ်ပြုမှု' ကို ဆိုလိုတာဖြစ်ပါတယ်။ မဟာဆွေ၊ ဒါရိုက်တာဦးသုခ၊ မေရှင်၊ မြို့မငြိမ်းတို့ သေတာကြာပါပြီ။ ဒါပေမဲ့ သူတို့ခုထိ အနုပညာလောကထဲက မထွက်ရသေးဘူး။ သူတို့ကို ပရိသတ်က ခုထိ လေးစားအသိအမှတ်ပြုနေတုန်းမို့လို့ပါ။

စောစောကပြောတဲ့အပေါက်က ဝင်ကြတာကတော့ 'ယင်ကောင်' တွေပါ။ ယင်ကောင်တွေဟာ ဆင်ရဲ့ကျောကုန်းပေါ်နားခါနီးမှာ 'ဗျို့...ဆင်ကြီး၊ ခင်ဗျား ပေါ်မှာ ကျွန်တော်နားပြီဗျို့' လို့ နှုတ်ဆက်တယ်။ ပြန်ခါနီးကျတော့လည်း 'ဆင်ကြီးရေ...ပြန်လိုက်ဦးမယ်ဗျို့' လို့ ပြောပြီး ထပျံသွားတယ်။

ဆင်ကတော့ ယင်ကောင်လာနားတာလည်း မသိလိုက်ဘူး၊ ပြန်သွားတာလည်း မသိလိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## A

### Air

air ဆိုတာ လေကို ဆိုလိုမှန်း အားလုံးက သိကြပြီးသားပါ။ အားလုံးက လေကို ရှူရှိုက်ရတယ်။ လူတစ်ယောက်ချင်းစီအတွက် လေဟာ မရှိမဖြစ် အရေးကြီးတယ်။

ဗန်းစကားမှာတော့ give the air ဆိုတာ **ချစ်သူကို စွန့်လွှတ်ရတယ်**လို့ အဓိပ္ပာယ် ရပြန်ရော။ အဲဒီတော့ ချစ်သူဆိုတဲ့ စကားလုံးဟာ air (လေ) ဆိုတာနဲ့များ အဓိပ္ပာယ်ချင်း သွားညီမျှနေမလားလို့ ကျွန်တော် စဉ်းစားမိပြန်တယ်။

ဖြစ်နိုင်ပါတယ်။ လူတွေ အသက်ရှင်ဖို့ လေဟာ အရေးကြီးသလို ချစ်သူဟာလည်း မရှိမဖြစ် လိုအပ်တယ် မဟုတ်လား။ ချစ်သူနဲ့ လေဟာ အချိန်အဆ ချင်း တူနိုင်ပါတယ်။

နောက်ပြီး လေဟာ နေရာတိုင်းမှာ အလွယ်တကူ ရတယ်လေ။ ချစ်သူတွေကို လေလို့ သဘောထားရင် ကျွန်တော့်ကို စိတ်များ နာကြမလား။

## B

### Backbone

ရိုးရိုးစင်းစင်း အဓိပ္ပာယ်လေးပါ။ Back က နောက်ဘက် ကျောဘက်၊ bone က အရိုး။ အဲဒါကို ပေါင်းစည်းလိုက်တော့ backbone ဆိုတာ **ကျောရိုး နောက်ခံ**လို့ အဓိပ္ပာယ် ရတယ်။ ကိုယ့်ကို နောက်ကနေ မားမားမတ်မတ် ထောက်ပံ့ပေးနေတဲ့ ငွေကြေး၊ အဖွဲ့အစည်း၊ ပြီးတော့ ဘာညာ ဘာညာပေါ့။

ဗန်းစကား မှာတော့ နောက်ထပ် အဓိပ္ပာယ် တစ်မျိုး ရှိသေးတယ်။

Backbone ဆိုတာ **သတ္တိ**လို့ အဓိပ္ပာယ်ရတယ်။ ခင်ဗျားမှာ သတ္တိရှိရဲ့လား၊

www.burmeseclassic.com



ကျွန်တော်ကတော့ သတ္တိ မရှိဘူးဗျာ၊ Backbone မရှိလို့ပေါ့။

တချို့ လူတွေက Backbone (ကျောထောက် နောက်ခံ) ကောင်းတော့ Backbone (သတ္တိ)ကောင်းကြတယ် ဆိုပဲ။

## C

### Cheat

Cheat ဆိုတာ **မရိုးသားတာ၊ လှည့်ဖြားတာ**ပေါ့၊ ဒါပေမဲ့ အဲဒီစကားလုံးကို er ပေါင်းထည့်လိုက်လို့ cheater ဖြစ်သွားရင်တော့ လှည့်စားသူ၊ မရိုးသား သူ ဆိုပြီး ပြုလုပ်သူ ဖြစ်မသွားပါဘူး။

ဗန်းစကားမှာ cheater ဆိုတာ **မျက်မှန်**လို့ အဓိပ္ပာယ် ရပါတယ်။ ကျွန်တော် နည်းနည်း စဉ်းစားကြည့်တယ်။ ကျွန်တော်တို့ မျက်လုံးတွေ အပေါ်မှာ ဖုံးအုပ်တဲ့ မှန်ဟာ cheat (လှည့်စားတယ်) ဆိုတဲ့ စကားလုံးနဲ့ ဘယ်လိုများ ဆက်စပ် ပတ်သက်နေသလဲ ဆိုတာကိုပေါ့။

နည်းနည်းတော့ ဆိုင်မယ် ထင်တယ်။ ကျွန်တော်တို့ရဲ့ အမြင်တွေမှာ အယူဝါဒ အရောင်တွေ စွန်းထင်းနေပြီဆိုရင် အရှိကို အရှိအတိုင်း မမြင်နိုင်တော့ဘဲ (ကိုယ့်စိတ်ကိုယ် လှည့်စားပြီး) အစွဲအလမ်းတွေနဲ့ ပုံဖော် ကြည့်တတ်ကြတယ် မဟုတ်လား။

ကျွန်တော်တို့ဟာ ပကတိကို မမြင်ကြပါဘူး။ ကိုယ့် စိတ် အစွဲကိုပဲ မြင်ကြ တာပါ။

## D

### Dead

Dead ဆိုတဲ့ စကားလုံးဟာ **သေတာ**ကို ဆိုလိုမှန်း အားလုံး သိကြပြီးသားပါ။ ဒါပေမဲ့ ဗန်းစကား အုပ်စုထဲမှာ နောက်ထပ် စကားလုံးတစ်ခု ကျွန်တော် သွားတွေ့တယ်။ Dead heat တဲ့။ Dead က သေတာ၊ heat က အပူဆိုပြီး သေသွားတဲ့ အပူလို့တော့ ဖြစ်မလာပါဘူး။

Dead heat ဆိုတာ **ပြိုင်တူ ပန်းဝင်တာ**ကို ဆိုလိုတာပါ။ လှေနှစ်စင်း ပြိုင်တဲ့အခါ၊ လူ နှစ်ယောက် အပြေးပြိုင်တဲ့အခါ အတူတူ တစ်ပြိုင်နက်တည်း ပန်းဝင်ခြင်းပေါ့။

ကျွန်တော်က Dead ဆိုတဲ့ စကားလုံးလေးကို သဘောကျတာ။ Dead (သေဆုံးပြီ) ဆိုရင် ခင်ဗျားရဲ့ အောင်မြင်ခြင်းတွေရော၊ ရှုံးနိမ့်မှုတွေရော၊ မြင့်မားမှု တွေရော၊ နိမ့်ကျမှုတွေရော အားလုံးဟာ ပြိုင်တူ ပန်းဝင်ကြပါတယ်။

www.burmeseclassic.com



## E

### Eighty-six

ဗန်းစကားထဲမှာ eighty- eight တို့ eighty-six တို့ဆိုတာတွေဟာ အစော်ကို ကတ်သီးကတ်သတ် နိုင်ပါတယ်။

Eighty-eight ရဲ့ အဓိပ္ပာယ်က **စန္ဒရားတဲ့**။

Eighty-six ရဲ့ အဓိပ္ပာယ် ကျပြန်တော့လည်း ၈၆ မဟုတ်ပြန်ဘူး။ **'ဘာမှ မရှိဘူး'** (nothing) လို့ အဓိပ္ပာယ် ရပါတယ်။

တကယ်လို့ တစ်စုံ တစ်ယောက်က ကျွန်တော့်ကို

'ဘာရည်မှန်းချက်တွေ ရှိပါသလဲလို့' မေးခဲ့မယ် ဆိုပါစို့။ ကျွန်တော်က '86' လို့ ပြန်ဖြေပါမယ်။ ရည်မှန်းချက်တွေ ၈၆ ခုတောင် ရှိတယ်လို့ မယူဆစေချင်ပါဘူး။

ကျွန်တော်ဆိုတဲ့ တေလေမှာ ဘာဆို ဘာမှ လုံးဝ မရှိတာပါ။

## F

### Filthy

Filthy ဆိုတဲ့ စကားလုံးဟာ **'ညစ်ပတ်ယုတ်မာသော'** လို့ အဓိပ္ပာယ် ဆောင်ပါတယ်။ ဒါပေမဲ့ စကားလုံးတွေရဲ့ အသွင်ပြောင်းမှုဟာ အံ့ဩဖို့ ကောင်းတယ်။ Filthy (ညစ်ပတ် ယုတ်မာသော) ဆိုတဲ့ စကားရဲ့ နောက်ကနေ rich (ချမ်းသာကြွယ်ဝမှု) ဆိုတဲ့ စကားလုံးပေါင်း ထည့်လိုက်ရင် Filthy rich ဆိုတာ **'အရမ်းကို အံ့ဩဘနန်း ချမ်းသာတယ်'** လို့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။

ဒါပေမဲ့ ဒါဟာ စကားလုံး ကမ္ဘာထဲမှာပဲ ရှိတာပါ။

တကယ့် လူ့အဖွဲ့အစည်း လူ့လောကထဲမှာတော့ Filthy ညစ်ပတ်ယုတ်မာတဲ့ လူတွေဟာ သူတို့ရဲ့ နောက်ကနေ rich (ချမ်းသာ ကြွယ်ဝမှု) ဆိုတဲ့ ဂုဏ်ပုဒ် ပေါင်းထည့်လိုက်ရုံနဲ့တော့ ကြီးကျယ် ခမ်းနားသွားလိမ့်မယ် မဟုတ်ပေဘူး။

လူယုတ်မာဟာ လူယုတ်မာပါပဲ။

## G

### Green Light

Green ဆိုတာက **အစိမ်းရောင်** Light ဆိုတာက **မီးရောင်**။

အဲဒီတော့ Green light ရဲ့ အဓိပ္ပာယ် တည့်တည့်က 'မီးစိမ်းပြ' တဲ့ပါ။ ဆင့်ပွား အဓိပ္ပာယ်ကို ပြောရမယ် ဆိုရင်တော့ **'ခွင့်ပြုတာ၊ လုပ်ပိုင်ခွင့်ပေးတာ'** လို့ ပြောရမယ် ထင်တယ်။ မီးပွိုင့်တွေမှာ ဆိုရင် မီးစိမ်းပြမှ သွားခွင့်ရတာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဒီလိုပါပဲ။

Green Light ပြပြီဆိုရင် ခင်ဗျား(လုပ်ချင်နေတာကို) 'လုပ်ပေတော့' ပဲ။

ဒါပေမဲ့ Green ဆိုတဲ့ စကားလုံး တစ်လုံးတည်းဆိုရင် အဓိပ္ပာယ် သတ်သတ် ရှိသေးတယ်။

ဗန်းစကားမှာ Green ဆိုတာ **ပိုက်ဆံ**လို့ အဓိပ္ပာယ် ရပါတယ်။

တိုက်ဆိုင် လိုက်ပုံများနော်။ Green Light (လုပ်ခွင့်ပြုသည်) ဆိုတဲ့ အင်္ဂလိပ် စကားနှစ်လုံးမှာ Green (ပိုက်ဆံ) ဆိုတဲ့ စကားလုံးက ရှေ့က အရင် လာတာ နော်။ ကတ်သီး ကတ်သတ်ဗျာ၊ ဘာတွေမှန်းလည်း မသိဘူး။

## H

### High

High ဆိုတဲ့ စကားဟာ **မြင့်မားတာ**ပါ။ တိုက်တာတွေ၊ သစ်ပင်တွေ၊ တောင်တွေ မြင့်မှ မဟုတ်ပါဘူး။ ရာထူးမြင့်မားရင်လည်း high ပဲ၊ ငွေကြေး ချမ်းသာ ကြွယ်ဝမှု မြင့်ရင်လည်း high ပါပဲ။

ဒါပေမဲ့ ဗန်းစကားမှာတော့ high ဆိုတာ **'ယစ်မူးတာ'** လို့ အဓိပ္ပာယ် ရပါတယ်။ သေရည် မူးတာ မျိုးပေါ့လေ။

ကြုံကြုံဖန်ဖန်နော်။ **'မြင့်မားတာ'** နဲ့ **'ယစ်မူးတာ'** ဟာ စကားလုံး တစ်လုံး တည်း ဖြစ်နေရတယ်လို့။ ဘယ်သူတွေကများ အဲဒီ စကားလုံးတွေကို တွဲစပ် ထားပါလိမ့်။

တချို့က အမြင့်ကို တက်ရင် မူးတတ်တယ်နဲ့ တူပါတယ်။

## I

### ID

ID ဆိုတာဟာ ( I ကိုကော D ကိုပါ နှစ်လုံးစလုံးကို စာလုံးကြီးနဲ့ ရေးရင်) Identity လို့ ခေါ်တဲ့ **ပုဂ္ဂလိက သတ်မှတ်ချက်**ကို ဆိုလိုရာ ရောက်ပါတယ်။ မှတ်ပုံတင်တို့၊ ဝန်ထမ်းကတ်တို့ စတဲ့ မိမိ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း သက်သေခံ အထောက်အထား လက်မှတ်ဟာ ID ပါပဲ။

ဒါပေမဲ့ id ဆိုပြီး ( i ကိုရော d ကိုပါ စာလုံး အသေးတွေနဲ့ချည်းပဲ ရေးမယ်ဆိုရင် ကိုယ့်ရဲ့ မသိစိတ်ထဲမှာ ရှိနေတဲ့ **'အတ္တ'** လို့ အဓိပ္ပာယ် ရပါတယ်။

တကယ်တော့

ကိုယ့်အတ္တ (id) ဟာ ကိုယ်ဘယ်သူလဲဆိုတဲ့ သတ်မှတ်ချက် (ID) ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## J

### John

မိန်းမ တစ်ယောက်ကို အတိအလင်း မယူဘဲ **အိမ်တစ်ဆောင် မီးတပြောင်နဲ့ စပွန်ဆာပေးထားတာ**ကို John လို့ ခေါ်ပါတယ်။

ဒါပေမဲ့ John မှာ နောက်ထပ် အဓိပ္ပာယ်တစ်မျိုး ရှိပါသေးတယ်။ အဲဒါကတော့ John ဆိုတာ **'အိမ်သာ'** တဲ့။

အိမ်တွေ၊ ကားတွေ၊ ဟန်းဖုန်းတွေ စပွန်ဆာ လိုချင်ဘဲ့ ကလေးမလေးတွေ စဉ်းစားကြည့်ဖို့ပါ။

'ငါတို့ဟာ အိမ်သာတွေ ဖြစ်နေကြပြီလား' လို့။

အဲဒီ မေးခွန်းလေးတစ်ခုတော့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်စေချင်တယ်။

## K

### Kick back

Kick က ကန်သည်၊ back က နောက်ကျော ဆိုတော့ ကျောကို ခြေထောက်နဲ့ ကန်တယ်လို့ အဓိပ္ပာယ် ထွက်တယ် မထင်ပါနဲ့။ ဘာမှ မဆိုင်ပါဘူး။

Kick back ရဲ့ အဓိပ္ပာယ် **'သက်သောင့် သက်သာ ရှိတာ၊ စိမ်ကျတာ၊ အဆင်ပြေပြေ နေရတာ'** ကို ဆိုလိုတာပါ။

ဒါပေမဲ့ နောက်ထပ် အဓိပ္ပာယ်တစ်မျိုး ရှိသေးတယ်။ Kick ဆိုတဲ့ စကားလုံးနဲ့ back ဆိုတဲ့ စကားလုံးကြားမှာ ဟိုက်ဖင်လို့ ခေါ်တဲ့ (-) တုံး အတိုအမှတ်အသားလေး ထည့်လိုက်မယ် ဆိုပါစို့။

Kick-back ။ ဒါဆိုရင်တော့ အဓိပ္ပာယ်က **'လာဘ်ထိုးတာ'** ဖြစ်သွားပါတယ်။ ဟုတ်ကဲ့။ **'လာဘ်ထိုးတာ'** နဲ့ **'သက်သာတာ'** နှစ်ခုကြားမှာ တုံးတို (-) လေးပဲ ကွာပါတယ်။

## L

### Low down

နိမ့်တာတွေ၊ ကျတာတွေ လျှောက် မစဉ်းစားပါနဲ့။ ဒါက ဗန်းစကားဆိုတော့ အဲဒီလို တိုက်ရိုက် အနက် ကောက်လို့ မရဘူးပေါ့။

Low down မှာ နာမ် (noun) သဘော ဆောင်တဲ့ အဓိပ္ပာယ်နဲ့ နာမဝိသေသန (adj) သဘောဆောင်တဲ့ အဓိပ္ပာယ် ဆိုပြီး နှစ်မျိုး ရှိပါတယ်။

Low down ဟာ (n) အနေနဲ့ ဆိုရင် **'အမှန်တရား၊ အကျိတ်အလက်မှန်'** လို့ အဓိပ္ပာယ်ရပြီး (adj) အနေနဲ့ ဆိုရင် **'တရားမျှတမှု မရှိတာ'** ကို ဆိုလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကျေးဇူးပြု၍ Low down ဆိုတဲ့ စကားလုံးကို နှစ်ခါဆက်တိုက် မရွတ် ဆိုကြပါနဲ့။

## M

### Monkey

သိတယ် မဟုတ်လား။ Monkey ဆိုတာ မျောက်လေ။ ဘယ်တော့မှ အငြိမ် မနေတဲ့ကောင်၊ အာရုံ နှောက်စရာကောင်းတဲ့ အကောင်။ မြန်မာစကား အသုံးအနှုန်းမှာလည်း မျောက်ကို စိတ်မနှစ်မြို့စရာအဖြစ် သုံးနှုန်းကြတာပဲ မဟုတ်လား။

လင်ငယ်နေတာကို **'မျောက်မ ထားတယ်'** တို့၊ မသင့်တော်တဲ့ သူက နေရာ ရနေတာကိုလည်း **'ဘုရားကား အောက်၊ မျောက်ကား အထက်'** တို့ ဆိုတဲ့ စကားပုံနဲ့။

အမေရိကန်၊ အင်္ဂလိပ် ဗန်းစကားမှာလည်း မျောက်ကို နှစ်ခြိုက်ကြပုံ မပေါ်ဘူး။

Monkey business ဆိုရင် **'မရိုးသားတဲ့ အလုပ်'** လို့ အဓိပ္ပာယ် ရတယ်။ အဲ Monkey clothes ဆိုရင်တော့ **'ယူနီဖောင်း ဝတ်စုံ'** ကို ခေါ်တာပါ။

ကျွန်တော်ကတော့ အဲဒီ စကားလုံးနှစ်ခု နီးနီးကပ်ကပ် ရှိနေတာကို ကြည့်ပြီး သိပ်ကို အသည်းယားတာပဲ။

## N

### Number

နံပါတ်တွေကို ရေတွက် ကြည့်ရအောင်။

Number One ဆိုတာဟာ ဗန်းစကားမှာ **'ရာထူးအကြီးဆုံးလူ၊ ထိပ်ဆုံးကလူ'** လို့ အဓိပ္ပာယ် ရပါတယ်။ ကုမ္ပဏီ တစ်ခုမှာ ရာထူး အကြီးဆုံး လူဟာ နံပါတ်ဝမ်းပေါ့။

Number Two ဆိုရင်တော့ ဒုတိယ လူလို့ မဆိုလိုတော့ပါဘူး။ **'မစင် စွန့်တယ်'** လို့ပဲ အဓိပ္ပာယ် ရပါတယ်။ ကြည့်စမ်း... နံပါတ် တစ်ခု ကွာရုံနဲ့တင် တော်တော် အဓိပ္ပာယ် ပြောင်းတယ်နော်။

ကြံဖန်ပြီး ဂုဏ်ယူချင်ရင် ဂုဏ်ယူလို့တော့ ရတာပေါ့။ ခင်ဗျားတို့ ကျွန်တော်တို့ အားလုံးဟာ နံပါတ်ဝမ်းတွေ မဖြစ်ကြပေမယ့် အားလုံး နံပါတ်တူးတော့ ဖြစ်ကြတာပဲ မဟုတ်လား။

ကျွန်တော်ကတော့ ဘဝမှာ Number One မဖြစ်ချင်ပါဘူးဗျာ။ ဟန်ဖိုးလေး နည်းနည်း တိမ်းစောင်းသွားတာနဲ့ အိမ်သာထဲ ရောက်သွားမှာကိုး။

www.burmeseclassic.com

www.burmeseclassic.com



# O

## Old

**Old** ဆိုတာ အသက်ကြီးတာ၊ အိုမင်း ဟောင်းနွမ်းတာကို ခေါ်တာပါ။ **Old**နဲ့ ပေါင်းစပ်ရတဲ့ အတွဲအဖက် စကားလုံးအမျိုးမျိုးကို လိုက်ပြီး အဓိပ္ပာယ် ပြောင်းသွားတဲ့ ဗန်းစကားတွေ အများကြီး ရှိပါတယ်။

**flame** ဆိုရင် မီးတောက်မီးလျှံ မဟုတ်လား။ အဲဒါကို **Old**နဲ့တွဲလိုက်တော့ **Old flame** ဆိုပြီး 'အိုမင်းသွားတဲ့ မီးလျှံ' လို့ အဓိပ္ပာယ်မဆောင်ပါဘူး။ **Old flame** ဆိုတာ ကိုယ်နဲ့မပေါင်းဖက်လိုက်ရဘဲ ကွဲသွားတဲ့ **'ရည်းစားဟောင်း'** ကိုခေါ်တာပါ။ (ရည်းစားဆိုတာဟာလည်း မီးတောက်မီးလျှံတစ်မျိုးပဲ မဟုတ်လား)

နောက်တစ်မျိုးက **Old goat** ပါ။ ဆိတ်အိုကြီးမဟုတ်ပါဘူး။ တကယ့်အဓိပ္ပာယ်ကတော့ **'အသက်ကြီးလာတာနဲ့အမျှ စိတ်ပျက်စရာကောင်းတဲ့သူ'** တဲ့။

ဆိုကြပါစို့ဗျာ။ အခု ခင်ဗျားမှာ ရည်းစားရှိနေပြီဆိုရင်…အဲဒီ ရည်းစားနဲ့ ပေါင်းဖြစ်မှာလား။ မပေါင်းဖြစ်ဘူးလား ဆိုတဲ့အပေါ် မူတည်ပြီး အခေါ်အဝေါ်တွေကို စဉ်းစားထားကြည့်ရအောင်။

ခင်ဗျား ရည်းစားနဲ့ကွဲသွားရင် နောင်တစ်ချိန်မှာ သူဟာ မီးလျှံအိုတစ်ခု **(Old flame)** ဖြစ်မယ်။ ခင်ဗျား ရည်းစားနဲ့ယူဖြစ်ရင် နောင်တစ်ချိန်မှာ သူဟာ ဆိတ်အိုကြီးတစ်ကောင် **(Old goat)** ဖြစ်လာပါလိမ့်မယ်။

ကဲ‥ ခင်ဗျား ကိုယ်တိုင်ကရော မီးတောက်မီးလျှံလား။ ဆိတ်လား။

# P

## Power

**P**နဲ့ စတဲ့ အင်္ဂလိပ်စကားလုံးတွေထဲမှာ **Power** ကို လူသိများပါတယ်။ **Power** ဆိုတာ ဩဇာအာဏာ၊ ပြီးတော့ လျှပ်စစ်ဓာတ်အား၊ ပြီးတော့ စက်တစ်ခုခုကို သက်ဝင် လှုပ်ရှားလာစေတဲ့ အဖွင့်အပိတ်။ နောက် သင်္ချာမှာဆိုရင် 'ထပ်ကိန်း'။

ဪ မေ့လို့။ **Horse Power** ဆိုတာ ရှိသေးတယ်။ ဩဇာအာဏာရှိတဲ့ မြင်းကို ပြောတာမဟုတ်ပါဘူး။ **'မြင်းကောင်ရေအား'** ကို ဆိုလိုတာပါ။

ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိပါတယ်။ **ဩဇာအာဏာ (Power)** ဆိုတာ **လျှပ်စစ်ဓာတ်အား (Power)** လိုပဲလို့။ ခံနိုင်ရည်ဝန်အား တစ်ခုခုတစ်ရာ သတ်သတ်မှတ်မှတ် ရှိရမယ်။ တိတိကျကျ တိုင်းထွာထားတဲ့ စနစ်ရှိရမယ်။ စည်းကမ်းတကျ အသုံးပြုနိုင်မှု ရှိရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှ မဟုတ်ရင် လောင်ကျွမ်းနိုင်တယ်၊ ခွာတ်လိုက်ပြီး သေနိုင်တယ်။ အန္တရာယ်ဖြစ်နိုင်တယ်လေ။

တချို့ ကျပြန်တော့လည်း သချာထပ်ကိန်း (Power) နဲ့ တိုးပွားလာတဲ့ စားဝတ်နေမှု ဒုက္ခတွေကို ရင်ဆိုင်ဖို့ ဘဝကို မြင်းတစ်ကောင်နဲ့ ခွန်အား (Horse Power) နဲ့ ရုန်းကန်ကြရတယ်။

ဩော် နောက် စကားလုံးတစ်ခု ကျန်နေသေးတယ်။ (Power nap) တဲ့။ **'အားသစ်မွေးဖို့အတွက် တစ်ရေးတစ်မော အိပ်တာ'** ကို ဆိုလိုတာပါ။

ကဲ ခင်ဗျားတို့ ကျွန်တော်တို့ တစ်ရေးတစ်မောလောက် အိပ်လိုက်ကြဦးစို့။ မြင်းတစ်ကောင်လို ရုန်းဖို့အတွက်လေ။

## Q

### Question

Question လို့ဆိုတိုင်း 'မေးခွန်း' ကို ပြောတာ မဟုတ်ပါဘူး။

Question of Money ဆိုတာ **'ငွေသာ အဓိက'** လို့ အဓိပ္ပာယ်ရတယ်။

နောက်တစ်ခုက...

Question of How တဲ့။ **'လုပ်နည်း ကိုင်နည်းက အရေးကြီးတယ်'** ဆိုပဲ။

ကျွန်တော်ကတော့ Question နဲ့ စတဲ့ အဲဒီစကားလုံးနှစ်လုံးကို ထပ်တလဲလဲ ရေရွတ်နေမိတယ်။

'ငွေသာ အဓိက'၊ 'လုပ်နည်းကိုင်နည်းက အရေးကြီးတယ်'

အဲဒီလိုနဲ့ပဲ ကျွန်တော့် ဦးနှောက်ထဲမှာ Question (မေးခွန်း)တွေ အထပ်ထပ် တိုးပွားလာပြန်လေရော။

## R

### Roaring

Roaring ဆိုတာ အသံကျယ်လောင်တာကို ခေါ်တာပါ။ အဲဒါကလည်း တွဲစပ်တဲ့ စကားလုံးနဲ့ လိုက်ပြီး အဓိပ္ပာယ်အမျိုးမျိုး ပြောင်းတတ်တာပဲ။

Roaring trade ဆိုတာက **အစုလိုက် အပြုံလိုက် အများအပြား ရောင်းချလိုက်ရတာ** ကို ဆိုလိုတာပါ။ အချိုကြီး ပွတယ်ပေါ့လေ။

Roaring drunk ဆိုရင်တော့ drunk ဆိုတာကတော့ အရက်သောက်တာကို ဆိုလိုမှန်း အားလုံးသိကြပြီးသားပဲ) 'အရက်မူးပြီး သောင်းကျန်း ဆူပူတယ်' ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ Roaring success ဆိုတာကလည်း အဲဒီသဘော ခပ်ဆန်ဆန်ပါပဲ။ success ဆိုတာက 'အောင်မြင်မှု' မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ **Roaring success** ဆိုတာ အကြီးအကျယ် အောင်မြင်မှု ရတာကို ဆိုလိုတာပါပဲ။

ထူးဆန်းတဲ့ စကားတစ်လုံးတော့ ရှိသေးတယ်။ **Roaring twenties** တဲ့။ ဒီနေရာမှာ **Roaring 20s** ဆိုတဲ့ စကားလုံးဟာ ၁၉၂၀ ပြည့်နှစ်များကို ဆိုလိုတာပါ။ ၁၉၂၀ ကနေ ၁၉၂၉ ခုနှစ်အတွင်း ကာလတွေဟာ သူတို့ ဗြိတိသျှ ပြည်သူလူထုတွေအတွက် ပျော်ရွှင်ချမ်းမြေ့စရာ ကာလတွေဖြစ်ခဲ့လို့ အဲဒီစကားလုံး 'တွင်' ခဲ့တာဆိုပဲ။

ကဲ ခင်ဗျားတို့ရဲ့ ပျော်ရွှင်ချမ်းမြေ့စရာ ကာလတွေကကော။ **Roaring** ဘယ်လောက်ဖြစ်မလဲ။ **ten** လား၊ **twenties** လား၊ **thirties** လား။

## S

### Snoot

**Snoot** ဆိုတာက **နှာခေါင်း**ကို ခေါ်တာပါ။ အသက်ရှင်ဖို့အတွက် လိုအပ်တဲ့ 'လေ' ကို ရှူရှိုက်ရတဲ့ အစိတ်အပိုင်းပေါ့လေ။ ကျွန်တော်တို့ဟာ ကိုယ့်နှာခေါင်းပေါက်နဲ့ ကိုယ် အသက်ရှူကြရတယ် မဟုတ်လား။

ဒါပေမဲ့ **Snooty** ဆိုတာက ကျတော့ **'ပိုက်ဆံချမ်းသာတဲ့ သူတွေကို လိုက်ပြီး မျက်နှာလို မျက်နှာရ ဖားနေတဲ့လူ'** လို့ အဓိပ္ပာယ်ရပါတယ်။

တချို့က ကိုယ့်နှာခေါင်း **(Snoot)** နဲ့ ကိုယ် အသက်ရှူကြတယ်။ တချို့ကျပြန်တော့ ပိုက်ဆံချမ်းသာတဲ့ လူတွေကို **(Snooty)** လိုက်ဖားပြီး အသက်ရှူကြတယ်။

အသက် ရှင်သန်ပုံ နည်းတွေကတော့ အမျိုးမျိုးရှိတာပေါ့လေ။

## T

### Twist

**Twist** ဆိုတာ ဇန်းစကားအနေနဲ့ဆိုရင် **'ကောင်မလေး ငယ်ငယ်၊ မိန်းမပျိုလေး'** တဲ့။

အဲဒီ စကားလုံးကို **-ed** ပေါင်းထည့်လိုက်ရင် **Twisted** ဆိုတာက **'နည်းနည်းလေး ရူးသွပ်တယ်'** လို့ အဓိပ္ပာယ်ရပါတယ်။

အဲဒီ **Twist** ကိုပဲ **-er** ပေါင်းထည့်လိုက်တော့ **Twister** ဖြစ်လာတယ်။ အဓိပ္ပာယ်ကတော့ **'မုန်တိုင်း'** တဲ့။

အဲဒီ စကားလုံးသုံးခုဟာ ဘာကြောင့် ဆက်စပ်နေရတာလဲ။

ကျွန်တော့် စိတ်အထင်ကို ပြောရရင်တော့ မိန်းမပျိုလေးတွေဆိုတာ နည်းနည်းပါးပါးလေးလောက်တော့ ရူးသွပ်တတ်ကြသူတွေလည်း ဖြစ်မယ်၊ ပြီးတော့ တစ်ချိန်တည်းမှာ 'မုန်တိုင်း' တွေလည်း ဖြစ်နေကြတယ်နဲ့ တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## U

### Uncle

**Uncle**(ဦးလေး)ဆိုတဲ့ ဝေါဟာရဟာ ကိုယ့်မိခင်၊ ဖခင်ရဲ့အစ်ကို (ဒါမှမဟုတ်) ညီကိုခေါ်တာပါ။ ဒါက ဆွေမျိုးစပ်တဲ့ သဘောနဲ့ပြောရရင်ပေါ့လေ။ အဲဒီလိုမဟုတ်ဘဲ အလွတ်သဘောနဲ့ပြောရရင် ကိုယ့်မိဘတွေရဲ့ ရင်းနှီးတဲ့ အမျိုးသား မိတ်ဆွေတွေကိုလည်း ဦးလေး အရင်းအချာလို သဘောထားပြီး (**Uncle John, Uncle Smith**) ရယ်လို့ နာမည်ရှေ့ကတပ်ပြီး တရိုတသေ ခေါ်လေ့ရှိပါတယ်။

ကျွန်တော်တို့ ဒီဘက်ခေတ်မှာတော့ 'အန်ကယ်'ခေါ်ရတာတွေ သိပ်များတယ်။ အရိုအသေပေးရတာတွေလည်း သိပ်များတာပဲ။

(ကိုယ့်မိဘနဲ့ ရင်းနှီးသူတွေလည်း မဟုတ်ဘဲနဲ့) ဟိုနေရာ ရောက်ရင်လည်း 'အန်ကယ်'ခေါ်ရ။ အရိုအသေ ပေးရ။ ဒီနေရာ ရောက်ရင်လည်း **'အန်ကယ်'**ခေါ်ရ အရိုအသေ ပေးရနဲ့။

နေရာတိုင်းမှာ မိန့်မိန့်ကြီး အရိုအသေခံနေကြတဲ့ 'အန်ကယ်'တွေ အများကြီးပဲ။

**Uncle** ဆိုတဲ့ စကားလုံးတစ်လုံးတည်းရဲ့ ဗန်းစကား အဓိပ္ပာယ်ကတော့ **'ခိုးရာပါပစ္စည်း လက်ခံတဲ့ သူခိုးလက်ခံ'** တဲ့။

ကျွန်တော့်ကို 'အန်ကယ်'လို့ ခေါ်မယ်ဆိုရင် **Uncle** နောက်မှာ ကျွန်တော့်နာမည်လေးတော့ တပ်ခေါ်ပေးကြပါဗျာ။

## V

### VIP

**VIP**ဆိုတာ **Very Important Person** ကို ဆိုလိုပါတယ်။ 'အလွန်အရေးကြီးသော ပုဂ္ဂိုလ်'လို့ အဓိပ္ပာယ်ရလေမလားပဲ။

နောက်တစ်မျိုးရှိသေးတယ်။ **VIP** နဲ့ ဆန့်ကျင်ဘက်လေ။ **VOP** တဲ့။ အဲဒါကတော့ **Very Oridinary Person** ကိုပြောတာပါ။ 'ဘာမှ မထူးခြားတဲ့ သာမန်လူပါ'တဲ့။

ကျွန်တော်ကတော့ စဉ်းစားမိတယ်။ လူလူချင်း အတူတူ အဲသည်လို နှစ်မျိုးနှစ်စား ခွဲခြားလို့ ရသလားလို့။

ဘယ်သူတွေက အရေးကြီးနေပြီး ဘယ်သူတွေကတော့ အရေးမကြီးဘဲ ဖြစ်နေရတာလဲ။ ဘယ်လိုအချက်အလက်တွေကို ကြည့်ပြီး လူတစ်ယောက်ကို **VIP** လား၊ **VOP** လား ခွဲခြားတာလဲဟင်။ သူစီးလာတဲ့ကားကို ကြည့်တာလား။ သူဝတ်လာတဲ့ အဝတ်အစားကို ကြည့်တာလား။ သူ့ရဲ့ အဆောင်အမြင့်ကျော်ကြားမှုလား။ သူ့ ပိုက်ဆံလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်ကတော့ အိမ်သာတွင်းပြည့်လျှံနေတဲ့ အချိန်မှာ မစင်တွင်းဆယ်တဲ့သူဟာ **VIP** ပဲ။ သူက အရေးကြီးတယ်လေ မဟုတ်ဘူးလား။

အင်း **VIP** ကို နောက်ပြောင်ပြီး ဖွင့်ဆိုတဲ့ အဓိပ္ပာယ်တစ်မျိုး သတ်သတ်ရှိသေးတယ်။ **Very Idiotic Person** တဲ့။ **'ရူးကြောင်ကြောင် ပုဂ္ဂိုလ်ကြီး'** လို့ ပြောတာပါ။

'ခင်ဗျားဟာ ဘယ်လို **VIP** မျိုးလဲ' လို့ တချို့လူတွေကို လက်တို့ပြီး မေးကြည့်လိုက်စမ်းပါဗျာ။

## W

### Woman

**Woe** ဆိုတာက 'ဒုက္ခ'ပါ။ **Man** ဆိုတာကတော့ 'လူ၊ ယောကျ်ား'ကို ပြောတာပါ။

အဲဒီ စကားလုံးနှစ်လုံးကို ပေါင်းစပ်လိုက်တော့ **Woe (to) Man** 'ယောကျ်ားကို ဒုက္ခပေးသူ' ဖြစ်လာပါတယ်။ အဲဒီ **Woe + Man = Woman** ဟာ 'မိန်းမ'ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

အင်း မိန်းမဆိုတာဟာ ယောကျ်ားတွေကို ဒုက္ခပေးသူတွေပဲလား။

## X

### X

**X** ဟာ **အနမ်းရဲ့ သင်္ကေတ**ပါ။ ခင်ဗျားရဲ့ ချစ်သူဆီကို စာရေးတဲ့အခါ စာရွက်ပေါ်မှာ အနမ်းရဲ့သင်္ကေတလေး ထည့်ပေးလိုက်ချင်ရင် **'X'** ဆိုတဲ့ စကားလုံးကို ရေးထည့်လိုက်ရုံပါပဲ။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက **X** ဟာ **ကြက်ခြေခတ် အမှတ်အသား၊ အမှားလက္ခဏာ**လည်း ဖြစ်နေသေးတယ်။

အနမ်းတွေသာ များယွင်းခဲ့ရင် **X** ကို နှစ်ခါထပ်ရေးရမယ် ထင်ပါရဲ့။ ချစ်သူရဲ့ အင်္ကျီနောက်ကျောမှာ **'XX'** လို့ တံဆိပ်မကပ်ချင်ပါဘူး။

## Y

### Yesman

ကိုယ့်ရဲ့ အထက်လူကြီး လုပ်သမျှကို 'ဟုတ်ပါ့ဘုရား' 'မှန်ပါ့ဘုရား' ဆိုပြီး အမြဲတမ်း လက်ညှိုးထောင် ခေါင်းညိတ်လုပ်တတ်သူကို **Yesman** လို့ ခေါ်ပါတယ်။ ဘယ်တော့မဆို **Yes** လို့ပဲ ပြောနေတတ်သူပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့်ရင် အထက်လူကြီးပြောတာကို ဆန့်ကျင်ကန့်ကွက်ရဲတဲ့ လူကိုကျ တော့ကော **No man** လို့ခေါ်ဖို့ ကောင်းတာပေါ့။ ဒါပေမဲ့ **No man** ဆိုတာက (*ဘယ်သူတစ်ဦး တစ်ယောက်ကမှ* ...ဆိုတဲ့ အငြင်းသဘောနဲ့) လူတစ်ယောက် မှ မရှိတာကို ဆိုလိုရာလည်း ရောက်နေပါတယ်။

ဟုတ်ပါရဲ့။ ဘယ်ရှိနိုင်မှာလဲနော်။

## Z

## Zero- Sum Game

ပြိုင်ပွဲတစ်ခုခု (ဒါမှမဟုတ်) ကစားပွဲ တစ်ခုခုမှာ တစ်စုံတစ်ယောက် အောင်မြင်ဖို့အတွက် တခြားတစ်စုံတစ်ယောက်က ရှုံးနိမ့်ပေးရတယ်ဆိုရင် အဲဒါ ကို **Zero-Sum Game** လို့ခေါ်ပါတယ်။

ဥပမာပြောရရင် ကစားဝိုင်းမှာ ခင်ဗျားက ငွေတစ်သိန်းနိုင်လိုက်တယ် ဆိုပါစို့။ ဒါဆို အဲဒီငွေတစ်သိန်းဟာ ခင်ဗျားလက်ထဲကို ဘယ်ကနေ ရောက်လာ တာလဲ။

ရှင်းပါတယ်။ တခြား တစ်ယောက်က ငွေတစ်သိန်းကို ဆုံးရှုံးပေးလိုက် ရလို့ပေါ့။ (တစ်ဖက်မှာ အနုတ် လက္ခဏာပြမှ ခင်ဗျားဆီမှာ အပေါင်း လက္ခဏာ ပြလာတာပါ) အနုတ်နဲ့ အပေါင်းကို ချေလိုက်ရင် ဒီကစားဝိုင်းတစ်ခုလုံးရဲ့ ရလဒ်ဟာ 'သုည' ပါပဲ။

**၂၁ ရာစုရဲ့ လမ်းကြောင်းဟာ** 'သုည' ဆီကို ဦးမတည်တော့ဘူး။ ကစား ဝိုင်းထဲမှာ တစ်ယောက်အပေါ်က တစ်ယောက် အမြတ်ထုတ်ဖို့ မဟုတ်ဘဲ **နှစ်ဦးနှစ်ဖက် ညှိနှိုင်းခြင်းအားဖြင့် ရလဒ်အသစ်တွေ ထွက်ပေါ်လာစေဖို့ပါ။**

**Zero-Sum Game** ဟာ ခေတ်တုံးသွားပြီဆိုတဲ့အကြောင်း မသိကြသေး တဲ့ အတွက်ကြီးသူတချို့ကို တွေ့ရင် ပြောပြလိုက်ကြစမ်းပါဗျာ။

**သူတို့တွေ တောက်လျှောက်နိုင်ဖို့အတွက် တခြားသူတွေက တောက် လျှောက် ရှုံးပေးနေရတာဟာ အဓိပ္ပာယ်ရှိရဲ့လား။**

**မင်းခိုက်စိုးစန်**

၂၀၀၉၊ ဒီဇင်ဘာ၊ သဓ္ဓ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တစ်နေ့တာအတွင်း အပြောဖြစ်ဆုံး စကားလုံးက 'ကြားလား၊ ပြတ်တောင်း…ပြတ်တောင်း ဖြစ်နေတယ်' 'ကြားတယ်…၊ မကြားဘူး…'လို့ မှတ်ယူမိတယ်။ စာရေးဆရာတစ်ယောက် အနေနဲ့ရော… ဒီထက် လူအများဆုံးပြောတဲ့ စကားလုံးရှိရင် သိချင်ပါတယ်။**

ဖြေ - လူတွေပါးစပ်ကပြောကြတဲ့ အသံကတော့ ကိုမောင်မောင်အေးကြားတဲ့ အတိုင်းပါပဲ။ ဒါပေမဲ့ လူတွေရင်ထဲမှာ အသံမထွက်ဘဲ ပြောနေကြတဲ့ စကားရှိသေးတယ်ဗျ…အဲဒါကတော့ 'စိတ်ချရမှာလား…၊ စိတ်မချရဘူးလား' ဆိုတဲ့ စကားပါပဲ။

ကျွန်တော်တို့နေထိုင်တဲ့ခေတ်ဟာ 'သံသယခေတ်'ပါ။ ကိုယ်ရဲ့ စားဝတ်နေရေး အဆင်ပြေပါ့မလားဆိုတာ သံသယဖြစ်တယ်။ ကိုယ့်ဘဝနဲ့ ကိုယ့်အနာဂတ် လုံခြုံစိတ်ချပါ့မလားဆိုတာ သံသယဖြစ်တယ်။

ကိုယ့်မိတ်ဆွေကို သံသယဖြစ်တယ်။ ကိုယ့်ရန်သူကို သံသယဖြစ်တယ်။ ကိုယ့်နိုင်ငံနဲ့ ကိုယ့်ကမ္ဘာမြေကြီးကို သံသယဖြစ်တယ်။ မိုးလေဝသကို သံသယ ဖြစ်တယ်။ တာဝန်ရှိသူတွေကို သံသယဖြစ်တယ်။ ပြီးတော့ ကတိပေးသူတွေကို သံသယဖြစ်တယ်။

**မေး - Shopping Centre ကြီးတွေမှာ အသိဉာဏ်၊ ကိုယ်ကျင့်တရားတွေ ကို စတိုးဆိုင်ဖွင့်ရောင်းရင် လာဝယ်ကြမယ်ထင်ပါသလား…။ အဲဒီဆိုင်တွေက ရော တစ်နှစ်တစ်ခါ ငွေပေါ်လျှော့ဈေးချရောင်းပေးကြမယ်လို့ ထင်ပါသလား…။**

ဖြေ - ပိုက်ဆံချမ်းသာတဲ့သူတွေကချည်းပဲ လက်ဝါးကြီးအုပ် သိမ်းကျုံးဝယ် ပြီး 'သူတို့ပဲ အသိဉာဏ်ရှိ၊ သူတို့ပဲ ကိုယ်ကျင့်တရားကောင်း' လုပ်ကြမှာဖြစ်လို့ ဆင်းရဲသားတွေ ဒုက္ခရောက်ကြပါလိမ့်မယ်။


တစ်ချိန်တည်းမှာ 'အသိဉာဏ်ခိုးကူးခွေ'တွေနဲ့ 'ကိုယ်ကျင့်တရားခိုးကူးခွေ' တွေ ပေါ်ထွက်လာပါလိမ့်မယ်။

အဲဒီခိုးကူးခွေတွေကို ဘယ်လိုတိုက်ဖျက်ရမလဲဆိုတာ အစည်းအဝေးတွေ အကြိမ်ကြိမ်ထိုင်ကြပြီး ကော်မတီတွေ အမျိုးမျိုးဖွဲ့ကြပါလိမ့်မယ်။

ဒါပေမဲ့ ဘာမှ ပြတ်ပြတ်သားသား ထိထိရောက်ရောက် လုပ်နိုင်မှာ မဟုတ်ဘဲ ယောင်ချာချာနဲ့ ကိစ္စတုံးသွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

ဝရုန်းသုန်းကားနှင့် ဝိုးတိုးဝါးတားကိစ္စများသည် ဝလုံးတစ်လုံးမှ စတင်ပါသည်။ 'တူတူရေ ဝါး'ဟု ငယ်ငယ်ကတည်းက ရွတ်ဆိုခဲ့ကြသည်မှာ ကြာပြီဖြစ်သော်လည်း ဘယ်သူကမှ အသစ်တီထွင်ပြီး 'တူတူရေ ဝီး'ဟု ပြောင်းလဲရွတ်ဆိုဖို့ မကြိုးစားခဲ့ကြပါ။ ပျင်းစရာကောင်းလှပါသည်။

ဝ မရှိလျှင် ဝိလုပ်၍ မရသည်သာမက 'ဝါး' သော်လည်းကောင်း၊ 'ဝီး' သော်လည်းကောင်း ဘာမှလုပ်၍ မရပါ။

[ ၂ ]

ဖန်ခွက်အလွတ်တစ်လုံးကို သင်မတွေ့မိဘူးလား။ ဖန်ခွက်ထဲတွင် 'ရေမရှိဘူး'ဟု သင် ပြောနိုင်ပါသည်။ ဖန်ခွက်ထဲတွင် 'နို့ မရှိဘူး'ဟုလည်း သင်ပြောနိုင်ပါသည်။ စသဖြင့် စသဖြင့် သင်ကြိုက်ရာ ပြောနိုင်သော်လည်း

'မရှိခြင်း မရှိဘူး'

ဟုတော့ ပြော၍မရပါ။ မရှိခြင်းသည် နေရာတကာ၌ ရှိပါသည်။ ရေခဲဆိုသည်မှာ ရေက ဖြစ်သည်မဟုတ်လား။ အပူချိန် တစ်စုံတစ်ရာကို ပေါင်းထည့်လိုက်သောအခါ ရေခဲသည် ရေဖြစ်သွား၏။ အပူချိန် တစ်စုံတစ်ရာကို နုတ်ယူလိုက်သောအခါတွင်ကား ရေသည် ရေခဲဖြစ်လာလေသည်။

မရှိခြင်းကို အပူချိန် တစ်စုံတစ်ရာ ပေါင်းထည့်ပေးကြပါ။ တစ်ခုခုတစ်ခု ရှိလာနိုင်ပါသည်။

သင်ရော မရှိခြင်းထဲမှ အပူချိန် တစ်စုံတစ်ရာကို နုတ်ယူပေးဖို့ မတတ်နိုင်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

နွံထဲ၌ လှည်းဘီး ကျွံနေသည့်အကြောင်း သင်ရော ကျွန်တော်ပါ ငယ်ငယ်က သူငယ်တန်း ဖတ်စာထဲတွင် သင်ခဲ့ဖူးပါသည်။

နွံထဲမှ ရုန်းထွက်ရန်အတွက် နွားနှစ်ကောင်က အားကုန်သုံးကာ ရုန်းနေ၏။ လှည်းကားမရွေ့၊ လှည်းသမားက နွားတို့ကို တဖုန်းဖုန်း ရိုက်ရပြန်၏။ နွားတို့က ရုန်းရပြန်၏။

တကယ်ဆိုလျှင် နွားတွေက ရွေ့နိုင်အား ရှိသည်မဟုတ်လား။ မရွေ့သည်က နွား မဟုတ်။ လှည်းသာဖြစ်၏။

ထိုသို့ဆိုလျှင် အပြစ်မရှိသော နွားတို့ကို ဘာကြောင့် ရိုက်ရမည်နည်း။ တကယ်ဆို လှည်းကိုသာ ရိုက်သင့်သည် မဟုတ်လား။ သို့သော် မည်သူကမျှ လှည်းကို မရိုက်ကြပါ။

[ ၄ ]

'ကောင်းကင်သည် အပြာရောင်ရှိသည်' ဟုလည်းကောင်း၊ 'သစ်ပင်သည် အစိမ်းရောင်ရှိသည်'ဟု လည်းကောင်း၊ 'အမှန်တရားသည် ပရမတ္ထသစ္စာဖြစ်သည်' ဟုလည်းကောင်း မည်သည့်ခွေး၊ မည်သည့်ကြောင်ကမျှ ပြောဆိုကြခြင်းမရှိပါ။

ထို့ကြောင့် သူတို့သည် ယင်းကိစ္စများနှင့် ပတ်သက်၍ မည်သည့်အခါမှ အငြင်းအခုံ မဖြစ်ကြ။ တစ်ကောင်နှင့်တစ်ကောင် မတိုက်ခိုက်ကြ။

ထိုယူဆချက်များသည် လူတို့၏ ထင်မြင်မှုများမှသာ ထွက်ပေါ်လာကြခြင်းဖြစ်သည်။ ထို့ကြောင့် လူတွေအချင်းချင်း ငြင်းခုံကြသည်။ တိုက်ခိုက်ကြသည်။ ဒါဆိုလျှင် ဆင်ခြင်တုံတရားဆိုတာ ဘာလဲ။

[ ၅ ]

အမှိုက်ဆိုသည်မှာ အသုံးချတန်ဖိုးအလိုက် နေရာအထားအသို လွဲမှားနေသော ပစ္စည်းများသာ ဖြစ်ကြသည်။ တန်ဖိုးကို မည်သူက ဆုံးဖြတ်ပါသလဲ။

တန်ဖိုးကို ဆုံးဖြတ်သူသည် အမှိုက်များကို ဖန်တီးသူဖြစ်ပါသည်။

မင်းနိုင်ဝင်းစန်
၂၀၁၀၊ ဇူလိုင် သရဖူ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - ဆိုက်ကားနဲ့ပို့ပေးတဲ့သူကို ဆိုက်ကားဆရာလို့ခေါ်ပြီး ဘာဖြစ်လို့ လေယာဉ်နဲ့ ပို့ပေးတဲ့သူကို လေယာဉ်မှူးလို့ခေါ်ရတာလဲ…။**

**ဖြေ** - သားကောင်တွေ သတ်ဖြတ်ဖမ်းဆီးတဲ့သူကို 'မုဆိုး' လို့ခေါ်ပြီး လင်သေသွားတဲ့ မိန်းမကို 'မုဆိုးမ' လို့ ခေါ်ကြသလိုပါပဲ။ တပ်ကြပ်ကြီးကိုကျတော့ 'ဆရာကြီး' လို့ခေါ်ပြီး မယ်သီလရှင်ကိုတော့ 'ဆရာလေး' လို့ ခေါ်ကြတယ်။

မုဆိုးမဟာ မုဆိုးရဲ့မိန်းမ မဟုတ်သလို၊ မယ်သီလရှင်ကလည်း တပ်ကြပ်ကြီးရဲ့ မိန်းမ မဟုတ်ပါဘူး။ ဘုန်းကြီးကို 'ဦးပဥ္စင်း' လို့ခေါ်ရင် မယ်သီလရှင်ကိုလည်း 'ဒေါ်ပဥ္စင်း' လောက်တော့ ခေါ်သင့်တာပေါ့။

**မေး - ပန်းချီပြိုင်ပွဲ၊ သီချင်းပြိုင်ပွဲတွေ အများကြီးရှိပြီး စာရေးပြိုင်ပွဲ ဘာကြောင့် နည်းရတာလဲ…။ စာရေးပြိုင်ပွဲကော အများကြီးရှိသင့်ပါသလား…။ ရှိရင် ဘယ်သူ့ကို ဒိုင်လူကြီးအဖြစ် ရှိစေချင်ပါသလဲ။**

**ဖြေ** - တကယ်တော့ 'အနုပညာ' နဲ့ 'ပြိုင်ပွဲ' ဆိုတာဟာ အစပ်အဟပ်တည့်သလိုလို ဘာလိုလိုနဲ့ (လုံးဝကို) မအပ်စပ်တဲ့ ကိစ္စနှစ်ခုဖြစ်ပါတယ်။ ဥပမာ-ပြောရရင်ဗျာ တကယ်ကို ရင်ထဲက ဝမ်းနည်းလို့ငိုနေကြတဲ့လူတွေကို ဘယ်လို အငိုပြိုင်ပွဲ လုပ်ကြမလဲ၊ ဘယ်သူ့ကို 'အကောင်းဆုံးအငိုရှင်' ဆုပေးမလဲ။


(တကယ်ငိုတာမဟုတ်ဘဲ)ငိုတဲ့ဟန်သရုပ်ဆောင်တာကိုပဲ ပြိုင်ပွဲလုပ်လို့ရနိုင်ပါတယ်။ အဲသည်လို သိမ်သိမ်မွေ့မွေ့လေး ကွဲပြားခြားနားနေတာပါ။

တကယ်ကိုရင်ထဲကလာတဲ့အနုပညာအတွက် ပြိုင်ပွဲမရှိ၊ ဒိုင်လူကြီးမရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com





မိုးတွေ ရွာနေသည်။ ဒီနေ့ ရုပ်ရှင်ရိုက်ကွင်းကို ဖျက်ရမလိုဖြစ်နေ၏။ မနက်ကတည်းက အခု နေ့လယ်စာ ထမင်းစားပြီးချိန်အထိ တစ်ကတ်မှ မရိုက်ရသေး။

ဆယ်နာရီသာသာလောက်တုန်းကတော့ နေရောင်နည်းနည်း ပွင့်သေးသည်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက အော်တိုမက်တစ်ခလုတ်ဖြင့် ခြံတံခါးကိုဖွင့်သည့် မော်တာက ပျက်နေ၏။ ရိုက်ကူးရေးတစ်ဖွဲ့လုံးပင် မလွယ်ပေါက်မှဝင်ကာ ပစ္စည်းများကို လူအင်အားဖြင့် ထမ်းချရသည်။

ရိုက်မည့်အခန်းက တိုတိုလေးပင်၊ ဒရဝမ်အဖြစ် သရုပ်ဆောင်မည့် အောင်သိန်းက အဖွင့်အပိတ် ခလုတ်ကိုနှိပ်၊ သံမဏိ ခြံတံခါးကြီးက သူ့အလိုလို လျှောခနဲ ပွင့်သွား။ မင်းသမီးမောင်းသည့် ကားက အရှိန်ပြင်းပြင်းဖြင့် ဝေါခနဲဝင်လာ။ ဒါပဲ ဖြစ်သည်။

ဒါကို လိုချင်သောကြောင့်ပင် အော်တိုမက်တစ်ခြံတံခါးရှိသော အိမ်ကို ခဲရာ ခဲဆစ် ရှာထားခြင်းဖြစ်၏။ အခု ခြံတံခါးမော်တာက ပျက်နေပါသည် ဆိုတော့ ကျွန်တော်လည်း ဘာမှမတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ တံခါးကလည်း ခုထိပြင်လို့ မရသေးဘူးလားကွာ' ကျွန်တော် ရေနွေးကြမ်းခါးခါးကို တစ်ငုံသောက်ရင်း လှမ်းမေးလိုက်သည်။ ရှုတင်အိမ်ပိုင်ရှင်က မော်တာကို ကလီရင်း

'တစ်ခါတစ်ခါ ဒီလိုပဲ ဆရာရဲ့၊ ဘာဖြစ်တာမှန်းလည်း မသိဘူး၊ မော်တာကလည်း အကောင်းပဲ၊ စက်က နည်းနည်း ကြောင်ချင်နေတယ်ထင်တယ်၊ ဖိုးညဏ်ရေ.. ဖိုးညဏ် ဘုရားစင်ပေါ်က ရေမန်းပုလင်း သွားယူစမ်းကွာ' သျှိုခြဲစောင့်ကို ရေမန်းပုလင်း သွားယူခိုင်းနေသဖြင့် ကျွန်တော်က စိတ်ဝင်စားစွာ 'ဘာ ရေမန်းပုလင်းလဲဗျ'

'ဩော်.... ကျွန်တော်တို့ မိသားစု ကိုးကွယ်တဲ့ ဆရာတော် ဘုရားကြီးက ပရိတ်ရွတ်ပေးထားတဲ့ ရေပုလင်းပါ ဆရာရယ်၊ ကျွန်တော် မိန့်အိတ်စက်ရုံထောင်ခါစက စက်တွေ ခဏခဏ ဒုက္ခပေးလွန်းလို့'

'ဟင်... ဘယ်လို' ကျွန်တော်က သိပ်နားမရှင်းသဖြင့် ပြန်မေးလိုက်သည်။ ရှုတင်အိမ်ပိုင်ရှင်က

'ကျွန်တော့် စက်ရုံမှာ တစ်ခါတလေ ချွတ်ယွင်းချက် မည်မည်ရရမရှိဘဲ စက်တွေ မလည်နိုင်လို့ ရပ်ရပ်ထားရတာရှိတယ်။ ဘာဖြစ်တာမှန်းကို မသိဘူး။ အဲဒီအခါကျရင် ဆရာတော်ကြီး ပရိတ်ရွတ်ပေးထားတဲ့ ရေမန်းနဲ့ ဖျန်းလိုက်တဲ့အခါ သိပ်မကြာဘူး၊ သူ့အလိုလို ပြန်ကောင်းသွားရော '

သူ့စကားကြောင့် ကျွန်တော် ရင်ထဲမှ ကျိတ်ကာ ပြုံးဖြစ်သည်။ သူယုံကြည် သလိုမျိုး ကိုယ်ကလိုက်ပြီး မယုံကြည်နိုင်သည့်တိုင် ကန့်ကွက်စရာ ဘာအကြောင်းမှ မရှိပါ။

(အနည်းငယ် ကသိကအောက် ဖြစ်စွာ) ပြုံးရုံလေး ပြုံးနေဖို့သာ လိုအပ်သည်ဟု ကျွန်တော် ထင်၏။ ထေရ်ကြီးဝါကြီး ရဟန်းတော်တစ်ပါး၏ နှစ်ပေါင်းများစွာ တည်ဆောက်ထားသော သီလဂုဏ်၊ သမာဓိ ဂုဏ်သည် သူ့အတွက် စက်ပြင် မက္ကင်းနစ်တစ်ယောက်ကို အခမဲ့ ခိုင်းခွင့်ရသလောက်သာ ဖြစ်နေသည်။ သူကတော့ အဲသည်လောက်အထိ လျှောက်စဉ်းစားနေပုံ မရပါ။ ပေါ့ပေါ့ပါးပါးပင် ဖြစ်၏။ အခုလည်း သူ စစ်ဆေးကြည့်ရှုနေသည့် မော်တာစက် အဖုံးကို ပိတ်ပြီး လက်ဆေးဖို့ ထသွားသည်။

ထိုစဉ် သျှိုခြဲစောင့် ဖိုးညဏ်က ရေသန့်ဘူးဖြင့် လက်လေးသင်မျှ ထည့်ထားသော ရေမန်းပုလင်းကို ကိုင်ကာ ပြန်ရောက်လာပြီး ကျွန်တော့်အနီးတွင် ယောင်လည် ယောင်လည် လုပ်နေသောကြောင့် ကျွန်တော်က

'မင်း ရေပုလင်းကို ဟောဟို စားပွဲပေါ်တင်ထားလိုက်ခဲ့ စမ်းပါကွာ၊ ကဲ သွား ...သွား၊ မင်း ဘာသာ လုပ်စရာရှိတာ သွားလုပ်ချေ '

www.burmeseclassic.com



'ဟုတ်ကဲ့'

ခဏနေတော့ ကျွန်တော့် တပည့် ပြူးစိန် ရောက်လာပြီး 'ဘယ်လို လုပ်မလဲ ဆရာ ရှူတင်ဖျက်လိုက်ရတော့မလား'

'နေစမ်းပါဦးကွာ၊ ညနေ သုံးနာရီလောက်အထိတော့ စောင့်ကြည့်ပါဦး၊ အဆင်ပြေရင် တစ်ဆင်း ( SCENE )လောက်တော့ ရိုက်လိုက်တာပေါ့၊ ဒါနဲ့ ရှူတင်မန်နေဂျာ မျိုးကြီးကော'

'ရှိတယ် ဆရာ၊ ဟိုဘက်က ဂိုဒေါင်ထဲမှာ ဒရဝမ်နေရာက လုပ်မယ့် အောင်သိန်းနဲ့ စကားများနေကြတယ်၊ ဘာဖြစ်လို့လဲ မသိဘူး'

'ကျွတ်... အရေးထဲမှာကွာ၊ ကဲ၊ ကဲ ရှူတင်မန်နေဂျာကို သွားခေါ်စမ်း ကွာ၊ အောင်သိန်းပါခေါ်ခဲ့'

ကျွန်တော်က ခေါ်ခိုင်းလိုက်သောကြောင့် ပြူးစိန်က ခပ်သုတ်သုတ်ပြေးပြီး အော်ကြီးဟစ်ကျယ်ဖြင့် ' ဗျို့ ရှူရှူ မန်နေဂျာကြီး...ရှူရှူ မန်နေဂျာကြီး၊ ဆရာ ခေါ်နေတယ်'

ပြူးစိန်ဆိုသည့် တပည့်က ကျွန်တော့်အိမ်မှာ သောင်တင်နေသည့် အညာသား။ 'ရှူတင်မန်နေဂျာ' ဆိုသော ဝေါဟာရကို အမြဲလိုလို 'ရှူရှူမန်နေဂျာ' ဟုသာ အသံထွက်တက်သည်။ ဘယ်လိုသင်သင် ပြင်ပေးလို့ကို မရ။

ရှူတင်မန်နေဂျာကြီးကလည်း သူ့ကို 'ရှူရှူမန်နေဂျာ' ဟု အခေါ်ခံရတိုင်း ထိုးမည် ကြိတ်မည် တကဲကဲ လုပ်တတ်၏။ ဒါကို ဖျန်ဖြေရသည်ကလည်း တစ်ဒုက္ခ။

ကျွန်တော့် ရှေ့သို့ ရှူတင်မန်နေဂျာရော၊ အောင်သိန်းပါ ရောက်လာသော အခါ' ကဲ ပြောကြစမ်းပါဦး၊ မင်းတို့က ဘာဖြစ်ရပြန်တာလဲ' ရှူတင်မန်နေဂျာက

'ဒီကောင် အောင်သိန်းပေါ့ ဆရာ၊ ဟိုတစ်နေ့တုန်းက ရိုက်ထားတဲ့ အဝတ်အစားနဲ့ပဲ ဒီနေ့ ဆက်ရိုက်မှာလို့ သေသေချာချာ မှာထားရက်နဲ့ ယူမလာဘူး ဆရာ'

'ကျွန်... ကျွန်တော့်မှာ တကယ်... တကယ် မရှိတော့လို့ပါ ဆရာ'

ရုပ်ရှင်ကားထဲတွင် တစ်ဆက်တည်း ဖြစ်ပွားသည့် အဖြစ်အပျက်တစ်ခုကို တကယ်တမ်း ရိုက်ကူးသည့်အခါ အကြောင်းအမျိုးမျိုးကြောင့် နှစ်ရက် သုံးရက် ခွဲကာ ရိုက်ရလေ့ရှိသည်။ ထိုအခါမျိုးတွင် ပထမဆုံးနေ့ရက်က ဝတ်စားခဲ့သည့် အဝတ်အစား အဆင်အယင် ဆံပင်ပုံစံအတိုင်း တစ်သဝေမတိမ်း တူညီ အောင်ပြန်ဝတ်မှ ကိုက်ညီမှု ရှိသည်။ ဒါကို ရုပ်ရှင်ဝေါဟာရအားဖြင့် Continuity ဟု ခေါ်၏။ ကျွန်တော်က အောင်သိန်းကို

www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦးကွ၊ အဝတ်အစား Continuity ရှိတယ်ဆိုတာ မင်းသိရဲ့သားနဲ့ အဲဒီအင်္ကျီက ဘယ်ရောက်သွားလို့လဲ'

'ဟို…ဟို…မနေ့က ဈေးဖိုး မရှိတာနဲ့ အင်္ကျီတွေကို ကျွန်တော့်မိန်းမက အဝတ်ဟောင်းဆိုင် သွားရောင်းတဲ့အထဲ ပါသွားတယ် ဆရာ'

'ဟူး…' ကျွန်တော်က ခပ်တိုးတိုး ညည်းရင်း ခေါင်းကို အသာအယာ ခါယမ်းမိသည်။ အောင်သိန်းကို ကြည့်လိုက်တော့လည်း မျက်နှာက လက်သည်း ခွံလောက်သာ ရှိတော့၏။ ဒီတော့ ကျွန်တော်က….

'အဲဒီ အဝတ်ဟောင်း ဆိုင်ကို မင်း သိလား အောင်သိန်း၊ အခု သွားပြန်ဝယ်ရင် မီနိုင်သေးလား'

'ဟုတ်…ဟုတ်ကဲ့… သိတယ်ဆရာ၊ မနေ့ကမှ ရောင်းလိုက်တာဆိုတော့ သွားပြန်ဝယ်ရင် ရဦးမယ် ထင်တာပဲ…'

'ကဲ ဒါဖြင့်လည်း မြန်မြန် သွားကွာ၊ ငါ ပိုက်ဆံ ပေးလိုက်မယ်၊ ဘယ်လောက် ယူသွားမလဲ'

'ကျွန်တော့် မိန်းမ သွားရောင်းတုန်းကတော့ ခုနစ်ရာပဲ ရတယ် ဆရာ အပေါက်သေးသေး နှစ်ပေါက်နဲ့ အင်္ကျီလက်ဖျားလည်း နည်းနည်းစုတ်နေ လို့တဲ့'

ကျွန်တော်က တစ်ထောင်တန် နှစ်ရွက်ထုတ်ပေးလိုက်ပြီး ရှုတင်မန်နေဂျာ မျိုးကြီးကို ' မျိုးကြီးရေ၊ ပြူးစိန်ကို ကားသော့ပေးလိုက်ကွာ၊ အောင်သိန်းကို ကားမောင်းပြီး လိုက်ပို့ပေးခိုင်းလိုက်'

'ဟုတ်ကဲ့ ဆရာ'

'ပြူးစိန် …ရေ'

'ဟော့ … ပြူးစိန်'

မျိုးကြီး၏ခေါ်သံကြောင့် ပြူးစိန်က အပြေးအလွှား ရောက်လာပြီး ရှိရိကျိုးကျိုးဖြင့်

'ကျွန်တော့်ကို ဘာခိုင်းစရာ ရှိလို့လဲ ရှုရှုမန်နေဂျာကြီး'

'မင်းမေကလွှား၊ ငါ့ကို 'ရှုရှုမန်နေဂျာကြီး' လို့ မခေါ်ပါနဲ့ဆိုတာ ဘယ်နခါပြောရမလဲ တောက်… ငါထိုးလိုက်ရ'

ပြူးစိန်က ဖက်ကလေး ပုသွားပြီး

'ဟုတ် … ဟုတ်ကဲ့၊ နောက်မခေါ်တော့ပါဘူး အာစရိ'

တကယ်တော့ 'အာစရိ' ဟူသည့် အသံထွက်ကလည်း ပီသလှသည် မဟုတ်၊ မြန်မြန်ခေါ်သောအခါ 'အာစိ' ဟုသာ ကြားရသည်။ မျိုးကြီး စိတ်လျော့သွား၏။ သို့သော် သူ ဘာမှ မတတ်နိုင်။ မျိုးကြီးက ပြူးစိန်ကို မျက်နှာလွှဲကာ ကားသော့ လှမ်းပေးရင်း

www.burmeseclassic.com

www.burmeseclassic.com



'ရှော့ ကားသော့၊ အောင်သိန်းကို အဝတ်ဟောင်းဆိုင် လိုက်ပို့လိုက်စမ်းကွာ၊ မြန်မြန်ပြန်ခဲ့နော်၊ နေရောင်နည်းနည်းပွင့်တာနဲ့ ရိုက်ကွင်းစတော့မှာ'

'ဟုတ်ကဲ့ပါ အာစီ၊ စိတ်ချပါ၊ ကျွန်တော် အမြန်ဆုံး ပြန်လာခဲ့ပါမယ် အာစီ'

'အာစီ' ချင်း မိုးမွှန်အောင် ခေါ်ပြီး ပြုံးစိစိ လှည့်ထွက်သွား၏။ မျိုးကြီးက စိတ်ပင်ပန်း၊ လူပင်ပန်းဖြင့် ကျွန်တော်ရှေ့က ထိုင်ခုံတွင် ခြေပစ် လက်ပစ် ထိုင်ချ လိုက်ပြီး 'ဟူး…ဒုက္ခပါပဲ ဆရာရေ၊ ဆရာ့တပည့်ကတော့ ကျွန်တော့်ကို 'အာစီ…အာစီ' နဲ့ချည်း ခေါ်နေတော့တာပဲ။ ဘေးလူကြားရင် ' အ ၁ စီ ' ဆိုတာ ကျွန်တော့်ငယ်နာမည်လို့ ထင်ကုန်တော့မှာပဲ'

ကျွန်တော် ရယ်မောလိုက်မိ၏။ (နောက်တော့ ဒီအကြောင်းကို ကျွန်တော့် လုံးချင်းဝတ္ထုတစ်ပုဒ်ထဲတွင် ထည့်ရေးဖြစ်ခဲ့ပါသေးသည်)

သို့သော်ကျွန်တော် ရယ်မော၍ မဆုံးသေးခင်မှာပင် ရုတ်တရက် မျက်လုံးပြူး သွားရ၏။

မျိုးကြီးက မောမောပန်းပန်းဖြင့် စားပွဲပေါ်တင်ထားသော ရေမန်းပုလင်းကို သောက်ရေသန့်ဟု ထင်ကာ တဂွပ်ဂွပ် မော့သောက်ချလိုက်သောကြောင့် ဖြစ်၏။ ကျွန်တော်က 'ဟော့ကောင်…. မျိုးကြီး၊ အဲဒါ ရိုးရိုးရေသန့် မဟုတ်ဘူးကွ၊ ဒီအိမ်ပိုင်ရှင်ရဲ့ ရေမန်းပုလင်း'

'ဗျာ' မျိုးကြီးက အထိတ်တလန့်ဖြင့် သူ သောက်လက်စ ရေသန့်ဘူးကို ဖင်ပြန် ခေါင်းပြန် ကြည့်လိုက်သည်။ ပရိတ်ရေတွေ တစ်စက်မှ မကျန်တော့၊ တက်တက်စင်အောင် ပြောင်စင်နေလေပြီ။

'ဟိုက်…ဒုက္ခပဲ ဆရာရေ၊ ဘယ်လိုလုပ်ကြမလဲ'

ကျွန်တော်က ခေါင်းကုတ်ကာ စဉ်းစားရင်း ဟိုဟိုဒီဒီ ကြည့်လိုက်ရာ မလှမ်းမကမ်းတွင် မြက်ခင်းကို ရေဖျန်းသည့် ဘုံပိုင်ပိုက်ခေါင်းတစ်ခုကို တွေ့လိုက်ရသောကြောင့် ' ဟော့ကောင် မျိုးကြီး၊ ဟိုပိုက်ခေါင်းကို ဖွင့်ပြီး ဒီရေသန့်ဘူးထဲ ပြန်ဖြည့်ထားလိုက်စမ်းကွာ၊ သွား…မြန်မြန်လုပ်'

မျိုးကြီးက ရေမန်းပုလင်း အလွတ်ကို ယူပြီး သုတ်သီးသုတ်ပျာ ထပြေးသည်။ နောက် ရေလက်လေးလုံးခန့် ဖြည့်ပြီး ပြန်ယူလာ၏။ အချိန်ကိုက်ပင် ဖြစ်သည်။

ရေမန်းပုလင်းကို ခြေရာလက်ရာ မပျက် သူ့နေရာသူ ပြန်ထားပြီး မျိုးကြီးက ခုံတွင် ဝင်ထိုင်လိုက်သည့် အခိုက်မှာပင် အိမ်ပိုင်ရှင်ဖြစ်သူက

www.burmeseclassic.com

www.burmeseclassic.com



ခြံနောက်မှ ပြန်ထွက်လာ၏။ သူက စားပွဲပေါ်ရှိ ရေဘူးကို တစ်ချက် လှမ်းကြည့်ကာ

'ဩော် ရေမန်းပုလင်းရောက်နေပြီကိုး' ဟု ရေရွတ်ရင်း ခြံတံခါး မော်တာစက် အထိုင်နေရာဆီ လျှောက်သွားသည်။

ထိုစဉ် ကျွန်တော်တို့ အနီးသို့ ဘွားခနဲ ပြန်ရောက်လာသူက ပြူးစိန်၊ ပြူးစိန်က ရှုတင်မန်နေဂျာ မျိုးကြီးကို ကားသော့လှမ်းပေးရင်း 'ရော့…အာစိ၊ ကားသော့' 'ဟင် မင်း ဟိုကောင့်ကို လိုက်မပို့တော့ဘူးလား' 'မပို့တော့ဘူး အာစိ၊ ရှုတင် ထမင်းကားနဲ့ လမ်းကြုံနေတယ်ဆိုလို့ အဲဒီကားနဲ့ပဲ တင်ပေးလိုက်တယ် အာစိ၊ ဓာတ်ဆီအကုန် သက်သာတာပေါ့ အာစိရယ်'

သူတို့နှစ်ယောက် ပြောနေသည်ကို မလှမ်းမကမ်းမှ ကြားနေရသော အိမ်ပိုင်ရှင်က မျိုးကြီးကိုလှမ်း၍ ''ဗျို့ ကိုအာစိ၊ ကျွန်တော့်ကို အဲဒီစားပွဲပေါ်က ရေမန်းပုလင်းလေး ကမ်းလိုက်စမ်းပါဗျာ'

မျိုးကြီးက ရေပုလင်းကိုယူကာ ဆောင့်ဆောင့်အောင့်အောင့် သွားပေးရင်း 'ရှော့ ….ရေမန်း၊ ဒါပေမဲ့ ခင်ဗျား သိထားဖို့က ကျုပ်နာမည် 'ကိုအာစိ' မဟုတ်ဘူး'

အိမ်ပိုင်ရှင်က သူ့ဘာပြောနေ၊ ပြောနေ နည်းနည်းမှ ဂရုမစိုက်ပါ။ ပုလင်းထဲမှ ရေကို သူ့လက်ချောင်းများ ဆွတ်ကာ မော်တာစက်ပေါ်သို့ တောက်ဖျန်းရင်း ပါးစပ်မှ တစ်စုံတစ်ရာကို ပွစိပွစိ ရေရွတ်နေ၏။ ထို့နောက် ခြံစောင့်ကို လှမ်း၍ 'ခလုတ်ဖွင့်ကြည့်စမ်းပါဦးဟ' ဟု လှမ်းအော်သည်။ ခလုတ်ဖွင့်လိုက်တော့လည်း တဂျိဂျိ၊ တဂျစ်ဂျစ်မြည်သံတွေသာ ကျယ်ကျယ် လောင်လောင် ထွက်လာသည်။ တံခါးကတော့ ပွင့်မလာ။ ပရိတ်ရေတွေအစား မြက်ခင်းဖျန်းသည့် ရေတွေ ထည့်ထားမှန်းသာ သူသိသွားလျှင် ဘယ်လိုဖြစ်မည် မသိ။ အခုတော့ သူက စိတ်မလျှော့သေးဘဲ ရေကို လက်မှာ ဆွတ်ကာ အဆက် မပြတ် ပက်ဖျန်းရင်း

'ကဲ…နောက် တစ်ခေါက်လောက်တော့ ဖွင့်ကြည့်စမ်းပါဦးဟ' အဲသည်မှာတင် အံ့ဩစရာကောင်းသော အလှည့်အပြောင်းတစ်ခုကို ကျွန်တော်တို့ မြင်လိုက် ကြရလေသည်။

'ကျွီ၊ ကျွီ၊ ဝေါ၊ ဂျိမ်း' သံမဏိတံခါးကြီးက လျှောခနဲ ပွင့်ထွက် သွားလေသည်။ အိမ်ရှင်ဖြစ်သူက ဝမ်းသာအားရဖြင့် ရှုတင်မန်နေဂျာမျိုးကြီး၏ ပခုံးကို လှမ်းပုတ်ပြီး

'တွေ့လား ကိုအာစိ၊ ဆရာတော်ကြီးရဲ့ ရေမန်းက ဘယ်လောက်စွမ်းသလဲ ကိုအာစိရေ‥လက်တွေ့ဗျ၊ လက်တွေ့'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်နှာမည် ကိုအာစိ မဟုတ်ဘူးဗျ' မျိုးကြီး၏ မျက်နှာက စူပုပ်ပုပ်။

ကျွန်တော်က ကောင်းကင်ကြီးဆီသို့သာ မော့ကြည့်ရင်း ငေးနေလိုက်၏။ တိမ်ညို၊ တိမ်မည်းတွေ တဖွဲဖွဲ ငွေ့ယမ်း ဝဲကျနေသည့် မိုးစက် မိုးပေါက်တွေ။ ဘာကြောင့်များ မိုးတွေ ရွာနေတာပါလိမ့်။

ခဏကြာတော့ အင်္ကျီသွားဝယ်သည့် အောင်သိန်း ပြန်ရောက်လာသည်။ သူက ကျွန်တော့်အား အင်္ကျီကို လာပြရင်း 'ပြန်ဝယ်တော့ နှစ်ထောင့်ငါးရာ တောင် ပေးခဲ့ရတယ် ဆရာရေ၊ တံဆိပ်က အကောင်းစားမို့လို့တဲ့၊ အပေါက် နှစ်ပေါက်ကို ချည်နဲ့ ပြန်ရက်ပြီး လက်အဖျားလေးကို ပြန်ချုပ်လိုက် သုံးလေး ထောင်နဲ့တောင် ရောင်းလို့ရတယ်ဆိုပဲ'

'ကဲ ထားလိုက်ပါတော့ကွာ ရလာရင် ပြီးတာပါပဲ' ကျွန်တော်က သူ့ကို ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။ အောင်သိန်းက သူ့လက်ထဲမှ အင်္ကျီကို ဟိုလှန်ဒီလှန် ကြည့်ရင်း 'ရောင်းတုန်းကတော့ အင်္ကျီကို ဘာတန်ဖိုးမှ မရှိအောင် အပြောခံရတယ်၊ ပိုက်ဆံက အင်္ကျီထက် ပိုတန်ဖိုးရှိနေသလိုပဲ၊ ပြန်ဝယ်တဲ့အခါကျ တော့ အင်္ကျီက အရမ်းတန်ဖိုးတက်နေပြန်ရော၊ ဘာကိုယုံရမှန်းတောင် မသိဘူး ဆရာရယ်၊ ရှုးချင်တယ်'

ကျွန်တော်က ရေနွေးကြမ်းကို ငုံ့ရင်း 'ဒါတွေက တန်ဖိုး အစစ် မဟုတ်ပါဘူးကွာ၊ မင်း ဘာလိုချင်သလဲဆိုတဲ့ အပေါ်ပဲ မူတည်နေတာပါ၊ မင်းက ပိုက်ဆံကို လိုချင်နေတဲ့အချိန်မှာ အင်္ကျီက တန်ဖိုးမရှိဘူး၊ မင်းက အင်္ကျီကို လိုချင်နေတဲ့ အချိန်ကျတော့လည်း အင်္ကျီက ပိုက်ဆံထက် အရေးပိုကြီးသွား ပြန်ရော၊ ဒီလိုပါပဲ'

'ဒီလိုပါပဲ' ဆိုသည့် စကားကို ရေရွတ်မိချိန်တွင် ကျွန်တော့်အကြည့်က ရေမန်း ပုလင်းကို ကိုင်ထားသော အိမ်ပိုင်ရှင်ဆီသို့ ဝေ့ဝဲသွားမိ၏။

ထိုသူ့အတွက်ကျတော့ကော ဘယ်အရာက ယုံကြည်မှုအတွက် တန်ဖိုး ရှိနေသလဲ။ ကျွန်တော် ဆက် မတွေးတော့ပါ။

မုတ်သုန်လေက သိပ်မရိုင်းစိုင်း၊ သိပ်မပြင်းထန်တော့၊ မိုးစက်ဖွဲဖွဲတွေက တဖြည်း ဖြည်းပါးလျ လာ၏။ ကျွန်တော်က ဘယ်သူဘယ်ဝါ မရည်ရွယ်ဘဲ လှမ်းမေးလိုက်သည်။ 'မင်းသမီး ရောက်လာပြီလား'

ဘယ်သူကမှ ပြန်မဖြေ။ ကျွန်တော့် နောက်ဘက်နားဆီမှ ခြေသံဖွဖွ ကိုသာ ကြားရသည်။ ခြေသံအစုံက ကျွန်တော့်ကုလားထိုင်ဘေးတွင် လာရပ်ပြီး

'သမီး ရောက်နေပါပြီ ဆရာ' သူမ၏ စကားသံက ခပ်တိုးတိုးပင် ဖြစ်သည်။ သူမ၏ အသံကို ကြားရတိုင်း တယောကြိုးလေး တပ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ခါသွားပုံကို ကျွန်တော် မြင်ယောင်မိသလိုလို ခံစားရသည်။ ကျွန်တော် သူ့မကို လှည့်မကြည့်ပါ။

(သို့မဟုတ် သူမကို မကြည့်ဖြစ်အောင် ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းချုပ် ထားသည်ဟု ဝန်ခံချင်ပါသည်)

သူမကို ကြည့်သည့်အခါ (ကျွန်တော်၏ ခံစားမှုနှင့် တိုက်ရိုက်ဆက်သွယ် နေသော) ကျွန်တော့် ပကတိမျက်လုံးသက်သက်များဖြင့် ကြည့်ရမည်ကို စိုးရွံ့နေမိ၏။ ထို့ကြောင့် သူမကို ကင်မရာမှန်ဘီလူးမှ တစ်ဆင့် ဖြတ်သန်း၍သာ ကျွန်တော် ကြည့်လေ့ ရှိသည်။

နောက်ပြီးတော့ သူမကို လှပသော သက်ရှိလူသားတစ်ယောက်အဖြစ်မှ မေ့လျော့ထားချင်သည်။ ဖလင်ပြားပေါ်တွင် ထင်ဟပ်နေသော လှပသည့်ပုံရိပ် တစ်ခုအဖြစ်သာ ထာဝရ အောက်မေ့ မှတ်ယူထားချင်သည်။

သူမနှင့် ပတ်သက်လာတိုင်း မိမိကိုယ်ကို လိမ်ညာလှည့်ဖြားနိုင်စေရန် အတွက် သံသရာအဆက်ဆက် ကျွန်တော် ပါရမီဖြည့်ကျင့် ပါဦးမည်။

'နင် အဝတ်အစား သွားလဲထားလိုက်တော့' ကျွန်တော်က သံယောဇဉ် အငွေ့အသက် မပါအောင် တမင် စကားလုံး တင်းတင်းများကို ရွေးချယ်ပြီး အနည်းငယ် မာရေ၊ ကျောရေ ပြောလိုက်၏။

ဒါကပင် ကျွန်တော့် မရိုးသားမှုပဲလား။ သူမကတော့

'ဟုတ်ကဲ့ပါ ဆရာ'

ခပ်တိုးတိုးပြောပြီး လှည့်ထွက်သွားသည်။ ကျွန်တော့် အနားမှာ သူမ ရှိမနေတော့မှပင် ကျွန်တော့်မျက်စိထဲတွင် သူမကို မြင်ယောင်လာလေသည်။

ကျွန်တော်တို့ ရုပ်ရှင်ကုမ္ပဏီက မင်းသား၊ မင်းသမီး အသစ်တင်ဖို့ သရုပ်ဆောင် ရွေးချယ်ပွဲလုပ်ကတည်းက သူမကို ကျွန်တော် စပြီး သတိထား မိသည်။

ပဏာမ အဆင့်ပြိုင်ပွဲ၊ ဆန်ခါတင် အဆင့်ပြိုင်ပွဲနှင့် နောက်ဆုံး အဆင့်ပြိုင်ပွဲ သုံးခုစလုံးတွင် အကဲဖြတ်သော ဒိုင်လူကြီးများက သူမ၏ အလှနှင့် သရုပ်ဆောင် ကျွမ်းကျင်မှုကို အမှတ်ပြည့် ပေးခဲ့ကြ၏။

နောက်ဆုံး ရွေးချယ်မှုအပြီးတွင် အင်တာဗျူးမေးခွန်းမေးပြီး အဆုံးအဖြတ် ပေးရမည်ကတော့ ကျွန်တော့်တာဝန် ဖြစ်လာသည်။

'ဆရာတို့ ကုမ္ပဏီက အခုရိုက်မယ့်ဇာတ်ကားမှာ သမီးကို ခေါင်းဆောင် မင်းသမီးအဖြစ် ရွေးချယ်လိုက်မယ်ဆိုပါစို့၊ ဒါဆိုရင် သမီးဘက်က ဘာများ ပြောစရာရှိမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒါက အင်တာဗျူးတစ်ခုကို စတင်ရန် ပမာဏ အစပျိုးလိုက်သည့် ကျွန်တော် မေးနေကျ သမားရိုးကျ မေးခွန်းတစ်ခုသာ ဖြစ်သည်။ သူမက ကျွန်တော့်ကို မကြည့်ဘဲ ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်မိုးသားဆီ တစ်ချက်ဖျတ်ခနဲ လှမ်းမျှော်ငေးရင်း 'ဒါဆို သမီး ဆုတောင်းပြည့်ပြီလို့ ပြောရမှာပဲဆရာ၊ သမီး ဒီလိုအခွင့်အရေးရဖို့ စောင့်ဆိုင်းနေတာ ကြာပါပြီ ဆရာ၊ ဒါပေမဲ့' ဒါပေမဲ့ဆိုသော စကားလုံး၏ အဓိပ္ပာယ်က ပြောစရာစကားတွေ ကျန်နေသေးသည် ဟု ဖွင့်ဆို၍ ရသောကြောင့် ကျွန်တော် ဘာမှ ဆက်မမေးဘဲ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေလိုက်သည်။

သို့သော် သူမက ပြောလက်စ စကားကို မဆက်ဘဲ (ကျွန်တော် မျှော်လင့်မထားသည့် တခြားတစ်နေရာမှ) အဖြူရောင်မီးတောက် တစ်ခုကို ဖြုန်းခနဲ ရှို့လိုက်သလိုမျိုး 'ပွင့်ပွင့်လင်းလင်း ပြောရရင် ဆရာရယ်၊ ကျွန်မက ဆရာတို့နဲ့ ကိုးကွယ်တဲ့ဘာသာချင်း အတူတူပါပဲ၊ ဒါပေမဲ့ အခုအချိန်အထိပေါ့၊ ဘုရားမှာ ဘာဆုတောင်းတောင်း ကျွန်မ ဆုတောင်း မပြည့်ခဲ့ဘူး ဆရာ' 'အဲဒီတော့' 'တခြားဘာသာဝင်ဖြစ်တဲ့ သမီးရဲ့ သူငယ်ချင်းတွေက ဖျောင်းဖျကြတယ် ဆရာ၊ သူတို့ ကိုးကွယ်တဲ့ ဘုရားဆီမှာ ဆုတောင်းကြည့်ပါလားတဲ့၊ တကယ်လို့ ဆုတောင်းတဲ့အတိုင်း သူတို့ဘုရားက မစခဲ့ရင် ဘာသာပြောင်းခဲ့ပေါ့တဲ့'

သူမသည် ယုံကြည်မှု တောင်ယာကို ခုတ်လှဲဖို့ တောမီး မီးရှို့သူ တစ်ယောက်ပေပဲလား။ ရိုးသားစွာ ရှို့ခဲ့သော သူမ၏အဖြူရောင် မီးတောက်သည် ကျွန်တော့် ဆီသို့ မီးပွားတွေ လွင့်စဉ်လာ၏။ သူမက 'တကယ်ပဲ ဆရာ၊ ဒီပြိုင်ပွဲမှာ မင်းသမီး အရွေးခံရအောင် ကယ်တင်တော်မူပါ၊ အရွေးခံရရင် အရှင်ဘုရားကို တစ်သက်လုံး ကိုးကွယ်ပါမယ်လို့ ဆုတောင်း ခဲ့တယ်၊ အခု သမီး တကယ် ဆုတောင်းပြည့်ပြီ ဆရာ၊ အဲဒီဘာသာကိုပဲ သမီးပြောင်းပြီး ကိုးကွယ်တော့မယ်'

'ဟင်' ကျွန်တော့် နှလုံးသားသည် ကြယ်ကြွေသလို တိတ်ဆိတ်စွာ ကြွေကျ သွားခဲ့၏။

သူမကို ဆက်မေးစရာ မေးခွန်းတွေ ကျွန်တော့်ရင်ထဲမှာ ရှိမနေတော့ပါ။ အားပေး နှစ်သိမ့်သော အပြုံးတွေလည်း ရှိမနေတော့ပါ။ ကျွန်တော် အသံဆုံး သွားခဲ့သည်မှာ ကြာပါပြီ။ ကျွန်တော်တို့ ကိုးကွယ်နေသော ဘာသာတရားသည် အောင်မြင်မှု၊ ချမ်းသာမှုတို့ ရရာရကြောင်း ဆုတောင်းကို ဖြည့်ဆည်းပေးသည့် ဘာသာတရား မဟုတ်ကြောင်း သူမကို ရှင်းပြစရာ စကားလုံးမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ ဘာသာတရားသည် ကိုယ့်အားကိုယ်ကိုးရသော ဘာသာဖြစ်သည့် အကြောင်းနှင့် သံသရာလည်မှု ချုပ်ငြိမ်းအောင် တဏှာကို ရှင်းပစ်ဖို့ လမ်းညွှန်သည့် ဘာသာတရားဖြစ်ကြောင်း ရှင်းပြဖို့ စကားလုံးတွေ ရှိပါ။ ကျွန်တော့်မှာ အသက်ရှင်သန်ခြင်းပင် ရှိမနေတော့ပါ။

သူမကို မင်းသမီးအဖြစ် ရွေးချယ်လိုက်လျှင် ကိုယ့်ဘာသာဝင် တစ်ယောက်ကို တခြားဘာသာဝင်အဖြစ် ကူးပြောင်းလိုက်အောင် တွန်းပို့လိုက် သလို ဖြစ်သွားမည်။ မရွေးချယ်ပြန်လျှင်ကော။

မရွေးချယ်လျှင် ကျွန်တော်သစ္စာမဲ့သူ ဖြစ်သွားမည်။ သူမ၏ အရည် အချင်းက ရွေးချယ်ခံထိုက်သူ ဖြစ်ကြောင်း ဒိုင်လူကြီးတွေ အားလုံးရှေ့မှာ အခိုင်အမာ သက်သေပြထားပြီးသား မဟုတ်ပါလား။

ဒီနေရာမှာ ဆုံးဖြတ်ချက်ချခွင့် ရှိသူက ကျွန်တော်ဖြစ်နေသည်။ **'ကျွန်တော်နှင့် အယူအဆချင်းမတူ' ဟူသော အကြောင်းပြချက်** တစ်ခုတည်း ကြောင့်တော့ သူမ၏ (အရည်အချင်းအတိုင်း ရသင့်ရထိုက်သော) အခွင့်အရေးကို ကျွန်တော် ချိုးဖဲ့ဖျက်ဆီး လျစ်လျူရှုခွင့်မရှိပါ။ ဒီအတိုင်း ကျွန်တော် ရိုးရိုး သားသား ယုံကြည်ထား၏။

တစ်ညလုံး ကျွန်တော် အိပ်မပျော်တော့ပါ။

နောက်တစ်နေ့ မနက်တွင်တော့ သူမကို မင်းသမီးအဖြစ် ရွေးချယ် လိုက်သည့် အကြောင်းကို ကုမ္ပဏီမှတစ်ဆင့် အကြောင်းကြားစာ ပို့ခိုင်း လိုက်တော့သည်။ ကျွန်တော့်ကို အပြစ်တင်ကြပါတော့။

သို့သော် အဲသည့်ညကစပြီး ကျွန်တော့် ဘုရားရှိခိုးထဲတွင် စာတစ်ကြောင်း ထပ်တိုးလာသည်။ 'အယူအဆ မတူသူကို ဖိနှိပ်ခွင့် မရှိစေရ၊ အာမဘာန္တေ'

၀

'ဆရာ··· ရှုတင်စတော့မလား'

တပည့်ဖြစ်သူ ပြုံးစိန်က အနားကပ်လာပြီး မေးလိုက်သောကြောင့် ကျွန်တော့် အတွေးတွေ လွင့်မျောနေရာမှ ရုပ်ရှင်ရိုက်ကွင်းပေါ် ဖျတ်ခနဲ ပြန်ရောက်လာ၏။ ဝန်းကျင်ကို ကျွန်တော်လှည့်ကြည့်လိုက်တော့ မိုးစက်တွေ တဖွဲဖွဲကျနေသည့်တိုင် လေကငြိမ်နေပြီ။

'ကျို၊ ဝေါ၊ ဝေါ၊ ဂျိမ်း'

www.burmeseclassic.com

www.burmeseclassic.com



ရွှတင်အိမ်ပိုင်ရှင်ကလည်း သူ့အော်တိုမစ်တစ် ခြံတံခါး အဖွင့်အပိတ်ကို သေချာအောင် ထပ်ခါထပ်ခါ စမ်းသပ်နေသည်။ ဒရဝမ်အဖြစ် သရုပ်ဆောင်မည့် အောင်သိန်းကလည်း ဈေးကြီးပေးပြီး ပြန်ဝယ်လာရသော အင်္ကျီကိုဝတ်လျက် အသင့်ဖြစ်နေပြီ။

ရွှတင်အိမ်ပိုင်ရှင်ကတော့ ပန်းပင်လောင်းသည့်ရေတွေ ဖြည့်ထားသော ရေမန်းပုလင်းကို ကိုင်ကာ ပြုံးဖြီးဖြီး။

ခြံတံခါးဖွင့်သည့် မော်တာ ဘာကြောင့် ပြန်ကောင်းသွားရသလဲ။ ပန်းပင်လောင်း သည့်ရေတွေ ဖျန်းလိုက်ခြင်းကြောင့်တော့ မဟုတ်တာ သေချာသည်။ အိမ်ရှင်ဖြစ်သူ၏ ယုံကြည်မှုကြောင့်လား၊ ကျွန်တော်တို့ အကုန်အစင် သိနိုင်လိမ့်မည် မဟုတ်သော လောကကြီး၏ အကြောင်းအကျိုး တိုက်ဆိုင်မှု တစ်စုံတစ်ရာ ကြောင့်လား။

တိုက်ဆိုင်မှု ဆိုတာကကော ဘာလဲ။

ယုံကြည်မှု ဆိုတာကကော ဘာလဲ။

ကျွန်တော် တွေးနေစဉ်မှာပင် သူမက သရုပ်ဆောင်ဖို့ ကင်မရာရှေ့ဆီသို့ လျှောက်သွားနေလေပြီ။ သူမအတွက်ကတော့ ယုံကြည်မှုဆိုတာ ဘာများ ဖြစ်မှာပါလိမ့်။

သံသရာမှ လွတ်မြောက်ဖို့လား။

ရုပ်ရှင်မင်းသမီး ဖြစ်ဖို့လား။

အင်္ကျီဝယ်ပြီးပြန်အလာတွင် အောင်သိန်းပြောခဲ့သော စကားတစ်ခွန်းကို အမှတ်တမဲ့ ပြန်သတိရလိုက်၏။

'ဘာကိုယုံရမှန်းမသိဘူး ဆရာရယ်၊ ရူးချင်တယ်'

ဟုတ်သည်။ ဘာကို ယုံရမှန်း မသိသောကြောင့် ကျွန်တော်တို့ ရူးချင်နေကြပြီလား။ ကျွန်တော်တို့ အသံမထွက်ဘဲ အနည်းငယ် ရယ်မောလိုက်မိသည်။

သူမအတွက်တော့ 'ယုံကြည်မှု' ဆိုသည်မှာ အဟောင်းဈေးက ဝယ်ခဲ့သော အင်္ကျီတစ်ထည်လိုမျိုး **'လိုချင်သည့် အရာ'** ကသာ အဓိကကျနေမည်လား မသိပါ။

ဒီအတွေးတွေကို အေးအေးဆေးဆေး ရှိသည့် တစ်ချိန်ချိန်တွင် သူမကို ပြောပြ ချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်ပင်၊ မိုးရေစက်တွေကြားမှာ ကျွန်တော် ရုပ်ရှင်ရိုက်ကွင်း တစ်ခုကို စတင်ခဲ့ပါသည်။

'ကလက်'

'ဆင်း ဖိုက်၊ ကတ်ဝမ်း၊ တိတ်ဝမ်း'

●

မင်းခိုက်စိုးစန်

၂၀၁၁၊ နိုဝင်ဘာ၊ Beauty max မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး** – မြန်မာ့သမိုင်းထဲက 'အခုသက်ရှိထင်ရှားမရှိတော့တဲ့' ပုဂ္ဂိုလ်တစ်ဦးကို ပြန် အသက်သွင်းခွင့်ရရင် ဘယ်သူ့ကို အသက်သွင်းမလဲ…။ ဘာကြောင့်လဲ…။ သူနဲ့တွေ့ရင် ဘာလုပ်မလဲ….။

**ဖြေ** – 'ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါတယ်။ တောင်းဆိုစရာ တစ်ခုရှိလို့ပါ။ တောင်းဆိုမယ့်စကားက… ဗိုလ်ချုပ်ခင်ဗျာ၊ ဗိုလ်ချုပ်ရဲ့အမြင်မှာ သေသက်ချိုး မပြောဘူးလို့ထင်တဲ့ လူတွေရဲ့နာမည်စာရင်းကို ဟောဒီ စာရွက်ပေါ်မှာ ချရေးပေးပါ။ ဗိုလ်ချုပ်ကိုယ်စား အဲဒီလူတွေကို ကျွန်တော် လိုက်ရိုက်ချင်လို့ပါ'။

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ကျွန်တော့်အဒေါ် မွေးထားသော ခွေးကလေးနှစ်ကောင်အနက် အထီးလေးတစ်ကောင်၏အမည်မှာ တိုးပွား ဖြစ်ပြီး အမလေးကိုတော့ မိနက်ဟု ခေါ်ပါသည်။ မိနက်က ဒေါသကြီးသည်ဟုပဲ ပြောရမလား၊ စွာသည်ဟုပဲ ပြောရမလား မသိပါ။

ခြံရှေ့မှာ ဖြတ်သွားသော လူတွေကို မိနက်က တဝုတ်ဝုတ်နှင့် ရူးရူးဝါးဝါး ထိုးဟောင်လေ့ ရှိသည်။ ခြံရှေ့က ဖြတ်သွားသော လူဟုဆိုရာတွင် ကျွန်တော်တို့ တစ်ခြံကျော်တွင် နေထိုင်သော ဦးမျိုးသိန်းလည်း ပါပါသည်။

ဦးမျိုးသိန်းဆိုသူမှာ နာရီပြင်သူတစ်ဦးဖြစ်သော်လည်း သူ ကိုယ်တိုင် ဘယ်တော့မှ လက်ပတ်နာရီ ဝတ်ဆင်ခြင်းမရှိပါ။ သူ့အိမ်ရှိ တစ်လုံးတည်းသော တိုင်ကပ်နာရီမှာလည်း အမြဲတမ်း ရပ်တန့်လျက်သာ ရှိသည်။ ထို တိုင်ကပ်နာရီမှာ ဦးမျိုးသိန်း၏ ဇနီးဖြစ်သူ ဒေါ်တင်စိန်၏ အဘိုးက အမွေပေးထားခဲ့ခြင်း ဖြစ်သည်ဟုလည်း ပြောသံကြားဖူး၏။

ဒေါ်တင်စိန်၏ အဘိုးဖြစ်သူကိုတော့ မိနက်က လုံးဝဟောင်ခြင်းမရှိပါ။ မိနက်ကို မမွေးခင်ကပင် ဒေါ်တင်စိန်၏အဘိုးက ကွယ်လွန်သွားနှင့်ခဲ့သော ကြောင့်ဖြစ်သည်။

www.burmeseclassic.com



မိနက်ကို မမွေးခင်ဟူသော အချိန်ကာလသည် တိုးပွားကိုလည်း မမွေးသေးခင် အချိန်ကာလပင်ဖြစ်ကြောင်း သတိပြုစေချင်သည်။ အဘယ်ကြောင့်ဆိုသော် မိနက်နှင့်တိုးပွားသည် အသက်အရွယ်ချင်း သိပ်မကွာသောကြောင့် ဖြစ်သည်။

တိုးပွားကို မွေးမြူဖို့ ကျွန်တော့်အဒေါ်ကို လာပေးသူမှာ အန်တီလူစီဆု ခေါ်သော အဒေါ်ကြီးတစ်ယောက်ဖြစ်သည်။ အန်တီလူစီသည် လူချမ်းသာရပ်ကွက်တစ်ခုတွင် နေထိုင်သော သူလိုကိုယ်လို မိန်းမကြီးတစ်ယောက်ဖြစ်၏။ အန်တီလူစီနှင့်အလားတူ သူလိုကိုယ်လို မိန်းမကြီးအချို့သည် အတူတွဲ၍ ဖဲကစားကြသည်။ အတင်းပြောကြသည်။ များစွာ မလိုအပ်လှသော ပစ္စည်းအချို့ကို ဆင်ရာမြင်ရာ ဝယ်ခြမ်းရင်း ပိုက်ဆံဖြုန်းကြသည်။ သူတို့ မကြာခဏ ဈေးဝယ်ထွက်ကြသည့် နေရာများမှာ ဘန်ကောက်နှင့် စင်ကာပူနိုင်ငံများဖြစ်ကြ၏။

မိနက်နှင့်တိုးပွားတို့သည် ဘန်ကောက်ကိုသော် လည်းကောင်း၊ စင်ကာပူကိုသော် လည်းကောင်း မရောက်ဖူးကြပါ။

တိုးပွားနှင့် မိနက်တို့ မကြာခဏ သွားလေ့ရှိသောနေရာမှာ ကျွန်တော်တို့ ရပ်ကွက်အစွန်ရှိ အမှိုက်ပုံကြီးဝန်းကျင်နှင့် ထိုအနီးရှိ အောင်မင်္ဂလာချောင်းကူး တံတားကြီးဆီသို့သာ ဖြစ်သည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများကလည်း တိုးပွားနှင့်မိနက်တို့ လာကြစေဖို့ရန် ရည်ရွယ်ပြီး တံတားကို ဆောက်ခဲ့ကြခြင်း မဟုတ်ပါ။ သို့သော် တိုးပွားနှင့်မိနက်ကို မလာစေရန် မည်သူကမှလည်း နှင်လွှတ်ကြခြင်းမရှိပါ။ နှင်လွှတ်သူမရှိသောကြောင့် တိုးပွားသည် လည်းကောင်း၊ မိနက်သည် လည်းကောင်း ထိုနေရာသို့ သွားမြဲသွားကြပါသည်။

တံတားကြီးအနီးသို့ သူတို့သွားရသည့် အခြားသော အကြောင်းရင်းတစ်ခုမှာ တံတားနှင့် မလှမ်းမကမ်းတွင်ရှိသော ခြံဝင်းကျယ်တိုက်အိမ်ကြီးထဲမှ သန္တာထွန်း ဆိုသည့် ကောင်မလေး ငယ်ငယ်ကလေးတစ်ယောက်က တိုးပွားနှင့် မိနက်ကို ရံဖန်ရံခါ ထန်းလျက်ခဲများ ပစ်ကျွေးတတ်သောကြောင့် ဖြစ်၏။

တိုးပွားနှင့် မိနက်တို့သည် ထန်းလျက်ခဲကို ကြိုက်၏။ ထို့ကြောင့် သူတို့သည် သန္တာထွန်း ကို ကြိုက်၏။ သန္တာထွန်းဆိုသော ကောင်မလေးသည် ခြံကျယ်ကြီးနှင့် တိုက်အိမ်ပိုင်ရှင် ဦးဘထွန်း၏ သမီးဖြစ်သည်။

သူ့သမီး၏ ထန်းလျက်ခဲများမှာ ဦးဘထွန်း၏ ပိုက်ဆံများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဦးဘထွန်းသည် သူချမ်းသာသမျှ ပိုက်ဆံတွေအကြောင်း ခမေ့မလျော့အောင် မကြာခဏ ပြောတတ်သည်။ အောင်မင်္ဂလာ ချောင်းကူး

www.burmeseclassic.com



တံတားကြီး ဆောက်စဉ်တုန်းက သူ့အနေဖြင့် ငွေငါးသောင်းတိတိ လျှုခဲ့ဖူးကြောင်း လူတွေ မမေ့အောင် သူ ခဏခဏ ပြောသည်။

လူတွေကလည်း မမေ့ပါ။ နာဂစ်မုန်တိုင်း ကျစဉ်တုန်းက ဦးဘထွန်း၏ အိမ်ဆောက်ပစ္စည်းဆိုင်မှ သွပ်တစ်ချပ်လျှင် တစ်သောင်းရှစ်ထောင်ဖြင့် မတန်တဆ ဈေးကြီးပေးဝယ်ခဲ့ရသည်ကိုလည်း မမေ့ပါ။

ဦးဘထွန်း ပို၍ ပို၍ ချမ်းသာသွားခဲ့သည်ကိုလည်း လူတွေက မမေ့ကြပါ။ လူတွေသည် အမှတ်သညာ အတော်ကြီးကြပါသည်။

လူတွေဆိုသည်မှာ ကျွန်တော်တို့ ရပ်ကွက်ထဲမှ လူများကို ဆိုလိုခြင်းဖြစ်ပါသည်။ ရပ်ကွက်ထဲမှ လူများဆိုသော်လည်း နေထိုင်သမျှ လူအားလုံးကို ကျွန်တော် မသိပါ။ ထို့အတူ တိုးပွားနှင့် မိနက်တို့ကလည်း ရပ်ကွက်ထဲမှ လူအားလုံးကို မသိပါ။

မသိသာကြောင့်သာ အကြော်ရောင်းသည့် ကောင်မလေးတစ်ယောက်ကို တိုးပွားက ကိုက်မိခြင်းဖြစ်ပါသည်။ ဒေါသကြီးပြီး ဟိန်းတတ်ဟောင်တတ်သည့် မိနက်က မကိုက်ဘဲ ခပ်အေးအေးနေတတ်သည့် တိုးပွားက ကိုက်ခြင်းသည် အကယ်စင်စစ် အံ့သြဖွယ်ကောင်းသော်လည်း ရပ်ကွက်ထဲတွင် အကြော်သည်မလေးတစ်ယောက် ခွေးကိုက်ခံရသည့် သတင်းမှာ အံ့သြစရာ မဟုတ်သလိုပင် ဖြစ်သည်။

ခွေးကိုက်ခံရသော အကြော်သည်မလေး၏ အမည်မှာ မသန်းနုဖြစ်ပြီး ခြေတစ်ဖက်မသန်သော မီးကင်းစောင့်ကြီး ဦးကျော်နီ၏ သမီးဖြစ်ပါသည်။ ဦးကျော်နီက ခွေးကိုလည်းကောင်း၊ ခွေးပိုင်ရှင်ဖြစ်သူ ကျွန်တော့်အပေါ်ကို လည်းကောင်း အပြစ်မတင်သော်လည်း အများကြီး ညည်းတွားပါသည်။

ဦးကျော်နီ ညည်းတွားသည်မှာ သူ့သမီးအတွက် ဆေးဝါးကုသရမည့် ကုန်ကျစရိတ်၊ သူ့သမီး ဈေးပြန်မရောင်းနိုင်မီအထိ ကာလအတွင်း ဆုံးရှုံးရမည့် နေ့စဉ်ဝင်ငွေ၊ လူမမာကို ပြုစုရမည့် အပိုကုန်ကျမှုများ အကြောင်းဖြစ်၏။ သူပြောနေသမျှမှာ ပိုက်ဆံအကြောင်းတွေချည်းသာ ဖြစ်ပါသည်။

ဦးကျော်နီသည် ငွေစကားပြောသူ ဖြစ်ပါသည်။ ကျွန်တော့်အပေါ်က ထို ကုန်ကျစရိတ်များ အားလုံးကို တာဝန်ယူမည်ဟု ပြောလိုက်သောအခါ ပြဿနာအားလုံး ပြေလည်သွားပါသည်။ ဦးကျော်နီသည် ငွေလိုအပ်နေသောကြောင့် ငွေစကားပြောသူဖြစ်၏။

ငွေစကားမပြောသူမှာ အရက်ဆိုင်ပိုင်ရှင် ဒေါ်ခင်ပြုံးဖြစ်ပါသည်။ ဒေါ်ခင်ပြုံးကို ကိုက်သူမှာ တိုးပွားလည်း မဟုတ်သလို၊ မိနက်လည်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အထည်ချုပ်စက်ရုံ အလုပ်သမ စမ်းစမ်းအေး အိမ်မှ ခွေးဝဲစားလေးတစ်ကောင် က ကိုက်လိုက်ခြင်းဖြစ်ပါသည်။

ဒေါ်ခင်ပြုံးက ငွေ စကားမပြောပါ။ တရားစွဲမည်ဟု ပြောပါသည်။ ဒေါ်ခင်ပြုံးက မည်သို့သော ဌာနများတွင် မည်သို့သော ဩဇာတိက္ကမရှိသည့် မည်သို့သော ရာထူးဌာနဆိုင်ရာပိုင်ရှင်များနှင့် မည်သို့မည်ပုံ ရင်းနှီးပတ်သက်သည့် အကြောင်း ပြောပါသည်။ ထိုသူများကို ဒေါ်ခင်ပြုံးက ပြောလိုက်လျှင် စမ်းစမ်း အေးတစ်ယောက် ချက်ချင်းအဖမ်းခံရပြီး ထောင်ကျသွားနိုင်ကြောင်း ပြော ပါသည်။

စမ်းစမ်းအေးကတော့ မည်သည့်ဩဇာတိက္ကမ ရှိသူနှင့်မှ မသိမကျွမ်း ပါ။ စမ်းစမ်းအေး သိကျွမ်းသည်မှာ သူ့လိုမျိုး နေ့စားအလုပ်သမကလေးများ ဖြစ်ပါသည်။ ထိုနေ့စားအလုပ်သမများထဲတွင် မပြုံးဆိုသူ မိန်းကလေးတစ် ယောက် ပါဝင်ပါသည်။ ထို မပြုံး ဆိုသူကို အငယ်အနှောင်းလိုလို၊ ခြေတော်တင် သလိုလို ခရီးကြုံ ခြေဆော့ လက်ဆော့ လုပ်ခဲ့သူက အန်တီလူစီ၏ ယောက်ျား ဖြစ်ပါသည်။

မပြုံးဆိုသူမှာ မခင်ပြုံး မဟုတ်ပါ။ မခင်ပြုံးက အရက်ဆိုင်ပိုင်ရှင်သာ ဖြစ်သည်။ မခင်ပြုံးကို တရားမစွဲအောင် ဖျောင်းဖျသူမှာ ဦးသိန်းမျိုးဖြစ်ပါ သည်။ ဦးသိန်းမျိုးသည် နာရီမပတ်သူ နာရီပြင်ဆရာ ဦးမျိုးသိန်းမဟုတ်ပါ။ ဦးသိန်းမျိုးသည် နာရီ မပြင်ပါ။ တိုက်ပုံအင်္ကျီဝတ်ပြီး အလှူခံထွက်သည်။

တိုးပွားနှင့် မိနက်တို့က အလှူခံကို မပေါင်ကြပါ။ ဦးသိန်းမျိုး အလှူ ခံသည့်အခါ ဒေါ်ခင်ပြုံးက ပိုက်ဆံအမြောက်အမြား ထည့်လေ့ရှိပါသည်။

အရက်ရောင်းပြီး စီးပွားရှာထားသော ပိုက်ဆံကို 'မစင်ကြယ်သော ပိုက်ဆံ' ဟု ပြောကြသည်။ သို့သော် ထို မစင်ကြယ်သော ပိုက်ဆံကိုပင် စုံစုံမက်မက် အလှူခံကြ၏။ ပိုက်ဆံ အမြောက်အမြား လှူဒါန်းလိုက်သော အခါ ဒေါ်ခင်ပြုံးသည် စင်ကြယ်သွားလေ၏။

စင်ကြယ်သွားသည်ဆိုခြင်းမှာ ဆင်ကြယ်ဖိနပ်ကို ဆိုလိုခြင်းမဟုတ်ပါ။ ဆင်ကြယ်ဖိနပ်စီးသူမှာ ကန်ထရိုက်လုပ်ငန်းရှင်ဦးဖြိုးဖြစ်၏။ ဦးဖြိုးသည် သူဌေး ပီပီ စကားပြောလျှင် သိန်းချီပြီး ပြောလေ့ရှိသည်။

ကျွန်တော့်အဒေါ်သည်လည်း စကားပြောလျှင် သိန်းချီပြီး ပြောလေ့ရှိ ပါသည်။ သူ့မြေးကလေး ချစ်သိန်းကို ချီရင်းပြောလေ့ရှိသောကြောင့် ဖြစ်၏။ တကယ်တော့ ချစ်သိန်းသည် တိုးပွားတို့၊ မိနက်တို့နှင့် ကစားဖော်ကစားဖက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုးပွားနှင့် မိနက်တို့ကစားသည်ကို ကန်ထရိုက်တာ ဦးဖြိုး၏ တိုက်အိမ်ရှေ့မှာလည်း မကြာခဏ တွေ့ဖူးပါသည်။ မီးကင်းစောင့်ကြီး ဦးဂျော်နီ ခြေတစ်ဖက်မသန်ရခြင်းအကြောင်းမှာ ဦးဖြိုး၏ ကန်ထရိုက်တိုက်တွင် ပန်းရန်လုပ်ရင်း တိုက်ပေါ်မှ ခြေချော်ပြီး ပြုတ်ကျသောကြောင့် ဖြစ်၏။ ဦးဖြိုးက ဦးဂျော်နီအတွက် ဆေးဖိုးဝါးခနှင့် လျော်ကြေးအဖြစ် ပိုက်ဆံ သုံးသောင်းပေးသည်ဟု လူတွေက ပြောကြသည်။

ဦးဂျော်နီကတော့ ဘာမှ မပြောပါ။ ဦးဂျော်နီသည် အန်တီလူစီနှင့် မောင်နှမအရင်းဖြစ်၏။ တိုးပွားနှင့် မိနက်တို့တွင် မောင်နှမ ရှိ၊ မရှိ ကျွန်တော် မသိပါ။

ကျွန်တော်တို့ရပ်ကွက်ထဲတွင် ပုံစံ ၁၀ နှင့် မှတ်ပုံတင် လိုက်လံစစ်ဆေးကာ စာရင်းလုပ်သူမှာ ဦးသိန်းမျိုးဖြစ်ပါသည်။ ပုံစံ ၁၀ အတည်တကျ မရှိဘဲ လေလွင့်နေထိုင်သူမှာ ရပ်ကွက်ထဲမှ အရက်သမား မိုးဇော်ဖြစ်၏။ မိုးဇော် အရက်မူးလာသည့်ညများတွင် တိုးပွားနှင့် မိနက်တို့က ပျောင်ကြပါသည်။

နာဂစ်မုန်တိုင်းကျသည့် နံနက်လင်းအားကြီးအချိန်တွင် အိမ်ထဲက အိမ်ပြင်သို့ မည်သူမှ မထွက်ရဲစဉ်မှာ လမ်းပေါ်ရောက်နေသူက မိုးဇော်တစ်ယောက် တည်းသာဖြစ်သည်။ မုန်တိုင်းကြောင့် လွင့်ပါသွားသော သွပ်ပြားများကို လိုက်လံ ကောက်ယူပြီး ဖရိုဖရဲ အမိုးလန်နေသည့် အိမ်များဆီသို့ ပြန်လည် ပို့ဆောင် ဝေငှပေးခဲ့သူဖြစ်၏။ ဒီတာဝန်ကို သူ့ကိုမည်သူကမှ မပေးပါ။ သူ့ဘာသာ လုပ် ခြင်းသာ ဖြစ်သည်။

နောက်တစ်ရက်တွင် မိုးဇော်တစ်ယောက် အအေးမိပြီး ဆုံးသည်။ အရက်သမားတစ်ယောက် ဝဋ်ကျွတ်သွားပြီဟု ရပ်ကွက်ထဲမှ လူတွေက ပြောကြ၏။ မိုးဇော်ဆုံးသည့်ညက တိုးပွားနှင့် မိနက်တို့ ရှည်ရှည်လျားလျား ဆွဲဆွဲငင်ငင် အူကြသည်။ အထည်ချုပ်စက်ရုံ အလုပ်သမ စမ်းစမ်းအေးက ကျွေ ငါးရာ ထည့်သည်။ အကြော်သည်မလေး မသန်းနုက နှစ်ရာထည့်သည်။ မိုးဇော် သောက်နေကျ အရက်ဆိုင်ပိုင်ရှင် ဒေါ်ခင်ပြုံးက အရက်ကြွေးတွေ အများကြီး ဆုံးသွားသည်ဟု ညည်းညည်းညူညူပြောရင်း ပိုက်ဆံ သုံးထောင်ထည့်ပါသည်။ ဦးသိန်းမျိုး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အသုဘချသည်။ ရက်လည် မုန့်ဟင်းခါး ကျွေးသောအခါ ဦးဘထွန်းနှင့် ဦးဖြိုးတို့ လာစားကြပါသည်။ အန်တီလူစီနှင့် ဦးဂျော်နီတို့ မောင်နှမသည် ထိုရက်လည်ပွဲတွင် ဆုံသော်လည်း တစ်ယောက်ကို တစ်ယောက် စကားမပြောကြပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ချမ်းသာပြီး တစ်ယောက်က ဆင်းရဲသောကြောင့် ဖြစ်ပေသည်ထင်သည်။ တိုးပွားနှင့် မိနက်တို့ကတော့ ချမ်းသာသူကိုကော၊ ဆင်းရဲသူကိုကော ပေါင်းကြပါသည်။

ရက်လည်ဆွမ်းကျွေးမှ ဟင်းအကျန်အသိုးများကို ခွေးကျွေးပစ်သည့်အခါ မိနက်က အားပါးတရ စားသော်လည်း တိုးပွားက သိပ်မစားပါ။ ရက်လည်မှာ ကျွေးသည့် မုန့်ဟင်းခါးကို ချက်သူမှာ ဒေါ်တင်စိန်ဖြစ်ပြီး အဆိုပါ ဒေါ်တင်စိန်ဆိုသူမှာ ဦးမျိုးသိန်း၏ ဇနီးဖြစ်ပါသည်။

တိုးပွားနှင့် မိနက်အကြောင်းကို ပြောပြနေသူမှာ ကျွန်တော်ဖြစ်ပြီး ဒီဝတ္ထုကို ဖတ်နေသူမှာ သင် ဖြစ်ပါသည်။


သင့်ဝန်းကျင်ရှိ လူတွေ အားလုံးသည် ဒီဝတ္ထုဖြစ်ပြီး၊ ဒီဝတ္ထုသည် ဘယ်တော့မှ အဆုံးသတ်မည် မဟုတ်သည့် ကမ္ဘာ့အရှည်ဆုံး ဝတ္ထု ဖြစ်၏။ လိုအပ်နေသည်မှာ သင်သိသမျှ ဖြည့်စွက်ထည့်သွင်းရေးသားရန်ပင် ဖြစ်သည်။

မင်းခိုက်စိုးစန်
၂၀၀၉၊ နိုဝင်ဘာ၊ ဖက်ရှင်မဂ္ဂဇင်း

●

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်အေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

*

မေး - မကောင်းမှုတစ်ခုခုလုပ်မိတိုင်း သူ့အလိုလိုခန္ဓာကိုယ်ပေါ်မှာ သေရာပါအမယ့် ကျပ်ခေ့ဝိုင်းလောက် မှဲ့တစ်ကွက်ပေါ်ပေါ်လာမယ်ဆိုရင် မကောင်းမှုတွေဟာ လျော့သွားနိုင်ပါသလား…။ ဒါမှမဟုတ် နေရာတိုင်းမှာ မှဲ့ကွက်ဖျက်ပေးတဲ့ဆိုင်တွေ အများကြီးဖြစ်လာနိုင်သလား…၊ ကိုကျော်စိုးမှာရော အဲလို မှဲ့ကွက်တွေပေါ်လာမယ်ဆို ဘယ်နှစ်ကွက်လောက်ရှိမလဲ…။ ကိုယ်ကိုယ်တိုင်ဆိုရင်ရော တိတ်တိတ်လေး ပြန်သွားဖျက်လိုက်မလား…။


ဖြေ - 'မကောင်းမှု'ဆိုတာ ကမ္ဘာဦးအစကတည်းက လူတွေကျင့်ကြံနေကြတဲ့ ကိစ္စပါ။ (ဒါကြောင့် လျော့သွားစရာအကြောင်းမရှိဘူး)

'အတတ်ပညာ'ဆိုတာကတော့ လူတွေဘာလုပ်လုပ် (ကောင်းတာကော၊ မကောင်းတာကော)လုပ်လို့ အဆင်ပြေချောမွေ့အောင် တီထွင်ပြီးရင်း တီထွင်ရင်းနဲ့ တိုးတက်လာတာဖြစ်တယ်။ (ဒါကြောင့် အတတ်ပညာပိုင်းသာ ထွန်းကားလာစရာရှိပါတယ်)

ဆေးတက္ကသိုလ်မှာ မှဲ့ဖျောက်အထူးကုပါရဂူသင်တန်းတွေ ဖွင့်လှစ်သင်ကြားကြမယ်။ မှဲ့ဖျောက်အထူးကုဆေးခန်းကြီးတွေပေါ်လာမယ်။ နိုင်ငံခြားက မှဲ့ဖျက်ဆေးတွေ ကြော်ငြာကြ၊ တင်သွင်းကြ၊ ရောင်းချကြမယ်။ မြန်မာမဂ္ဂဇင်းတွေမှာလည်း ဟိုအရွက်ကိုပြုတ်သောက်၊ ဒီအသီးကို ချက်စားဆိုတဲ့ ဆေးမြီးတိုတွေရေးကြမယ်။ ကျွန်တော်ကတော့ ကိုတ်ဖျက်လို့ရမယ်မထင်ဘူး။ မြွေလို အရေခွံချွတ်လဲမှပဲ ရမယ်ထင်တယ်။

●

www.burmeseclassic.com




[ ၁ ]

ငယ်ငယ်တုန်းက အကြောင်းတွေ အစ်ကို့ကို ပြန်ပြောပြချင်ပါသေးတယ်။

၁

မိုးစဲပြီးခါစ ညနေခင်း တစ်ခုမှာပေါ့။

ကျွန်တော် ရှိနေတဲ့ ကျူရှင် ကျောင်းလေးတစ်ခုဆီကို နောင်တော်ကြီး နှစ်ယောက် မပြောမဆိုနဲ့ ရောက်လာကြတယ်။ သူတို့ကို အစ်ကို သိပါတယ်။ ကိုမိုးစိုးနဲ့ ကိုထွန်းထွန်းဦးလေ။ အဲဒီကာလက ကျွန်တော်တို့လို ချာတိတ်တွေကို လမ်းပြခဲ့သူတွေပေါ့။

ကိုမိုးစိုးရဲ့ လက်ထဲမှာ စာရွက်လိပ်ကလေး တစ်ခု ပါတယ်။ သူက ကျွန်တော့် ရှေ့က ခုံမှာ ဝင်ထိုင်လိုက်ရင်း

'ဒီမှာစကားပြောလို့ ဖြစ်ရဲ့လား'

စာသင်ချိန်လည်း မရောက်သေး၊ ကျောင်းအပ်လက်ခံတဲ့ ကာလလည်း မဟုတ်လို့ စာသင်ခန်းထဲမှာကျွန်တော် တစ်ယောက်တည်းပါ။ ဒါကြောင့် ကျွန်တော်က

'ရပါတယ် အစ်ကို၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ငါတို့ ကဗျာစာအုပ် ထုတ်မလို့ကွ၊ မင်း ဖယောင်း ရေးပေးမလား'

ဖယောင်း ရေးတယ် ဆိုတာကို ဒီဘက်ခေတ် လူငယ်တွေ သိကောင်း သိကြပါတော့မလား မပြောတတ်ဘူး အစ်ကိုရေ။ ကျွန်တော်တို့တုန်းကတော့ စောင်ရေများများ ပြန့်ပွားချင်တဲ့ စာတွေ ကဗျာတွေဆိုရင် ဖယောင်း စက္ကူလို့လွယ်လွယ်ခေါ်ကြတဲ့ အမျှင် စိပ်စိပ်ကလေးတွေနဲ့ ရက်ထားတဲ့ အလွှာပါးလေးပေါ်မှာ သံချွန်ကညစ်နဲ့ ရေးခြစ်ရတယ်။

www.burmeseclassic.com


သံချွန်နဲ့ ရေးလိုက်တော့ အဲဒီ ဖယောင်းစက္ကူ ပါးပါးလေးဟာ ရေးတဲ့ အက္ခရာပုံစံအတိုင်း ပေါက်ပြီး စာလုံး အရာတွေ ထင်ကျန်ရစ်ခဲ့တာပေါ့။ အဲဒီ တော့မှ Gestener လို့ ခေါ်တဲ့ စာကူးစက်ထဲမှာ ဖြစ်ဖြစ် (စာကူးစက် မရှိရင် နှစ်ပေမီးချောင်းနဲ့ ဖြစ်ဖြစ်) အနက်ရောင် ဆေးနဲ့ လိမ့်ထုတ်လိုက်တော့မှ အပေါက်ရာ ဖြစ်နေတဲ့ စာလုံးတွေထဲ ဆေးက စိမ့်ဝင်ပြီး အောက်ကစက္ကူပေါ်မှာ သွားထင်တာ။

အဲဒီခေတ်တုန်းက ကွန်ပျူတာတွေမှ မရှိသေးဘဲကိုး။ ဒီလိုပဲ အပင်ပန်း ခံရတယ်။ စက္ကူပေါ်မှာ သံချွန်နဲ့ ရေးလိုက်ရင် မစုတ်မပြဲဘဲ စာလုံး ဝိုင်းဝိုင်း စက်စက် ပေါက်ပြီး ထင်အောင် လေ့ကျင့်ရတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက နေ့ရက်တွေဟာ လွမ်းဖို့ကောင်းတယ် နော် အစ်ကို။

ဒါနဲ့ ကျွန်တော်က ကိုမိုးစိုးကို

'ရပါတယ် ..အစ်ကို၊ ရေးပေးပါ့မယ်၊ အများကြီးလား'

သူက ဘာမှပြန်မဖြေဘဲ သူ့ လက်ထဲက စာရွက်လိပ်ကလေးကို ကျွန်တော့် စားပွဲပေါ် တင်ပေးလိုက်တယ်။ ကျွန်တော် ကောက်ယူပြီး ဖြန့်ကြည့်လိုက်တော့ ...

ကဗျာခေါင်းစဉ်က ..'ဥဒါန်း'

ကလောင် နာမည်က ... 'ရွှေဘုန်းလှ'

○

ကျွန်တော် အမှတ်မမှားခဲ့ဘူး ဆိုရင် အစ်ကို့ ကဗျာကို ကူးယူလာတဲ့ လက်ရေးက အစ်ကို့ သူငယ်ချင်း စက်မှု တက္ကသိုလ် ကျောင်းသား ကိုမျိုးသန်းရဲ့ လက်ရေးပါ။ အစ်ကို့ ကဗျာရှည်ကြီးရဲ့ နောက်ကျောမှာ ပါဘလို နီရူဒါ (Pablo Nerudar) ရဲ့ ကဗျာတစ်ပုဒ်ကိုတောင် ဘာသာပြန် ထားသေးတယ်။

ကျွန်တော်က ကိုမိုးစိုးကို

'ဘယ်တော့လောက် အပြီး လိုချင်တာလဲ အစ်ကို'

'ဖြစ်နိုင်ရင် အမြန်ဆုံးပေါ့ကွာ'

ကဗျာက လက်ရေး စိပ်စိပ်နဲ့ ရှစ်မျက်နှာလောက်ရှိတော့ ဖယောင်း လက်ရေးနဲ့ဆိုရင် ၁၀ မျက်နှာလောက် ထွက်နိုင်တယ်လို့ ကျွန်တော် တွက် လိုက်တယ်။ ဖူးစကာက်စက္ကူနဲ့ သုံးချိုးဆိုဒ် ရေးပေးမယ်လို့ ကျွန်တော် ဆုံးဖြတ် လိုက်လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com


ကဗျာစာရွက်လေးကို စားပွဲ အံဆွဲထဲ ထည့်ပြီး လုံလုံခြုံခြုံ သော့ခတ်လိုက်တယ် အစ်ကို။

စာသင်ခန်း နံရံမှာ ချိတ်ထားတဲ့ ဖယောင်းစက္ကူ အသစ်တွေက အသင့်ရှိနေပြီးသားပါ။

ကျွန်တော့် စားပွဲပေါ်က အပြာရောင် ပလတ်စတစ် ခွက်ရှည်ရှည်လေးထဲမှာလည်း ချွန်မြနေတဲ့ သံ ကညစ်ကလေးတွေ တလက်လက်နဲ့။

အဲဒီည။ မိုးရေ စိုစွတ်နေတဲ့ ညပေါ့။

ကျောင်းသားတွေ အားလုံး ပြန်သွားပြီးလို့ လူသူကင်းရှင်း တိတ်ဆိတ်နေတဲ့ စာသင်ခန်းလေးထဲမှာ ကျွန်တော် တစ်ယောက်တည်း။

မီးချောင်းတွေကို ပိတ်လိုက်တယ်။ ပြတင်းပေါက်တွေကို ပိတ်လိုက်တယ်။ ပြီးတော့မှ ဖယောင်းတိုင် နှစ်တိုင်ကို ထွန်းညှိပြီး ဝါကြန့်ကြန့် မီးရောင်မှိန်မှိန်လေးနဲ့ အစ်ကို့ ကဗျာကို ကျွန်တော် ကူးရေးခဲ့တာပေါ့။

နောင် တစ်ချိန်မှာ 'တာရာ မင်းဝေ' ဖြစ်လာမယ့် ရွှေဘုန်းလူနဲ့ တစ်ချိန်မှာ 'မင်းခိုက်စိုးစန်' ဖြစ်လာမယ့် ကျွန်တော်ဟာ

အစ်ကို့ရဲ့ 'ဥဒါန်း' ဆိုတဲ့ ကဗျာကို ကူးယူ ရေးသားရင်း စပြီး ပတ်သက်ခဲ့ကြတာပေါ့။

အဲဒီညက မိုးရိပ်မိုးငွေ့တွေက မည်းမှောင် နေတဲ့ လေထုထဲမှာ သိပ်သည်း အေးစက်လို့ · ·။

[ ၂ ]

နီညိုရင့်ရောင် အုတ်တွေနဲ့ ဆောက်ထားတဲ့ ဧည့်ခန်းဆောင်ထဲက ပြန်လာတော့ အစ်ကိုက ယိုင်လဲချည့်နဲ့ မသွားတဲ့ အပြင် ပိုလို့တောင်မှ လင်းလက် တောက်ပလာသေးတယ်။

အဲဒီအချက်နဲ့တင် 'အစ်ကိုဟာ သာမန် ချွန်မြရုံလောက် မကတဲ့ အင်အားတွေ၊ သတ္တိတွေ၊ စိတ်ဓာတ်တွေနဲ့ တည်ဆောက်ထားတဲ့ ပါရမီရှင် ဆိုတာကို ပြနေတယ်။

အစ်ကို့ကို ဘယ်လို ကံကြမ္မာကမှ တွန်းလှဲ မပစ်နိုင်ပါဘူး၊ အစ်ကို့ကို ဘယ်လို နံရံမျိုးကမှ ပိတ်ဆို့ကာဆီး မထားနိုင်ပါဘူး။ အစ်ကို့ကို ဘယ်လို မုန်တိုင်းမျိုးကမှလည်း တိုက်ခတ် ဖယ်ရှားလို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com


အာဖြစ်လို့လဲ ဆိုတော့ အစ်ကိုကိုယ်တိုင်က 'ချစ်စရာကောင်းတဲ့ မုန်တိုင်း' တစ်ခု ဖြစ်လို့ပါပဲ။

အဲဒီ မုန်တိုင်းနဲ့ အတူတကွ ခေါင်မိုးတစ်ခုတည်းရဲ့ အောက်မှာ ကျွန်တော် အရိပ် ခိုဖူးတဲ့အကြောင်း နောင်တစ်ချိန်မှာ လင်းလက်လာမယ့် ညီငယ်တွေကို အိပ်ရာဝင် ပုံပြင် တစ်ပုဒ်လို ပြောပြချင်ပါသေးတယ် အစ်ကိုရေ။

ကျွန်တော်တို့ ခိုလှုံခဲ့တဲ့ ခေါင်မိုး လေးကတော့ ကိုငြိမ်းအေးရဲ့ 'သရဖူ' ဆိုတဲ့ မဂ္ဂဇင်းတိုက်ကလေး ပါပဲ။ အဘတို့လို၊ ကိုငြိမ်းတို့လို၊ အစ်ကိုတို့လို လူတွေရဲ့ ယုံကြည်ချက်နဲ့ ထုဆစ်ခဲ့တဲ့ ကျောက်သား ခံတပ်ထဲကို ကျွန်တော်လို ကောင်က မယောင်မလည်နဲ့ ကံကောင်းထောက်မစွာ ခိုဝင်နားခွင့် ရခဲ့တယ်။

ကျွန်တော့်အတွက် သင်ယူစရာတွေ အများကြီးရခဲ့တယ်။ လမ်းပြ မှတ်တိုင် တွေ အများကြီးတွေ့ခဲ့တယ်။ လတ်ဆတ်တဲ့ လေပြည်ညင်းကိုလည်း တဝကြီး ရှူရှိုက်ခွင့် ရခဲ့ပါတယ် အစ်ကို။

ကျွန်တော် သင်ယူနေဆဲမှာကိုပဲ အစ်ကိုကတော့ အံ့မခန်းတဲ့ အနုပညာ မှော်ဝင်အတတ်နဲ့ မျက်စိတစ်ဆုံး ကြည့်လို့ မဝအောင် ဖန်ဆင်း ပြလို့နေပါပြီ။ 'အစိမ်းရောင် ကြက်ခြေခတ်‥' တွေ၊ 'ကျောက်ထွင်း ရာဇဝင်‥' တွေ၊ 'မိုးခေါင်လို့ တီးတဲ့ ဗုံသံ' တွေနဲ့ အစ်ကို့ကို ကြည့်ရတာ ကျွန်တော်ကတော့ ရင်သပ်ရှုမောဖြစ်လို့ မဆုံးခဲ့ဘူးပေါ့။

ဒီနေ့ ဒီစာကို ရေးနေချိန်အထိ မှာလည်း ကျွန်တော် အိပ်တဲ့ အိပ်ရာနဲ့ လက်တစ်ကမ်းအကွာမှာ အစ်ကို့ရဲ့ 'မိုးခေါင်လို့ တီးတဲ့ဗုံသံ' ကဗျာစာအုပ်ကို ထားပြီး အိပ်ရာ ဝင်စမြဲပါ အစ်ကို။

ကျွန်တော့် နာမည်ကို ရေးပြီး အစ်ကို့လက်မှတ် ထိုးလို့ လက်ဆောင် ပေးခဲ့တဲ့ ဝတ္ထု စာအုပ်လေးတွေကို သေသေချာချာ အဖုံးချုပ်လို့ မကြာ မကြာ ထုတ်ထုတ် ကြည့်နေမိဆဲပါပဲ အစ်ကိုရယ်။ ကျွန်တော် အသက်ကြီး အိုမင်းသွားတဲ့ အခါ အစ်ကို့နာမည်ကို ရာဇဝင်ထဲက လူသားတစ်ယောက် အဖြစ် ပြောပြရင်း ဒီလိုအမှတ်တရ လက်မှတ်နဲ့ စာအုပ်လေးတွေကို ကလေးတွေ ကြည့်ဖို့ပြချင်သေးတယ် အစ်ကို။

မမျှော်လင့်တဲ့ တစ်ညနေမှာ အစ်ကိုနဲ့ ဆုံမိကြတော့ အစ်ကိုက ၃၃ လမ်းထိပ်က ဆိုင် အပေါ်ထပ်ကို ခေါ်ပြီး အေးအေးဆေးဆေး စကား ပြောဖြစ်ကြတယ်။ အစ်ကိုနဲ့အတူ မနော်ဟရီပါလာတော့ စကားပြောလို့ ပိုကောင်းတာပေါ့။ မနော်နဲ့ ကျွန်တော်က တက္ကသိုလ်စာပေ အစု ကလေး

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်တဲ့ 'ရာစုသစ် မြစ်ကျဉ်း' မှာ ကတည်းက ရင်းနှီးခဲ့ပြီးသားဆိုတော့ သူ့ကို နောက်ပြောင်စရာတွေ ကျွန်တော့်မှာ တစ်ပုံတစ်ပင်ပါ။

အဲဒီတုန်းက အစ်ကိုက ဖြုန်းခနဲ ဘာစိတ်ကူးပေါက်သလဲ မသိဘူး။

'ကျော်စိုး၊ မင်း လုံးချင်း ရေးမလား၊ ရေးမယ်ဆိုရင် ထုတ်ဝေသူကို ငါ ပြောပေးမယ်'

ဘာစကား အဆက်အစပ်မှ မရှိဘဲ ပြောလိုက်တာပါ။

ဒါပေမဲ့ သိတယ် မဟုတ်လား။ ကျွန်တော်က အခွင့်အလမ်း မှန်သမျှ ကို ပျင်းရိခြင်းနဲ့ အမြဲတမ်း လဲစား နေတဲ့ ကောင်လေ။ ချက်ချင်းပဲ ကျွန်တော်က

'ဟာ မရေးချင်ပါဘူး အစ်ကိုရာ၊ စာမျက်နှာတွေ အများကြီး ရေးရတာ လက်ညောင်းမှာပေါ့၊ ပြီးတော့ အစ်ကို့လိုလည်း မရေးတတ်ပါဘူး၊ ကျွန်တော်က ဝတ္ထုတိုပဲ ရေးချင်တာ'

ပြောပြောဆိုဆိုနဲ့ အစ်ကို အမြည်းလုပ်တဲ့ သီဟိုဠ်စေ့ကြော်တွေကို တစ်ဆုပ် ကြီး တစ်ဆုပ်ကြီး နှိုက်နှိုက်ပြီး စားနေတဲ့ ကျွန်တော့်ကို အစ်ကိုကတော့ ကလေးတစ်ယောက်ကို ကြည့်သလို ကြည့်နေလေရဲ့။

၀

ဒါပေမဲ့ လောကကြီးမှာ ထင်မထားတာတွေ ဖြစ်တတ်စမြဲပဲ မဟုတ်လား အစ်ကို။

လုံးချင်းဝတ္ထု ရေးတဲ့ စာရေးဆရာတစ်ယောက် ဖြစ်လာဖို့ ဘယ်တုန်းကမှ စိတ်ကူးမထားတဲ့ ကျွန်တော်ဟာ ကိုယ်ရေးကိုယ်တာ ခံစားချက် တစ်ခုကို ဖြေဖျောက်ဖို့ ရေးမိရာက လုံးချင်းဝတ္ထု တစ်ပုဒ်စနှစ်ပုဒ်စ စပြီး ထုတ်ဖြစ်ခဲ့တော့ တယ်။

အစ်ကို့ကို ငြင်းပြီး နောက်ထပ် တစ်နှစ် ကျော်ကျော် အကြာမှာတင် ဖြစ်ခဲ့တာပါ။

ဒီအတွက် အစ်ကိုက ဘယ်လိုမှတောင် စိတ်ထဲ ရှိမှာ မဟုတ်ပေမယ့် အပြောနဲ့အလုပ်မညီတဲ့ ကျွန်တော့် ဘက်ကတော့ အစ်ကို့ကို ရှင်းပြစရာ အကြွေး တစ်ခု ကျန်နေသလို ခံစားရတယ်။

ဒါပေမဲ့ အကြောင်းကြောင်းကြောင့် စကားမစပ်မိလို့ နောက်ဆုံး အချိန်ထိ ရှင်းပြခွင့် မကြုံတော့ပါဘူး။

၀

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

အဲဒီ နောက်ဆုံးအချိန်ဆိုတာကလည်း အရောက် စောလွန်းလှပါတယ် အစ်ကိုရယ်။ အဲဒီ အချိန်ပိုင်းတုန်းက ကျွန်တော်က အိမ်မှာမနေဘဲ အောင်ခိုင့်အိမ်မှာ ရက်ရှည် သွားနေထိုင်နေတဲ့ အချိန်။

ကျွန်တော့် ထုံးစံအတိုင်း မနက် မိုးလင်းခါနီးမှ အိပ်၊ နေ့လယ် တစ်နာရီလောက်မှ အိပ်ရာထတာပေါ့။ အဲဒီနေ့ကလည်း တစ်နာရီခွဲမှ ထပြီး ရေချိုးဖို့ ပြင်ဆင်နေတဲ့ အချိန် ဖုန်း မြည်လာလို့ အောင်ခိုင်က ထကိုင်ပြီး စကားပြော နေတယ်။

ပြီးတော့ အောင်ခိုင်က ကျွန်တော့်ဘက် လှည့်ပြီး

‘မောင်မောင်အေး ဆက်တာ အစ်ကို၊ ကိုရွှေဘုန်း ဆုံးသွားပြီတဲ့’

‘ဘာ၊ မဖြစ်နိုင်တာ’

ကျွန်တော့် လေသံ မာသွားလို့ အောင်ခိုင်က ဘာမှ ဆက်မပြောတော့ဘူး၊ ငူငူကြီးပဲ ရပ်နေတယ်။ ကျွန်တော်က ထပ်ပြီး

‘အမိပ္ပာယ် မရှိဘူး၊ မောင်အေးက ဘယ်လိုလုပ်ပြီး သိတာတဲ့လဲ၊ အဲဒီ သတင်း မသေချာဘူး မဟုတ်လား’

မောင်မောင်အေးက Dream Boat ရဲ့ မန်းနေဂျင်းဒါရိုက်တာပဲ ဥစ္စာ၊ စာပေအသိုင်းအဝိုင်းထဲက မဟုတ်လို့ ကျွန်တော်က ဒီသတင်း မဖြစ်နိုင်ဘူး လို့ ချည်းပဲ ဇွတ် ငြင်းနေမိတယ်။

အောင်ခိုင်က လေသံတိုးတိုးနဲ့

‘သေသေချာချာ သိချင်ရင်တော့ မောင်မျိုး (ကြောင်နှစ်ကောင်) ဆီကို အစ်ကို ဖုန်းဆက်လိုက်ပါလား၊ သူ ဆိုရင်တော့ သိမှာပဲ’

‘အေး .. ဟုတ်တယ်’

ချက်ချင်းပဲ ကျွန်တော့် ဖုန်းကို ဖွင့်ပြီး ကိုမျိုးရဲ့ ဖုန်းနံပါတ်ကို ရှာ လိုက်တယ်။ ဖုန်းနံပါတ်ကို တွေ့တွေ့ချင်း မနှိပ်မိသေးခင်မှာပဲ ကျွန်တော့် ခေါင်းထဲကို အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာပြီး ထိတ်လန့်သွားတယ်။

တကယ်လို့များ မောင်မျိုး (ကြောင်နှစ်ကောင်)က ‘အဲဒီသတင်း အမှန်ပါပဲ’ လို့ အတည်ပြုလိုက်ရင် ဘယ်လို လုပ်ရမလဲ။

ကျွန်တော် စိတ်လေးလေးလံလံနဲ့ပဲ ဖုန်းကို ပြန်ချလိုက်တယ်။

‘မဟုတ်လောက်ပါဘူး’ လို့ ကိုယ့် ကိုယ် ကိုယ် ပြောသလိုလို အောင်ခိုင့် ကို ပြောသလိုလို ပြောရင်း အိမ်ရှေ့နဲ့ အိမ်နောက်ဖေးကို ယောက်ယက်ခတ် လျှောက်နေဖြစ်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှကမန်းကတန်း ရေချိုးပြီး တောင်ဥက္ကလာက ကျွန်တော့် အိမ်ဆီ ပြန်လာခဲ့တယ်။ လမ်းမှာတင် ကျွန်တော့်ဖုန်းကို တစ်စုံတစ်ယောက်က ခေါ်လာတယ်။ ကျွန်တော် မသိတဲ့ ဖုန်းနံပါတ် တစ်ခုပါ။

ဖုန်းကို ပြန်ထူးလိုက်တော့ အမျိုးသမီးတစ်ယောက် အသံက

'တာရာမင်းဝေ ဆုံးသွားပြီဆို၊ ဟုတ်လားဟင်'

'ဟာ.. မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ကျွန်တော်တော့ ဘာသတင်းမှ မကြားသေးပါဘူး'

အကျောက်အကန် ငြင်းပြီး ဖုန်း ပြန်ချလိုက်တယ်။ အိမ်ကို အရောက် မှာပဲ နောက်ထပ် ဖုန်းခေါ်သံတစ်ခု။ ဒီ ဖုန်းနံပါတ်ကိုတော့ ကျွန်တော် သိတယ်။ မန္တလေးက အစ်ကိုရဲ့ အမာခံ စာဖတ်ပရိသတ် တစ်ယောက်ပါ။ သူက

'ဆရာ တာရာမင်းဝေ ဆုံးလို့ ဆို'

'မဟုတ်ပါဘူးဗျာ၊ ကောလာဟလတွေပါ၊ သိတယ် မဟုတ်လား၊ မကြာသေးခင်ကမှ ရုပ်ရှင် မင်းသား ဒွေးကလည်း ဆုံးသွားတာ ဆိုတော့ ချဲ့ကားပြီး လျှောက်ပြောကြတာပါ'

နောက်ထပ် ဖုန်းနဲ့ သတင်းမေးတဲ့သူ လေးငါးယောက်ကို ကျွန်တော် ဒိုင်ခံပြီး ငြင်းပစ်လိုက်တယ်။ ခပ် တည်တည်ပဲ။

ကျွန်တော်ဘာဖြစ်လို့ ဒီလောက်တောင် ယောက်ယက်ခတ်သွားတာလဲ မသိဘူး အစ်ကို။ ကျွန်တော်ကိုယ်တိုင်လည်း သေခြင်းတရားကို တစ်ကြိမ် နှစ်ကြိမ် မက ရင်ဆိုင်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ တစ်ခါမှ ဒီလောက် ဣန္ဒြေ မပျက်ခဲ့ဖူး ပါဘူး။

အခုတော့

အဲဒီမှာတင် ဘယ်လိုမှ ငြင်းဆန် လို့မရတဲ့ ဖုန်းတစ်ခု ဝင်လာတယ်။ ကဗျာဆရာ စောဝေပါ။ သူက

'မင်းခိုက်၊ ငါတို့ ဒဂုံစင်တာက Cafe Aroma မှာ၊ ကိုငြိမ်းအေးလည်း ရောက်နေပြီ၊ မင်းကို စောင့်နေတယ်၊ ရွှေဘုန်း ကိစ္စ..'

သူက 'ရွှေဘုန်းကိစ္စ' လို့ပဲ အသံပြတ်နဲ့ ပြောသွားတယ်။ အဲဒီမှာ ပွဲက ပြီးသွားတော့တာပဲ။

'ဒါဆို .. အဲဒါ.. တကယ် ပေါ့နော်'

မေးလိုက်တဲ့ ကျွန်တော့် အသံမှာ အားအင် လုံးဝ မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ဆိုင်လေးကို ကျွန်တော်ရောက် သွားတော့ တကယ်ပဲ လူတွေ စုံနေကြ ပါပြီ။ ကိုကြွက်နီက ကျွန်တော့်ကို မြင်တော့ ကြေကွဲဆို့နင့်တဲ့ အသံနဲ့

'အင်း.. ရှစ်မိုင်က အဘိုးကြီးတော့ ရင်ကျိုးမှာပဲ (ရှစ်မိုင်က အဘိုးကြီး ဆိုတာ ဆရာ ဇော်ဇော်အောင်ကို ရည်ညွှန်းပြီး ပြောလေ့ရှိတဲ့ သူ့စကားပါ) အဘိုးကြီးရဲ့ သားအကြီး ကောင်တော့ သေပြီ၊ သားအငယ် ကောင်ကလည်း ဘာတွေ လျှောက်လုပ်နေမှန်း မသိဘူး'

အဘိုးကြီးရဲ့ သား အကြီးကောင် ဆိုတာကတော့ အစ်ကို (တာရာ မင်းဝေ) ပါ။ သားအငယ်ကောင် ဆိုတာကတော့ ကျွန်တော့်ကို ပြောတာပါ။

သူ့ စကားကြောင့် ကျွန်တော် ဝမ်းနည်း နေရာက သိမ်ငယ်သလို ခံစားမိ သွားတယ်။ ဟုတ်တယ် အစ်ကို။ အစ်ကို့လောက်မှ တာဝန် မကျေဘဲကိုး။

အဲဒီနောက်တော့ကျွန်တော်တို့ရဲ့ အစ်ကို အကြီးဆုံးဖြစ်တဲ့ ကိုငြိမ်းအေး အိမ်ကပဲ တာဝန်ခွဲပေးပြီး ဈာပနမှာ လက်ကမ်းစာစောင်ရိုက်ဖို့ စီစဉ်ကြတယ်။ ပုံနှိပ်ဖို့ကိုတော့ M.S.O ကပဲ တာဝန်ယူတယ်။ ကိုကြွက်နီက ကွန်ပျူတာ ရိုက်မယ်၊ ပန်းချီအပ်မယ်ပေါ့။ ဒီဇိုင်းကတော့ SWN ။

အဲဒီ စာစောင် ရေးဖို့ကိုတော့ ကျွန်တော့်ကိုပဲ တာဝန် ပေးလိုက်ကြ တယ်။ အစ်ကို့ရဲ့ ဘဝအတ္ထုပ္ပတ္တိ အကျဉ်းရယ်၊ စာစု စာရင်းရယ်၊ ကောက်နုတ် စာ ရယ်၊ နောက်ပြီး ဖြစ်နိုင်ရင် အစ်ကို့ရဲ့ လက်ရေးစာမူ ရယ်ပေါ့။

အစ်ကို့ အတ္ထုပ္ပတ္တိကို ရေးဖို့ကျတော့ ကျွန်တော်တစ်ယောက်တည်း သဘောနဲ့ လုပ်ချင်ဘူး၊ ဒါနဲ့ ကိုကိုမြင့်နဲ့ မျိုးကိုမျိုးကို ချိန်းပြီး အကူအညီ တောင်းရတယ်။ အစ်ကို့ရဲ့ နောက်ဆုံး လက်ရေး စာမူကတော့ 'ငါတို့' စာပေက ဟန်နီလေးက သူ့ဆီမှာ ရှိတယ် ဆိုလို့ အဆင်ပြေသွားတယ်။

ည ခုနစ်နာရီခွဲလောက်ကျတော့

ကျွန်တော်ရယ်၊ ကိုကိုမြင့်ရယ်၊ မျိုးကိုမျိုးရယ်၊ အောင်ခိုင်ရယ် လေး ယောက် စုပြီး ကျောက်ရေတွင်းမှာ နေတဲ့ မနော်ဟာရီရဲ့ အိမ်ကို ထွက်ခဲ့ ကြတယ်။

ကျွန်တော်တို့ ရောက်သွားတော့ မနော်က သားလေး 'ခေတ်နေ' ကို အိပ်ပေါ်ထပ်ဆီပို့လိုက်ပြီး တည်တည် ငြိမ်ငြိမ်ပဲ ဧည့်ခံပါတယ်။ အစ်ကို့ ဓာတ်ပုံကို ရှာတော့ ဓာတ်ပုံက သေးသေးလေး နှစ်ပုံပဲ ရတယ်။

မျိုးကိုမျိုးကတော့ အစ်ကို့ အတ္ထုပ္ပတ္တိထဲမှာ ပါသင့်ပါထိုက်တဲ့ အချက် အလက်တွေ မကျန်အောင်၊ ခုနှစ် သက္ကရာဇ်မလွဲအောင် ဖုန်းဆက်ပြီး မေးတယ်။ ကျွန်တော်က စာကြမ်း စီတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမြင့်က

'ကျောင်းဖွင့်ချိန် ကဗျာကိုတော့ ထည့်မှ ဖြစ်မယ်၊ မနော် အဲဒါလေး ပေးပါဦး'

သူ့ကိုပြောထားပြီးသား ဖြစ်မယ် ထင်တယ်။ မနော်က အသင့်ထုတ်ထားတဲ့ စာရွက်တစ်ရွက်ကို လှမ်းပေးတယ်။ ကိုကိုမြင့်က 'ကျောင်းဖွင့်ချိန်' ကို ဖတ်ရင်း ကောက်နုတ်စာ ထုတ်ဖို့ စာပိုဒ် ရွေးနေတယ်။

အတော်ကြာတဲ့အထိ သူ ရွေးလို့ မပြီးသေးဘူး။ ရွေးရခက်နေပုံရတယ်။ ဒါနဲ့ ကျွန်တော်က လွတ်ခနဲ ဝင်ပြောလိုက်မိတယ်။

'ဥဒါန်း ကဗျာထဲက ကောက်စာ ထုတ်ရင် မကောင်းဘူးလား'

'ကောင်းသားပဲ'

ကိုကိုမြင့်ကလည်း သဘောတူတော့ မနော်က

'ဥဒါန်းလည်း ရှိတယ်၊ နေဦး၊ သွားရှာပေးမယ်'

ပြောပြောဆိုဆို အခန်းထဲ ဝင်ရှာပြီး ပြန်ထွက်လာတော့ လက်ထဲမှာ စာရွက်တချို့ ပါလာတယ်။ မနော်က

'ဒီကဗျာကတော့ မိတ္တူမရှိဘူးနော်၊ ဒီမှာပဲ ကူးသွားပါလား'

ကျွန်တော်က မနော်ဆီက ဗလာ စာရွက်အလွတ်တွေ လှမ်းတောင်းရင်း ပြောလိုက်တယ်။

'အင်း‥ ကူးသွားမှာပါ၊ ကျွန်တော်ပဲ ကူးလိုက်ပါ့မယ်'

[ ၄ ]

အစ်ကိုရေ ‥

အစ်ကို့ရဲ့ 'ဥဒါန်း' ကဗျာကို ကျွန်တော့်လက်ရေးနဲ့ ဒုတိယအကြိမ် ကူးရေးနေရပြန်ပြီလေ‥။

ဒီ ကဗျာကို ပထမ တစ်ကြိမ် ကူးရေးတုန်းကတော့ အစ်ကို့နဲ့ ကျွန်တော့်ရဲ့ စတင် ဆုံစည်းခြင်းပါ အစ်ကို။ အခု ဒုတိယအကြိမ် ကူးရေး နေတာကတော့ အစ်ကို နောက်ဆုံး နှုတ်ဆက် ခွဲခွာဖို့ပါလားဗျာ။

အခု တစ်ခေါက်မှာလည်း ‥ မိုးရေ စိုစွတ်တဲ့ ညတစ်ညမှာပါပဲ အစ်ကိုရေ။ ကျွန်တော့် ရင်ထဲမှာတော့‥

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင်လေ အစ်ကို့အတွက် အမှတ်တရ ကျောက်တုံးတစ်တုံးကို ကြေးပြားထွင်းပြီး တောင်သမန်မှာ ဖြစ်ဖြစ် ထားချင်တယ်။

ပြီးတော့ အစ်ကိုရဲ့ 'ဥဒါန်း' ကဗျာကို နောင်တစ်ခေတ်ရဲ့ လူငယ် အဆက်ဆက် ဖတ်ရအောင် ကျွန်တော် ထိုင်ပြီး ကူးပေးနေချင်တယ်။

မိုးသည်းတဲ့ ညတွေ မဆုံးမချင်းပေါ့ အစ်ကိုရယ်။

**သရဖူမဂ္ဂဇင်း**

**တာရာမင်းဝေ ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရ။**

●

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျော်ကျော်က
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး** - ခင်ဗျားကို တန်ခိုးရှင်ရဲ့ ပါးစပ် (ပြောရေးဆိုခွင့်) သုံးမိနေပြီးမယ်….။ ဘာကို ဖန်ဆင်းခဲ့တာ (မှားတယ်)လို့ ဝန်ခံချင်သလဲ။ ဘယ်လို ပြန်လည်ပြင်ဆင်ချင်သလဲ၊ လူပေါ၊ လူညံ့၊ လူယုတ်မာတွေကို ဖန်ဆင်းခဲ့မိတဲ့ အတွက် ဘယ်လို ထုချေမလဲ…။

**ဖြေ** - လူတွေရဲ့မျက်လုံးကို သူတစ်ပါးကို ကြည့်ဖို့ချည်းပဲ အပြင်ဘက် လှည့်ပြီး ဖန်ဆင်းခဲ့တာ မှားသွားပါတယ်။ တကယ်ဆို… ကိုယ့်ကိုယ်ကိုယ် ပြန် ကြည့်ဖို့ မျက်လုံးအပို တစ်စုံလောက်ထည့်ပေးလိုက်ရမှာ။ ဒါမှ သူ့အပြစ်၊ ကိုယ့်အပြစ် မျှမျှတတ မြင်နိုင်မယ်။

ခုမှတော့ ပြန်လည်ပြင်ဆင်ဖို့ နောက်ကျသွားပါပြီ။ သူ့အပြစ်ကိုယ်ပြော ကိုယ့်အပြစ်သူပြောနဲ့ အတင်းပြော အကျင့်တွေ၊ အပြစ်ပြောအကျင့်တွေ အသားကျနေပြီကိုး။ ယဉ်ကျေးမှုနိမ့်တဲ့ လူ့အဖွဲ့အစည်းမှာဆို ပိုတောင်မှ အတင်းပြောကြ အပြစ်ပြောကြသေးတယ်။

လူပေါ၊ လူညံ့၊ လူယုတ်မာတွေအတွက် ဘာမှထုချေလျှောက်လဲချက်ပေးစရာ မလိုပါ။ ဘုရားသခင်က 'လူ'ကိုသာ ဖန်ဆင်းပါတယ်။ ကိုယ်ချင်းစာတတ်ဖို့ နှလုံးသားနဲ့ စဉ်းစားဆင်ခြင်တတ်ဖို့ ဦးနှောက်ကိုလည်း တစ်ပါတည်းထည့်ပေး လိုက်ပြီးသားပါ။

အဲဒီနှစ်ခုစလုံးကို ချောင်ထိုးပြီး လူပေါ၊ လူညံ့၊ လူယုတ်မာဘဝရောက်အောင် သူတို့ဘာသာသူတို့ ရွေးချယ်ခုန်ဆင်းသွားကြတာဖြစ်ပါတယ်။

**မေး** - 'သေခြင်းတရား'နဲ့ 'သေးခြင်းတရား'တို့နှစ်ခုရှိတဲ့အနက် လူတွေ က ဘယ်ဟာကို ပိုကြောက်ကြတယ် ထင်ပါသလဲ။ ခင်ဗျားဆိုရင်ကော….

**ဖြေ** - လူတွေက ဘဝရဲ့နောက်ဆုံးအချိန်ကျမှ 'သေခြင်းတရား'ကို ကြောက် ကြတာပါ။ ချမ်းသာကြွယ်ဝမှုသေးကွေးမှာ…၊ နာမည်ကျော်ကြားမှု သေးကွေး မှာ..၊ ဩဇာအာဏာသေးကွေးမှာတွေကိုတော့ နာရီမိနစ်တိုင်း ကြောက်လန့် နေကြပါတယ်။

ကျွန်တော်ကတော့ နှလုံးသားသေးကွေးမှာ၊ ဦးနှောက်သေးကွေးမှာနဲ့ လိုယ် ကျင့်တရား သေးကွေးမှာကို ကြောက်ပါတယ်။ တစ်ချိန်တည်းမှာပဲ 'ငွေတိလပ် ခွင့်' သေဆုံးသွားမှာကို ကျွန်တော် ကြောက်ပါတယ်။

www.burmeseclassic.com



နွေရာသီက ငုအဝါရောင်တို့ဖြင့် ချွဲပျစ်ပျစ် ဖြစ်နေခဲ့သည်။ မေ့လျော့ပစ် ရလောက်အောင် မဝေးကွာလွန်းလှသေးသော မေလ၏ ညနေခင်းတစ်ခုတွင် တစ်စုံတစ်ယောက်က ကျွန်တော့်ကို မေးခဲ့ဖူးပါသည်။

'အမေနေ့မှာ ကိုယ့် မိခင်ကို ဘာလက်ဆောင် ပေးမယ်လို့ ရည်ရွယ်ထားပါသလဲ'

ကျွန်တော်က သူမကို ရိုးရိုးစင်းစင်းပင် ပြန်မေးဖြစ်ခဲ့သည်။

'အမေနေ့က ဘယ်နေ့လဲဟင်'

အဲသည် နေ့ကို ကျွန်တော် တကယ်ပင် သွေးရိုးသားရိုး စိတ်မဝင်စားခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်အနာဂတ်တွင် ကျွန်တော်သည် (ဖြစ်ချင်း ဖြစ်လျှင်) 'အဖေ' တစ်ယောက်သာ ဖြစ်လာစရာရှိသည် မဟုတ်လား။ ဒီဘဝတွင်တော့ မင်းခိုက်စိုးစန်တစ်ယောက် 'အမေ'ဖြစ်စရာအကြောင်း လုံးဝ မရှိတော့သည်မှာ သေချာပါသည်။

ဒီတော့ ကျွန်တော်က (ကျွန်တော်နှင့် လုံးဝ မသက်ဆိုင်သော) အမေနေ့ကို ဘာကြောင့်များ စပ်စပ်စုစု စိတ်ဝင်စားရ ဦးမည်နည်း။

'အမေနေ့'ဟာ မင်းအမေနဲ့ကော သက်ဆိုင်တာပဲ မဟုတ်ဘူးလား ဟု မေးချင်စိတ် ပေါ်ကောင်းပေါ်ကြမည် ဖြစ်သော်လည်း ကျွန်တော်ကတော့ ပခုံးကိုသာ တွန့်ပြလိုက်ပါသည်။

အဲသည် နေ့သည် ကျွန်တော့်အမေကို အစွဲပြု၍ သတ်မှတ်ခဲ့သော နေ့ရက်တစ်ရက်လည်း မဟုတ်ခဲ့။ ကျွန်တော့် အမေကြောင့် ပြက္ခဒိန်တွင် တစ်ရက်

www.burmeseclassic.com



တိုးခဲ့ရသော နေ့တစ်နေ့လည်း မဟုတ်ခဲ့။ ကျွန်တော့်အမေက ကမကထ ပြုကာ လှုံ့ဆော်ဦးဆောင်ခဲ့သော ကိစ္စတစ်ခုလည်း မဟုတ်ခဲ့ပါ။

ကျွန်တော့် အမေသည် သူ့ဘာသာ သူပင် အေးအေးဆေးဆေး အိမ်မှာ နေပါသည်။

ဒီ့အတွက် ကျွန်တော့်အနေဖြင့် 'အမေနေ့'ကို ကြိုဆိုရန် လက်သီးလက် မောင်း တန်းပြီး ယောက်ယက်ခတ်နေစရာ ဘာအကြောင်းမျှ မရှိသလို 'အမေ နေ့'ကို ဆန့်ကျင်စရာလည်း ဘာအကြောင်းမျှ မရှိသည့်အကြောင်း (မိုးအုံ့ပြီး မှုအိုက်သည့် နေ့တစ်နေ့တွင်) ပျင်းပျင်းရှိလျှင် ပြောပြချင်ပါသေးသည်။

'အမေနေ့'ဆိုသည့် ကိစ္စကြီးကို ကျင်းပဖို့လိုအပ်သည်ဟု 'ခံယူသူတွေ' က ကျင်းပကြပါလိမ့်မည်။ ဒါ...ကန့်ကွက်စရာ၊ မနာလိုစရာ၊ ရှုတ်ချစရာ ကိစ္စတစ်ခု မဟုတ်ခဲ့ပါ။ ခံယူသူတွေက ခံယူချက်အတိုင်း ဖူးပွင့်ကြပါလိမ့်မည်။

ကျွန်တော်တို့လို 'မခံယူသူတွေ'အဖို့ အဲသည် ဘာမှန်းမသိသည့် နေ့ ရက် တစ်ရက်မှာ မြက်ခင်းစိမ်းစိမ်းပေါ် ပျင်းပျင်းရိရိ လဲလျောင်း၍ ဖြစ်စေ၊ မေလ၏ ညနေခင်း တိမ်တွေကို ငေးကြည့်လျက် ဖြစ်စေ၊ ပါဘလိုနီရူဒါ၏ ကဗျာတစ်ပုဒ်ကို စိတ်မပါစွာ ဖတ်ရှုလျက် ဖြစ်စေ၊ အတန်ငယ် ညစ်ညမ်းသော စိတ်ကူးတစ်စုံတစ်ရာကို တွေးတောလွင့်မျောလျက် ဖြစ်စေ နေမည်ဆိုလျှင် နေခွင့်ရှိသည် မဟုတ်ပါလား။

သားပေါက်ရာ အရပ်ဆီသို့ ဆယ်လမွန်ငါးတွေ အိမ်ပြန်ကြသည့် အကြောင်း တစ်စုံတစ်ယောက်က ကျွန်တော့်ကို ပြောခဲ့ဖူးသည်။ အပြာရင့်ရောင် နံနက်ခင်းတွေကို ဘယ်သူခေါ်ဆောင်လာခဲ့သလဲ။ အမှန်းစကားပွင့်တို့ မပွင့် မည့် ကမ္ဘာမြေကို ငါဖန်ဆင်းချင်ပါသည်။ ရိုးသားသော နားရွက်တို့ အသင့် ဖြစ်ပြီ ဆိုပါလျှင် ငါ့ရင်ထဲက သီချင်းကို သီဆိုဖို့ရန် စောင်းကြိုးတို့ကို ညှိပါ မည်။

**ငါသည် လူရိုင်းကလေး တစ်ယောက်တော့ မဟုတ်ခဲ့ပါ။ ငါ တွေးမိ တတ်သလို နေထိုင်ချင်တာလေးတစ်ခုသာ အပြစ် ရှိပါသည်။**

သူမက ကျွန်တော့်ကို နောက်ထပ် မေးခွန်းတစ်ခုမေးသည်။

'ဒါဆို ကိုယ့်အမေရဲ့ မွေးနေ့မှာကော ဘာလက်ဆောင်တွေ ပေးခဲ့ သလဲ'

ကျွန်တော့် နှုတ်ခမ်းထောင့်တွေကို တွန့်ရုံသာ တွန့်ပြလိုက်ပြီး

'ဘာ လက်ဆောင်မှ မပေးဖူးဘူး၊ ကျွန်တော့်အမေရဲ့ မွေးနေ့ကိုလည်း ကျွန်တော် မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြေစကားအတွက် (ဘာကြောင့်မှန်း မသိ) သူမ အနည်းငယ် တုန်လှုပ်သွားပုံ ပေါ်၏။ သူမက ကျွန်တော့်မျက်လုံးများ၏ ဟိုးအတွင်းပိုင်း နက်နက်ထဲသို့ တွေဝေ စူးစမ်းစွာ ငေးစိုက်ကြည့်နေရာမှ

'ဖုန်း ရှိသားပဲ၊ အခုနေ အမေ့ကို လှမ်းပြီး မွေးနေ့ ဘယ်နေ့လဲဆိုတာ မေးလိုက်ပါလား'

အသံက ခပ်တိုးတိုးသာ။

သို့သော် စကားသံ ခပ်တိုးတိုး တိုက်ခတ်ရာ လေပြည်ထဲတွင် စောစော က ကျွန်တော်ပြောထားသည့် အဖြေကို တစ်မျိုးတစ်မည် ပြောင်းလဲ ပြင်ဆင် ပေးစေလိုသည့် မိုးရိပ်မိုးငွေ့တွေ အုံ့ဆိုင်းနေ၏။

ကျွန်တော် ခေါင်းခါ လိုက်သည်။

ကျွန်တော့်အမေရဲ့ မွေးနေ့ကို ကျွန်တော် မသိတာဟာ ဘာများ ဖြစ်သွား ခဲ့ပါသလဲ။

ဘာကြောင့်များကော ကျွန်တော်က သိသလိုလို လိမ်လည် ဟန်ဆောင် ရဦးမှာလဲ။ တကယ်ဆိုလျှင် အဲသည်ကတည်းက ကျွန်တော့်နှုတ်မှ ထွက်သည့် အဖြေ စကားလုံးတိုင်း၊ ဝါကျတိုင်းသည် ဂျာနယ်စာမျက်နှာ တစ်ခုခု (သို့တည်း မဟုတ်) မဂ္ဂဇင်းစာမျက်နှာ တစ်နေရာရာတွင် မလွဲမသွေ ပုံနှိပ်ဖော်ပြခံရ လိမ့်မည်ကို ကျွန်တော် ကြိုတင် သိနှင့်နေပြီးသား ဖြစ်၏။ သို့တိုင်အောင် ကျွန်တော့်နှုတ်မှ အရိုင်းထည်အတိုင်း ထွက်လာသည့် စကားလုံးများကို လှပ အောင်တန်ဆာဆင်ယင် ဖုံးကွယ်လှည့်ဖြား ပြင်ဆင်ဖို့ လုံးဝဆန္ဒမရှိပါ။

ကျွန်တော်သည် သိပ်ပြီး ရိုးဖြောင့်လွန်းသူတစ်ယောက် မဟုတ်ပါ။ သို့သော် 'ကျွန်တော့် အမေ၏မွေးနေ့ကို ကျွန်တော် လုံးဝမသိ' ဆိုသည့် အချက် အလက်လောက်ကိုဖြင့် ဖုံးကွယ် လှည့်ဖြားရလောက်အောင် အရေးမကြီးဟု ကျွန်တော် ထင်ပါသည်။

ထင်မြင်ချက်ဆိုသည်မှာ ပန်းသီးလို ချိုမြစရာ မလိုပါ။ စကားဝါပန်းပွင့် တွေလိုလည်း ဖြူစင်စရာ မလိုပါ။ တစ်စုံတစ်ယောက်က ကိုးကားရလောက် အောင်လည်း ကြီးကျယ်ခမ်းနားစရာ မလိုပါ။

*အရေးတကြီး နှီးထစရာမရှိဘူးဆိုရင်*
*ငါ ဆက်ပြီး အိပ်နေချင်လို့ပါ*

*'ဘဝ'ဆိုတာနဲ့*
*ဘာလို့ 'ရှင်သန်ခြင်း'လို့*
*အဓိပ္ပာယ်ဖွင့်ဆိုရတာလဲ...။*

www.burmeseclassic.com

www.burmeseclassic.com



*ငါကတော့*
*အိပ်နေရတာကိုပဲ ကြိုက်တယ်*
*ရုပ်ရှင်ထဲက ဇာတ်လိုက်လောက်တော့*
*ငါလည်း တောက်လျှောက်ကြီး*
*မကောင်းနိုင်ဘူးပေါ့။*

*သံပတ် ခပ်လျော့လျော့နဲ့ပဲ နေတတ်တယ်*

ကျွန်တော် ရေးခဲ့ဖူးသော 'ကာလနဂါး'ကဗျာသည် ကျွန်တော့် ခံယူချက်အတိုင်း ဖြောင့်ဖြောင့်စင်းစင်းပင် ဖြစ်သည်။ ကျွန်တော်က သံပတ်ခပ်လျော့လျော့နှင့်ကောင်းသာဖြစ်၏။ ကျွန်တော် ကိုယ်တိုင်က အရေးပါအရာရောက်လှသော လူတစ်ယောက်မဟုတ်သလို လောကကြီးမှာလည်း ဘာတစ်ခုမှ သိပ်အရေးကြီးလှတာ မရှိဘူးဟု ကျွန်တော်ဆိုသည့် ငပျင်းက မြင်ပါသည်။

ကျွန်တော့် မွေးနေ့ပဲ ဖြစ်ဖြစ်၊ ကျွန်တော့် အမေ၏ မွေးနေ့ပဲ ဖြစ်ဖြစ် အဲသည်နေ့သည် ၃၆၅ ရက်ထဲက တစ်ရက်ရက်သာ ဖြစ်၏။ အဲသည်နေ့သည် ကျွန်တော့်အမေကို မွေးရုံတင် မကဘဲ တခြား ဖြစ်စရာ ပျက်စရာတွေလည်း အများကြီးရှိလိမ့်ဦးမည် ဖြစ်၏။ ထိုနေ့သည် ဟိန္ဒူကုလားလေးများကို သော်လည်းကောင်း၊ တရုတ် ပေါက်ဖော်ကလေးများကိုသော် လည်းကောင်း အများအပြား မွေးဖွားပေးခဲ့မည်မှာ သေချာသည်။ ဈေးထဲမှ အဒေါ်ကြီးတစ်ယောက် ချော်လဲပြီး ထဘီကွဲသွားသော နေ့လည်း ဖြစ်နိုင်စရာ ရှိသည်။ မြို့ကြီး တစ်မြို့ မီးလောင်သည့် နေ့လည်း ဖြစ်နိုင်စရာ ရှိပါသည်။

မည်သို့ပင် ဆိုစေကာမူ နေ့ရက် တစ်ရက်သည် နေ့ရက် တစ်ရက်သာ လျှင်ဖြစ်ပြီး (ဇာတာဖွဲ့သူများနှင့် တစ်နေ့တာ သတင်းအစီအစဉ် ကြေညာသူများက လွဲလျှင်) အခြားသူများ အားလုံးအဖို့ မေ့လျော့နေကျ နေ့စွဲတစ်ခုပင် ဖြစ်ပေလိမ့်မည်။

***'ကျွန်တော်တို့ဟာ နေ့စွဲတွေကို ထမ်းပိုးနေကြတာ မဟုတ်ဘူး၊***
***ကျွန်တော်တို့ဟာ နေ့ရက်တွေကို ဖြတ်သန်းနေကြတာ ဖြစ်တယ်'***

အဲသည်လို ပြောလိုက်သည့် ကျွန်တော့်စကားကို ကျွန်တော့်အား မေးခွန်းထုတ်သူက နားလည်ပုံ မရပါ။

သူမ၏ မျက်ဝန်းညိုညိုတွေက ဟိုးအဝေးကြီးကို လှမ်းကြည့်နေသည်။ ဒီအင်တာဗျူးကြောင့် ဂယက်ရိုက်ခတ်လာနိုင်စရာ အကျိုးဆက်ကို လည်းပြီး တစ်မျှော်တစ်ခေါ် မြင်ကြည့်နေပုံရ၏။ သူမ၏ စိုးရိမ်မှုက (လုံးဝအစေးအယွင်းကင်းစင်သည်အထိ) အသေအချာ ဖြစ်ပျက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လ နှစ်လခန့်အကြာမှာပင် မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ကျွန်တော့် 'အဖြေစကား'ကို ဖတ်ရှုရသူတို့က ဒေါသတကြီးဖြင့် 'ဆဲစာ'များရေးကာ ကျွန်တော့်ထံသို့ ပို့ကြသည်။

ကျွန်တော် အလုပ်လုပ်သော ရုံးခန်းလေးထဲတွင် ကျွန်တော်နှင့် ကျွန်တော့်တပည့်များက အဲသည် 'ဆဲစာ'တွေကို ဖတ်ပြီး ဟားကြလေသည်။

'အမေကို ဂရုစိုက်ရကောင်းမှန်း မသိတဲ့ကောင်'တို့…

'အမေ့ကျေးဇူးကို မသိတတ်တဲ့ သူဟာ ဘယ်တော့မှ မကြီးပွားဘူး'တို့၊ နောက်ပြီး

'မိဘ မျက်ရည်တစ်စက်၊ သားသမီး ဆင်းရဲ တစ်သက်'

ဟူသော တောမရောက် တောင်မရောက် ဆုံးမစာလိုလို၊ ခြိမ်းခြောက်စာလိုလို မဖြစ်ညစ်ကျယ် သြဝါဒတွေက ပါသေးသည်။ ဒီကြားထဲ စာတစ်စောင်က…

'မင်း အမေ မွေးခဲ့လို့သာ မင်းလည်း ဒီလောကထဲ ရောက်ခွင့်ရတာပေါ့ကွ၊ ဒါတောင်မှ မင်းအမေရဲ့ မွေးနေ့ကို မသိဘူးဆိုတော့ မင်းလောက် ရိုင်းစိုင်းတဲ့ အကောင် ရှိပါဦးတော့မလား'

ဟု ရေးထား၏။ သူ့စိတ်ထင်အရ ကျွန်တော်နှင့် ကျွန်တော့်အမေသည် (ရုံးစကား၊ ဂတ်စကားနှင့် ပြောရလျှင်) သံသရာမှာ 'အမှုတွဲ တစ်ခုတည်း'ဟု အောက်မေ့နေပုံရပါသည်။

သူ့အဆိုအရဆိုလျှင် အမေ့ကို လောကထဲရောက်လာစေသူ အဘွား၏ မွေးနေ့ကော၊ အဘွားကို လောကထဲ ရောက်လာစေသူ အဘွားအမေ၏ မွေးနေ့ကော နောက်…နောက်… အစဉ်အဆက် အားလုံး၏ မွေးနေ့များသည် ကျွန်တော့်အတွက် ကျက်မှတ်ထားရမည့် အမှုတွဲများပင် ဖြစ်နေ၏။

'သံသရာသည် ရှည်လျားလွန်းစွ' ဆိုသည်မှာ ဒါမျိုးပဲလား မသိ။

ကျွန်တော်ကတော့ နှုတ်ခမ်းကို တင်းတင်း ပိတ်ပြီး ပြုံးရုံသာ ပြုံးနေလိုက်မိသည်။

မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ပါသော 'ကျွန်တော့်စကားလုံးများ'ကြောင့် လူမုန်းခံရသော အကြိမ်မှာ ဒါ ပထမဦးဆုံး မဟုတ်တော့ပါ။

တစ်ခါကလည်း အိမ်ထောင်ပြုဖို့အရေး ဗျာများနေသူ တပည့်တစ်ယောက် (ယခု စာရေးဆရာ D မင်းဆက်)ကို ရည်ရွယ်ပြီး မိန်းမ မယူဖို့ နောက်ပြောင်ကျီစယ် ခဲ့သော **'နွားနို့ အလကား သောက်နေရရင် နွားမဝယ်မမွေးနဲ့'** ဟူသည့် စကားကို မဂ္ဂဇင်း စာမျက်နှာပေါ်တွင် ဖတ်လိုက်ရသော မိန်းကလေးပရိသတ်က ကျွန်တော့်ကို အော့နှလုံး နာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မဂ္ဂဇင်းအယ်ဒီတာဖြစ်သူ လူပန်းငယ်က 'အဲဒီစကားကို ပြင်ထိုက်ရင် ကောင်းမယ်ထင်တယ်နော်' ဟု မဂ္ဂဇင်းပုံနှိပ်စက် မတင်ခင် အကြိမ်ကြိမ် တိုက်တွန်း အကြံပေးခဲ့သေး၏။

ကျွန်တော်ကလည်း ကိုယ့်မှတ်ခမ်းဖျားက ထွက်ကျသော စကားအစစ်ကို ပြင်ဆင်ဖို့ ပျင်းရိတတ်သူ။

အဲသည်တုန်းကလည်း ကျွန်တော်သည် ဂျင်းနံဘောင်းဘီအပြာရောင်ကို ဝတ်ကာ မြက်ခင်းစိမ်းစိမ်းပေါ် လှဲလျောင်း၍ စီးကရက်ကို ဖွာရင်း လောကကြီးကို ပြုံး၍ ကြည့်နေခဲ့ဖူးသည်။

တပည့် တစ်ယောက်ကတော့

**'နေ့စွဲတွေကို ထမ်းပိုးနေကြတာ မဟုတ်ဘူး၊ နေ့ရက်တွေကို ဖြတ်သန်းနေကြတာ ဖြစ်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ ဆရာ'**

ကျွန်တော်က

'ဘာ အထိမ်းအမှတ်နေ့မို့လို့ ဘယ်သူ့မွေးနေ့မို့လို့ အဲဒီနေ့နဲ့ လိုက်ဖက်တဲ့ အလုပ်ကို လုပ်ချင်ချင် မလုပ်ချင်ချင် ထပြီး လုပ်ရတာဟာ နေ့စွဲတွေကို ထမ်းပိုးရတာပေါ့၊ ဘာနေ့ပဲဖြစ်ဖြစ် ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကို တစိုက်မတ်မတ် လုပ်နေတာက နေ့ရက်တွေကို ဖြတ်သန်းတာပေါ့ကွာ'

သူ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ကျွန်တော် ပြောသည်ကို သက်ခံလား၊ မခံလားတော့ မသိ။ ကျွန်တော်လည်း မေးမကြည့်တော့ပါ။

စကားစပ်မိသဖြင့် ပြောရလျှင် ကျွန်တော့်အမေသည်လည်း ကျွန်တော့်ကို တစ်ခါမှ မွေးနေ့လက်ဆောင် မပေးဖူးပါ။ သို့သော် ဒီအတွက်ကြောင့်တော့ ကျွန်တော့်အမေသည် ကျွန်တော့်ကို ချစ်ပါရဲ့လားဟု သံသယ ဖြစ်စရာအကြောင်းမရှိ။ ကျွန်တော်ကလည်း အမေ့ကို ဘာမှလက်ဆောင် မပေးဖူးပါ။ သို့သော် ကျွန်တော် သူ့ကို ချစ်မှန်း အမေသိသည်ပင်။

**ကျွန်တော်နှင့်အမေသည် 'ချစ်ခြင်း' ကို ထမ်းပိုးနေကြသူများ မဟုတ်ကြပါ။ ကိုယ့်ဘဝကိုယ် ရှင်သန်ရင်း 'ချစ်ခြင်း' ကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းနေကြခြင်းသာ ဖြစ်၏။**

ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာလို 'ချစ်ခြင်း' သည် မျက်ရည်ပေါက်ကြီးငယ် ကျစရာ မလိုအပ်၊ အော်ကြီးဟစ်ကျယ် သရုပ်ဆောင်စရာ မလိုအပ်၊ နှုတ်သံပါပါဖြင့်

'အမေ'

ဟု ခွေးလည်ပင်း လှည်းနင်းခံသည့် ဝမ်းခေါင်းသံကြီးဖြင့် တမ်းတစရာ မလိုအပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက်တော့ အဲဒါတွေသည် 'အလုပ်ကြီးအကိုင်ကြီး' မဟုတ်။ ဝက်ခြံကို အနှာလုပ်နေသည်ဟု ခံစားရသည်။

လင်သေ မုဆိုးမ ဖြစ်သော အမေနှင့် တစ်ဦးတည်းသော သားဖြစ်သူ ကျွန်တော့် ကြားတွင် ရုပ်ရှင်ဆန်ဆန် 'ဇာတ်နာ' ချင်လျှင် နာစရာတွေ အများကြီး ရှိ၏။

ကျွန်တော် ဆယ်တန်းစာမေးပွဲ ဖြေပြီးသည့်နှစ် အောင်စာရင်းထွက်တော့ ကျွန်တော်တို့ အိမ်က မြို့နယ်ရုံးနှင့် နီးသဖြင့် ကိုယ်တိုင်ကိုယ်ကျ သွားထကြည့် စရာမလို။ အဲသည်ခေတ်က အောင်စာရင်းကို မြို့နယ်ရုံးမှ အသံချဲ့စက်ဖြင့် ကြေညာပေး၏။ ကျွန်တော်က အိပ်ရာထဲမှ အသာနားစွင့်နေရုံသာ။

နံနက်လင်းအားကြီး အချိန်လောက်စပြီး အသံချဲ့စက် တဗွီဗွီ ကြားရ သည်။ ထို့နောက် ခုံနံပါတ် အစီအစဉ်အတိုင်း ကြေညာသံ ထွက်ပေါ်လာ၏။ ဆယ်မိနစ်ခန့် ကြာသောအခါ ကျွန်တော့်ခုံနံပါတ် အလှည့်ရောက်လာသည်။

'ခုံနံပါတ် ဆတ၁/၁၄၀၈ မောင်ကျော်စိုး အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ၊ ရူပဗေဒ . . .'

ကျွန်တော်က အိပ်ရာပေါ် လှဲလျောင်းနေရာမှ ကိုယ်ခန္ဓာကို အနည်းငယ် ကြွလိုက်ပြီး တစ်ဖက်ခန်းတွင် အိပ်နေသော အမေ့ကို လှမ်းပြောလိုက်သည်။

'မေမေ ကျွန်တော် အောင်တယ်၊ ဂုဏ်ထူး ၄ ဘာသာနဲ့'

'အေး . . . အေး . . . ကြားတယ်'

အမေ ဒါပဲပြောပြီး ပြန်အိပ်သွားသည်။ ကျွန်တော်လည်း အိပ်ရာပေါ် ပြန်လှဲချလိုက်၏။ တကယ့်ဘဝမှာ ဒီလောက်ပဲ လိုအပ်ပါသည်။

ရုပ်ရှင်ထဲကလို ဆိုလျှင်တော့ ကျွန်တော့်အမေ မုဆိုးမကြီးသည် အသံ တွေတုန်၊ မျက်ရည်တွေ ဘာတွေ ဝဲပြီး

'ဘာ . . . သားလေး အောင်တယ် . . . ဟုတ်လား . . . ၊ အမေ . . . အမေလေ . . . အပင်ပန်း အဆင်းရဲခံ ငါ့သားလေးကို ကျောင်းထားရကျိုးနပ်ပြီကွယ်၊ ငါ့ သား ဆရာဝန်ကြီးဖြစ်တော့မယ်၊ အောင်မယ်လေး . . . အမေ ဝမ်းသာလိုက်တာ ကွယ်'

ဟု ဆို့ဆို့နင့်နင့် ပြောကာ မျက်ရည်တွေ ဘာတွေ ကျပေလိမ့်မည်။ ကျွန်တော့်ကိုလည်း အတင်းဖက်နမ်းပေလိမ့်မည်။

ကျွန်တော်ကလည်း ကြီးတောင့်ကြီးမားနှင့် အမေ့ရင်ခွင်ထဲ တိုးဝင် ကာ မျက်ရည်တွေ ဘူးသီးလုံးလောက် ပိုးပိုးပေါက်ပေါက် ကျရမည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



(တွေးကြည့်ရုံနှင့်ပင် အဲသည်လို ရုပ်ရှင်ဆန်ရသည်မှာ မည်မျှ အကြောင်းကြောင်း ရှုးပေါပေါ နိုင်ကြောင်း သိသာပါသည်)

အခုတော့ တော်ပါသေး၏။ အမေက

'အေး…အေး…ကြားတယ်'

ဟုသာ ပြောပြီး သဘာဝကျစွာ ပြန်အိပ်သွား၏။ ဘယ်လောက် အေးချမ်း ရိုးစင်းလိုက်ပါသနည်း။ ကျွန်တော့် အမေ့ထံမှ ရရှိခဲ့သည့် တန်ဖိုးအကြီးဆုံး စိတ်ဓာတ်အမွေမှာ အဲသည်လို 'ရုပ်ရှင်မဆန်တတ်'သော အကျင့်ကောင်းပင် ဖြစ်သည်။

အိမ်မှာဆိုလျှင် အမေက ကျွန်တော့်ကို တစ်နေ့လုံး နေလို့မှ (မလိုအပ်ပါက) စကား တစ်ခွန်းပြောသူ မဟုတ်။

ကျွန်တော်နှင့် အမေ့ကြားတွင် 'စကားလုံးတွေ' မလိုအပ်ပါ။ အလင်္ကာဓာန်ဆာ ဆင်ယင်ထားသော စိတ်ကူးယဉ်မှုတွေ မလိုအပ်ပါ။ နိပါတ်တော်တွေ မလိုအပ်ပါ။ တယောအိုကြီးကို လေးလေးတွဲ့တွဲ့ ထိုးသံလည်း မလိုအပ်ပါ။ ဝင်လယ်သည် ပင်လယ်ဖြစ်ရန် မည်သည့်စကားလုံးနှင့်မှ ဖွဲ့နွဲ့ဖို့ မလိုအပ်ဘူး မဟုတ်လား။ ဂျင်းဘောင်းဘီတစ်ထည်ကို ဝတ်ဆင်၍သာ မြက်ခင်းစိမ်းပေါ် လဲလျောင်းရင်း ကောင်းကင်ပြာပြာကို ငေးကြည့်နေကြရအောင်ပါ။ လွတ်လပ်ပျော်ရွှင်မှုတွေ ဒီကမ္ဘာမြေပေါ် စီးဆင်းပါစေ။

အမေက ကျွန်တော့်ကို 'လူတစ်ယောက်'ဖြစ်အောင် မွေးဖွားပေးခဲ့သည်။ ကျွန်တော်က အမေ့ကို 'လူ ပီပီသသ လွတ်လပ်ပျော်ရွှင်စွာ ရှင်သန်နိုင်ဖို့' (လိုအပ်သမျှ အရာအားလုံးနှင့် ပူဇော်သည်။) ကျွန်တော်တို့ နှစ်ယောက် ကြားတွင်

'နေကောင်းရဲ့လား'

ဟု မေးဖို့ စကားလုံးသည်ပင် မလိုအပ်ပါ။ (သိပ်ပြီး သူစိမ်းဆန်သည် ဟု ထင်ပါသလား။) **ချစ်ခြင်းသည် အနှောင်အဖွဲ့ မဟုတ်သောကြောင့် တစ်ခါတစ်ရံတွင် သူစိမ်းဆန်သလို ဖြစ်ကောင်း ဖြစ်နေနိုင်ပါသည်။**

စကားလုံးများ၏ နှောင်ကြိုးကို ဖြတ်လိုက်ပါ။ အခြား ဟိုတစ်ဖက်တွင် 'လွတ်လပ်ခြင်း'ရှိသည်။ အထိမ်းအမှတ်တွေ အားလုံးကို မေ့လိုက်ပါ။ အရာရာတိုင်းကို သတိရနေပါလိမ့်မည်။ **ဘဝဆိုသည်မှာ ရုပ်ရှင်ကားတစ်ကားနှင့် မတူတူအောင် တုပနေထိုင်ဖို့ မဟုတ်ဘူး မဟုတ်လား။**

ကျွန်တော့်ကို အမေနေ့အကြောင်း လွှမ်းခဲ့သည့် နှစ်နှစ်ခန့်က ဒင်တာဗျူးခဲ့သူနှင့် ဟိုတစ်ရက်က ပြန်ဆုံတော့ သူမက ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com


'မေလအတွက် စာမူ ရေးပေးထားဦးနော်။ ပြေ မတိုင်ခင်ကတည်းက ကြိုပြီး ရမှ ဖြစ်မှာ'

ကျွန်တော်၏ အကျင့်ဆိုးတစ်ခုက အမှတ်သညာ ကြီးခြင်းဖြစ်၏။ ကျွန်တော်က သူမကို

'မေလထဲမှာ အမေနေ့ ရှိတယ် မဟုတ်လား၊ အဲဒီ အကြောင်းရေးရင် ကောင်းမလား မသိဘူး'

'ကောင်းသားပဲ'

ကျွန်တော့်စကားလုံး ထောင်ချောက်ကို သူမ မရိပ်မိဘဲ ခေါင်းညိတ်သည်။ ကျွန်တော်က ထောင်ချောက်ခလုတ်ကို လှပစွာ ဖြုတ်လိုက်၏။

'အမေနေ့က ဘယ်ရက်လဲဟင်'

'အဲ…ဟိုဒင်း..'

ရက်တရက်ဆိုတော့ သူမ ဦးနှောက်ထဲတွင် ရက်စွဲ အတိအကျကို မမှတ်မိပါ။ မှတ်စုစာအုပ်ထဲတွင် ဟိုရှာဒီရှာ လုပ်နေ၏။ လူပီသသော မြင်ကွင်း ဖြစ်သောကြောင့်…

ကျွန်တော်က ကျေနပ်စွာ ပြုံးလိုက်သည်။ ဒါ သဘာဝကျသည် မဟုတ်လား။

အမေ့အိမ်ဆီသို့ ကျွန်တော်ပြန်လာတော့ လမ်းထိပ်မှာ ကျွန်တော့်ကို တွေ့တိုင်း ပိုက်ဆံတောင်းတတ်သည့် အရက်သမား ကိုချိုကြီးနှင့်ဆုံမိသည်။ ထုံးစံအတိုင်း သူက

'ညီလေး အစ်ကို့ကို ပိုက်ဆံ ပေးခဲ့ဦးလေကွာ'

အရက်ဒဏ်ကြောင့် တုန်ယင်နေသော သူ့လက်ဖဝါးပေါ်သို့ ကျွန်တော်က နှစ်ရာတန် တစ်ရွက် ထည့်ပေးလိုက်၏။ သူက

'ကျေးဇူးပဲကွာ၊ ဒီလောက်ဆို တစ်ပိုင်းဖိုးတော့ လောက်သွားပြီ'

ကိုချိုကြီးက ကျွန်တော်တို့ လူပျိုပေါက်အရွယ်ကတည်းက ဘာအလုပ်မှမလုပ်ဘဲ အရက်ကိုသာ နေ့ကော ညပါ သောက်နေခဲ့သူဖြစ်၏။

ကိုချိုကြီး၏ မိခင်ဖြစ်သူ ဒေါ်ပြားက မိုးလင်းမှ မိုးချုပ်အထိ အိမ်တကာ လှည့်ပြီး အဝတ်လျှော်ရသည်။ ဒေါ်ပြားတစ်ယောက် အဝတ်လျှော်ရာမှ ပြန်လာပြီဆိုလျှင် ကိုချိုကြီးက သူ့အမေ ချွေးခံအိတ်ထဲမှ ပိုက်ဆံကို နှိုက်ပြီး အရက်ဆိုင်သို့ သွား၏။

ကျွန်တော်က သူ့အမေကို သတိရသွားပြီး

'ကိုချိုကြီး…၊ ဒေါ်ကြီးပြားကော'

www.burmeseclassic.com

www.burmeseclassic.com



'ထုံးစံအတိုင်း အဝတ်သွားလျှော်တာ နေမှာပေါ့ကွာ'

ကိုချိုကြီးက ခပ်အေးအေးပင် ပြန်ဖြေသည်။

ဩော်.. ကျွန်တော် တစ်ခုပြောဖို့ မေ့ကျန်သွားသည်။ ကျွန်တော့်ဆီမှ အရက်ဖိုး ပိုက်ဆံကို လှမ်းယူသော ကိုချိုကြီး၏ လက်ဖျံပေါ်တွင် ဆေးမင်ကြောင်ဖြင့် စာတန်းတစ်ခု ရေးထိုးထား၏။

'အမေ့သား'

ဒီတစ်ခါတော့ ကျွန်တော့်ပါးစပ်ကို တင်းတင်းပိတ်ပြီး ရယ်မောမိသည်။ ကျွန်တော်လည်း စကားလုံးတွေကို ဆေးမင်ကြောင် ထိုးပြီး လူတွေကို လိုက်ပြရပါဦးမည်။

မင်းခိုက်စိုးစန်

၂၀၀၉၊ မေ၊ သရဖူမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေဂျော်ဂျော်က
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး – ဘောလုံးမှာ ဂိုးဝင်မဝင်ကို လူတစ်ယောက်တည်း (ဒိုင်လူကြီး) က ဆုံးဖြတ်တယ်။ အနုပညာ ဂိုးဝင်မဝင်ကို လူတွေအများကြီး (ပရိသတ်) က ဆုံးဖြတ်တယ်။ အဲဒီနှစ်ခုစလုံး OK တယ်လို့ ထင်ပါသလား။**

ဖြေ – ဘောလုံးမှာ ဂိုးဝင်မဝင်ဆိုတာကို ရိုးသားဖြောင့်မတ်ခြင်း နှလုံးသား ရှိတဲ့ ဂိုးဖမ်းသမားသာလျှင် အသိနိုင်ဆုံးဖြစ်ပါတယ်။

အနုပညာမှာ ဂိုးဝင်မဝင်ဆိုတာကို ရိုးသားဖြောင့်မတ်ခြင်း ယဉ်ကျေးမှုရှိတဲ့ သမိုင်းခေတ်ကသာလျှင် အသိနိုင်ဆုံးဖြစ်ပါတယ်။

**မေး – တကယ်ဆိုရင် ကမ္ဘာကြီးမှာ မျက်မမြင်ဘောလုံးပွဲတွေ ရှိသင့်တယ်လို့ ထင်လား။ ကြည့်သင့်တယ်လို့ ထင်ပါသလား။**

ဖြေ – သူတို့ဘာသာ သူတို့ (ကန်တဲ့လူတွေ၊ ကြည့်တဲ့လူတွေ၊ ရန်ပုံငွေရှာတဲ့ လူတွေ)ကတော့ ပေါ့ပေါ့ပါးပါးပဲ OKနေကြပါတယ်။

ကျွန်တော်တို့ကတော့ (ဝက်ခြံကို အနာလုပ်တယ်ပဲ ပြောပြော… အတွေး ခေါင်တယ်လို့ပဲ စွပ်စွဲ စွပ်စွဲ)… နည်းနည်းလောက် ရှုထောင့်ပြောင်းကြည့်ရ အောင်။ မျက်မမြင်တွေက ဘောလုံးကန်ပြပြီး ဖျော်ဖြေတာကို အရသာခံနေခြင်း ဟာ ရက်စက်ရာများ ကျနေသလား…ဆိုတဲ့ ရှုထောင့်မျိုး။ မျက်မမြင်တွေရဲ့ ခွန်းရည်ကို ကြောင်ကလေး၊ ခွေးကလေးက မီးကွင်းထဲ ဒိုင်ဗင်ထိုးပြတာကို သက်ခုပ် တီးသလိုများ ဖြစ်နေသလား…ဆိုတဲ့ ရှုထောင့်မျိုးတွေပေါ့။


ကဲ‥တိုတိုပဲ ပြောရအောင်…

ဘောလုံးကန်တတ်ခြင်းဟာ မျက်မမြင်တွေမှာ ရှိမှဖြစ်မယ့် 'လူသားစွမ်းရည်' လို့ ခင်ဗျားတို့ ယုံကြည်နေကြပါသလား။



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ရဲ့ အရုပ်တွေ

[ ၁ ]

ကျွန်တော့် ပတ်ပတ်လည်တွင် ကလေးကစားစရာ အရုပ်တွေ ဝန်းရံလျက် ရှိသည်ကို ထိတ်လန့်တကြား တွေ့လိုက်ရသည်။

အရုပ်တွေ.....အရုပ်တွေ.....။

အခုတော့ အဲသည် ကလေး ကစားစရာ အရုပ်တွေက ကျွန်တော့်ကို တစ္ဆေတွေလို ဝိုင်းဝန်း ခြောက်လှန့်နေကြပြီကော။

[ ၂ ]

အရုပ်တွေအကြောင်း စဉ်းစားမိလိုက်သည်နှင့် တစ်ပြိုင်နက် အရင်ဆုံး ဖျတ်ခနဲ မြင်ယောင်မိသည်က အဖေ့ မျက်နှာကိုပင် ဖြစ်သည်။

ကျွန်တော်၏ ကလေးဘဝ ပိုင်ဆိုင်မှု ကစားစရာ အရုပ်အားလုံးသည် အဖေက ရွေးချယ်ဝယ်ယူပေးခဲ့သော အရာချည်းသာဖြစ်၏။

ကျွန်တော် ငယ်ငယ်တုန်းက အဖေ့စီးပွားရေး လုပ်ငန်းတွေကလည်း တစ်ဟုန်ထိုး အောင်မြင်နေသည့် အချိန်။ အဖေက ငွေကြေးကို ခိုင်းသည်။ ငွေကြေးကို လည်ပတ်စေသည်။ သူ့ထံသို့ ငွေကြေးအမြောက်အမြား ဝင်လာဖို့ လမ်းတွေကိုလည်း ငွေဖြင့်ပင် ဖောက်နိုင်ခဲ့သည်။

အဖေက ငွေကို သုံးစွဲရာတွင် ရင်းနှီးမြှုပ်နှံသည့်အနေဖြင့် အကုန် အကျခံရမည်ဆိုလျှင် ဟောခနဲ....ဟောခနဲ လက်ကုန်ဖွင့်ပြီး သုံးတတ်သည်။ ကျွန်တော် ပိုပြီး မှတ်မှတ်ရရ ရှိနေသည်က အဖေသည် ကျွန်တော်တို့ သားသမီး တွေအတွက်ဆိုရင် ဘယ်တုန်းကမှ ပိုက်ဆံကို နမြောတွန့်တိုခြင်း၊ ခေါင်းခါ ငြင်းပယ်ခြင်းမရှိခဲ့သည်ကိုပင် ဖြစ်၏။

အဖေက ကျွန်တော့်ကို မကြာခဏ ပြောလေ့ရှိသော စကားတစ်ခွန်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'သား၊ ဖေဖေ ချမ်းသာသမျှ အားလုံးဟာ သားတို့ မပူမပင် မကြောင့်မကြ နေရဖို့ချည်းပဲ၊ သားတို့ ဘဝမှာ မျက်နှာမငယ်ရအောင် လိုလေသေးမရှိအောင် ဖေဖေ ထားပေးမယ်၊ အေး....ဖေဖေလိုချင်တာက တစ်ခုတည်းရှိတယ်၊ သားကလည်း အတော်ဆုံးဖြစ်အောင် ကြိုးစားပြရမယ်၊ ကြားလား'

သည်လို စကားမျိုးတွေက မိဘနှင့်သားသမီးကြားမှာ ပြောနေကျ ဖြစ်ပြီး ငြီးငွေ့ဖွယ်ခာတ်ပြား၊ အပ်ကြောင်းထပ်နေသည့် ဟောင်းဟောင်းနွမ်းနွမ်း ဝါကျတစ်ခုသာ။

သို့သော်...

အဲဒီ စကားကို နားထောင်ပြီး (အဲသည်တုန်းကတော့ ခုနစ်နှစ် ရှစ်နှစ်အရွယ်) ကျွန်တော့်ရင်ထဲမှာ ဘာမှန်းမသိသော လေးလံမှုတစ်ခု ဖိစီးသွားသလို ခံစားလိုက်ရသည်။

ဘာလဲ...ဘာကြောင့်လဲ...

စဉ်းစားတတ်လာသည့် အရွယ်မှာတော့ အဖေ့စကားတွေကို အခေါက်ခေါက်အခါခါ ပြန်တွေးဖြစ်သည်။

သားသမီးတွေအတွက် အကောင်းဆုံးတွေ ပေးဆပ်ခဲ့ပြီး အတော်ဆုံးတွေဖြစ်လာဖို့ မျှော်လင့်ခဲ့တဲ့ အဖေ့ရဲ့ စိတ်ကူးကကော ရေရှည် ရင်းနှီးမြှုပ်နှံမှု ပုံစံမျိုး ဆန်နေခဲ့ပါသလား။ (သားရဲ့ အတွေးတွေ ရိုင်းသွားခဲ့ရင် ခွင့်လွှတ်ပါ ဖေဖေ)

ကျွန်တော်ကတော့ အဲသည်ကတည်းက အဖေ့ပေးဆပ်မှုတွေအပေါ်မှာ သာယာရမည့်အစား ဘာမှန်းမသိသော စိတ်ဖိစီးမှု တစ်ခုဖြင့် လေးလံနေခဲ့လေသည်။

'ကျွန်တော်ဟာ အဖေ မျှော်လင့်သလို အတော်ဆုံးတစ်ယောက် ဖြစ်မလာခဲ့ရင်ကော..။ ဖေဖေ သား စိုးရိမ်နေတယ်၊ သား စိုးရိမ်နေတယ် ဖေဖေ'

အဲသည် စကားတွေကိုတော့ ကျွန်တော့်ရင်ထဲမှာပင် အသံမထွက်ဘဲ တိတ်တိတ်ကလေး ရေရွတ်နေဖြစ်၏။

အဖေ မျှော်လင့်သလို ဖြစ်မလာခဲ့ရင် ကျွန်တော်ဟာ အဖေ့ ပေးဆပ်မှုတွေနဲ့ မထိုက်တန်တော့ဘူးလား။

အဖေ့ရဲ့ မျှော်လင့်ချက်အတိုင်း ဖြစ်လာအောင်ကော ကျွန်တော်က လုပ်နိုင်စွမ်းရှိမှာလား။ (တကယ်တော့လည်း ကျွန်တော်သည် အတော်ဆုံးဆိုသော ဝေါဟာရကို ဘယ်တုန်းကမှ လိုလိုလားလား နှစ်ခြိုက် မက်မောတပ်မက်သူ တစ်ယောက် မဟုတ်ချေ)

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့...

'သားတို့ မပူမပင် မကြောင့်မကြ နေရဖို့ချည်းပဲ'

ဟူသော ဖေဖေ့စကားကြောင့်ပင်လျှင် ကျွန်တော့်ရင်ထဲမှာ ပူပင်ကြောင့်ကြမှုတွေ လောင်မြိုက်လာခဲ့ရသည်ပဲလေ။

[ ၃ ]

ဖေဖေက ကျွန်တော် သူငယ်တန်း တက်စ ကတည်းက ရန်ကုန်မြို့ရှိ အကောင်းဆုံး ဆိုသော ကျောင်းတွင် ထားခဲ့သည်။

'သား.. ကြိုးစားနော်၊ ဒီကျောင်းက ထွက်တဲ့ ကျောင်းသားတွေ အားလုံး စာတော်ကြတဲ့ ကလေးတွေချည်းပဲ သားရဲ့၊ ဒါမှ သားလည်း ကြီးလာတဲ့ အခါ ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ ဖြစ်မှာ'

(ဟင့်အင်း....သား မလိုချင်ဘူး ဖေဖေ)

ကျွန်တော့် အငြင်းစကားကတော့ လည်ချောင်းဝမှာပင် တစ်ဆို့ပျောက်ကွယ်သွားသည်။

တကယ်တော့ ခေါင်းကိုပင် မခါယမ်းပြရဲ။

သည်လိုနှင့် ယှဉ်ပြိုင်တိုက်ခိုက်မှု ကြီးမားသော ပတ်ဝန်းကျင်တစ်ခုထဲသို့ ဖေဖေက ကျွန်တော့်ကို ပစ်ချလိုက်လေသည်။

ဖေဖေ့ ပေးဆပ်မှုတွေကတော့ အများကြီး ဖြစ်လိမ့်မည် ထင်ပါသည်။

'ရော့ သား၊ သားအတွက် အင်္ကျီအသစ်လေးတွေ'

(ဟင့်အင်း...သား မလိုချင်ဘူး ဖေဖေ)

'ဟောဒီမှာ ကြည့်စမ်း၊ သားရဲ့ စာရေးစားပွဲမှာ တပ်ဖို့ မီးအုပ်ဆောင်း လှလှလေး၊ သား ကြိုက်တယ် မဟုတ်လား'

(ဟင့်အင်း...သား မလိုချင်ဘူး ဖေဖေ)

ကလေးဘဝတုန်းက ကျွန်တော် အလိုချင်ဆုံး ခွန်အားသည် (ဟင့်အင်း.. သား မလိုချင်ဘူး ဖေဖေ)ဟု ငြင်းဆန်ရဲဖို့ စိတ်ဓာတ်အင်အားပင် ဖြစ်၏။

သို့သော် အဲဒါကို ကျွန်တော် ဘယ်တုန်းကမှ မရခဲ့ပါ။

ဖေဖေ့ရှေ့မှာ မလှုပ်မယှက် ရပ်ရင်း ပါးစပ်လေး မပွင့်တပွင့် ... လက်နှစ်ဖက်ကို တရိုတသေ ပိုက်လျက် ခေါင်းညိတ်ပြရုံကလွဲပြီး ဘာမှအစွမ်းသတ္တိမရှိသော ကလေးငယ်လေး တစ်ယောက်သည် ကျွန်တော် ဖြစ်ပါသည်။

မိုးစက် မိုးရေတွေ ကြားထဲ လိမ့်သွားသော ... လုံးလေးတစ်လုံး ကျွန်တော် ဖြစ်ချင်သည်။ မြစ်ရေပြင်ပေါ် ရွက်လွှင့်သော ... လှေငယ်လေးတစ်စင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖြစ်ချင်သည်။ လေထဲ လွှတ်တင်လိုက်သော စက္ကူလေယာဉ်ပျံလေး တစ်ခု ကျွန်တော် ဖြစ်ချင်သည်။

အခုတော့ ကျွန်တော်ဟာ အရုပ်ပါ။

ကျွန်တော့်အတွက် ဖေဖေ ဝယ်ပေးထားသော ကစားစရာ အရုပ်များစွာ ထိုင်ဝင် ကျွန်တော်သည်လည်း သူတို့ထဲမှ အရုပ်တစ်ရုပ်လို ဖြစ်နေသည်ပဲ။

အရုပ်တွေ၊ အရုပ်တွေ၊ အဲသည် အရုပ်တွေက တခွေလို ခြောက်လှန့် နေကြပြီလေ။

ကလေးတစ်ယောက်အနေဖြင့်ဆိုလျှင် ကျွန်တော့်မှာ ကစားစရာအရုပ် တွေ တစ်ပုံတစ်ပင်ကြီး ရှိသည်။ (အားလုံးက ဖေဖေ ဝယ်ပေးထားသော အရုပ်တွေချည်း ဖြစ်မည် ဆိုသည်ကိုတော့ ပြောစရာလိုမည် မထင်ပါ)

မှတ်မှတ်ရရ ပြောရလျှင်

'ဖေဖေ သား ဟို အရုပ်ကလေး လိုချင်တယ်'

ဟု ကျွန်တော့်ပါးစပ်မှ တစ်ခါမျှ ပူဆာဖူးသည် ဟူ၍ မရှိ။ ဖေဖေက သာ သူ့သဘောနှင့်သူ သူ့ စိတ်ကြိုက် ကစားစရာအရုပ်တွေကို တစ်မျိုးပြီး တစ်မျိုး အသစ်အဆန်းဟူသမျှ ရှာကြံပြီး ဝယ်လာပေးခြင်း ဖြစ်၏။

ဓာတ်ခဲဖြင့် မောင်းရသော မော်တော်ကားလေး၊ လက်ခုပ်တီးလိုက်လျှင် သူ့အလိုလို လမ်းလျှောက်သော စက်ရုပ်၊ ရီမုကွန်ထရိုးဖြင့် မောင်းနှင်ရသော လေယာဉ်ပျံ၊ ရေထဲတွင် တကယ့်ငါးအစစ်လို ကူးခတ်နိုင်သော ငါးရုပ်၊ ကျော ကုန်းပေါ်မှ ခလုတ်ကို နှိပ်လိုက်လျှင် 'ညောင်' ဟု အော်ပြီး ဝပ်တတ်သော ကြောင်ကလေး...စသဖြင့် အရုပ်မျိုးစုံက ဗီရိုတစ်လုံးစာပင်မကတော့။

ယောက်ျားလေးတွေ မက်မောတတ်သည့် ကစားစရာဖြစ်သော သေနတ် တွေကတော့ ဆယ့်လေးငါးမျိုးအထိ ရှိသည်။ ဖော့သေနတ်၊ ကော်ကျည်ဆန် ထည့်ပစ်ရသော သေနတ်၊ ခလုတ်ဆွဲလိုက်လျှင် မီးလုံးရောင်စုံလင်းသော ရောင် ခြည်သေနတ် စသဖြင့်။

အရုပ်အများစုကတော့ နိုင်ငံခြားဖြစ်များသာ ဖြစ်ကြ၏။ ကျွန်တော် ငယ်စဉ် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်လောက်က အဲသည်လို နိုင်ငံခြားဖြစ် ပစ္စည်း တွေက အတော်ကို ရှားပါးသေးသည်။ ပိုက်ဆံရှိတိုင်းလည်း ဝယ်၍မရနိုင်။

ဖေဖေကတော့ သူ့မိတ်ဆွေတွေ နိုင်ငံခြားသို့ ခရီးသွားတိုင်း ကျွန်တော့် အတွက် ကစားစရာအရုပ်တွေ မှာတတ်သည်။ နောက်ပြီး သူ့ သူငယ်ချင်း သင်္ဘောသားတွေဆီကလည်း မရမက ဈေးကြီးပေးပြီး ဝယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ကျွန်တော့်အခန်းထဲတွင် (သာမန် လူလတ်တန်းစား ကလေး သူငယ်တစ်ယောက်အဖို့ စိတ်ကူးယဉ်ရုံသာ ယဉ်နိုင်လောက်မည် ဖြစ်သော) အကောင်းစား ကစားစရာအရုပ်တွေဖြင့် ပြည့်နှက်နေသည်မှာ မဆန်းပါ။

သို့သော်...

ကျွန်တော် ပျော်နေလိမ့်မည်ဟု သင်တို့ ထင်ပါသလား။

နိုင်ငံခြားဖြစ် အဆင့်မြင့် ကစားစရာအရုပ်တွေ ပြန့်ကျဲနေသော အခန်း တစ်ခန်းထဲတွင် ဝမ်းနည်းကြေကွဲ စိတ်အားငယ်နေသော ကလေးငယ် တစ် ယောက် ထိုင်နေသည်။

တကယ်ပင် ကျွန်တော် အဲသည်အတိုင်း ထိုင်ရုံသာ ထိုင်နေဖြစ်ခဲ့သည်။

ဘာမှ မတတ်နိုင်ပါ။ ကျွန်တော့်မှာ ရွေးချယ်ခွင့် မရှိပါ။

*

အဲဒီအရုပ်တွေသည် ကျွန်တော်နှစ်သက်၍ ကျွန်တော့်ဆန္ဒဖြင့် ရွေးချယ် ထားသော ကစားစရာအရုပ်များ မဟုတ်ကြပါ။

ကျွန်တော့်ဘဝကတော ဘာထူးပါသေးသနည်း။

ကျွန်တော်ကိုယ်တိုင် ဘာမှ ရွေးချယ်ခွင့်မရှိသည့် ဘဝပဲလေ။

အဖေ ရွေးချယ်ပေးထားသည့် ကျောင်း အကောင်းစားကြီးကို ကျွန်တော် မတက်ချင်ပါ။ အဖေ ရွေးချယ်ပေးထားသည့် အဝတ်အကောင်းစားများကို ကျွန်တော် မဝတ်ချင်ပါ။ အဖေ ရွေးချယ်ပေးထားသည့် အကောင်းစား အစားအသောက်များကို ကျွန်တော် ခံတွင်း မတွေ့ပါ။

အဖေ ရွေးချယ်ထားသည့် ကစားစရာအရုပ် အကောင်းစားများသည် လည်း...။

ကျွန်တော် ဆက်၍ မတွေးချင်တော့။ မျက်လုံးအစုံကို ဖျတ်ခနဲပိတ်လိုက် သည်။ သို့သော် စိတ်အာရုံထဲတွင်တော့ အခန်းတစ်ခု၏ အမှောင်ထောင့်မှာ တစ်ယောက်တည်း အားငယ်စွာထိုင်ရင်း တစ်စုံတစ်ရာကို စိတ်ထဲမှ တီးတိုး ရေရွတ်နေသည့် ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်၏ အသံကို ကြားယောင် နေသည်။

(ဟင့်အင်း...သား မလိုချင်ဘူး ဖေဖေ)

(ဟင့်အင်း...သား မလိုချင်ဘူး ဖေဖေ)

(ဟင့်အင်း...သား မလိုချင်ဘူး ဖေဖေ)

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ကျွန်တော့်ကိုယ် ကျွန်တော် သိခဲ့ပါသည်။

သိခဲ့သည့်အတိုင်းလည်း ကျွန်တော် ကျောင်းပြီးသည့်အခါ အဖေ မျှော်လင့်ထားသလို အတော်ဆုံး လူတစ်ယောက် ဖြစ်မလာခဲ့ပါ။ တက္ကသိုလ်မှ (အတော်အတန် လူအထင်ကြီးခံရသော) ဘွဲ့တစ်ခုဖြင့်သာ ကျေနပ်လိုက်ရသည်။

အဖေကတော့ ကျွန်တော့်အပေါ်မှာ တော်တော်လေး စိတ်လျှော့ထားပုံရသည်။

ဟုတ်သည်။ ဒီအချိန်မှာ အဖေက အသက်အရွယ်အရလည်း 'ကျလူ' ဖြစ်နေပြီ။ အဖေကိုယ်တိုင် ဦးမဆောင်နိုင်တော့သည့် စီးပွားရေးကလည်း အရင်ကလို အခြေအနေမကောင်းတော့။

သို့တိုင် အဖေ့တွင် ကျွန်တော့်ဘဝ၏ အစိတ်အပိုင်း အားလုံးကို သူ့စိတ်ကြိုက် ရွေးချယ်ပေးချင်သော တောက်လောင်မှုတွေတော့ ရှိနေဆဲ။

တစ်နေ့ အဖေက··

'သားကြီး၊ မင်းအတွက်တော့ ဒီအရွယ်ဟာ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ၊ စိတ်ကူးမလွဲနဲ့ သား၊ ကိုယ့်အိမ်ထောင်နဲ့ ကိုယ့်အလုပ်အကိုင်နဲ့မှ ဘဝဟာ ခိုင်ခိုင်ပြည်ပြည် ရှိပြီး တိုးတက်ချင်စိတ်ပေါ်လာမှာ၊ အေးလေ တစ်ခုတော့ရှိတာပေါ့၊ ငါ့သားရွေးချယ်မယ့် အိမ်ထောင်ဖက်ဟာ အရည်အချင်းရှိတဲ့ မိန်းမ မျိုးတော့ ဖြစ်ဖို့ လိုတာပေါ့ကွာ'

'ဗျာ၊ အရည်အချင်းရှိတဲ့ မိန်းမ၊ ဟုတ်လား ဖေဖေ၊ ဘယ်လို အရည်အချင်းတွေကို ပြောတာလဲ'

ဖေဖေကပြုံးပြီး ကျွန်တော့်ပခုံးကို အသာအယာ ပုတ်သည်။ ထို့နောက်··

'ကဲပါ သားရယ်၊ ဒါတွေ ပြောနေလို့လည်း ငါ့သား သိမှာမဟုတ်ပါဘူး၊ သားက ဘဝအတွေ့အကြုံ နုပါသေးတယ်၊ တကယ်တော့လည်း ဒီအိမ်ထောင်ရက်သား ထိမ်းမြားဖို့ဆိုတာ ဖေဖေတို့ မိဘတွေရဲ့ တာဝန်ပါပဲကွာ၊ ကဲ···ကဲ···သား၊ သွားတော့···သွားတော့'

ကျွန်တော့်ရင်ထဲမှာ တင်းကျပ်မှောင်မိုက်သော မေးခွန်းများဖြင့်ပင် ဖေဖေ့ ရှေ့မှ လှည့်ထွက်လာခဲ့ရသည်။

အရည်အချင်း···ဘယ်လို အရည်အချင်းတွေလဲ။

ဖေဖေ့ စိတ်ကြိုက်နဲ့ ကိုက်ညီမှုရှိတယ်ဆိုတဲ့ အရည်အချင်းလား။

ဖေဖေဟာ သားအတွက် ဘဝခရီးဖော်ကို ဘယ်လို ရွေးချယ်မှာလဲဟင်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက သားအတွက် ကစားစရာ အရုပ်ဝယ်သလိုမျိုး ဈေးအကြီးဆုံး အကောင်းဆုံးလို့ တံဆိပ်ကပ်ထားတာကို ရှာပြီး ဝယ်ဦးမှာလား။

သားရဲ့စိတ်ကြိုက် ရွေးချယ်ခွင့်ကိုကော ဖေဖေ အသိအမှတ်မပြုတော့ဘူးလား။

သစ်ရွက်တွေပေါ် ကျနေသော အလင်းရောင်ကို ကျွန်တော် ကြိမ်ဖန်များစွာ ငေးကြည့်နေခဲ့ဖူးသည်။ ကြမ်းပြင်ပေါ်... ကုလားထိုင်ပေါ်...ပြီးတော့ နှင်းဆီပွင့်ဖတ်လေး တစ်ဖတ်ပေါ် ...အလင်းရောင် ကျနေသည်ကို သင်တို့ တစိမ့်စိမ့် ကြည့်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။

အလင်းရောင်သည် အမျိုးအစား ခွဲခြားတတ်ပါသလား။

ကျွန်တော် မစဉ်းစားချင်တော့ပါ။

လူကကော ဘယ်နှမျိုး ကွဲပြားပါသလဲ။ ရွေးချယ်ခွင့်ရှိသော လူနှင့် ရွေးချယ်ခွင့်မရှိသော လူ ဆိုပြီး နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ် ခံထားရပါသလား။

သင်တို့ကော မည်သည့် အမျိုးအစားတွင် ပါဝင်ပါသလဲ။

ဖေဖေ့ မေတ္တာတရားကို ကျွန်တော်စိုးစဉ်းမျှ သံသယ မရှိပါ။ ပြီးတော့ ဖေဖေ့အမြော်အမြင်ကြီးမှုကိုလည်း ကျွန်တော် မလွဲမသွေ စိတ်ချယုံကြည်ပါသည်။

ဖေဖေ့စိတ်ကြိုက် ဖြစ်ခဲ့သော ကျွန်တော့်ဇနီးသည်လည်း ဘာတစ်ခုမှ အပြစ်ဆိုစရာ မရှိတာ သေချာပါသည်။ ပြီးတော့ ...ပြီးတော့...(အရေးအကြီးဆုံးတစ်ခုက) သူမကို ကျွန်တော် ချစ်ပါသည်။

သူမကို ကျွန်တော် ချစ်သည်။

ဒါပါပဲ။ ကျွန်တော် ပြောချင်သည်က အနည်းငယ်တော့ ရှုနှမ်းရာ ကျနေမည်လား မသိပါ။ ကျွန်တော့် ရင်ထဲမှာ စွဲကပ်နေသော စိတ္တဇ အရိပ်မည်းတစ်ခု ရှိသည်။

ငယ်ငယ်တုန်းက ကျွန်တော် မနှစ်သက်သော ကစားစရာ အရုပ်တွေကို ဘာသိဘာသာ မျက်နှာလွှဲထားခဲ့သလိုမျိုး ကျွန်တော့် ဇနီးသည်ကို ဆက်ဆံမိမှာ စိုးရိမ်နေသော စိတ္တဇပင်ဖြစ်၏။

ထို့ကြောင့် သူမကို ကျွန်တော့် ရင်ခွင်ထဲမှာ ပွေ့ဖက်ထားမိသည့် အခါတိုင်း

'နှင်းရယ် နှင်းကို မောင် အရမ်းချစ်တယ် သိလား၊ တကယ့်ကို ချစ်တာပါ၊ မောင့်ကို ယုံစမ်းပါ နှင်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု အငမ်းမရ ပြောမိတတ်သည်။

နှင်းကတော့ ကျွန်တော့် ရင်ထဲမှ စိတ္တဇကို မသိရှာပါ။

ကျွန်တော့် မျက်နှာကိုသာ တွေတွေငေးငေးကလေး မော့ကြည့်ရင်း ပြုံးနေရှာသည်။

သြော်… နှင်းရယ်။

ကျွန်တော်က သူမကို ဖွဖွကလေး နမ်းရှိုက်ဖြစ်သည်။ အချစ်က ကျွန်တော့်ကို ရွေးချယ်ခဲ့သည်ပဲ။

ကိုယ့်စိတ်ကြိုက် ရွေးချယ်ခွင့်မရဘဲ ချစ်ရသည့် 'အချစ်'တွေထဲမှာ ညေသည့် အချစ်က အင်အားအကြီးမားဆုံး ဖြစ်သည်ဟု သင်တို့ ထင်ပါသလဲ။

ကျွန်တော့်အတွက်တော့ ကျွန်တော့် 'သား'ကို ချစ်သည့် အချစ်က တန်ဖိုးအင်အား အပြင်းထန်ဆုံးပင် ဖြစ်သည်။

သားလေးကို မွေးသည့်နေ့က ဘာကြောင့်မှန်းမသိ၊ ကျွန်တော့်ပါးပြင် ပေါ် မျက်ရည်တွေ စီးကျလာသည်။ ပြီးတော့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ငိုမိသည်။

သားကို ချစ်သည့် အချစ်က ဘာနှင့်မှ မတူ။

နွေးနွေးထွေးထွေး နူးနူးညံ့ညံ့လေး။

ပြီးတော့ ကမ္ဘာကြီးတစ်ခုလုံး ကျွန်တော့် ရင်ဘတ်ထဲသို့ ရောက်လာ သလို ခံစားလိုက်ရသည်။ ကမ္ဘာ….ကမ္ဘာ….သားလေးအတွက် ကမ္ဘာ။

နွေဦးရာသီတွေအားလုံး သားလေး၏ ကမ္ဘာကြီးထဲသို့ ကြွေကျသွားကြ သည်။ အဲဒီ ကမ္ဘာထဲတွင် သက်တံတွေ အားလုံး အရောင်စိုပြည်နေကြသည်။ ကြယ်စင် နက္ခတ်တွေအားလုံး တောက်ပနေခဲ့ပြီး စမ်းချောင်းထဲမှာလည်း ပန်းပွင့် တွေ အပြည့် စီးမျောနေကြသည်။

အဲဒီ ကမ္ဘာသည် ကျွန်တော့် သားလေးအတွက် ဖြစ်ပါသည်။

အဲဒီ ကမ္ဘာထဲမှာ သားလေးအတွက် ကိုယ်ပိုင် ရွေးချယ်ခွင့် အပြည့်အဝ ရစေရမည်။ နေရောင်ခြည်ကိုသာ ဖိတ်ခေါ်လိုက်ကြပါလေ။

[ ၅ ]

အတော်ဆုံး မဖြစ်ခဲ့သည့် ကျွန်တော့်အတွက် ကံကြမ္မာကလည်း အကောင်းဆုံး အနေအထားတွင် ရှိမနေခဲ့ပါ။

အီလက်ထရွန်နစ်ဆိုင်ရာ ကုမ္ပဏီတစ်ခု၏ အကြီးတန်းဝန်ထမ်း တစ်ယောက်သာဖြစ်သော ကျွန်တော်သည် ကိုယ့်ထက် ငယ်ရွယ်ပြီး ပညာအရည်

www.burmeseclassic.com



အချင်းမြင့်မားသည့် လှုင်ယ်များနှင့် ရေရှည်မှာ ယှဉ်ပြိုင်ဖို့ ခက်ခဲလာသည်။

မူလတန်းမှာကတည်းက ယှဉ်ပြိုင်ခြင်း၊ တိုက်ခိုက်ခြင်းများနှင့် ကြုံလာတိုင်း ရှောင်ဖယ် ခေါင်းငုံ့ အရှုံးပေးချင်သော ကျွန်တော့်စိတ်ကြောင့်လည်း ပါလိမ့်မည် ထင်သည်။

အဖေကတော့ သည်လို မဟုတ်ပါ။ သူက ကျွန်တော့်ကို…

'ဘာလို့ အရှုံးပေးရမှာလဲ သားရဲ့၊ ဒီမယ် သား၊ ဖေဖေ စီစဉ်ပေးမယ်၊ သား နိုင်ငံခြားမှာ ကျောင်းသွားတက်ရမယ်၊ ဘွဲ့လွန် ဒီဂရီတစ်ခု မရ ရအောင် ကြိုးစားပြီး သင်ခဲ့။ ဒီခေတ်ကြီးမှာ ကိုယ်က တခြားသူတွေထက် သာနေမှ ရှင်သန်လို့ ရမှာကွ'

'ဒါပေမဲ့ ဖေဖေ၊ ဟိုဒင်း…နှင်းနဲ့ သားလေး'

'စိတ်ချစမ်းပါကွာ၊ သားရဲ့ မိသားစုကို ဖေဖေက ပစ်ထားမှာ မို့လို့လား၊ ဘာမှ နောက်ဆံတင်းမနေနဲ့၊ ဖေဖေ အားလုံးတာဝန်ယူတယ်၊ ပညာသင်ဖို့ တစ်ခုတည်း သား ဦးနှောက်ထဲမှာ ထည့်ထား၊ ဟုတ်ပြီလား'

သည်တစ်ခါလည်း ဖေဖေ့ကို ကျွန်တော် ငြင်းဆိုခွင့်မရခဲ့ပါ (ဘယ်တုန်းကမှ ငြင်းခွင့်ရခဲ့သည်လည်း မဟုတ်ဘဲလေ)

ဘဝဆိုတာ စိန်ခေါ်ခြင်းလား။

ဘယ်သူက ဘယ်သူ့ကို စိန်ခေါ်နေတာလဲဟင်… ပြီးတော့ ဘာအတွက် စိန်ခေါ်နေကြတာလဲဟင်….။

နောက်ဆုံးမှာ ဘယ်သူက ရွှေခါးပတ် ရမှာလဲ။

ထားလိုက်တော့….ထားလိုက်ပါတော့။

ကျွန်တော့် သားလေး ဖိုးလပြည့်ဟာ အခုမှ နှစ်နှစ်သားအရွယ်ပဲ ရှိပါသေးတယ်။ အဲဒီအရွယ်ကလေးငယ်လေးတစ်ယောက်ကို မိန့်ဖနဲ့တကွဲတပြားစီ ဖြစ်ရမယ်လို့ ဘယ်သူက စိန်ခေါ်ခဲ့တာလဲ။

ကျွန်တော့်မှာ တိုင်တည်စရာ ဘယ်သူမှလည်း မရှိပါ။

နိုင်ငံခြားသို့ မထွက်ခင် တစ်ညအလိုမှာ သားလေး ဖိုးလပြည့်ကို တင်းတင်းဖက်ပြီး ကျွန်တော် အားပါးတရ ငိုပစ်လိုက်သည်။

ဆစ်ဒနီမှာ နေခဲ့သည့် သုံးနှစ်လုံးလုံးသည် ကျွန်တော့်အတွက်တော့ လှပသော ငရဲခန်းဖြစ်သည်။ နေရေး ထိုင်ရေး အဆင်ပြေသည်မှ လွဲ၍ ကျွန်တော်တိုင်းသည် သားလေးကို သတိရလွမ်းဆွတ်သော စိတ်ဖြင့် လောင်ကျွမ်းနေခဲ့သည်။

ရံဖန်ရံခါများတွင် မြန်မာပြည်သို့ ဖုန်းဆက်ပြီး ဇနီးသည်နှင့်စကားပြော ဖြစ်သည့်အခါတိုင်း ဇနီးဖြစ်သူက တယ်လီဖုန်းစကားပြောခွက်ကို သားလေး၏

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်နား ကပ်ပေးသဖြင့် တွတ်တီးတွတ်တာ အသံလေးများကို နားထောင်ရသည်။

သားလေး၏အသံကို တယ်လီဖုန်းထဲမှ မသဲမကွဲကြားရသည့် အခါတိုင်း ကျွန်တော် မျက်ရည်ကျရသည်ကလည်း အကြိမ်ကြိမ်။

ကျွန်တော် ဘာတတ်နိုင်မည်နည်း။ သားလေး၏ နေ့စဉ်ဘဝကို ကိုယ့်မျက်စိအောက်မှာ စောင့်ရှောက်ထားနိုင်ခွင့် မရှိသည့် ဖခင်တစ်ယောက်အနေဖြင့် ကျွန်တော် ဘာတတ်နိုင်မည်နည်း။

ကျွန်တော် တတ်နိုင်တာ တစ်ခုတည်း ရှိသည်။

သားလေးအတွက် ကစားစရာအရုပ်တွေ ကျွန်တော်ဝယ်သည်။ ပြီးတော့ မြန်မာပြည်သို့ ပြန်မည့်သူ ရှိတိုင်း သားလေးအတွက် ကစားစရာအရုပ်တွေ လူကြုံထည့်ပေးလိုက်သည်။

အရုပ်တွေ…အရုပ်တွေ…။

ကျွန်တော် စိုးရိမ်ကြောင့်ကြနေသည့် ကိစ္စတစ်ခုတော့ရှိသည်။ ကျွန်တော် ဝယ်ပေးသည့် အရုပ်တွေကို သားလေးက ကြိုက်မှ ကြိုက်ပါ့မလား။

[ ၆ ]

'ဟဲလို…ဟဲလို…နှင်းလား'

'ဟဲလို…မောင် ပြောနေတာလား၊ နှင်းပါ ပြောလေ'

ကျွန်တော့်ဇနီးသည်၏ အသံက တယ်လီဖုန်းထဲတွင် ပါးပါးလျလျ ဖြစ်နေ၏။ ကျွန်တော်က

'နှင်း ရှေ့အပတ်ထဲကျရင် မြန်မာပြည်ကို မောင် ပြန်လာလို့ ရပြီ'

'ဟင်…ဟုတ်လား မောင်၊ ဝမ်းသာလိုက်တာ'

'မောင်လည်း အရမ်းပြန်လာချင်လှပါပြီ နှင်းရယ်၊ ဒါနဲ့ သားလေးကော ဟင်…'

'သားလည်း အနားမှာရှိတယ် မောင်… ခဏလေး၊ ခဏလေးစောင့်၊ နှင်း ခေါ်ပေးမယ်၊ သားရေ…'

တယ်လီဖုန်းထဲတွင် တီးတိုးစကားသံတွေ၊ လှုပ်ရှားသံတွေ ကြားရသည်။ ခဏကြာတော့ တယ်လီဖုန်း နားထောင်ခွက်ထဲမှ သားလေး၏ တွတ်တီးတွတ်တာ အသံလေး ပေါ်လာ၏။

ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို…ဟဲလို…သားလေးလား၊ ဖေဖေကြီးပါ၊ သားလေး နေကောင်းရဲ့လား'

'သား….သား…နေ…ကောင်း…တယ်'

သားလေးက စကားကို အဲသည်လိုပင် တစ်လုံးချင်း ခပ်လေးလေး ပြောတတ်သည်။ အဲဒါကပင် တစ်မျိုးချစ်စရာ ကောင်းနေ၏။ ကျွန်တော်က…

'ဖေဖေ ပြန်လာတော့မယ် သား၊ သားအတွက် ဖေဖေ ဘာဝယ်ခဲ့ရမလဲ၊ သား ဘာလိုချင်လဲ'

ဘာစကားမှ တုံ့ပြန်သံ မကြားရဘဲ တိတ်ဆိတ်နေ၏။ (ဖေဖေကြီး ပြန်လာရင် အရုပ်တွေ အများကြီးဝယ်ခဲ့လို့ မှာလိုက်လေ သားရဲ့)

ဟု နံဘေးမှ ပြောပေးနေသော နှင်း၏အသံကို တိုးတိုးကြားရသည်။ ပြီးမှ သားလေးက

'ဖေဖေ…အရုပ်တွေ များကြီး ဝယ်…ခဲ့'

'အေး…အေး….ဝယ်ခဲ့မယ် သား'

ပြောရင်းနှင့် ကျွန်တော့်ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တွေကို သုတ်ပစ်လိုက်ရသည်။ ဩော်…သားလေးကို ငါ ပစ်ထားခဲ့တာ သုံးနှစ်တောင် ကြာခဲ့ပြီကော။

မင်္ဂလာဒုံလေဆိပ်မှ နေပြီး အိမ်ဆီသို့ ပြန်လာရာ လမ်းတစ်လျှောက်လုံး တက္ကစီကားကို နှေးလွန်းလှသည်ဟု ထင်ချင်သည်။

မီးပွိုင့်တွင် မီးနီမိနေသည့် အခါမျိုးမှာဆိုလျှင် ကားပေါ်မှဆင်းကာ ခြေကျင်ပြေးသွားချင်စိတ်ပင် ဆူပွက်လာ၏။

အိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ခရီးဆောင်သေတ္တာကို လက်တစ်ဖက်တည်းဖြင့်ပင် မနိုင်မနင်း ဆွဲချလိုက်သည်။ ကျန် လက်တစ်ဖက်မှာတော့ သားအတွက် ဝယ်လာသည့် အရုပ်များ။

ကျွန်တော် အိမ်ရှေ့တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သည်။

ဘွားခနဲ တွေ့လိုက်ရသည်က သားလေး ဖိုးလပြည့်။

'သား…'

ကျွန်တော် တုန်ယင်စွာ ခေါ်လိုက်သည်။ သားလေးက ဧည့်ခန်းအလယ်တွင် မတ်တတ်ရပ်နေလျက်က ကျွန်တော့်ကို စူးစူးစိုက်စိုက် ပြန်ကြည့်နေ၏။

သို့သော် သား၏ အကြည့်တွေက အေးခဲလွန်းနေသည်။

'သား ဖေဖေပါ၊ ဖေဖေလေ'

ကျွန်တော့်အသံက ချောက်ချားမှုတစ်စုံတစ်ရာဖြင့် ပူလောင်နေသလောက်

www.burmeseclassic.com

www.burmeseclassic.com



သားလေး၏အကြည့်က စိမ်းကား အေးစက်လွန်းနေ၏။

ကျွန်တော်က လက်ထဲမှ ကစားစရာအရုပ်တွေကို မြင်သာအောင် မြှောက်ပြရင်း စိုးရိမ် တုန်လှုပ်စွာဖြင့်

'သား...ဟောဒီမှာ သားအတွက် ဖေဖေ...ဖေဖေ ဝယ်လာတဲ့ အရုပ်တွေလေ'

ကျွန်တော့်အသံက လိုအပ်သည်ထက် ပိုမို ပူလောင်ပြင်းပြသွားသည်။

သားလေးကတော့ ကျွန်တော့်ကို သူစိမ်းတစ်ယောက်လို ကြည့်ဆဲ။

မျက်ဝန်း ညိုညိုလေးထဲမှာ ကျွန်တော့်ကို အသိအမှတ်မပြုသော လျစ်လျူရှုခြင်းများ။

ပြီးတော့...ပြီးတော့...

သားလေးက ချာခနဲလှည့်ကာ အိမ်ခန်းအတွင်းဘက်ဆီသို့ ပြေးဝင်သွားတော့သည်။

ကျွန်တော့်လက်ထဲမှ ကစားစရာအရုပ်တွေ ကြမ်းပြင်ပေါ် လွတ်ကျပြန့်ကျဲသွား၏။

[ ၇ ]

အရုပ်တွေ.... အရုပ်တွေ...

အခုတော့ အဲသည် ကစားစရာ အရုပ်တွေက ကျွန်တော့်ကို တစ္ဆေတွေလို ဝိုင်းဝန်း ခြောက်လှန့်နေကြပြီကော။

ကျွန်တော် တုန်လှုပ်နေသည်။

သားလေး မလိုချင်သည့် အရုပ်တစ်ရုပ်သည် ကျွန်တော် ကိုယ်တိုင်များ ဖြစ်နေလေမလား။

(ကိုတိုး....အတွက်)

မင်းနိုက်စိုးစန်

၂၀၀၆၊ နိုဝင်ဘာ၊ သဉ္စ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဂျော်ဂျော်က
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့နဲ့ တောတွင်း ရေကာတာ ဆောက်လုပ်ရေးအဖွဲ့ ရန်ဖြစ်နေကြတယ်ဆိုပါစို့။ ခင်ဗျား ဘယ်ဘက်က ရပ်တည်မလဲ။**

ဖြေ - သူတို့နှစ်ဖွဲ့ ရင်းနှီးမှုရသွားအောင်လို့ 'ချစ်ကြည်ရေး လက်ဖွဲ့ပွဲ' တစ်ပွဲကျင်းပ ပေးလိုက်မယ်။

ဟိုတလောတုန်းက 'မြန်မာ-ဂျပန်ချစ်ကြည်ရေး လက်ဖွဲ့ပွဲ'ကို သုဝဏ္ဏ အားကစားရုံမှာ လုပ်သွားခဲ့သလိုမျိုးပေါ့။

'ချစ်ကြည်ရေး'လို့လည်း ပြောသေးတယ်… တစ်ယောက်ကို တစ်ယောက် ထိုးထားလိုက်ကြတာ မျက်နှာတွေ ဖူးရောင်ကွဲပြဲနေတာပဲ။ တစ်မျိုးကြီးပဲနော်…။

**မေး - ကျွန်တော်တို့ ကမ္ဘာကြီးမှာ လူတစ်ယောက်က လူ့အဖွဲ့အစည်းတစ်ခု အပေါ် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ရင် ထိရောက်စွာ အပြစ်ပေးနိုင်တဲ့ ဥပဒေ ရှိတယ်။ လူ့အဖွဲ့အစည်းတစ်ခုက လူတစ်ယောက်အပေါ်မှာ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ရင် ထိရောက်စွာ အပြစ်ပေးနိုင်တဲ့ ဥပဒေရှိပါရဲ့လား…။**

ဖြေ - လူတစ်ယောက်က လူ့အဖွဲ့အစည်းအပေါ် အပြစ်ကျူးလွန်ရင်တော့ အဲဒါကို 'ရာဇဝတ်မှု'လို့ခေါ်ပါတယ်။

လူ့အဖွဲ့အစည်းက လူတစ်ယောက်အပေါ် အပြစ်ကျူးလွန်ရင်တော့ အဲဒါကို 'ယဉ်ကျေးမှု'လို့ခေါ်ပါတယ်။

နိမ့်ကျတဲ့ ယဉ်ကျေးမှုကြောင့် ယေရှုခရစ်ကအစ ဗင်းဆင့်ဗန်ဂိုးတို့အပါအဝင် ပါရမီရှင်တွေဟာ ဝေဒနာခံစားခဲ့ရတယ်။

မြင့်မားတဲ့ ယဉ်ကျေးမှုကြောင့် ဟစ်တလာ…တို့၊ ပိုပေါ့…တို့လို ရာဇဝတ်ကောင်တွေ ပြိုလဲခဲ့ကြပါတယ်။

**မေး - တစ်ချိန်တုန်းက 'ခါရှော်ဂီ'ဟာ နာမည်ကျော် လက်နက်ကုန်သည် ပွဲစား တစ်ယောက်ဖြစ်ခဲ့တယ်။ သူ့အလုပ်ဟာ သမ္မာအာဇီဝလို့ ဆိုနိုင်ပါသလား။**


ဖြေ -လက်နက်ရောင်းခြင်းနဲ့ ချဲထီရောင်းခြင်းဟာ ထူးဆန်းတဲ့ အလုပ် အကိုင်နှစ်မျိုး ဖြစ်ပါတယ်။

'ဝယ်ယူသူတွေ'က ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်နည်းပါးကြလေလေ… 'ရောင်းချသူ'က အပြစ်ရှိသလိုလို ဖြစ်လေလေ…မို့လို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ဖော်

'ဖေဖော်ဝါရီအလွမ်း'ဆိုသည်မှာ ဘယ်လိုမျိုးပါလဲ။

ကျွန်တော့်အထင် ပြောရလျှင် 'ဖေဖော်ဝါရီ'ဆိုသည်မှာ ပြာသိုတပို့တွဲ ဖြစ်လေရာ 'နှာရည်စိုရွှဲ တပို့တွဲ'ဆိုသည့်အတိုင်း ဖေဖော်ဝါရီလရောက်လျှင် နှာရည် တရွှဲရွှဲကျတတ်ခြင်းပင် ဖြစ်သည်။

ဖေဖော်ဝါရီ အလွမ်းဆိုသည်မှာ နှာရည်တွေ တရွှဲရွှဲကျရသော အလွမ်းများ လား မသိပါ။

ဆောင်းနှင်းတွေဝေသော နှစ်တစ်နှစ်၏ ဖေဖော်ဝါရီ ၁၄ ရက် တစ်ရက်တွင် ဟောင်ကောင်ခရမ်းရင့်ရောင် ညကို ဟိုတယ်တံတားပေါ်မှ နေ၍ ကျွန်တော် တစ်ယောက်တည်း အထီးကျန်စွာ ငုံ့ကြည့်နေခဲ့ရဖူးပါသည်။

ဟောင်ကောင်၏ Valentine night သည် လမ်းမတွေပေါ်မှာ ပန်းပွင့်တွေ စီးဆင်းနေသော မီးပွင့်ရောင်စုံ အနမ်းညချမ်းဖြစ်၏။ မော်ရနံ့တွေ ရှုတ ရီဝေနေသော နှင်းတမြမြ လေပြည်လည်းဖြစ်၏။ ပန်းရောင်ရင့်ရင့် ဝိုင်ခွက်ထဲတွင် စိမ်ထားသော စပျစ်သီးတစ်လုံးဖြစ်၏။ ရွှေငါး လှလှလေးတစ်ကောင်ဖြစ်၏။ အဖြူဆွတ်ဆွတ်ဖြစ်၏။

ချစ်သူစုံတွဲများသည် တစ်ယောက်ကို တစ်ယောက် လက်ချင်းချိတ်ကာ ပန်းစည်းတစ်ပွေ့တစ်ပိုက်ကြီးများကို ရင်ခွင်ထဲဖက်ကာ လမ်းပေါ်လျှောက်နေကြ သည်။ သူတို့၏ နှုတ်ခမ်းတွေ စိုစွတ်နေကြသလို (အအေးဒဏ်ကြောင့်လား မသိ) သူတို့၏ပါးပြင်ကလေးများက နီထွေးရဲတွတ်နေကြ၏။

ကျွန်တော့်အတွက်တော့ ဖေဖော်ဝါရီသည် တစ်ကြောင်းမျှ မရေးခြစ် ရသေးသည့် ဒိုင်ယာရီစာမျက်နှာအလွတ် တစ်ရွက်နှင့် တူနေသည်။ လွမ်းဆွတ်

www.burmeseclassic.com

www.burmeseclassic.com



တသခြင်းများသည် ရွှေရောင်လို ကူးခတ်နေကြသည်။ အမှတ်တမဲ့ နှိပ်လိုက်မိသော တယ်လီဖုန်းနံပါတ်များကို လွမ်းသည်။ နမ်းမိတော့ မလိုဖြစ်ပြီးမှ နောက်တစ်လှမ်းဆုတ်ခဲ့ရသော ရွှေခြည် ငွေခြည်ထိုးထားသည့် ကိုယ်ကျင့်တရားကို လွမ်းသည်။ အခန်းတစ်ခုထဲ လှောင်ပိတ်ခံထားရသည့် ကုံကော်ဝတ်ဆံ အိပ်မက်တွေကို လွမ်းသည်။

အဲသည်တုန်းကတော့ ကျွန်တော်၏ အလွမ်းတွေသည် သီချင်းတွေဆိုသော အရုပ်ပုပု ကောင်မလေးတစ်ယောက်နှင့်အတူ မြန်မာပြည်မှာ ကျန်ရစ်ခဲ့လေသည်။

ကျွန်တော့်ကို ဦးဦးဟု ခေါ်တတ်သော အရုပ်ပုပု ကောင်မလေးတစ်ယောက်နှင့် ချစ်သူဖြစ်ခဲ့ကြသည်မှာလည်း ဖေဖော်ဝါရီ လေပြည်လေညင်းထဲမှာပင်ဖြစ်၏။ တကယ်ဆိုရင် ဖေဖော်ဝါရီကို ရပ်တန့်နေဖို့အတွက် တစ်ယောက်ကလည်း သတိပေးဖို့ မေ့လျော့နေခဲ့သည် မဟုတ်လား။

မြက်ခင်း စိမ်းစိမ်းများကို နှိုးလိုက်ပါ။ ခိုးဝှက်ခဲ့သော သံယောဇဉ်တို့သည် ငါ့ရင်ခွင်မှာ တစ်ပွေ့တစ်ပိုက်နှင့် လူမိခဲ့ပြီ။ ကတ္တီပါစွပ်ထားသည့် ဓားသွားကို နူးညံ့သည်ဟု ထင်ခဲ့မိပါသလား။ **ဖျားနာခြင်းသည် လာဘ်တစ်ပါးဖြစ်၏။ သင်လည်း အချစ်ကြောင့် ဖျားနာဖူးသည် ဆိုလျှင်ပေါ့။**

*အဲဒါ...*

*မနေ့ကတင် ဖြစ်ခဲ့တာပါ။*
*ကြေကွဲခြင်းဆိုတဲ့ နတ်သမီးတစ်ပါးက*
*ငါနဲ့ လက်ထပ်မလားလို့ ကမ်းလှမ်းလာတယ်။*
*ငါ့ကို လာကြိုတဲ့ ဖယ်ရီကားကလည်း*
*ငါမပါဘဲ ထွက်ခွာသွားခဲ့ပြီ။*
*ကျေးဇူးပြုပြီး ငါ့ကို ခပ်တိုးတိုး ရယ်(ရီ)ခွင့်ပြုပါ။*

အရုပ်ပုပု ကောင်မလေး သီဆိုသော စတိတ်ရှိုးပွဲများကို ကျွန်တော် တစ်ခါမှ သွားမကြည့်ဖူးပါ။ သူမ ဆိုတတ်သော သီချင်းများကို ကျွန်တော် မခံစားတတ်ပါ။

သူမက ဦးဦးဟုခေါ်ရလောက်အောင် အသက်ကြီးသော ကျွန်တော့်အတွက် ဂီတဟာ ခြေဘယ်နှလှမ်းစာ ဝေးကွာသွားခဲ့ပြီလဲ။

ကျွန်တော့်အတွက် ဖယ်ရီကားကတော့ ကျွန်တော်မပါဘဲ ထွက်ခွာသွားနှင့်ပြီ ထင်ပါသည်။

ကျွန်တော်တစ်ယောက်တည်း ရယ်လိုက်မိ၏။

သူမအတွက် ကျွန်တော်ဟာ ဘယ်လောက်နောက်ကျခဲ့ပြီလဲ။ သောင်ယံသဲက ပလဲ့လီလီ၊ ပြိုကျခဲ့သော ခေါ်သံတွေပဲလား၊ အစားပြန်ရှာ၍ မရနိုင်သော

www.burmeseclassic.com

www.burmeseclassic.com


တယောတစ်လက်မှာ ရှက်နေတွေက စိမ်းဖန့်ဖန့် ရနံ့ကိုပဲဖြစ်ဖြစ် ရင်ခွင်ထဲ ပွေ့ထားလိုက်ပါရစေတော့။

ဘာပဲဖြစ်ဖြစ် (ကျွန်တော် နားမလည်တဲ့ သီချင်းတွေကို ဆိုသော) အရပ်ပုပု ကောင်မလေးတစ်ယောက်ကို ကျွန်တော်လွမ်းနေတာ ဘယ်သူမှတော့ မရယ်မောကြဘူး မဟုတ်လား။

*အရွှးတွေကို*

*တံဆိပ်ခေါင်းလို တယုတယ*

*စုနေခဲ့တုန်းကတော့*

*ရာသီဥတု ကိုယ့်ဘက်ပါခဲ့တယ်။*

*မိုးခေါင်သလိုမျိုး*

*ဆောင်း ကကော မခေါင်နိုင်တော့ဘူးလား။*

ဝေးခဲ့ကြတာပါ။ ဟောဒီလို ဖေဖော်ဝါရီ ဆောင်းရက်တွေမှာပါပဲ။ သူမနဲ့ ဝေးတဲ့အခါ ဆောင်းဟာ တကယ်ကို ဆောင်း ခေါင်ခဲ့တာပေါ့။

မီးကုန် ယမ်းကုန် အိပ်စက်ခဲ့တာတောင်မှ အိပ်မက်တွေက မစို့မပို့နဲ့ပါ။

ဖေဖော်ဝါရီအတွက် ပေးရတဲ့ ဒဏ်ကြေးကလည်း ကြီးလိုက်တာ။ အနာတရတွေကိုပဲ ကိုယ့်လျှာနဲ့ ကိုယ် ပြန်ပြန်လျက်နေရတော့တယ်။

အနက်ရောင် လိပ်ပြာတွေ ပျံဝဲလာပြီလား။ အလဲအထပ် ပေးရမည်ဆိုလျှင် ဟောဒီမှာ တယ်လီဖုန်းသံစောင့်ခဲ့ရသော ညတွေ အကုန်လုံးပေးပါမည်။ ငါနားလည်မည့် တရားတစ်ပုဒ်လောက် ဟောခဲ့ပါ။

အရပ်ပုပု ကောင်မလေးရေ။

လိုက်လို့မမီမယ့် အတူတူ ငါနေရစ်ခဲ့ပါတော့မည်။

အားလုံး အမှောင်ကျသွားခဲ့သည့်တိုင်အောင် သူမ၏ နှုတ်ခမ်းအစုံသည် ကာတွန်းကားထဲမှ ဘဲရုပ်ကလေး၏ နှုတ်သီးနှင့်တူသည်ကိုတော့ မှတ်မိနေပါသေးသည်။

ဝေးပြီးသည်နောက်မှာတော့ သူမ၏သီချင်းတွေနှင့် သူမ ပျော်နေလိမ့်မည်ဟု ထင်ပါသည်။ စတော့ချ်ရှိုးတွေမှာ သူမ ဘာသီချင်းတွေ ဆိုနေလေမလဲ။ သေချာသည်ကတော့ သူမ ကျွန်တော့်ကို လုံးဝမေ့နေလောက်ပေပြီ။

တကယ်ပဲ ဖြစ်သင့်ဖြစ်ထိုက်တဲ့ သီချင်းတစ်ပုဒ်ရဲ့ အဆုံးသတ်ပါ။ မနာကျင်ပါဘူးဟု တတွတ်တွတ် ရေရွတ်ရမှာလား။

**ဖေဖော်ဝါရီ ခါးခါးရဲ့ မျက်နှာကိုမှ တစ်ရှုထင်ခဲ့မိသူပါ ကောင်မလေး ရယ်။**

www.burmeseclassic.com

www.burmeseclassic.com



နေသားကျသွားတဲ့ ဖေဖော်ဝါရီညတွေမှာတော့ နာရည်စိုစွတ်ဆဲ၊ အဖျား အနာရှိဆဲ။ နှစ်ကာလတွေက အိုမင်းလာတဲ့ လူတစ်ယောက်ကို တစ်ခါက ရင်ခုန်အိပ်မက်တွေ အကြောင်း မေ့လျော့အောင်ပြုစားလို့..။

အမှတ်တမဲ့ ဖြုတ်ခနဲ ကြွေကျလာတဲ့ ဆောင်းညတစ်ညမှာတော့...

'တီ တီ တီ'

မြည်လာတဲ့ ဖုန်းသံကြောင့် ဖုန်းကို ဖွင့်ပြီးနားထောင်လိုက်တယ်။ တော်တော်ကြာတဲ့အထိ ဘာစကားသံမှ မကြားဘဲ တိတ်ဆိတ်နေရဲ့။ ပြီးတော့မှ...

'ဦးဦး'

အသံတိုးတိုးကလေးကို ကြားလိုက်ရတယ်။ နောက် ချက်ချင်း လိုလိုပဲ ပြန်တိတ်ဆိတ်သွားပြီး ကလစ်ခနဲ ဖုန်းချသွားသံနဲ့အတူ တီတီဆိုတဲ့ ဖုန်းသံ ရှည်သာ စိမ်းစိမ်း ငေါ်ငေါ် ကျန်ရစ်ခဲ့တော့တယ်။

လက်ထဲက တယ်လီဖုန်းလေးကို အကြာကြီး စိုက်ကြည့်ပြီး ငိုင်နေမိတယ်။ အသက်အရွယ် အိုမင်းနေတဲ့ လူတစ်ယောက်ရဲ့ နားရွက်ထဲမှာ တယ်လီဖုန်းထဲက ခေါ်သံတိုးတိုးဟာ ပဲ့တင် ထပ်နေတုန်းပဲ။

အင်း...

ကျနော်ကလည်း 'အချစ်'ဆိုတာကို အခုမှ ရေးရေးလေး ရိပ်စားမိ သလေ... ...လိုလိုပဲ။

မင်းခိုက်စိုးစန်
၂၀၀၉၊ သုညနာရီ
၂၀၀၉၊ ဖေဖော်ဝါရီ၊ သရဖူမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေဂျော်ဂျော်က
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - တကယ်တော့ မြန်မာနိုင်ငံမှာ မိန်းကလေးတွေရဲ့ လှပတဲ့ခြေသလုံးကို ထိန်းချုပ်သင့်ပါသလား၊ ယောကျ်ားတွေရဲ့ မလှပတဲ့စိတ်ဓာတ်ကို ထိန်းချုပ်သင့်ပါသလား။**

ဖြေ - ခြေသလုံးကိုတောင် အဝတ်နဲ့လုံအောင် ဖုံးပေးထားမှ အမျိုးသားစာရိတ္တမဏ္ဍိုင်ကြီး ခိုင်မြဲရှာမယ်ဆိုတော့ 'မြန်မာဆိုတာ တဏှာရာဂထူပြောတဲ့ လူမျိုးတွေပါ'...လို့ ဝန်ခံကြွေးကြော်သလို (တလွဲကြီး)ဖြစ်နေမှာပေါ့။

**မေး - အလိမ္မာ စာမှာရှိတယ်ဆိုတာ ယုံကြည်လား။**

ဖြေ - မယုံကြည်ပါ။

**မေး - ကမ္ဘာ့နိုင်ငံရေး လောကမှာကော...'လူပေါကြီး'တွေ ပါဝင်ပတ်သက်နေတတ်ပါသလား။**

ဖြေ - နေရာတိုင်းမှာ 'လူပေါကြီး'တွေရှိပါတယ်။ ဒါပေမဲ့ တကယ့်လူထုခေါင်းဆောင်ဖြစ်ဖို့ဆိုရင်တော့ ရှူးသလိုပေါ်သလို ကြွားဝါဟန်ထုတ်ခြင်း၊ ဉာဏ်လက်တစ်ဆစ်လောက်နဲ့ လူလည်ကျတတ်ခြင်း...စတဲ့ စရိုက်ပိုင်ရှင်တွေအတွက် နေရာမရှိပါဘူး။

**မေး - 'အလုပ်လက်မဲ့ ပြဿနာ'နဲ့ 'အတွေးလက်မဲ့ ပြဿနာ'...၊ ဘယ်အရာက ပိုကြီးမားတယ်လို့ ထင်ပါသလဲ။**

ဖြေ - 'အတွေးလက်မဲ့ ပြဿနာ'ဟာ အလုပ်လက်မဲ့ ပြဿနာရဲ့ အဓိကလက်သည် တရားခံဖြစ်ပါတယ်။

အလုပ်လက်မဲ့တွေများလာရင် ...နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ 'နှေး' သွားမှာ ဖြစ်ပြီး အတွေးလက်မဲ့တွေ များလာရင်တော့...နိုင်ငံကော လူမျိုးပါ 'သေ'သွားမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်

တစ်ခါတစ်ခါ တိမ်တွေကို ငေးကြည့်ရတာ ကြည့်လို့ သိပ်ကောင်းသည်။

တန်ခူးလအကြောင်း တဖွဲ့တနွဲ့ပြောကြလျှင် ပိတောက်ပန်းအကြောင်းလောက်ကိုသာ လူတွေက တခမ်းတနားလုပ်ကြပြီး တိမ်တွေအကြောင်းကိုတော့ မေ့ထားတတ်ကြသည်။ တကယ်ဆိုလျှင် တိမ်တွေထဲမှာ တန်ခူးဆည်းဆာ၏ နေဝင်ရီတရော တိမ်တွေက သက်ဦးဆံပိုင် မဟာအဆန်ဆုံး။

ပိတောက်ပန်းရနံ့တွေကို ရှူရှိုက်ရင်ခုန်ခွင့်ရဖို့ ရွာသွန်းပေးမယ့် သင်္ကြန်မိုးစက်မိုးပေါက်တွေဟာ တိမ်ဦးတွေရဲ့ ရင်ဘတ်နဲ့ ပွေ့ချီသယ်လာတာ မဟုတ်လား။

နဝရတ် ကိုးသွယ်စီခြယ်သော သင်္ကြန်မိုးစက်တွေကို ဘယ်သူမှ မမြင်အောင် တိမ်တွေက ရင်ခွင်ထဲ တိတ်တိတ်လေး ဝှက်ပြီး သယ်လာသည်။

မိုးစက်တွေ ရွာချလိုက်တော့ ပိတောက်ပန်းတွေ ပွင့်လာကြသည်။ လူတွေက သင်္ကြန်မိုးကို ရင်ခုန်သည်။ ပိတောက်ပန်းကို နမ်းရှိုက်သည်။ တိမ်တိုက်တွေအကြောင်းကိုတော့ လူတွေအားလုံးက တိုင်ပင်မထားဘဲ စိတ်တူ သဘောတူ မေ့လျော့ပစ်လိုက်ကြလေသည်။

သင်တို့တွေ အားလုံး အပြစ်တစ်ခုကို နှစ်ရှည်လများ ကျူးလွန်ခဲ့ကြပြီဆိုခြင်းကို မည်သူမျှ သတိမရကြဘူးလား။

အနားနားမှာ ရှိနေလျက်နှင့် မေ့လျော့ ချန်ထားရစ်ခဲ့ရသူမှာ သင်လား၊ ကျွန်တော်လား၊ ကမ္ဘာကြီးနှင့်တွေ့လျှင် မေးကြည့်စေချင်ပါသည်။ ဒီရေတက်လျှင် ဆိပ်ကမ်းက ခွာကြရုံပဲမဟုတ်လား။ ဘယ်ကို သွားမှာလဲ။ စွဲလမ်းခြင်းကိုပဲ ရွက်ဆင်လွှင့်ခဲ့ရ။ နောက်နှစ်ကျရင်ကော သင်္ကြန်ဆိပ်ကမ်းကို ဟောဒီ ရွက်လှေက ဆိုက်ဦးမှာတဲ့လား။

*စိတ်တွေကို နေဝင်မီးငြိမ်း ထားလိုက်ကြ။*

*နွေရာသီရောက်လာတာကိုက စောလွန်း။*

*မင်းသွားမယ်ဆိုလည်း*

*စကားတစ်ခွန်းတော့ နှုတ်ဆက်ခဲ့ဖို့ ကောင်းတယ်။*

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကတော့ တိမ်တွေကို ငေးကြည့်နေဖို့ပင် ဖြစ်သည်။ နွေ ရာသီ တိမ်တွေအကြောင်းပြောလျှင် ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာ 'Zဆောင်း' ဆိုသူကို သွားပြီး သတိရမိ၏။

ထိုသူငယ်ချင်းမှာ လည်ပင်းရှိုးနည်းနည်း စောင်းနေသောကြောင့် ကျွန်တော်တို့ အားလုံးက သူ့ကို 'ဇက်ဆောင်း၊ ဇက်ဆောင်း' ဟု နာမည်ပြောင် ခေါ်ကြရာမှ သူပန်းချီဆွဲဖြစ်သောအခါ ထိုနာမည်ပြောင်ကိုပင် စာလုံးပေါင်း ပြောင်းလဲပြီး 'Z ဆောင်း' ဟု လက်မှတ်ထိုးခဲ့ခြင်းဖြစ်၏။

တစ်နေ့ သူနှင့်ကျွန်တော် နွေဦးမိုးတိမ်ကို ငေးကြည့်နေဖြစ်ကြရင်း သူက···

'ငါ ပန်းချီကောင်းကောင်း မဆွဲတတ်သေးတဲ့ ငယ်ငယ်တုန်းကတော့ တိမ်ဆိုရင် အစုလိုက် အခဲလိုက် ထုနဲ့ထည်နဲ့ ရှိတာကိုမှ တိမ်လို့ထင်ခဲ့တာ၊ မှုံ ဆွဲရင်လည်း အဲဒီလိုမျိုး တိမ်တွေကို အလိပ်လိုက် အထွေးလိုက် ရေးထည့်လိုက် တာချည်းပဲ'

'အင်း'

သူ ဘာကို ဆက်ပြောချင်မှန်း မသိသေးသဖြင့် ကျွန်တော်က အင်း လိုက်ရုံသာ လိုက်ဖြစ်ခဲ့သည်။ သူငယ်ချင်း ပန်းချီဆရာကတော့ တိမ်တွေကို လွင့်လွင့်မျောမျော ငေးရင်း···

'အခု တကယ်ကြည့်တတ် မြင်တတ်လာတော့မှ တကယ့်တိမ်ဆိုတာကို ဆွဲချင်ရင် မမြင်ရတဲ့ အမှုန်အမွှားလေးတွေရဲ့ အရောင်ကို ရေးရတာမှန်း သိလာ တော့တယ်'

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သည် ပန်းချီသဘောကိုလည်းကောင်း၊ ဆေးရောင်တို့၏ သဘာဝနှင့်လည်းကောင်း သူစိမ်းသက်သက်ဖြစ်သောကြောင့် သူ ဘာဆိုလိုသည်ကို သဘောမပေါက်ခဲ့။

လောကကြီးမှာ သဘောပေါက်စရာတွေများလွန်းနေသည်ဟု သင် မထင်ဘူးလား။ အဲဒါတွေ အားလုံးကို လွှတ်ချထားလိုက်ရအောင်ပါ။

သင်္ကြန်သည် ၁၅ မှတ်တန် မေးခွန်း ပုစ္ဆာမဟုတ်သည့်အတွက် သူ့ကို နားလည်သဘောပေါက်အောင် အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုဖို့မလို။

အနာဂတ်ကို ဖတ်ရှုဖို့ မလို၊ ရောဂတီကို ဖတ်ရှုဖို့ မလို၊ စိတ်၏ မြေပုံ အညွန်းကို ဖတ်ရှုဖို့ ဓလို။ သွေးအေး သတ္တဝါတစ်ကောင်၏ မျက်လုံးကို ဖတ်ရှုဖို့ မလို။

အချစ်ကိုလည်း ဖတ်ရှုဖို့ မလို။

www.burmeseclassic.com

www.burmeseclassic.com


ကံကြမ္မာတိမ်မျှင်ကြိုးကို ကျော့ပိုး၍ လာခဲ့ပါ။ ဗလာပြင် ရင်ခွင်အစပ်မှာ ရင်ခတ်ပန်းတို့ ပွင့်ကြပြီ။ မရယ်ကြပါနဲ့။ သူမက 'လိုက်မည်လား' ဟု မေးသော အခါ 'ဘယ်ကိုသွားမှာလဲ' ဟု မေးဖို့ သတိမရဘဲနှင့် ကျွန်တော်က မိုက်မဲစွာ ခေါင်းညိတ်ပြခဲ့မိ၏။

*ငါ၏ ချစ်လှစွာသော ကချေသည်မလေးရေ။*

*'အချစ်'ရဲ့ ကျေးဇူးတော် ဂုဏ်တော်ကို ထင်ရှားစေခြင်းငှာ*

*ဒီည မင်း ငါ့ကို အိပ်မက် မက်ပါလားကွယ်။*

*ငါရဲ့ မျက်စိတစ်စုံဟာ မင်းကို ကြည့်ခြင်းမှာ မရောင့်ရဲနိုင်ခဲ့ဘူး။*

*အနာဂတ်တစ်ခုလုံးကို ပုံပြီး မင်းကို ယုံယုံကြည်ကြည်နဲ့ ချစ်မိတာပါ။*

*မလှောင်လိုက်ပါနဲ့။*

*ဒီကောင် ချစ်ခဲ့ပါတယ်။*

*တရားဝင် စစ်ကြေညာပြီး မတွယ်တာရရင်*

*ဘာကိုမှ မလုပ်ချင်ဘူးဆိုတဲ့*

*ဟောဒီက ပျော့ငြင်းကို*

*လက်ကြောတင်းအောင် လွမ်းခွင့်ပြုတော်မူပါ။*

တစ်ခါတုန်းကတော့ မန္တလေးမှ ရှိမြင့် ရုပ်ရှင်ထုတ်လုပ်ရေး ပိုင်ရှင်ဦးဇော်မြင့်က ကျွန်တော့်ကို အမှတ်တမဲ့ ပြောဖူးသည်။

'ဒီနေ့ခေတ် မန္တလေးသင်္ကြန်ကို ကျွန်တော်ခံစားလို့ မရတော့ဘူးဗျ။ ဟို အရင်တုန်းက သင်္ကြန်က ကျွန်တော်တို့ရင်ထဲမှာ မန္တလေးရဲ့ ဝိညာဉ်နဲ့အတူ ရှင်သန်နေတာ၊ နူးညံ့ယဉ်ကျေးတဲ့ အလှတရားဗျ၊ ခုခေတ်ကျတော့ ကျွန်တော့် မျက်စိထဲမှာ အဲဒီ အလှတရားကို ရှာလို့ မတွေ့တော့ဘူးဗျာ'

ငွေဝန်းသည် ဘယ်ဆီကို ပျံသန်းလေပြီလဲ။ မြန်မာ့ကာလတော့ နှစ်စဉ် နှစ်တိုင်း မန်းတောင်ရိပ်ကို ခိုနေဆဲ။ ရာပုံတော် မင်းသားကြီးကလည်း နှစ်စဉ် နှစ်တိုင်းကိုပင် မဆုံးနိုင်အောင် ရှာနေရတုန်းပင်။ တူးပို့ တူးပို့သည် အိလက်ထရွန်း နစ် သံစဉ်တွေထဲမှာ ရောဝင်သွားသည်။

ကျွန်တော်လည်း ခုလို အသက်ကြီးလာကာမှ ဦးဇော်မြင့် ပြောသွားခဲ့ သော 'အလွမ်းတစ်မျိုး' ကို နားလည်လာသလိုလို ရှိလာသည်။ ကိုယ်တိုင် လွမ်းတတ်သလိုလို ဖြစ်လာ၏။

သင်္ကြန်ဆိုသည်မှာ ရေစိုနေသော အလွမ်းတစ်မျိုး ဖြစ်လေသည်။

အင်းလျားလမ်းပေါ်က သင်္ကြန်မှာ မြူးကြွသော အနောက်တိုင်းအက သီချင်းတွေ ရှဲရှဲစိုအောင် တဝေါဝေါ လောင်းပက်နေကြသည်။ ရေပက်ခံကားတွေ ကျပ်ညပ်နေသဖြင့် တရွေ့ရွေ့သာ မျောပါနေရသည်။ မဏ္ဍပ်ပေါ်မှာ ကခုန်နေကြ

www.burmeseclassic.com

www.burmeseclassic.com



အသည့် စည်းချက်တွေက ရေစိုနေသော ကိုယ်ခန္ဓာများကို သွေးဆူလာစေ၏။

ရီဝေသည်။ မြူးကြွသည်။ ကိုယ်ခန္ဓာကို လှုပ်ယမ်း ခါယမ်းသည်။ ရင်ခုန်နေဆဲ တစ်ခဏကို ရူးသွပ်တတ်သည်။ တီးလုံးကြောင့် သွေးဆူတာလား၊ ရီဝေမှုကြောင့် သွေးဆူတာလား၊ သွားစမ်းပါ။ ဒါတွေ စဉ်းစားနေဖို့မလို။ ရင်ခုန်သံတွေကို ပြိုင်မြင်းတွေလို ဒုန်းစိုင်းစီးလိုက်ကြ၊ လာ·· သီချင်းတစ်ပုဒ်နဲ့ ထကြမယ်။

ပျော်ဖို့အတွက် သက်သက်မို့ ဘာရယ် ညာရယ် မစဉ်းစားဘဲ ပျော်ပစ်လိုက်ဖို့သာ လိုအပ်ပါသည်။ ဒီလို ပျော်ဖို့အတွက် အင်းလျားလမ်းပေါ်မှာ ငွေတွေ့အထပ်လိုက် အထပ်လိုက်ဖြင့် သင်္ကြန်ကို ပြုလုပ်ထားရ၏။

အဲသည် အင်းလျားလမ်းထဲက Apoidea မဏ္ဍပ်ပေါ်တွင် သူမ၏ခါးကို ကျွန်တော် တင်းတင်းကျပ်ကျပ် ဖက်ထားသည်။ ပြီးတော့ ကျွန်တော်နှင့်သူမ ဦးခေါင်းပေါ်မှာ ဦးထုပ် ဆင်တူနှင့်။

သင်္ကြန်မတိုင်ခင် ဆယ်ရက်ကျော်ကျော်လောက်ကပင် သင်္ကြန်မှာ နှစ်ဦးသား အတူတူ ဆောင်းဖို့ Half-cap ဦးထုပ် အနက်ရောင်ဆင်တူလေး နှစ်လုံးကို ဝယ်ထားခဲ့ကြသည်။

အနက်ရောင် ဆံပင်ရှည်ရှည်နှင့် သူမသည် အဲဒီ ဦးထုပ်ကလေးနှင့် အလွန်လိုက်ဖက်သည်ဟု ကျွန်တော်ထင်မှတ်ထားခဲ့၏။ သူမကိုကြည့်ရင်း ကြည့်ရင်း စိတ်ထဲတွင် မွတ်သိပ်လာသဖြင့် နမ်းဖို့ရန် ဟန်ပြင်လိုက်သောအခါ သူမက

'ဟင့်အင်း၊ လူတွေ အများကြီးနဲ့'

တီးတိုးညင်သာစွာ ငြင်းဖယ်၏။

ထိုစဉ်မှာပင် ကျွန်တော်ဆောင်းထားသော ဦးထုပ်ကို နောက်ဘက်မှနေ၍ တစ်စုံတစ်ယောက်က ဆွဲချွတ်ယူလိုက်သည်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ ကျောင်းက သူငယ်ချင်း မိန်းကလေးတစ်ယောက် ဖြစ်နေသည်။

ထို မိန်းကလေးက ကျွန်တော့် ဦးထုပ်ကို လုယူကာ ဆောင်းလိုက်ပြီး ပြေးထွက်သွားရင်း မဏ္ဍပ်ထောင့်ရှိ အခြား သူငယ်ချင်းများနှင့် ရယ်မောကာ ကခုန်နေ၏။

ထိုအဖြစ်အပျက်ကို အစအဆုံး မြင်တွေ့လိုက်ရသော သူမက ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်ပြီး

'ရှင်နဲ့ ဘယ်လို ပတ်သက်ထားလို့လဲ'

ကျွန်တော်က ပခုံး တွန့်ပြလိုက်၏။ သူ့ဘာသာ သက်သက် ပေါက်ကရ ပေါက်ပြီး ကျီစယ်သည်ဟု ထင်ရကြောင်း ဖြေရှင်းပြသော်လည်း သူမ လက်ခံချင်စိတ် ရှိပုံမပေါ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမက သူမ ဦးခေါင်းပေါ်မှ ဦးထုပ်ကို ဆတ်ခနဲ ဆွဲချွတ်ပြီး လွှင့်ပစ်ရန် ဟန်ပြင်လိုက်သည်။

'ဟာ မလုပ်နဲ့'

ကျွန်တော် တားမြစ်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။ သူမ၏ ဦးထုပ်လေးက သူမ လက်ထဲမှလွှင့်ကာ ကျသွားပြီးနောက် ရေစီးနှင့်အတူ မျောပါသွားသည်။

မျော.. မျောပါသွားသည်။ ရေစီးနှင့်အတူ။

ချစ်သူရေ မင်းဟာ သစ်သီးတစ်ခြမ်းနဲ့ နှုတ်ခမ်းတစ်စုံကို သင်္ကြိုဟ်ခဲ့ပြီ။ သက်တံလေးကိုင်းနဲ့ သကြၤန်အရိုင်းအစိုင်းကို သင်္ကြိုဟ်ခဲ့ပြီ။ ဒေဝဥယျာဉ်နှင့် တော်ဝင်အိပ်မက်တို့ကို သင်္ကြိုဟ်ခဲ့ပြီ။

မေ့လျော့ခြင်းကို သင်္ကြိုဟ်ခဲ့ပြီ။ အိပ်စက်ခြင်းကို သင်္ကြိုဟ်ခဲ့ပြီ။

ငါ့ရဲ့ ချစ်လှစွာသော ကချေသည်မလေးရေ။

မင်းဟာ ကမ္ဘာ့မြေပုံ တစ်ခုလုံးကိုတောင် မီးသင်္ကြိုဟ်ခဲ့သူ ဖြစ်လေရဲ့။

သူမနှင့် ဝေးခဲ့ကြပြီ။

ဦးထုပ်လေး နှစ်လုံးသည်ပင် မြောင်းတစ်ခုခု၊ ရေစီးကြောင်း တစ်နေရာရာတွင် ဆုံစည်းကောင်း ဆုံစည်းနိုင်စရာ ရှိသေးသော်လည်း ကျွန်တော်နှင့်သူမ ကတော့ ဆုံစည်းစရာအကြောင်း တစ်စုံတစ်ရာ မရှိတော့ပါ။

သူမက ဧပြီလ ၁ ရက်နေ့တွင် မွေးဖွားခဲ့သူ ဖြစ်ပါသည်။ အဲသည်နေ့ကို April Fool (ဧပြီဖူးလ်)ဟု ခေါ်ကြသည် မဟုတ်လား။

ကျွန်တော်သည် ဧပြီလတွင် သူမ၏ အရူးလုပ်ခြင်းကို ခံခဲ့ရသူ တစ်ယောက်ဖြစ်သည့်အကြောင်း ယခုလောက်ဆိုလျှင် သူမ မေ့လျော့ကောင်း မေ့လျော့နေလောက်ပါပြီ။

*စိတ်တွေကို နေဝင်မီးငြိမ်း*
*မင်းရဲ့ ရယ်သံတွေကို    နေ့ဖို့ ညစာ သိမ်းဆည်းလို့……*
*ငါ ပြန်ခဲ့တယ်။*
*ဘဝမှာ မျက်နှာချင်းဆိုင်ရလွန်းတော့လည်း*
*လူချင်းမှားပြီး နှုတ်ဆက်မိတာတွေ……များလွန်းတယ်*
*ကောင်မလေးရေ "မင်္ဂလာပါ"*
*မင်းကို ငါ*
*လူမှားခဲ့ပါသလား။*

အမှားအယွင်းတွေ များခဲ့သည့်မှာ ငယ်ငယ်ကတည်းက၊

ညသည် ပိတောင်ပင်ပျိုကို မြွေတစ်ကောင်လို ရစ်ပတ်ထား၏။ အမှား၏

www.burmeseclassic.com

www.burmeseclassic.com



အသား ချိုသည်၊ အမှန်၏ အသား ခါး၏။ အမိုက်မသည် ကတိစကားတစ်ခွန်းကို ကုံကော်မီးလျှံတို့ဖြင့် လောင်ကျွမ်းစေခဲ့ပြီ။

ရွှေလရောင်ခြည် ငွေမင်ရည်ဖြင့် တိမ်မိလ္လာမြလွှာဝန်းမှာ ဩော် သာပဲ သာနိုင်လွန်းသည် ဟူသော ဂီတနက်သန် တေးသီချင်း တစ်ပိုင်းတစ်စကို ကြားရသည်။ လပြည့်ဝန်းကို 'သာပဲ သာနိုင်ရန်ကော' ဟု မည်သူက ညည်းညူပါသနည်း။ နွံ၍ ဆိုးချင်သည်လား။ ကရုဏာ ဝမ်းနည်းဖြင့် အပြစ်ပဲ တင်ချင်သည်လား။ အလိုလိုက်၍ အမိုက်စော်ကားချင်သူ တစ်ယောက်လား။ မဝေခွဲပါဆနှင့်တော့။ ဩော် ပိတောက်ကလည်း ပွင့်ပဲပွင့်နိုင်လွန်းသည် မဟုတ်ပါလော။

ငါသည် ကံကောင်းသူ တစ်ယောက်မဟုတ်ခဲ့။ လူမိုက်ကံကောင်းဟူသော စကားအရ ဆိုလျှင်မူ ငါသည် ကံမကောင်းသောကြောင့်သာ ကိုယ့်ကိုယ်ကိုယ် လူမိုက် မဟုတ်မှန်း သိရ၏။ အမိုက်မတစ်ယောက်ကတော့ဖြင့် ကံကောင်းပါစေလေ။

*အချစ်ဆိုတဲ့ စကားလုံးကို*
*ရေးတတ် ဖတ်တတ်တယ် ဆိုရုံလေး*
*မင်းက သင်ကြားပေးလိုက်တယ်။*
*ကောင်မလေးရယ်*
*ငါဟာ မူလတန်းပါ။*

ကျွန်တော် မူလတန်း တက်တုန်းက ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က တနင်္လာနေ့တိုင်း ကျောင်းသားတွေ လက်သည်း ညှပ်လာခြင်းရှိ၊ မရှိ စစ်ဆေးတတ်သည်ကို လွမ်းလွမ်းတတ ပြန်ပြီး အမှတ်ရနေမိသေးသည်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီးနောက် နိုင်ငံတော်အလံရှေ့တွင် ကျွန်တော်တို့ မူလတန်းကျောင်းသားငယ်တွေ အားလုံး အတန်းလိုက်ရပ်ကြရသည်။ ပြီးတော့ ကျွန်တော်၏ လက်နှစ်ဖက်ကို မှောက်ခုံထားကာ ရှေ့သို့ တညီတည်း ဆန့်ထုတ်ထားရ၏။

ကျောင်းအုပ်ဆရာကြီးက သူကိုင်ထားသော ကြိမ်လုံးဖြင့် ကျွန်တော်တို့ ဆန့်ထုတ်ထားသော လက်ဖဝါးလေးများကို တို့ကာ ပင့်ကာ ကြည့်သည်။ လက်သည်း ညှပ်မလာသော ကျောင်းသားကိုတွေ့လျှင်တော့ တစ်ကျောင်းလုံး ရှေ့သို့ ထုတ်ပြီး ကြိမ်လုံးဖြင့် ခပ်စပ်စပ်လေး ရိုက်တတ်၏။

ကျွန်တော်တို့ ကလေးတွေအားလုံး ကျောင်းအုပ်ဆရာကြီးကို ကြောက်ကြသည်။ ရံဖန်ရံခါ လက်သည်းညှပ်ခဲ့ဖို့ မေ့လာလျှင် ဆရာကြီး မစစ်ခင် လက်သည်းများကို တို့ဝင်အောင် ပါးစပ်ဖြင့် ကမန်းကတန်း ကိုက်ဖြစ်ရသည်မှာ အမောတကော။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို လက်သည်းကို ပါးစပ်ဖြင့် အကိုက်ကောင်းသဖြင့် ဆရာကြီး ကြိမ်ဖြင့် ဆော်သည်ကို ကျွန်တော် သုံးခါလောက် ခံခဲ့ရဖူးသည်။ လက်သည်းတွေမှာ သွားကိုက်ရာလေးတွေ ဖွာလန်ကြဲပြီး မညီမညာဖြစ်နေသည်ကို မြင်လိုက်သည်နှင့် ဆရာကြီး၏ ကြိမ်လုံးက တင်ပါးပေါ် ရောက်လာစမြဲ။

ငယ်ငယ်တုန်းကတော့ ကလေးပီပီ မသိ နားမလည်ခဲ့ပါ။ ဘာကြောင့် ရိုက်ရတာလဲ၊ လက်သည်းတွေ တိုဝင်သွားဖို့က လိုရင်းပဲ မဟုတ်လား။

လက်သည်းကြားမှာ ရောဂါပိုး ကင်းစင်ဖို့ဆိုသော 'အကြောင်းအကျိုး' ကို ကလေးတစ်ယောက်၏ ဦးနှောက်က မဆင်ခြင်တတ်နိုင်ခဲ့သည်ပဲ။

လက်သည်းတွေ တိုသွားရင် ပြီးစတမ်းလား။

ခုထိလည်း ကလေးတစ်ယောက်ရဲ့ အတွေးနဲ့ ဘာများကွာခြားသေးလို့လဲ ဟု ကျွန်တော် တွေးနေမိသည်။

ဘဝဆိုတာ ဘာလဲ။ အကြောင်းအကျိုးတွေ ငြီးငွေ့ထိုင်းမှိုင်းဖွယ်။ 'အောင်မြင်လျှင် ပြီးစတမ်း' ဟု သဘောထားပြီး ကိုယ်ကျင့်တရားတွေကို (တစ်စုံတစ်ယောက်က မစစ်ဆေးမီ) သွားဖြင့် မညီမညာ ဖွာလန်ကြဲအောင် ကိုက်ဖြတ်ခဲ့ကြပြီလား။

ကျွန်တော်တို့သည် အခုအချိန်ထိ မူလတန်းမှာသာ ရှိကြပါသေးသည်။

'နေလုံးရယ် နီ' ဟူသော ကဗျာကို ဖတ်ရသည့်အခါ 'ဪ ကဗျာဆရာက နေလုံးဟာ အနီရောင်ရှိတဲ့အကြောင်း ရေးတာပဲလေ' ဟုသာ ပြီးစလွယ် နားလည် ပစ်လိုက်ပုံမျိုးနှင့် တူနေပါသည်။

ကဗျာဆရာ၏ နှလုံးသားထဲကို ရိုက်ခတ်လာသော သဘာဝတရားကြီး၏ အလှသဘောကို မြင်သည်အထိ ကျွန်တော်တို့ ဖွင့် မကြည့်ဖြစ်ကြတော့။ နားလည်မှုကို ခြေစုံပစ်လိုက်သလို နေခဲ့ကြပြီလား။

'နေလုံးက မနီတော့ကော ဘာပြုသတုံး' ဟု မမေးသည်ကိုပဲ ကျေးဇူးတင်ရမလို။ အပေါ်ယံ သက်သက်ရပ်ပြီး တွေးကြည့်လျှင်တော့ ဘာမှ မရှိပါ။

ဘဝက ဒီမှာတင် ပြီးသလို ဖြစ်နေ၏။

သူငယ်ချင်း ပန်းချီဆရာ ပြောခဲ့သလို တိမ်ဆိုသည်မှာ ထုလိုက် ထည်လိုက် မြင်နေရသော အဖြူရောင် ဝွမ်းစ ဝွမ်းလိပ်တွေလိုဟာမျိုး မဟုတ်ပါ။ မမြင်ရသော ရေခိုးရေမှုန် အစအနလေးများ၏ အရောင်သာလျှင် ဖြစ်ပါသည်။

*ကျွန်တော်တို့ကကော*

*ဘဝကို အစိုင်အခဲဟု အောက်မေ့ထင်မှတ်နေကြသည်လား။*

သူမကိုတွေ့လျှင် ပြောဖြစ်အောင် ပြောပြလိုက်ကြပါ၊ ဘဝဆိုတာ မမြင်နိုင်တဲ့ အမှုန် အစအနလေးတွေပါလို့။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သင်္ကြန်ဆိုတာဟာလည်း ပိတောက်ပန်းတွေ၊ ရေပက်ခံကားတွေ၊ ရေကစားမဏ္ဍပ်တွေနဲ့ ဖွဲ့စပ်ထားတဲ့ အစိုင်အခဲ တစ်ခုမဟုတ်ပါဘူး။

ရင်ထဲမှာ ဆွတ်ပျံ့နေတဲ့ နူးညံ့မှုတစ်ခုပါလို့ ပြောဖြစ်အောင် ပြောပြလိုက်ကြပါဗျာ။

*ဝေးကွာပြီဆိုမှတော့*

*ငါ့တနင်္ဂနွေကို ငါဖန်ဆင်း*

*တစ်နွေခင်းလုံးပဲ အိပ်ပစ်လိုက်တော့မယ်။*

သင်္ကြန်ရနံ့တွေ လေထုထဲမှာ စိုထိုင်းနေ၏။ ကျွန်တော်တစ်ယောက်တည်း မြို့ရှေ့ စက္ကူပန်းရုံ နံဘေးက အုတ်ခုံကလေးမှာ ထိုင်နေဖြစ်သည်။

တစ်ချိန်က သင်္ကြန်ဦးထုပ်လေးနှစ်လုံးအကြောင်း လွမ်းဆွတ်တသစွာ ပြန်စဉ်းစားနေဖို့ အတွက်တော့ ကျွန်တော်ဟာ အိုမင်းလွန်းသွားခဲ့ပါပြီ။

ထိုစဉ်မှာပင် တစ်ဖက်ခြံမှ ခြောက်နှစ်သားအရွယ် ကလေးလေးတစ်ယောက်က ပလတ်စတစ် ရေဖလားလေးတစ်လုံးကို ကိုင်ကာ ကျွန်တော့်ဆီသို့ ပြေးလာ၏။

အနားကိုရောက်တော့ သူ့လက်ထဲမှ ရေဖလားဖြင့် ကျွန်တော့်ကို လှမ်းပက်လိုက်ရာ

'ဖွမ်း'

ကျွန်တော့်ရင်ဘတ်တစ်ခုလုံး ရွဲရွဲစိုသွားသည်။ ကလေးငယ်က ကျွန်တော် ရေစိုရွှဲသွားသည်ကို ကြည့်ပြီး

'ခစ် ခစ် ခစ်'

သဘောကျစွာဖြင့် တခစ်ခစ် ရယ်နေ၏။ ကျွန်တော့်မျက်မှန်မှ ရေစက်များကို သုတ်ပစ်ပြီး သူ့ကိုကြည့်လိုက်တော့ သူ့ အရွယ်က ကျွန်တော်ငယ်စဉ် ယက်သည်းတွေကို သွားဖြင့်ကိုက်ခဲ့တုန်းက အရွယ်လောက်ဖြစ်နေမှန်း တွေ့ရသည်။


ကျွန်တော် အဲသည် ကလေးငယ်လေးကို သေသေချာချာ ကြည့်လိုက်သည်။

ကျွန်တော်တို့ ပျောက်ဆုံးခဲ့သော တစ်စုံတစ်ရာကို ကလေးငယ်၏ ချက်ဝန်းထဲမှာ ပြန်လည် တွေ့မြင်ရလေသည်။

မင်းလိုက်စိုးစန်
၂၀၀၉ ဧပြီ၊ သရက်

www.burmeseclassic.com

www.burmeseclassic.com



ရွှေဂျော်ဂျော်က
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - တစ်စုံတစ်ယောက်က 'အနုပညာလို့ သတ်မှတ်ရင် အဲဒါဟာ အနုပညာဖြစ်တယ်'… ဆိုတဲ့ အယူအဆတစ်ရပ် ကြားဖူးပါတယ်။ ခွေး တစ်ကောင်က စားစရာလို့သတ်မှတ်ရင် အဲဒါစားစရာဖြစ်သွားတယ်လို့ထင်ပါ သလား?**

ဖြေ - လူတွေပြောတဲ့ 'စကား'နဲ့ လူတွေဖန်တီးတဲ့ 'အနုပညာ'တွေ ကြောင့်သာ ဒီကမ္ဘာလောကကြီးဟာ တိုးတက်ပြောင်းလဲနေတာ ဖြစ်ပါတယ်။

ခွေးတွေဟောင်တဲ့ စကားဟာ ကမ္ဘာကြီးအပေါ်မှာ ဘာအကျိုးသက်ရောက်မှု မှ မရှိစေပါဘူး။ ဒါကြောင့်… ကျွန်တော်တို့ဟာ 'ခွေးစကား'ကို ထည့်သွင်း စဉ်းစားနေဖို့ မလိုပါ။

BURMESE CLASSIC

အပြန်အလှန်အားဖြင့်ကြည့်ရင်… ကျွန်တော်တို့ပြောတဲ့ စကားဟာ 'စကား တန်ဖိုးရှိဖို့'၊ ကျွန်တော်တို့ဖန်တီးတဲ့အနုပညာဟာ 'အနုပညာတန်ဖိုးရှိဖို့'ဆိုရင် …အရင်ဆုံး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ လူပီသအောင် ကျင့်ကြံနေထိုင်ရ မှာ ဖြစ်တယ်။


**မေး - မပြောကောင်း မဆိုကောင်း…၊ နောက်တစ်ကြိမ် နာဂစ်လို လူ အများကြီး ဒုက္ခရောက်စေတဲ့ အန္တရာယ်ဆိုးကြီး ထပ်ပေါ်လာရင် ကိုယ့်ကိုယ်ကိုယ် အထင်ပေါ် ဆုံးဖြစ်အောင် ဘယ်လိုလှူဒါန်းရင်ကောင်းမလဲ…**

ဖြေ - ရေကူးနည်းစာအုပ်တွေ သွားလှူလိုက်ပါ။ ပြီးရင် အလှူမှတ်တမ်း ဖြတ်ပိုင်းအဖြစ်နဲ့ ဒုက္ခသည်တိုင်းရဲ့ နဖူးတွေပေါ်မှာ သင့်နာမည်ကို ဆေးမင် ကြောင်ထိုးပါ။ သင့်ကို သူတို့ဘယ်တော့မှ မေ့ကြတော့မှာ မဟုတ်ဘူး။

(ကျေးဇူးရှင် အလွယ်ဖြစ်နည်း ကျမ်းဆိုတဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော် ရေးသားပြုစုနေပါတယ်။ အလျဉ်းသင့်ရင် အဲဒီကျမ်းထဲက အချက်အလက်တွေကို ထပ်ပြီးဖော်ပြပေးပါဦးမယ်)။

www.burmeseclassic.com

www.burmeseclassic.com



# နွံထဲ၌ လှည်းဘီး ကျွံနေသည်

[ ၁ ]

ဒီတစ်ခါ သူ့မွေးနေ့ပွဲကလည်း သူ့အတွက် အသက် ၅ နှစ်ပြည့် မွေးနေ့ဖြစ်နေရခြင်းကြောင့် အံ့သြရပြန်လေသည်။

ဖိုးသား စိတ်ထဲမှာတော့ သူ အသက် ၅ နှစ်ပြည့်ပြီးသည်မှာ ကြာမြင့်လှပြီးသော ဟိုးတစ်ချိန် တစ်ခါကတည်းက ဖြစ်သည်ဟု ရှုပ်ထွေးစွာ သိမှတ်နားလည်ထားခဲ့၏။

ဒါပေမဲ့ နှစ်စဉ်နှစ်တိုင်း သူ့အသက် ၅ နှစ်ပြည့် မွေးနေ့ကိုသာ ထပ်တလဲလဲ ကျင်းပနေရသည်မှာ ဘာ သဘောပါလိမ့်။

သူတွေး၍ မရတတ်နိုင်ခဲ့။ နောက်ပြီး အသက် ၅ နှစ်ကျော်လျှင် ကျောင်းသို့ သွားရသည်ဟု တစ်ခါက အိမ်ကို လာလည်သော ဧည့်သည် တစ်ယောက်က ဖေဖေ့ကို ပြောနေသံ ကြားဖူးသည်။

ကျောင်းဆိုတာကကော ဘယ်လိုဟာပါလိမ့်။ ဘယ်လိုနေရာမျိုးမှာ ရှိတာပါလိမ့်။

ထိုအတွေးနှင့်ပင် ဖိုးသားက ပြတင်းပေါက် ကျယ်ကြီး၏ အပြင်ဘက်ကို ငေးကြည့်လိုက်သည်။ ကွန်ဒိုမီနီယမ် အိမ်ရာ တိုက်ခန်း၏ ၁၂ ထပ် အမြင့်မှ လှမ်းကြည့်ရခြင်းဖြစ်သောကြောင့် အပြင်အပတွင် အပြာရောင် ကောင်းကင်လွင်ပြင်ကြီးကိုသာ မြင်နေရ၏။

ပြီးတော့ တိမ်တွေက ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မျောလွင့်နေကြသည်။ တစ်ခါတလေတော့လည်း တိမ်တွေက နဂါးကြီးတစ်ကောင် လူးလွန့်နေပုံမျိုးနှင့် တူ၏။ တစ်ခါတလေကျပြန်တော့လည်း တိမ်တွေ အစုလိုက် အစုလိုက်

www.burmeseclassic.com

www.burmeseclassic.com


အထပ်ထပ် လိပ်နေပုံမှာ သိုးအုပ်ကြီး ရေသောက်ဆင်းနေပုံနှင့်တူသည်မှာ စိတ်ကူးယဉ်စရာ ကောင်းနေပြန်လေသည်။

ဒီ ပြတင်းပေါက်နှင့် ဒီကောင်းကင်သည်သာလျှင် ဖိုးသားအတွက် တစ်ခုတည်းသော အပြင်လောကဖြစ်၏။ စနေနေ့လို နေ့ရက်မျိုးဆိုလျှင်တော့ ဖေဖေနှဲ့မေမေက ဖိုးသားကို ကလေးကစားကွင်းတစ်ခုဆီသို့ ခေါ်သွားပြီး ဆော့ကစားစေသည်။

အံ့သြစရာကောင်းသည်က အဲသည်လို နေ့မျိုးတွင် ထို ကလေးကစားကွင်းကို ရောက်လာကြသော ကလေးတွေအားလုံးသည် ဖိုးသားနှင့် ရွယ်တူငါးနှစ်သား ကလေးတွေချည်းပင် ဖြစ်၏။

အပတ်စဉ် စနေနေ့ တစ်ရက်တာမှ လွဲပြီး အခြားနေ့များတွင် ဖိုးသားတစ်ယောက် တိုက်ခန်းအတွင်းမှ အပြင်မထွက်ရ။ ဖေဖေနှင့်မေမေက အလုပ်သွားပြီဆိုသည်နှင့် သူတို့ နေထိုင်ရာ ကွန်ဒိုတိုက်ခန်းတံခါးကို ပိတ်ပစ်ခဲ့သည်။

အခြား တိုက်ခန်းတွေမှာ မည်သူမည်ဝါတွေ နေထိုင်နေသည်ကိုလည်း မသိရ။ အချိန်တန်လျှင် ဖိုးသား စားဖို့၊ သောက်ဖို့၊ သန့်ရှင်းရေးလုပ်ဖို့အတွက် 'ကလေးထိန်းစက်ရုပ်' တစ်ရုပ်က ဖိုးသားကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ တကယ်ဆို ကလေးတစ်ယောက်၏ တစ်နေ့တာဆိုသည်မှာ ဘာမှလည်း ထွေထွေထူးထူး မရှိဘူး မဟုတ်လား။

ဒါဆို အဲဒီ ကလေးထိန်းစက်ရုပ်က ဘာကို စောင့်ကြပ်နေရတာပါလိမ့်။ ဖိုးသား၏အတွေးတွေက ခပ်ဝေးဝေးအထိ လွင့်ပျံ့ချိန်မရလိုက်။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ ခပ်တိုးတိုးက ထွက်ပေါ်လာ၏။ ဖိုးသားက 'ကလေးထိန်းစက်ရုပ်' ကို လှမ်းကြည့်သည်။

ခါတိုင်းဆိုလျှင် တံခါးခေါက်သံ ကြားရသည်နှင့် ကလေးထိန်းစက်ရုပ်က တံခါးနားသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး ချောင်းကြည့်ပေါက်မှ ချောင်းကြည့်သည်။ ဖေဖေ ဖြစ်စေ၊ မေမေ ဖြစ်စေ ဒီနှစ်ယောက်တည်းက တစ်ယောက်ယောက် မဟုတ်လျှင် တံခါးကို လုံးဝ ဖွင့်မပေးဘဲ သည်အတိုင်း မလှုပ်မယှက် ရပ်နေတတ်စမြဲ ဖြစ်၏။

နောက်ဆုံး တံခါးလာခေါက်သူ (ဧည့်သည် ဖြစ်စေ၊ အလှူခံ ဖြစ်စေ) လက်လျှော့ပြီး လှည့်ထွက်ပြန်သွားတော့မှ စက်ရုပ်က တံခါးအနီးမှ ခွာလေ့ရှိ၏။

www.burmeseclassic.com



ဒီတစ်ခါတော့ တံခါးခေါက်သံက တိုးညင်းလွန်းသောကြောင့်လား မသိ။ စက်ရုပ်က ကြားပုံမရ။ တံခါးဘက်ဆီကို ကျောပေးပြီး ကော်ဖီဖျော်နေ၏။

ဖိုးသားက တစ်ခါလောက်တော့ တံခါးကို ကိုယ်တိုင် ဖွင့်ကြည့်ဖူးချစ်စိတ် ပေါ်လာသည်။ ထိုစိတ်ကူးနှင့်အတူ လှစ်ခနဲ ပြေးသွားပြီး တံခါးကို ဖွင့်လိုက်သည်။

'ချောက် . . . . ကျွီ'

'ဟင်'

အပြင်မှာ ရပ်နေသူက ဖိုးသားထက် အနည်းငယ် အသက်ကြီးပုံရသော ချာတိတ်ကလေး တစ်ယောက်။ ထို ချာတိတ်က ဖိုးသားကို ကြည့်ပြီး

'ဩော် ဒီအခန်းမှာ လူရှိတာကိုး'

ဆိုသည့် အဓိပ္ပာယ်နှင့် ခပ်ဆင်ဆင် စကားတစ်ခွန်းကို ရေရွတ်လိုက်သည်။ ချက်ချင်းပင် ထိုချာတိတ်၏ အကြည့်က အခန်းတွင်းမှ သူ့ကို ကျောပေးထားသော ကလေးထိန်းစက်ရုပ်ကို မြင်လိုက်သည်နှင့်

'ဟာ ပြဿနာ တက်တော့မှာပဲ'

လွှတ်ခနဲ ပြောပြောဆိုဆိုနှင့် တစ်ဟုန်ထိုး ပြေးဝင်သွားပြီး စက်ရုပ်၏ နောက်ကျောရှိ တစ်နေရာကို လက်ဖြင့် ဖိသလို တွန်းသလို လုပ်လိုက်ရာ ကော်ဖီဖျော်လက်စ စက်ရုပ်၏ လှုပ်ရှားမှုတွေအားလုံး တုံ့ခနဲ ရပ်သွား၏။ စက်ရုပ်၏ လက်တစ်ဖက်က ကော်ဖီဇွန်းကို ကိုင်လျက်သား တန်းလန်းနှင့်ပင် လေထဲမှာ တန့်နေသည်။

ဖိုးသားက

'ဟင် မင်း မင်း ဘာလုပ်လိုက်တာလဲ၊ စက်ရုပ် ပျက်သွားပြီ'

ထို ချာတိတ်က ရယ်မောလိုက်ရင်း

'မပျက်ပါဘူးကွ၊ မင်းကလည်း 'အ'လိုက်တာ၊ ဟောဒီမှာ ကြည့်၊ ခလုတ်တွေ့လား၊ အဲဒီ ခလုတ်ကို ပိတ်ထားလိုက်ရင် စက်ရုပ်က ရပ်သွားရော'

'ဩော်'

ဖိုးသားက ထို ချာတိတ်၏ လှုပ်ရှားမှုနှင့် စကားသံတိုင်းကို အဆန်းတကြယ်လို ငေးမောကြည့်နေမိသည်။ စိတ်ထဲမှလည်း သူ့ကိုယ်သူ မေးခွန်းထုတ်နေမိ၏။

ကြည့်စမ်း၊ စက်ရုပ်ဆိုတာ ကိုယ်လိုရင် လိုသလို ခလုတ်ဖွင့်လို့ ပိတ်လို့ ရမှန်း ငါဘာဖြစ်လို့ မသိရပါလိမ့်။ ဟော သူကျတော့ ငါ့ထက် အများကြီးပို သိနေပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသား တွေးနေစဉ်မှာပင် ဝင်လာသော ချာတိတ်က သွက်လက်စွာဖြင့်

'ငါ့နာမည်က ဇော်ဇော်ကွ၊ ငါက ၁၁ ထပ်မှာနေတာ၊ မင်း နာမည် ကကော'

'ငါ ငါ့နာမည်က ဖိုးသား'

နာမည်ပြောဖို့ရန်ပင် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသော ဖိုးသားကို ကြည့်ပြီး ဇော်ဇော်က

'ငါ့အသက် ၉ နှစ်ရှိပြီ၊ မင်းကကော'

ဒီတစ်ခါတော့ ဖိုးသားက အမှန်အတိုင်း မဖြေချင်ပါ။

သူ့ကို သိပ် ငယ်ရွယ်လွန်းသေးသော ကလေးလေး တစ်ယောက်ဟု အောက်မေ့သွားမည်ကို သူမကြိုက်လှ။ ထို့ကြောင့် ဖိုးသားက အနည်းငယ် လိမ်းလွဲပြောလိုက်၏။

'ငါ့ အသက်က ၆ နှစ်'

BURMESE CLASSIC

'ဟင် ဒါဆို မင်း ကျောင်း သွားမတက်ဘူးလား ဖိုးသား'

ဇော်ဇော်၏ အမေးကြောင့် ဖိုးသားက ငေးကြောင် ဆွံ့အစွာ ကြည့်ရင်း ခေါင်းခါလိုက်၏။ နောက်

'ကျောင်းဆိုတာ ဘာလဲဟင်'

'ဩော် ဟိုဟာကွာ.. မင်းကလည်း၊ ကျောင်းဆိုတာ ငါတို့လို ကလေး တွေအများကြီးရှိတဲ့ နေရာပေါ့၊ အဲဒီမှာ ဆရာမတွေလည်း ရှိတယ်၊ ဆရာကြီး တွေလည်း ရှိတယ်၊ စာအုပ်တွေလည်း ရှိတယ်၊ အဲဒီစာအုပ်တွေနဲ့ ကလေးတွေ ကို စာရေးတတ် ဖတ်တတ်အောင် သင်ပေးတာပေါ့'

စာအုပ်တဲ့..။ စာအုပ်ဆိုသည်မှာ ဖေဖေနှင့် မေမေတို့ တစ်ခါတစ်ခါကျ ရင် လက်ထဲမှာ ကိုင်ပြီး ကြည့် ကြည့်နေကြတဲ့ လေးထောင့်ပုံ အချပ်တွေကို ပြောတာဖြစ်မည်ဟု ဖိုးသား သိလိုက်၏။ ဖိုးသားက

'စာဖတ်တတ်သွားရင် ဘာဖြစ်လာမှာလဲ'

ဒီတစ်ခါတော့ ဖိုးသား၏ မေးခွန်းကြောင့် ခေါင်းကုတ်ကာ အဖြေရှာ မရ ဖြစ်သွားသူက ဇော်ဇော်ပင်။ သူက

'ငါလည်း သေသေချာချာတော့ မသိဘူးကွ၊ လူကြီးတွေကတော့ အမြဲ ခဏပြောတာပဲ၊ 'စာမတတ်ရင် အသက်ကြီးတဲ့အခါ ဒုက္ခရောက်မယ်' တဲ့။ အခု ငါ သိပ်နေမကောင်းလို့ ကျောင်းက ခွင့်ယူထားတာကိုတောင် ငါ့အမေက စာ တွေ မလိုက်နိုင်ရင် ဒုက္ခပါပဲဆိုပြီး စိတ်ပူနေမိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အသက်ကြီးတဲ့အခါ ဒုက္ခရောက်မယ်'တဲ့။ ဒီ စကားကိုတော့ ဖိုးသား နားရှည်ဝနေသည်မှာ ကြာပြီဖြစ်၏။ ဖေဖေနှင့် မေမေက မကြာခဏ ပြောလွန်းသောကြောင့်ပင်။

'သားလေးကို ကြည့်စမ်း၊ ဘယ်လောက် အပြစ်ကင်းသလဲ၊ ဘယ်လောက် ချစ်စရာကောင်းလဲ၊ အင်း...ကလေးဘဝပဲ အေးချမ်းတယ်'၊ လူ့လောက ရှုပ်ရှုပ်ထွေးထွေးကြီးထဲ တိုးဝင်ရတာ စိတ်ရှုပ်စရာကြီး၊ အသက် ကြီးလာတာနဲ့ အမျှ အပူအပင်တွေ၊ တာဝန်တွေ များလာတာပဲ၊ သိပ် ဒုက္ခ ရောက်တယ်'

တကယ်တော့ ဒီစကားတွေက ဖိုးသားအတွက် အဓိပ္ပာယ် ဖမ်းဆုပ်ရ ခက်ခဲလွန်းသော စကားလုံးတွေဖြစ်၏။ ဖိုးသား ဘာမှ နားမလည်ပါ။

တွေဝေ ငေးငိုင်နေသော ဖိုးသားကို ကြည့်ရင်း ဖော်ဖော်က

'ငါလည်း ကျောင်းမသွားရတော့ ပျင်းနေတာနဲ့ အတော်ပဲ၊ မနက်ဖြန် နေ့လယ်လောက်ဆို မင်းနဲ့ လာကစားမယ်နော်၊ ရတယ် မဟုတ်လား'

ထိုစကားကို ကြားရတော့ ဖိုးသားစိတ်ထဲတွင် မြူးထူးသွားပြီး ခေါင်းကို ခပ်မြန်မြန် ညိတ်ပြလိုက်၏။ ဖော်ဖော်က

'ဒါဆို ပြီးရော၊ မနက်ဖြန်ကျရင် နှစ်နာရီခွဲလောက် လာခဲ့မယ်၊ နှစ်နာရီ ခွဲခါနီး ငါး မိနစ်အလိုလောက်ကျရင် မင်း စက်ရုပ်ကို ခလုတ်ပိတ်ထားလိုက်'

'ဟင် နှစ်နာရီဆိုတာ ဘာလဲ၊ ငါးမိနစ် ဆိုတာကကော'

ပါးစပ်အဟောင်းသားဖြင့် ပြန်မေးနေသည့် ဖိုးသားကို ကြည့်ရင်း ဖော်ဖော်က

'ဘာလဲ မင်း နာရီ မကြည့်တတ်ဘူးလား ဖိုးသား'

'အင်း'

ဖော်ဖော်က အိမ်ခန်းနံရံတွေဆီသို့ တစ်ချက် ဝေ့ကြည့်လိုက်ပြီး

'ဟင် ဟုတ်ပါရဲ့၊ မင်းတို့ အိမ်မှာလည်း နာရီတစ်လုံးမှ မရှိပါလား'

ပြောပြောဆိုဆိုနှင့် ဖော်ဖော်က သူ့အင်္ကျီအိတ်ကပ်ထဲမှ လက်နှစ်လုံး သာသာခန့်ရှိသော ဒစ်ဂျစ်တယ် အိတ်ဆောင်နာရီလေးကို ထုတ်ယူပြီး ဖိုးသားကို လှမ်းပေးလိုက်သည်။

'ရော့.. မင်းပဲ ယူထားလိုက်တော့၊ ငါ့မှာ နောက်ထပ်တစ်လုံး ရှိသေးတယ်'

ဖိုးသားက တုန်ယင်နေသော လက်ဖြင့် လှမ်းယူရင်း နာရီမျက်နှာပြင် ဒိုင်ခွက်ပေါ်တွင် တဖျပ်ဖျပ် လင်းနေသည့် ကိန်းဂဏန်းများကို ကြောင်ငေး ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com


အကင်းပါးသော ဇော်ဇော်က ဖိုးသား၏ မျက်နှာပေါ်မှ အဓိပ္ပာယ်ကို ချက်ချင်း ဖမ်းယူမိသွားပြီး

'ဩော် ဟုတ်တာပေါ့၊ မင်းက ကျောင်းမှ မနေရသေးတာ၊ ဒီဂဏန်းတွေကို ဘယ်သိဦးမလဲ၊ ကိစ္စမရှိဘူး ဖိုးသား၊ ဂဏန်းတွေကို ရေတွက်ရတာ လွယ်လွယ်လေးပဲ၊ ဒီမှာကြည့် ငါ သင်ပေးမယ်၊ ဟောဒီလို ရေးထားတာကို 'တစ်' လို့ ခေါ်တယ်'

'တစ်'

ဖိုးသားက ခပ်တိုးတိုး လိုက်ရွတ်ဆိုမိ၏။ ဇော်ဇော်ကတော့ စာရွက်ပေါ်မှာ ကိန်းဂဏန်းတွေကို ရေးချလိုက်၊ အသံထွက်ပြီး ရွတ်ပြလိုက်နှင့် ဖိုးသားကို သင်ပေး၏။

ဖိုးသား စိတ်ထဲမှာ ပျော်သလိုလို ဖြစ်လာသည်။ အသိ 'အသစ်' တစ်စုံတစ်ရာသည် ကောင်းကင်မှ မိုးတိမ်တွေကို ငေးကြည့်ရသည်နှင့် မတူသော ခံစားမှုတစ်မျိုးကို ပေး၏။

'မင်းက ဉာဏ်ကောင်းသားပဲ ဖိုးသား၊ အခု ကြည့်စမ်း၊ တစ်ကနေ တစ်ဆယ်ကို ခဏလေးနဲ့ရသွားပြီ၊ နေဦး နေဦး ကြည့်တတ်အောင်ပါ ငါ သင်ပေးခဲ့မယ်၊ ဟောဒီ အစက်လေး နှစ်စက်ရဲ့ ရှေ့က ဂဏန်းကို 'နာရီ' လို့ ခေါ်တယ်၊ နောက်ကဟာက 'မိနစ်'၊ မှတ်မိတယ်နော်'

အင်း ငါလည်း ဇော်ဇော့်လို အများကြီးသိတဲ့ လူတစ်ယောက် ဖြစ်ချင်လိုက်တာ။

ဇော်ဇော်က

'ကဲ.. ဒီနေ့တော့ ဆော့ဖို့ အချိန်မရှိတော့ဘူး၊ မနက်ဖြန်ကျမှပဲ လာတော့မယ်၊ ငါထွက်သွားပြီးရင် တံခါးပြန်ပိတ်ပြီးမှ မင်းရဲ့ စက်ရုပ်နောက်ကျောက ဟောဒီ ခလုတ်ကလေးကို ဖိလိုက်၊ အဲဒါ အဖွင့်အပိတ် ခလုတ်ပဲ၊ ကဲ ငါသွားပြီ.. တာ့တာ'

[ ၂ ]

ဒီလိုနဲ့ ဖိုးသားတစ်ယောက် နေ့စဉ် နှစ်နာရီခွဲနီးပါး ဆိုလျှင် 'ကလေးထိန်းစက်ရုပ်' ကို ခလုတ်ပိတ်ထားပြီး သူ့ကစားဖော် ဇော်ဇော် ရောက်အလာကို မျှော်တတ်လာသည်။

ဇော်ဇော်ကလည်း အမြဲတမ်းလိုလို ကစားနည်းအသစ်တွေကို သင်သင်ပေး၏။ ဖိုးသား အကြိုက်ဆုံး ကစားနည်းကတော့ 'ကျောက်ရုပ်' ကစားနည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထို ကစားနည်းမှာ သူတို့နှစ်ယောက် အနက် ဦးရာလူ တစ်ယောက် ယောက်က 'ကျောက်ရုပ်'ဟု အော်လိုက်လျှင် ကျန်တစ်ယောက်က လှုပ်ရှား လက်စ ကိုယ်နေဟန်ထားအတိုင်း နေရထိုင်ရ အဆင်ပြေပြေ မပြေပြေ ဒီအတိုင်း ကျောက်ရုပ်ပမာ ရုပ်တန့်နေလိုက်ရသည်။

နောက်တစ်ကြိမ် 'ကျောက်ဖျက်'ဟု အော်လိုက်မှသာ နဂိုအတိုင်း ဆက်လက်လှုပ်ရှား သွားလာခွင့်ရ၏။ တစ်ခါတစ်ရံ ဖော်ဖော်တစ်ယောက် အိပ် ခန်းထဲသို့ ဝင်ဝင်ချင်း ဘွတ်ဖိနပ်ကို ကြိုးဖြေနေစဉ် ဖိုးသားက 'ကျောက်ရုပ်' ဟု အော်လိုက်လျှင် ဖိနပ်ကြိုးဖြေလက်စ တန်းလန်း အမူအရာအတိုင်း ကုန်းကုန်းကွကွ ဖြစ်နေပုံမှာ ရယ်စရာကောင်းလှ၏။

ဖိုးသား၏ မိဘနှစ်ဦးစလုံးကတော့ သူတို့ အလုပ်သွားနေစဉ်အတွင်း အိမ်ကို ဖော်ဖော် လာတတ်မှန်း လုံးဝ မရိပ်မိကြ။

ဘာရယ်ကြောင့်မှန်း မသိ၊ ဖိုးသားက သူ့ဖေဖေနှင့် မေမေကို သူ့မှာ သူငယ်ချင်းအသစ် တစ်ယောက်ရနေသည့်အကြောင်း ပြောပြရမှာ ဝန်လေးတွန့် ဆုတ်နေ၏။ သူ့ကို စောင့်ကြည့်ဖို့ ထားရစ်ခဲ့သော 'ကလေးထိန်းစက်ရုပ်'ကို ခလုတ်ပိတ်ထားသည်မှာလည်း အပြစ်ရှိမှန်း ဖိုးသား ရင်ထဲက အလိုလို သိနေ တာကြောင့်လည်း ပါသည်။

ဒီအကြောင်းတွေကို ဖွင့်ပြောလိုက်လျှင် ကျိန်းသေပေါက် အဆူခံ အရိုက်ခံရတော့မည်ဟု ဖိုးသားထင်နေ၏။ သို့သော် ကာလကြာရှည်စွာ ထိမ် ချန်လျှို့ဝှက်ထားရသည်ကိုလည်း စိတ်က မလုံချေ။

တစ်နေ့နေ့မှာ သိများ သိသွားလျှင်တော့ ဟူသည့် အတွေးက အိပ်ရာ ဝင်ခါနီးအချိန်တိုင်းမှာ ဖိုးသားကို ခြောက်လှန့်နေ၏။

တစ်ညမှာတော့ အိပ်မပျော်နိုင်လွန်းသောကြောင့်

'ဘာပဲဖြစ်ဖြစ် ငါ ဖွင့်ပြောလိုက်တော့မယ်'

ဟူသည့် အတွေးဖြင့် အိပ်ရာထဲမှထကာ သူ့စိတ်ကို အားတင်းပြီး ညဉ့်နက်သန်းခေါင်အထိ အလုပ်လုပ်နေသော ဖခင် ဖြစ်သူ၏ စာရေးစားပွဲဆီသို့ လှမ်းလာခဲ့၏။

ပင်ပန်းနွမ်းနယ်နေပုံပေါ်သည့် ဖေဖေက စာကြည့် မျက်မှန်ကိုင်းပေါ်မှ ကျော်ကာ ဖိုးသားကို လှမ်းကြည့်ရင်း

'ဟော သားလေး တစ်ရေးနိုးလာပြီလား၊ ဘာစားချင်လို့လဲ၊ ကလေးထိန်း စက်ရုပ်ကို လုပ်ခိုင်းလိုက်လေ'

'သား ဖေဖေ့ကို စကားပြောချင်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟူး ဖေဖေ အလုပ်အားတဲ့ရက်ကျမှ ပြောမယ်လေ သားရယ် နော်၊ ဖေဖေ အခုသိပ် အလုပ်ရှုပ်နေတာ သားတွေ့တယ် မဟုတ်လား၊ သားက လိမ္မာပါတယ်ကွာ'

ဖိုးသားက မျက်လုံး ပြူးကြောင်ကလေးဖြင့် ဖခင်ဖြစ်သူကို ငေးကြည့်ကာ

'ဖေဖေ အလုပ်လုပ်ရတာက သိပ် ပင်ပန်းသလားဟင်'

'ပင်ပန်းတာပေါ့ သားရယ်၊ တကယ်တော့ သားတို့လို ကလေးဘဝပဲ ကောင်းတယ်၊ လူကြီး ဖြစ်လာရင် စိတ်ညစ်ရတယ် သားရဲ့'

'ဒါဆို သား အခုလိုနေတာ ပျော်စရာကောင်းတာပေါ့နော်'

ဖေဖေက နွမ်းနယ်စွာ အရေးအကြောင်းတွေ ထပ်နေသည့် မျက်နှာ အိုအိုကို နှစ်လိုစွာ ပြုံးလိုက်ပြီး

'ဒါပေါ့ သားရဲ့၊ သားက စနေနေ့တိုင်းဆို ကစားကွင်းကိုလည်း သွားရတယ်၊ ဟော အခုလို ရက်တွေဆိုလည်း ပြတင်းပေါက်ကနေ တိမ်တွေက နဂါးကြီးဖြစ်လိုက်၊ ဆင်ကြီး ဖြစ်လိုက်နဲ့ အကောင်မျိုးစုံ မြင်ရတယ်၊ ဟုတ်တယ် မဟုတ်လား သားရဲ့…ကဲကဲ သား သွားပြန်အိပ်ချေတော့၊ ဖေဖေ အလုပ် လုပ်လိုက်ဦးမယ်'

ဖိုးသားက အိပ်ရာဆီသို့ တစ်လှမ်းချင်း လှည့်ပြန်လာခဲ့သည်။ ဖေဖေ ပြောတာလည်း ဟုတ်သလိုလိုပဲဟု သူတွေးနေမိ၏။

ဒါပေမဲ့ ဂဏန်းသင်္ချာတွေကို ရေတွက်ရတာကျတော့ ဘယ်လို ပျော် စရာတွေ အမျိုးအစားထဲမှာ ထည့်သွင်းရမလဲ။ အခုဆိုရင် တစ်၊ နှစ်၊ သုံး၊ လေးဂဏန်းတွေကို ချရေးတတ်နေပြီဆိုတာ ဖေဖေ့ကို ပြောပြလိုက်ရမလား။

အို မဖြစ်သေးဘူး၊ ထင်တယ်။

စိတ်ရှုပ်ထွေးစွာဖြင့်ပင် ခုတင်ပေါ်တက်ကာ စောင်ကို မျက်နှာပေါ် ဖုံးအုပ်မိသည်အထိ ဆွဲယူခြုံလိုက်၏။ ထို့နောက် မွေ့ရာအောက်တွင် ဖွက်ထား သော ဒစ်ဂျစ်တယ်နာရီလေးကို ထုတ်ပြီး စောင်ခေါင်းမြီးခြုံ အောက်တွင် တိတ်တိတ်ကလေး ခိုးကြည့်နေမိသည်။

စောင်အတွင်းဘက် အမှောင်ထုထဲတွင် နာရီမှန်သားပြင်ပေါ်မှ အစိမ်း ရောင် ဂဏန်းနံပါတ်များက ဖျပ်ခနဲ ဖျပ်ခနဲ လင်းလက်နေကြ၏။

[ ၂ ]

ဇော်ဇော်က အခန်းတွင်းသို့ ဝင်လာပြီးသည်နှင့် ဖိနပ်ကိုချွတ်ကာ စင်ပေါ် တက်လိုက်ပြီး ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ သူ့ပုံစံက

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားကတော့ ဇော်ဇော် လုပ်သမျှကိုသာ တငေးတမော ကြည့်နေဖြစ်သည်။

ဇော်ဇော်က

'ဒီနေ့ တို့ ဘာလုပ်တမ်း ကစားကြရင် ကောင်းမလဲ'

'ပုံပြောတမ်း ကစားရအောင်ကွာ၊ မင်း အရင်စပြီး ပြော'

ဖိုးသား၏စကားကြောင့် ဇော်ဇော်က တစ်ချက် စဉ်းစားလိုက်ပြီး

'အင်း… မင်းက ဘယ်လို ပုံပြင်မျိုး နားထောင်ချင်လို့လဲ ဖိုးသား'

'ဟို ဟိုကွာ၊ ကြောက်စရာကောင်းတဲ့ ပုံပြင် ပြောပြ၊ ဟိုဒင်း ဘာခေါ်လဲ… သရဲပုံပြင်လို ဟာမျိုးပေါ့'

'အင်း အင်း'

ဇော်ဇော်က လူကြီးဆန်သော အာလုတ်သံဖြင့် ပြောလိုက်သည်။

'ဟိုး…ရှေးရှေးတုန်းကတဲ့။ လူကြီးတွေဟာ သူတို့ချင်းဆုံမိကြတုန်း သူတို့ရဲ့သားသမီးတွေအကြောင်း ပြောကြဆိုကြရင်း အင်မတန်ကြောက်စရာကောင်းတဲ့ ကိစ္စတွေကို ဆွေးနွေးမိလျက်သား ဖြစ်သွားကြတယ်။ မိန်းမကြီး တစ်ယောက်က စပြီး ရင်ဖွင့်တာက စတာပဲ။ အဲဒီ အဒေါ်ကြီးက ဘာပြောလဲဆိုတော့

'ကလေးတွေကို မွေးရတာ ငယ်တုန်းအချိန်မှာပဲ ချစ်စရာကောင်းတယ်၊ နည်းနည်းကလေးလည်း ကြီးကောင်ဝင်လာရော မိဘကို အာခံတော့တာပဲ'တဲ့။

သည့်ပြင် မိန်းမကြီး တစ်ယောက်ကလည်း

'ဟုတ်တယ်၊ ဟုတ်တယ်… သူတို့လေးတွေ ကြီးလာရင် မိဘက မဖြစ်စေချင်တာကို တားနေတဲ့ကြားက ဇွတ်တိုးပြီးလုပ်ကြ၊ ပြီးရင် ဒုက္ခတွေ ရောက်ကြနဲ့ မွေးခဲ့ရတဲ့ မိဘက ရင်ကျိုးရတော့တာပဲ။ ကျွန်မကတော့ ဖြစ်နိုင်ရင် သူတို့ကို တစ်သက်လုံး ရင်ခွင်ပိုက်ပြီးတော့သာ ယုယနေချင်တော့တာပဲ'တဲ့။

'အဲဒီလို ပြောကြဆိုကြရင်းနဲ့ မိဘတွေအားလုံးဟာ တညီတည်း နီးပါး လေသံထွက်လာကြတယ်။ အဲဒါကတော့ သူတို့ရဲ့ ကလေးတွေကို ကလေးလေး ဘဝထက် ပိုပြီး ကြီးပြင်းမလာဘဲ တစ်သက်လုံး သူတို့ကသာ ရင်ခွင်ပိုက်ပြီး ပြုစုနေချင်တယ် ဆိုတဲ့ အချက်ပဲ။

'အဲဒီ လူအုပ်စုထဲမှာ အင်မတန်တော်တဲ့ သိပ္ပံပညာရှင်ကြီး တစ်ယောက်ကလည်း ပါနေတာကိုး။ ဒါနဲ့ အဲဒီ သိပ္ပံပညာရှင်ကြီးက သောကရောက်နေကြတဲ့ မိဘတွေကို ကယ်ဖို့ဆိုပြီး ထိုးဆေးတစ်မျိုး တီထွင်လိုက်တယ်။



'အဲဒါကတော့ ကလေးငယ်လေးတွေကို 'ကြီးထွားမှု ရပ်တန့်စေတဲ့ဆေး'။ သိပ္ပံပညာရှင်ကြီးက သူ့ ဆေးရဲ့အစွမ်းကို သူ့သားအရင်နဲ့ လက်တွေ့စမ်းသပ်ပြတာတဲ့။ သုံးနှစ်အရွယ်ပဲရှိတဲ့ သားလေးကို အဲဒီဆေး ထိုးလိုက်တာ နောက်နှစ် နောက်နှစ်တွေလည်း အဲဒီ ကလေးဟာ သုံးနှစ်သားအရွယ်ကနေ ထပ်ပြီး မကြီးလာတော့ဘူးတဲ့။

'အဲဒါကိုတွေ့ရတော့ တချို့ ကလေးမိဘတွေက 'ကျွန်တော်တို့ ကျွန်မတို့ရဲ့ ကလေးတွေကိုလည်း အဲဒီ ဆေးထိုးပေးပါ'ဆိုပြီး အတင်းအကျပ် ပိုင်းတောင်းဆိုကြတယ်။

'တချို့ မိဘတွေကျတော့လည်း 'ကလေးတွေကို အဲဒါမျိုးမလုပ်သင့်ဘူး' ဆိုပြီး ကန့်ကွက်ကြပြန်တယ်။ ဒါနဲ့ စိတ်သဘောထားကွဲနေတဲ့ သူတွေ အားလုံး အဆင်ပြေသွားအောင် စည်းကမ်းတစ်ခု ထုတ်လိုက်တယ်။ အဲဒါက ဘာလဲဆိုတော့

'ဆေးထိုးစေချင်တဲ့ မိဘတွေဟာ ငါးနှစ်အရွယ် ရှိတဲ့ ကလေးတွေကိုပဲ ဒီဆေးထိုးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခြောက်နှစ်လောက် ရောက်သွားပြီဆိုရင် ကလေးရဲ့ဦးနှောက်က သိတတ်၊ မှတ်တတ်၊ တွေးတတ်လာပြီ။ အဲဒီအရွယ်မှာ ဆေးထိုးခံလိုက်ရလို့ ကြီးထွားမှု ရပ်တန့်သွားမယ်ဆိုရင် ကလေးရဲ့ အသိဉာဏ်ထဲမှာ နားမလည်နိုင်တာတွေ ဖြစ်လာပြီး ရှုပ်ထွေးကုန်မှာ စိုးလို့ပဲ။

'နောက်ပြီး ဆေးထိုးခံထားရတဲ့ ကလေးတွေကို ပုံမှန်ကလေးတွေနဲ့ လုံးဝတွေ့ခွင့်မရအောင် သီးခြားခွဲထားရမယ်၊ ကစားရမယ့် ကစားကွင်းနေရာတို့၊ ကစားရမယ့်အချိန်တို့ကိုလည်း သတ်သတ် စီစဉ်ပြီး ကြီးထွားမှုရပ်နေတဲ့ ကလေးတွေချည်းပဲ စုပြီး ပေးကစားရမယ်ဆိုတဲ့ စည်းကမ်းပဲ။

'အဲဒီလို စီစဉ်ပြီး…ဟင်… ဖိုးသား၊ ဖိုးသား မင်း ဘာဖြစ်သွားတာလဲ…' ဇော်ဇော်က စီကာ စဉ်ကာ ပြောနေရာမှ ဖိုးသား၏ မျက်နှာကို လှမ်းကြည့်မိချိန်တွင် အလန့်တကြား ဖြစ်သွား၏။'

ဖိုးသား၏ မျက်နှာတစ်ခုလုံးကတော့ သွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

သူ့ကိုယ်သူ ဘာလဲ ဆိုသည်ကို အခု တစ်ခဏအတွင်းမှာပင် ချောက်ချား တုန်လှုပ်စွာ သိလိုက်ရလေပြီ။

'ဇော်ဇော်… မင်းနဲ့ စတွေ့ခါစတုန်းက ငါလိမ်ပြောခဲ့တာ၊ ငါ့အသက် ငါ့အသက်က ငါး… ငါးနှစ်'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ ကလေးငယ်လေးတွေကို 'ကြီးထွားမှု ရပ်တန့်စေတဲ့ ဆေး'။ သိပ္ပံပညာရှင်ကြီးက သူ့ ဆေးရဲ့အစွမ်းကို သူ့သားအရင်းနဲ့ လက်တွေ့ စမ်းသပ်ပြတာတဲ့။ သုံးနှစ်အရွယ်ပဲရှိတဲ့ သားလေးကို အဲဒီဆေး ထိုးလိုက်တာ နောက်နှစ် နောက်နှစ်တွေလည်း အဲဒီ ကလေးဟာ သုံးနှစ်သားအရွယ်ကနေ ထပ်ပြီး မကြီးလာတော့ဘူးတဲ့။

'အဲဒါကိုတွေ့ရတော့ တချို့ ကလေးမိဘတွေက 'ကျွန်တော်တို့ ကျွန်မတို့ရဲ့ ကလေးတွေကိုလည်း အဲဒီ ဆေးထိုးပေးပါ'ဆိုပြီး အတင်းအကျပ် ပိုင်းတောင်းဆိုကြတယ်။

'တချို့ မိဘတွေကျတော့လည်း 'ကလေးတွေကို အဲဒါမျိုးမလုပ်သင့်ဘူး' ဆိုပြီး ကန့်ကွက်ကြပြန်တယ်။ ဒါနဲ့ စိတ်သဘောထားကွဲနေတဲ့ သူတွေ အားလုံး အဆင်ပြေသွားအောင် စည်းကမ်းတစ်ခု ထုတ်လိုက်တယ်။ အဲဒါက ဘာလဲ ဆိုတော့

'ဆေးထိုးစေချင်တဲ့ မိဘတွေဟာ ငါးနှစ်အရွယ် ရှိတဲ့ ကလေးတွေကိုပဲ ဒီဆေးထိုးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခြောက်နှစ်လောက် ရောက်သွားပြီဆိုရင် ကလေးရဲ့ဦးနှောက်က သိတတ်၊ မှတ်တတ်၊ တွေးတတ်လာပြီ။ အဲဒီအရွယ်မှာ ဆေးထိုးခံလိုက်ရလို့ ကြီးထွားမှု ရပ်တန့်သွားမယ်ဆိုရင် ကလေးရဲ့ အသိဉာဏ်ထဲမှာ နားမလည်နိုင်တာတွေ ဖြစ်လာပြီး ရှုပ်ထွေးကုန်မှာ စိုးလို့ပဲ။

'နောက်ပြီး ဆေးထိုးခံထားရတဲ့ ကလေးတွေကို ပုံမှန်ကလေးတွေနဲ့ လုံးဝတွေ့ခွင့်မရအောင် သီးခြားခွဲထားရမယ်၊ ကစားရမယ့် ကစားကွင်းနေရာတို့၊ ကစားရမယ့်အချိန်တို့ကိုလည်း သတ်သတ် စီစဉ်ပြီး ကြီးထွားမှုရပ်နေတဲ့ ကလေးတွေချည်းပဲ စုပြီး ပေးကစားရမယ်ဆိုတဲ့ စည်းကမ်းပဲ။

'အဲဒီလို စီစဉ်ပြီး..ဟင်.. ဖိုးသား၊ ဖိုးသား မင်း ဘာဖြစ်သွားတာလဲ..' ဇော်ဇော်က စီကာ စဉ်ကာ ပြောနေရာမှ ဖိုးသား၏ မျက်နှာကို လှမ်းကြည့်မိချိန်တွင် အလန့်တကြား ဖြစ်သွား၏။'

ဖိုးသား၏ မျက်နှာတစ်ခုလုံးကတော့ သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

သူ့ကိုယ်သူ ဘာလဲ ဆိုသည်ကို အခု တစ်ခဏအတွင်းမှာပင် ချောက်ချား တုန်လှုပ်စွာ သိလိုက်ရလေပြီ။

'ဇော်ဇော်.. မင်းနဲ့ စတွေ့ခါစတုန်းက ငါလိမ်ပြောခဲ့တာ၊ ငါ့အသက် ငါ့အသက်က ငါး.. ငါးနှစ်'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ပြောရုံမျှနှင့်ပင် အကင်းပါးသော ဇော်ဇော်က ဖိုးသား ဘာဖြစ်နေသည်ကို ရိပ်မိလိုက်လေတော့သည်။

'မင်း.. မင်းက ကြီးထွားမှုရပ်နေတဲ့ ကလေးပေါ့ ဟုတ်လား… ဖိုးသား ဒါ…ဒါဆို ငါ ငါသွားမှဖြစ်မယ်ထင်တယ်၊ ကြီးထွားမှုရပ်နေတဲ့ ကလေးတွေဟာ ငါတို့လို ပုံမှန်ကလေးတွေနဲ့ လုံးဝတွေ့ခွင့်မရှိဘူး၊ တော်ကြာ ငါ့ ငါ့အပြစ်ဖြစ်နေလိမ့်မယ်'

'နေပါဦး၊ နေပါဦးကွ၊ ငါ့ကို ခင်ရင် နေပါဦး ဇော်ဇော်ရာ'

မျက်ရည်အဝဲသားနှင့် တောင်းပန်နေသော ဖိုးသား၏တုန်တုန်ယင်ယင် စကားသံကြောင့် ဇော်ဇော်က လေးကန်စွာဖြင့်ပင် ဆိုဖာပေါ်သို့ ပြန်ထိုင်ချလိုက်၏။

ဖိုးသားက

'ငါ ငါ ဘာလုပ်ရမလဲ ဟင်၊ ငါ မင်းလို ပုံမှန်ကလေးတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်ကွာ၊ အဲဒီလိုဖြစ်အောင် ဆေးတွေ ဘာတွေ ပြန်ထိုးလို့ မရဘူးလားဟင်'

ဇော်ဇော်က ခေါင်းကို ကုတ်ရင်း

'ဖြေဆေးတော့ ရှိတာပေါ့၊ ဒါပေမဲ့ မိဘတွေက သဘောတူမှ ထိုးလို့ရမှာလေ၊ မင်းအဖေနဲ့ အမေကို ဖြေဆေးထိုးပေးဖို့ ပြောကြည့်ပါလား'

ဖိုးသားက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။ ဒါတော့ ဖြစ်နိုင်မည်မထင်ပါ။ ဖေဖေနှင့် မေမေက တစ်ချိန်လုံး လိုလို

'ကလေးဘဝပဲ ကောင်းတယ်'

ဟု ပြောနေကျ စမြဲ မဟုတ်လား။ ဒီအတိုင်းဆို သူ ဘာဆက်လုပ်ရမည်မှန်းပင် မသိတော့။ ဒီလို ငါးနှစ်သားကလေးဘဝ ကျဉ်းကျဉ်းလေးထဲက ထွက်ပြေးလွတ်မြောက်ဖို့ လမ်းမရှိတော့ဘူးလား။

ဖိုးသားက ဇော်ဇော့်ကို လှမ်းမေးလိုက်သည်။

'မင်း ကကော ဒီအကြောင်းတွေကို ဘယ်လိုလုပ်ပြီး သိတာလဲ ဇော်ဇော်'

'စာအုပ်တွေထဲမှာ ဖတ်ရတာကွ ဖိုးသားရ'

ဟုတ်တာပေါ့၊ ဖိုးသား မသိသော အကြောင်းအရာတွေကို စာအုပ်တွေထဲမှာ ဖတ်ထားသော ဇော်ဇော်က သူ့ထက်စာလျှင် ပိုပြီး သိကာ ပိုပြီးလူကြီးဖြစ်နေသည်ပဲ မဟုတ်လား။

'ငါကော စာဖတ်ရင် မရဘူးလားဟင် ဇော်ဇော်၊ ငါ ဒီပုံချည်းပဲ တစ် သက်လုံး ကလေးလေး ဘဝနဲ့ ရပ်မနေချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်က ခေါင်းကို ညိတ်လိုက်ပြီးတော့

'ကောင်းမယ်ထင်တာပဲ၊ စာအုပ်တွေကို ဖတ်ရင် မင်း ဘာသာမင်း သိစရာရှိတာတွေကို သိလာမယ်၊ မင်း ဘာသာမင်း ဘယ်သူ့အကူအညီမှ မပါဘဲ တွေးတတ်လာမယ်၊ အဲဒါဆို မင်းကို ဘယ်သူမှ ထိန်းချုပ်ထားလို့ မရတော့ဘူး'

ဇော်ဇော့် စကားအဆုံးတွင် ဖိုးသားက

'ငါ့ကို စာဖတ်တတ်အောင် သင်ပေးပါကွာနော်'

[ ၄ ]

သည့်နောက်ပိုင်း ရက်တွေမှာတော့ ဖိုးသားတစ်ယောက် နှစ်နှာရှီခွဲသည်အထိ မစောင့်တော့ဘဲ ဖေဖေနှင့် မေမေတို့ အလုပ်ဆင်းရန် အပြင်သို့ ထွက်သွားကြသည်နှင့် တစ်ပြိုင်နက် ကလေးထိန်းစက်ရုပ်ကို ခလုတ်ပိတ်ပစ်လိုက်သည်။

သူ့ ဘာသာသူ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စာဖတ်ခွင့်ရအောင်ဖြစ်၏။ နှစ်နာရီခွဲလျှင် ဇော်ဇော် ရောက်လာပြီး နောက်ထပ် ဖတ်စာ သင်ခန်းစာ အသစ်ကို သင်ပေးသည်။

မနက်ပိုင်း ဖေဖေတို့ အလုပ်သွားချိန်မှ နေ့လယ်အထိ တစ်လျှောက်လုံးမှာတော့ ဖိုးသားက မနေ့က သင်ခန်းစာတွေကို ကျေညက်အောင် ပြန်ဖတ်ချိန်ရ၏။

*အင်း ငါစာဖတ်တတ်နေပြီဆိုတာ ဖေဖေနဲ့ မေမေ သိသွားရင် ဘာများဖြစ်ကြမလဲ။*

ရံဖန်ရံခါတော့ အိမ်ရှေ့ဆိုဖာပေါ်တွင် ထိုင်ကာ စာအုပ်ကို လှန်ဖတ်ရင်း ဖိုးသားတစ်ယောက် ထိုအတွေးကို တွေးမိတတ်သည်။

တစ်ချိန်ချိန်မှာတော့ ဒီကိစ္စကို မလွှဲ မရှောင်သာ အသိပေးကို ပေးရမှာပဲဖြစ်သည်။ ဘယ်အချိန်မှာ ပြောရမလဲ။ ဘယ်လိုပုံစံနဲ့ ပြောရမလဲ။

တစ်ရက်တွင် ဖေဖေနှင့်မေမေက အလုပ်သွားခါနီး ဖိုးသားကို ပွေ့ဖက်နမ်းရှုပ်ကာ အိမ်အပြင်သို့ ထွက်သွားကြသည်။ တံခါးပိတ်သွားသည့်အသံ 'ချောက်'ခနဲ ကြားလိုက်သည်နှင့် ဖိုးသားက သွက်လက်စွာ ထပြီး ကလေးထိန်းစက်ရုပ် ခလုတ်ကို ပိတ်လိုက်၏။

ထို့နောက် သူ့ ထုံးစံအတိုင်း ဖတ်စာ စာအုပ်ကို ဝှက်ထားသည့်နေရာမှ ထုတ်ယူကာ ဆိုဖာပေါ်တွင် ထိုင်ပြီး ဖတ်လေတော့သည်။ ထိုအခိုက်အတန့်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



‘ချောက်…ကျွီ’

သော့လှည့်ဖွင့်သံနှင့်အတူ တံခါးက ကျွီခနဲ ပွင့်သွားပြီး ဖေဖေနှင့် မေမေတို့နှစ်ယောက်သား အိမ်အတွင်းသို့ သုတ်သီး သုတ်ပျာ ဝင်လာရင်း

‘ငါ့ဖိုင်တွဲတွေ ထည့်ထားတဲ့ သားရေအိတ် အညိုလေး အိပ်ခန်းထဲမှာ ကျန်ခဲ့တယ်ထင်တယ်၊ သွားရှာစမ်း’

ဟု ကလေးထိန်းစက်ရုပ်ကို လှမ်းခိုင်းလိုက်၏။ သို့သော် ခလုတ်ပိတ်ခံထားရသည့် စက်ရုပ်က တုတ်တုတ်မျှမလှုပ်။ မေမေက

‘ဟင် စက်ရုပ်က ပျက်သွားပြီ ထင်တယ်’

‘ကျွတ် အရေးထဲကွာ’

ဖေဖေက စိတ်မရှည်စွာ ညည်းညူရင်း အိပ်ခန်းဆီသို့ သွားရန် ခြေလှမ်းပြင်လိုက်၏။ ဖိုးသားက သူ့လက်ထဲမှ စာအုပ်ကို ဝှက်ဖို့ အချိန်မရလိုက်၊ အလန့်တကြားဖြင့် စာအုပ်ကို လွှတ်ချလိုက်ရာ စာအုပ်က ဆိုဖာနှစ်ခုကြားတွင် ညပ်နေ၏။

ဖေဖေက ဖိုးသားကို အမှတ်တမဲ့ လှည့်ကြည့်ရင်း

‘ဟေး ဖေဖေ့သားကြီးက ဘာတွေနဲ့ ကစားနေတာလဲကွဟေ’

ထိုတစ်ခဏမှာပင် ဖိုးသားက ရုတ်ခြည်းစိတ်တစ်မျိုးပြောင်းသွားသည်။ သူက ဆိုဖာနှစ်ခုကြားတွင် ညပ်နေသောစာအုပ်ကို ကုန်းကောက်ယူလိုက်၏။ ထို့နောက် စာအုပ်ကို ဖွင့်လိုက်ပြီး

‘ဖေဖေ သား စာဖတ်တတ်နေပြီ၊ ဒီမှာကြည့် သား ဖတ်ပြမယ်’

*ဖွန်ပန်းရုံအနီး နွံထဲ၌ လှည်းဘီးကျွံနေသည်၊ ကူ၍ တွန်းပေးကြပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူ တွန်းလျှင် ရွေ့နိုင်ပါသည်..’*

ခဏမျှကြာအောင်

ဖေဖေကော မေမေပါ သူ့ကို ကြောင်ငေးပြီး ကြည့်နေကြသည်။ မေမေက တုန်ယင်သော အသံဖြင့်

‘ကြည့်··ကြည့်စမ်းပါဦး၊ ကျွန်မတို့သားလေးက ဉာဏ်ကောင်းလိုက်တာနော်၊ ဒါ ဒါပေမဲ့ သူ သူစာဖတ်တတ်နေပြီဆိုတော့ ဟို ဟိုဒင်း’

‘ဟုတ်တယ် မေမေ၊ သားကို အသက်ကြီးအောင် လုပ်ပေးပါနော်၊ သား ဆက်ပြီး ကလေး မဖြစ်ချင်တော့ဘူး’

သူ့စကားကြောင့် ဖေဖေနှင့်မေမေက တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်လိုက်ကြ၏။ ဖိုးသားက ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



'သားကို ဘာလို့ အသက်မကြီးအောင် လုပ်ထားကြတာလဲဟင်၊ သား ကြီးလာရင် မေမေတို့နဲ့ ခွဲသွားမှာစိုးလို့လား၊ သား ကတိပေးပါတယ် မေမေ ရယ်၊ သား တစ်သက်လုံး မေမေတို့နဲ့ အတူတူနေမှာပါ'

'ဟင့်··ဟင့်·· သားလေးရယ်၊ ခုတော့ သားက ငယ်သေးတာကိုး၊ ဒီလို ပဲပြောမှာပေါ့၊ ဒါပေမဲ့ ဟင့်··ဟင့်··သား အသက်ကြီးလာတဲ့အခါ စိတ် ပြောင်းသွားပြီး မေမေတို့ကို ထားပစ်ခဲ့မှာ ပါပဲကွယ်'

မေမေက ရှိုက်ကာ ရှိုက်ကာ ငိုနေ၏။ ဖေဖေကတော့ ပူနွေးသော သက်ပြင်းကို လေးလေးပင်ပင် မှုတ်ထုတ်လိုက်ပြီး

'မဟုတ်ဘူး သား၊ သားကို အသက်မကြီးစေချင်တာက သားပျော်ရွှင် ဖို့အတွက်ပါ၊ လူကြီးဘဝဟာ တာဝန်တွေများသလို စိတ်ဆင်းရဲစရာတွေလည်း သိပ်များတယ် သား၊ သားရဲ့ အခုလက်ရှိ ဘဝဟာ ဘယ်လောက် ပေါ့ပါးပြီး ပျော်စရာကောင်းသလဲ၊ ကြည့်စမ်း ဟောဟို ပြတင်းပေါက် အပြင်ဘက်က ကောင်းကင်မှာ တိမ်တွေ လွင့်··'

'ဟင့်အင်း၊ အဲဒီ တိမ်တွေကိုကြည့်ပြီး သား စိတ်ကူးမယဉ်ချင်တော့ ဘူး၊ သား ဆော့နေကျ ကစားစရာ အရုပ်တွေကိုလည်း ငြီးငွေ့နေပြီ၊ သား ကိုယ့်ကိုယ်ကိုယ်လည်း ငြီးငွေ့နေပြီ။ တိမ်တွေကို ကြည့်နေလို့လည်း သားမှာ စိတ်ကူးအသစ်တွေ ထပ်မရတော့ဘူး၊ တစ်ခါလာလည်း နဂါးရုပ်၊ တစ်ခါလာ လည်း ဆင်ရုပ်နဲ့··၊ သား ဒီလိုပဲ တစ်သက်လုံး နေသွားရတော့မှာလား'

ဖေဖေကော မေမေပါ သူ့ကို ငေးစိုက်ကြည့်ရင်း ငြိမ်သက်နေကြသည်။ 'သူ့ကို ငါတို့ တားဆီးလို့ မရနိုင်တော့ဘူး' ဟူသည့် အတွေးကို နှစ်ယောက်စလုံး ကိုယ်စီ တွေးနေမိကြ၏။

ဖိုးသားကတော့ အဲသည်လို မထင်။

မလှုပ်မယှက် ကြက်သေသေကာ တောင့်တောင့်ကြီးရပ်နေကြသည့် ဖေဖေနှင့် မေမေ့ အမူအရာသည် 'ကျောက်ရုပ်' လုပ်တမ်း ကစားနေပုံနှင့်တူ သည်ဟု ထင်မိ၏။

ဖေဖေနှင့် မေမေတို့ ပြန်ပြီး အသက်ဝင် လှုပ်ရှားလာအောင် သူကစား သည့်ပုံစံအတိုင်း 'ကျောက်ဖျက်' ဟု အော်ပြီး သူ့လက်သေးသေး ကလေးတွေနှင့် လှမ်းပုတ်လိုက်လျှင် ကောင်းမည်လားဟု တွေးနေမိလေသည်။


**မင်းခိုင်မိုးစန်**

၂၀၀၆၊ နိုဝင်ဘာ၊ သရဖူ

*Margaret Peterson Haddix ရဲ့ Infinity Jinx ဝတ္ထုကို ပြန်လည် ခံစားပြီး ရေးပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com



ရွှေဂျော်ဂျော်က
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - အနုပညာရှင်တချို့က 'ပရိသတ်ဟာ ထမင်းရှင်၊ ကျေးဇူးရှင်တွေပါ'လို့ ခဏခဏ ပြောကြတယ်။ လက်ခံပါသလား။**

ဖြေ - လူတိုင်းဟာ ကလေးဘဝတုန်းကတော့ 'ဖေဖေကြီးကိုချစ်တယ်၊ မေမေကြီးကို ချစ်တယ်'လို့ မုန့်စားရဖို့ ချွဲခဲ့ကြဖူးပါလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ရင့်ကျက်လာတဲ့တစ်နေ့မှာတော့ မိဘကို ချွဲနေဖို့ထက် သားသမီးဝတ္တရား ကျေပွန်အောင် လုပ်ကိုင်ကျွေးမွေးဖို့ပဲ အဓိကကျတော့တယ်။ အဲဒီအရွယ်ကြီးထိ အလုပ်တော့ ပီပီပြင်ပြင် မလုပ်ဘဲ ပါးစပ်နဲ့ပဲ ချွဲနေဦးမယ်ဆိုရင်တော့ 'အပြောနဲ့ လိမ်စား'နေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ပရိသတ်ကြီးကို ရှိခိုးဦးတင်ပြီး သူတောင်းစားချွဲချွဲနေရမှာထက် ကိုယ့်ဝတ္တရားကျေပွန်ဖို့ကို ပိုအာရုံစိုက်ချင်ပါတယ်။

**မေး - ကမ္ဘာကြီးမှာ မရှိသေးတဲ့ အထိမ်းအမှတ်နေ့တစ်နေ့ တီထွင်သတ်မှတ်ပေးရမယ်ဆိုရင် ဘယ်လိုနေ့မျိုး သတ်မှတ်ပေးမလဲ။**


ဖြေ - 'အပြည်ပြည်ဆိုင်ရာ ဒုက္ခပေးသူများနေ့'သတ်မှတ်ချင်တယ်။ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းထဲမှာ လူတွေကို အမျိုးမျိုးဒုက္ခပေး၊ နှိပ်စက်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တတ်တဲ့ ငနဲတွေ အများကြီးရှိပါတယ်။

တချို့က အနုပညာသမားလိုလို အိုက်တင်ခံနေကြတယ်၊ တချို့က လူထုဘက်တော်သားလို့ အတည်ပေါက်ကြီး ကြွေးကြော်ကြတယ်။ ဆက်ဒမ်တို့ ကဒါဖီတို့လို အစိုးရယောင်ဆောင်နေကြတဲ့ လူတွေလည်း ရှိတယ်။ ဘယ်လိုပုံစံနဲ့ပဲရှိရှိ သေချာတာကတော့ သူတို့လုပ်သမျှဟာ သောက်တလွဲတွေချည်းပဲ၊ လူတွေကို အာရုံနှောက်စေတာချည်းပဲ။

●

www.burmeseclassic.com

www.burmeseclassic.com



# မေး

ကျွန်တော် အိမ်ကိုပြန်လာခဲ့တယ်။

လူတစ်ယောက်ပြောတော့

ဒါဟာ ခပ်ကြောင်ကြောင်

ဇာတ်လမ်းတစ်ပုဒ်ပဲတဲ့။

သူပြောတာ ဟုတ်တော့လည်း

ဟုတ်တယ်။

အိမ်က ထွက်သွားတုန်းက

ကျွန်တော်တစ်ယောက်တည်း။

ပြန်လာတော့

နှစ်ယောက်ဖြစ်နေပြီ။

ဟုတ်ပါတယ် 'ကျွန်တော်' နှစ်ယောက်ပါ။ ပိုလာတဲ့ တစ်ယောက်ဟာ ဘယ်က ထွက်လာမှန်း မသိဘူး။ ဒါပေမဲ့ ကျွန်တော်က သူ့ကို မစ္စတာအေ (A) လို့နာမည် ပေးလိုက်တယ်။ တကယ်တော့ မစ္စတာအေ ဟာ ကျွန်တော့်ကို လောင်စာဖြည့်တင်းပေးသူပဲ။

ကျွန်တော်က သူ့ဆီကနေ ထွက်ပြေးသွားချင်ပေမယ့် မရပါဘူး။ သူက ကျွန်တော့်လက်ကို ဖမ်းဆွဲထားရင်း မေးခွန်းတွေချည်းပဲ တွင်တွင်မေးနေလေရဲ့။ သူ မေးတဲ့ မေးခွန်းတွေကိုလည်း ကျွန်တော် နားမလည်ပါဘူး။ မေးခွန်းတွေဟာ ဘာလုပ်ရမှာလဲ။

အခုဆိုရင် ကျွန်တော်ဟာ အရင်နေထိုင်ခဲ့ဖူးတဲ့ အိမ်အဟောင်းရဲ့ ခြံဝကို ရောက်နေခဲ့ပါပြီ။ ခြံဝင်းထဲမှာ နွားတင်းကုပ်တစ်ခုနဲ့ နွားနှစ်ကောင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်။ ခြံဝင်း အနှံ့ပြန့်ကျဲနေတဲ့ လက်သမားသုံး ပစ္စည်းတွေနဲ့ လွှစင်တစ်ခုကိုလည်း တွေ့ရတယ်။

တစ်ချိန်တုန်းက ကျွန်တော်ဟာ ဘာလဲ။ ကျွန်တော်ဟာ လက်သမားတစ်ယောက်ရဲ့သားလား၊ ဒါမှမဟုတ် နွားတွေမွေးပြီး နို့ညှစ်စားသူတစ်ယောက်ရဲ့ သားလား၊ ဒါမှမဟုတ် ကျွန်တော့်အဖေဟာ လယ်သမား၊ ယာသမားတစ်ယောက်လည်း ဖြစ်ချင်ဖြစ်နိုင် သေးတာပဲ။

ကဲ…ဘာဖြစ်သေးလဲ။

အဖြေတွေဆိုတာကော ဘာလုပ်ရမှာလဲ။

မစ္စတာအေကတော့ မေးခွန်းတွေသာ တွင်တွင်မေးလို့ အဖြေကိုပဲ တောင်းဆိုနေတော့တယ်။ သူဟာ မေးခွန်းနဲ့အဖြေတွေကို စားသုံးဖို့ ဒီလောကကြီးထဲကို ရောက်လာခဲ့ပုံပေါ်တယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ လောကကြီးဟာ ဒီလိုပါပဲ။

လူအတော်များများဟာ မေးခွန်းနဲ့ အဖြေ နှစ်ခုကြားမှာ ရှင်သန်နေထိုင်ပြီး ဘဝကို တည်ဆောက်ထားကြတယ်။ အဲဒီအထဲမှာ ခင်ဗျားတောင် ပါချင်ပါနေမှာ။

မဟုတ်ဘူးလား။ ခင်ဗျားဟာ တစ်နေ့တစ်နေ့ မေးခွန်းတွေထုတ်မယ်။ အဖြေတွေရှာမယ်။ ဒီလိုနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးလာခဲ့တာပဲ။ ဒါကိုပဲ တချို့က 'ရှင်သန်နေထိုင်မှု'လို့ ခေါ်င်းစဉ်တပ်နေကြသေးတယ်။

ဟော အခုပဲကြည့်၊ ကျွန်တော်ပြောတာ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ ခင်ဗျားစဉ်းစားကြည့်နေပြီ။ စဉ်းစားတယ်ဆိုကတည်းက ခင်ဗျားကိုယ် ခင်ဗျား 'မေးခွန်း'ထုတ်နေတာပဲ။

ပြီးတဲ့အခါကျရင် 'ဟုတ်တယ်'၊ 'မဟုတ်ဘူး'ဆိုတဲ့ အဖြေတစ်ခုခုကို ခင်ဗျား ရွေးချယ်တော့မယ်။ ဒါပဲလားဗျာ။ စိတ်ကုန်စရာ ကောင်းလိုက်တာ။

ဒါဟာ စာမေးပွဲလား၊ လူဖြစ်လာရတာဟာ အဲဒီလို မေးခွန်းတွေနဲ့ စာမေးပွဲဖြေဖို့ ရောက်လာတာလား၊ မဟုတ်ပါဘူး။

'ဟုတ်တယ်'လို့လည်း လက်မခံ၊ 'မဟုတ်ဘူး'လို့လည်း မငြင်းဆန်တဲ့ အဲဒီနှစ်ခုရဲ့ကြားထဲမှာ နေမယ်ဆို နေလို့ရပါတယ်ဗျာ၊ နေကြည့်စမ်းပါ။

ကောင်းသလား၊ မကောင်းဘူးလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား၊ အရှုံးပေးမလား၊ အရှုံးမပေးဘူးလား၊ လူဆန်သလား၊ လူမဆန်ဘူးလား၊ ခေါင်းပုံဖြတ်သလား၊ ခေါင်းပုံမဖြတ်ဘူးလား၊ အရက်သောက်မလား၊ အရက်မသောက်ဘူးလား၊ သွားမလား၊ မသွားဘူးလား၊ ရွေးမလား၊ မရွေးဘူးလား…

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေ မေးခွန်းတွေနဲ့ စာမေးပွဲကလည်း စစ်လို့ပဲ မဆုံးနိုင်ဘူး။ ကျွန်တော်ကတော့ စာမေးပွဲဖြေဖို့ 'လူ'ဖြစ်လာတာ မဟုတ်ဘူးလေ။ အဲဒီ မေးခွန်းတွေကို ဖြေဖို့ ကျွန်တော့်မှာ 'အဖြေ'မရှိဘူး။

ကျွန်တော် နေချင်သလို နေလို့ မရဘူးလားဟင်။

မစ္စတာအေကတော့ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားသတ်မှတ်ချင်ပုံပဲ။ အမှန်နဲ့အမှားကိုလည်း အဓိပ္ပာယ်ပိုင်းခြားဖွင့်ဆိုချင်ပုံပဲ။ နဖူးကြောကြီးရှုံ့ပြီး လေးလေးနက်နက် စဉ်းစားနေတယ်။ သွားစမ်းပါ။ အဲဒီလို ကောင်မျိုးက ဘယ်လို လုပ်ပြီး 'ကျွန်တော်' ဖြစ်နိုင်မှာမို့လို့လဲ။

ကြည့်ရတာ ဒီကောင်ဟာ 'တကယ့်အဖြေ'ကို ရှာနေတာမဟုတ်ဘဲ လူတွေလက်ခံနိုင်လောက်တဲ့ အဖြေတစ်ခုခု ဖန်တီးပြီး အမြတ်ထုတ်ဖို့ ကြံနေတာပဲဖြစ်ရမယ်။

ခင်ဗျားလည်း မစ္စတာအေ နဲ့ အတူတူပဲ မဟုတ်လား။ ခင်ဗျားတို့က အမှန်တရားကို တကယ်ရှာတာမဟုတ်ပါဘူး။ အမှန်တရားနဲ့ တူတူပုန်းတမ်း ကစားနေကြတာပါ။

တကယ်တမ်း အမှန်တရားစစ်စစ်ကို တွေ့ပါပြီတဲ့။ ကဲ ဘာလုပ်ရမှာလဲ။ ရောင်းစားလို့ရတဲ့ဟာလည်း မဟုတ်၊ ချက်ပြုတ်သောက်လို့ ရတဲ့ဟာလည်း မဟုတ်တဲ့ ဥစ္စာ။ အပေါင်ဆိုင်ပို့လို့ကော ရမတဲ့လား။ ဝေးသေးတယ်။

'အမှန်တရား အပေါင်ဆိုင်'ရယ်လို့ ခင်ဗျားတို့ ဘယ်မှာ ကြားဖူးကြလို့လဲ နေပစေပေါ့။ သူ့ဟာသူ နေပစေ၊ မေးခွန်းတွေ မထုတ်နဲ့ မဖြေနဲ့၊ ဒီအတိုင်းနေ။ ကျွန်တော်ကတော့ အခု အိမ်တံခါးဝကို ရောက်နေပြီ။ ပိတ်ထားတဲ့ တံခါးနောက်ကွယ်က စကားပြောသံတချို့ကို ကြားနေရတယ်။

မိန်းမသံမှန်းတော့ သိသာတယ်။ ကျွန်တော့် အမေဖြစ်မလား၊ ကျွန်တော့် နှမဖြစ်မလားပဲ။ ဒါနဲ့ ကျွန်တော်လည်း ဒီအတိုင်းပဲ အသာကလေး ရပ်ပြီး နားထောင်လိုက်တယ်။ သူများ စကားပြောသံကို တိတ်တိတ်ကလေး ရပ်ပြီး နားထောင်နေရတာ ပျော်စရာ မကောင်းဘူးလား။

မစ္စတာအေဆိုတဲ့ ငနဲက တော်တော့်ကို အနေအထိုင် မတတ်တဲ့ကောင်ပဲ။ ဒီအတိုင်း နားထောင်နေရုံနဲ့တင် မကျေနပ်ဘူး။ ဖျတ်ခနဲဆို သူ့လက်က ပိတ်ထားတဲ့ တံခါးရွက်ဆီရောက်သွားပြီး တဒေါက်ဒေါက်နဲ့ တံခါးခေါက်လိုက်တယ်။

ကျွန်တော် လှမ်းတားဖို့ ဟန်ပြင်လိုက်ပေမယ့် မမီလိုက်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အထဲက စကားသံတွေ ရပ်သွားတယ်။ နောက်တော့ ခြေသံ သဲ့သဲ့ကြားရတယ်။ ခြေသံက တံခါးဝဆီကို လာနေတာပါ။

ပြီးတော့ ကျွန်တော် မျှော်လင့်ထားတဲ့အတိုင်းပဲ တံခါးပွင့်သွားတယ်။

လှမ်းကြည့်လိုက်တော့ ပုပုဝဝ အသားဖြူဖြူနဲ့ မိန်းမတစ်ယောက်။ အဲဒီ မိန်းမကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ ကျွန်တော့်အမေလည်း မဟုတ်။ ကျွန်တော့်နှမလည်း မဟုတ်တာ သေချာပါတယ်။

အသေချာဆုံးကိစ္စကတော့ ကျွန်တော်တို့ဟာ အိမ်မှားပြီး တံခါးခေါက်မိခဲ့ကြတာပါပဲ။

အဲဒီ မိန်းမက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး မေးတယ်။

'ရှင်တို့ ဘယ်သူတွေလဲ ဘာကိစ္စလဲ'

ကဲ စာမေးပွဲကတော့ စပါပြီ။

**စာကြွင်း ၁၊**

မစ္စတာအေကတော့ စာမေးပွဲကို ဖြေဖို့ ကြိုးစားနေတယ်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း စာမေးပွဲဖြေချင်သူတစ်ယောက် မဟုတ်လေတော့ သူတို့ကို ကျောပေးကာ လေချွန်ရင်း ကျွန်တော့်အိမ်ရှိရာ အရပ်ဟာ ဘယ်မှာပါလိမ့်လို့ မှန်းဆကြည့်နေတယ်။

**စာကြွင်း ၂၊**

ခင်ဗျားတို့လည်း တစ်နေ့တစ်နေ့ မေးခွန်းတွေ အဖြေတွေနဲ့ လုံးချာလည်လိုက်ပြီး စိတ်ညစ်နေရင် ဘာမှလုပ်မနေနဲ့၊ အိမ်ကိုသာပြန်ဗျ၊ သိလား။ (ခဏတစ်ဖြုတ်ဖြစ်ဖြစ်) အိမ်ကိုသာ တန်းတန်းမတ်မတ် ရောက်အောင်ပြန်ကြ။

မင်းခိုက်စိုးစန်
ရွှေလိုင်၊ ဖက်ရှင်

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးဆေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - မင်းခိုက်ရေ လောကကြီးမှာ မင်းခိုက်အတွက် အရေးကြီးဆုံးလို့ ထင်တဲ့ အရာတစ်ခုကို တစ်လုံးတည်း၊ ပြောပြပေးပါဦး....။**

**ဖြေ** - ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံးဟာ 'ကျွန်တော်(ငါ)'ပဲ ဖြစ်ပါတယ်။ ကျွန်တော် (ငါ) မရှိရင် ဘဝဆိုတာ ဘယ်လိုလုပ်ရှိလာနိုင်မှာလဲ....

တစ်ချိန်တည်းမှာပဲ 'ငါ...ငါ...ငါ'ဆိုတဲ့ အတ္တဟာ 'ဘာမှအရေးမကြီးတဲ့ အရာ'လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ဘဝမှာ အရေးကြီးဆုံးလည်း ဖြစ် အရေးမကြီးဆုံးလည်းဖြစ်တဲ့အရာဟာ 'ငါ'ဖြစ်ပါတယ်။

**မေး - လောကကြီးမှာ အားလုံးက ကိုယ့်အခြေအနေ၊ ကိုယ့်အတွေးအခေါ် အလျောက် ကိုယ့်အမှန်တရားနဲ့ကိုယ် နေနေကြတယ်ထင်တယ်။ တစ်ခုခုဖြစ်လာရင် ငါမှန်တာပဲဆိုပြီး အခြားတစ်ဖက်မှာ ရှိနေနိုင်တဲ့ အမှန်တရားတစ်ခုကိုတော့ မေ့လျော့နေတတ်သလားလို့... အမှန်တရားဆိုတာ ရှိတော့ရှိမယ်ထင်ပါတယ်။ ဒါဆို ဘယ်အပေါ်မှာများ မှီတည်နေပါသလဲ...အမှန်တရားဆိုတာ ရှိရောရှိပါရဲ့ လား...**

**ဖြေ** - 'အမှားတရား'တွေရှိနေတဲ့အတွက်ကြောင့် 'အမှန်တရား'ဆိုတာ ရှိကြောင်း သေချာပါတယ်။

**ဘယ်အပေါ်မှာ မှီတည်နေသလဲ**...ဆိုတော့ 'မိမိရဲ့ ပုဂ္ဂလိကရွေးချယ်မှု' အပေါ်မှာ မှီတည်ပါတယ်။

**ဘယ်လောက်များ အရေးကြီးသလဲ**...ဆိုတော့ မိမိရွေးချယ်ထားတဲ့ အမှန်တရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေကို အပြည့်အဝတာဝန်ယူဖို့၊ မိမိနဲ့ ဆန့်ကျင်ကွဲလွဲတဲ့ အခြားသောယုံကြည်ချက်များကို တန်းတူရည်တူ နားလည်မှု ပေးနိုင်ဖို့လောက်အထိ အရေးကြီးပါတယ်။

**ဘယ်လောက်များခိုင်မာသလဲ**..ဆိုတော့ အမှန်တရားတွေဟာ လူလိုပဲ သက်တမ်းအမျိုးမျိုးရှိကြပါတယ်။ တချို့က ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးကြတယ်။ တချို့က အကြာကြီး အိုမင်းပြီးမှ သေတယ်၊ တချို့က ဥပဓ္ဆေဒကကံနဲ့ ရုတ်တရက် သေဆုံးတတ်ကြပါတယ်။

**အမှန်တရားထက်ပိုကောင်းတဲ့ အရာဟာ** 'မေတ္တာတရား'ပါ။ အမှန်တရား ထက် **ပိုပြီးအားကောင်းတဲ့အရာ**ကတော့ 'သစ္စာ်ါရတရား'ဖြစ်ပါတယ်။ ဘာကြောင့် လဲဆိုတော့ သစ္စာ်ါရတရားရဲ့ တိုက်စားမှုအောက်မှာ အမှန်တရားတွေ ပြိုလဲသွား တတ်စမြဲမို့လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကျိန် ၁၇

သူ့တစ်ကိုယ်လုံး ပေါ့ပါးကာ..၊ တိမ်တွေကို မျိုချကာ..၊ သူ လိမ့်လာသည်။ လေ အပြည့်ထိုးထားသည့် မော်တော်ကားတာယာတစ်လုံး၏ လိမ့်လာပုံမျိုး၊ ဖောင်းကားနေပုံမျိုး။ သူ့ခန္ဓာကိုယ်အခွံဟောင်းလောင်းထဲ သောကပူများကို ပြည့်တင်း ဖောင်းကားနေအောင် အပြည့်အသိပ် ထိုးထည့်ကာ လမ်းပေါ်တွင် သူ လိမ့်လာ နေသည်။

နဂါးနှင့် တွေ့ရန် သူ လာခဲ့သည်။

○

ကောင်းကင်ရဲ့ လည်ဆံမွေးဟာ မိုးရေစက်အေးအေးတွေကို ခါချလိုက်ချေပေါ့။ ပြောပါ...ငါ ဘာလုပ်ရမလဲ။ ကမ္ဘာမြေကြီးအတွက် အနွေးထည်တစ်ထည် ဝယ်ပေးရမှာလား၊ ပရောမီးသယပ်စ် ခိုးယူလာတဲ့ မီးတွေနဲ့ ကမ္ဘာကြီးနွေးအောင် တံစို့ထိုးပြီး ကင်လိုက်ရမှာလား၊ ဒါမှမဟုတ် ကမ္ဘာမြေကို ဘရန်ဒီတစ်ခွက်လောက် တိုက်ရမှာလား။

ကမ္ဘာကြီးရေ...မင်း ငါ့ကို မီးရှို့ပြီး မီးလှုံရင်တောင် နွေးနိုင်မယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်က ရေစိုနေတဲ့ ထင်းတစ်ချောင်း ဖြစ်နေလို့ပါကွယ်။

○

သူ့တစ်ကိုယ်လုံး မိုးရေထဲတွင် ရွှဲနစ်သွားသည်။ ရိဆွေးနေသော မိုးကာ အင်္ကျီစကို ဖြတ်ကာ စိမ့်ဝင်လာသည့် မိုးစက်များစွာကြောင့် သူ့အရေပြားပေါ်ရှိ မွေးညင်းပေါက်ကလေးတိုင်း ပြည့်လျှံသွား၏။ သူ ခိုက်ခိုက်တုန်လာသည်။ အက်ဆစ်ပါသော မိုးများဖြစ်သောကြောင့် ပိုဆိုး၏။ သူ့ကြွက်သား၊ အရေပြား၊ အကြောများကို တရိရိ ကိုက်စားဝါးမျိုရင်း ရိုးတွင်းခြင်ဆီ ရှိရာဆီသို့ ချဉ်းကပ်လာနေပြီဟု အောက်မေ့မိ၏။

မိုးစက်များအကြားမှ ဖြတ်သန်းတိုက်ခတ်လာသည့် မုတ်သုံလေပိုင်းလေထဲတွင်လည်း အက်ဆစ်ငွေ့တို့ ပါလာ၏။ သူ ရင်ခေါင်းထဲအပြည့် ရှူသွင်းပစ်လိုက်သည်။ သူ့သွေးထဲတွင် အက်ဆစ်ရာခိုင်နှုန်း မည်မျှများနေပြီလဲ၊ မစဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားချင်၊ စဉ်းစားနေစရာလည်းမလို။ ဒီ အက်ဆစ်များကြောင့် သူ မကျန်းမမာ ဖြစ်ပြီး ဗုန်းဗုန်းလဲသွားစရာအကြောင်း မရှိ။ သေသွားစရာအကြောင်း မရှိ။ သည် လူနေမှုစနစ်ကြီးက သူ့ကို နေမကောင်းဖြစ်ခွင့်ပေးမထား။ သေခွင့်ပေး မထား။

သူ့ခြေဖမိုးပေါ်ဖြတ်ပြီး စီးကျသွားသော အက်ဆစ်မိုးရေစက်များကို သူ အဓိပ္ပာယ်မဲ့ ငေးကြည့်နေဖြစ်သည်။ (ကမ္ဘာမြေပြင်အနှံ့အပြားတွင် အဏုမြူစွမ်း အင်ပေါက်ကွဲမှုများ ရာနှင့်ထောင်နှင့်ချီ၍ ဖြစ်ပျက်နေကြလိမ့်မည်) ရေဒီယို သတ္တိကြွနေသော လေထုထဲသို့ ကမ္ဘာမြေကြီးသည်လည်း တဖြည်းဖြည်းပါးလွှာ ပါးလွှာ၍ ပျော်ဝင်နေပေလိမ့်မည်။ အဏုမြူစွမ်းအင်သုံးယာဉ်များ၊ စက်ယန္တ ရားများသည်လည်း တဝိုးဝိုး လှုပ်ရှားလည်ပတ်ရင်း ကမ္ဘာမြေ၏ ရေသောက်မြစ် များကို ကြံရည်ကြိတ်စက်တစ်လုံးလို ဝါးဖိ နင်းခြေနေပေလိမ့်မည်။ ကမ္ဘာမြေ ကို ဖုံးအုပ်ထားသည့် အိုဇုန်းလွှာထုမှ ဘေးထွက်ဓာတ်ပစ္စည်းများသည်လည်း လူသားများပေါ်သို့ မြူနိုးတွေကျသလို တအိအိ မှုန်မှိုင်းဖိတ်စဉ်ကျနေပေလိမ့် မည်။

တွေးရင်းနှင့် ကြေကွဲမှုတွေ ရေခဲမှုန်လို တဖြည်းဖြည်းချင်း အေးခဲစုကပ် ကာ သူ့နှလုံးသားတစ်ခုလုံး ရေခဲတုံးတစ်တုံးဖြစ်သွား၏။ (သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားအောင် တိမ်တွေကို မျိုချပစ်လိုက်ချင်သည်) သူ့တစ်ကိုယ်လုံးလည်း လေးလံနေပြီ။ ဘယ်လိုမှ အကာအကွယ်မပေးနိုင်စွမ်းတော့သော မိုးကာအင်္ကျီ ပါးပါးရိရိ ကလေးကို ချွတ်ချလိုက်၏။ နောက်···အောက်တွင် ခံဝတ်ထား သည့် တစ်ထည်တည်းသော စွပ်ကျယ်အင်္ကျီကိုပါ ပင့်လိပ်တင်ပြီး ချွတ်လိုက် သည်။ အက်ဆစ်မိုးရေများ စိုစွတ်နေသောကြောင့် စွပ်ကျယ်သည် ရှုံးရှုံးသွပ်သွပ် လေးလံနေရ၏။ မတတ်နိုင်။ လဲစရာအင်္ကျီ အပိုမရှိ။ သူလို အလုပ်လက်မဲ့တစ် ယောက်အတွက် အင်္ကျီဆိုသည်မှာ တော်ရုံတန်ရုံ စိတ်ကူးယဉ်တတ်သူ တစ်ယောက်၏ ရင်ထဲတွင်ပင် အပင်ပေါက်ရန် ခဲယဉ်းလောက်အောင် မြေဆီသြဇာ နည်းလွန်းသော အိပ်မက်စိုက်ခင်း တစ်ခုဖြစ်၏။

စွပ်ကျယ်အင်္ကျီအစ နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ တဖြည်းဖြည်း ချင်း လိမ်၍ ရေညှစ်ချလိုက်သည်။ မိုးရေစက်တို့ သူ့တံတောင်ဆစ်အထိ စီးကျ လာ၏။ အဝတ်စကို ဓားဖြင့်ခွဲလိုက်သံလိုလို ခပ်သဲ့သဲ့ကြားရသည်။ သူ စွပ်ကျယ် ကို ပြန်ဖြန့်လိုက်သည်။ အက်ဆစ်မိုးရေတို့၏ ဒဏ်ကို ခံထားရဖန်များသော ကြောင့် ရိဆွေးနေသည့် စွပ်ကျယ်သည် ဖိအားဖြင့် လိမ်ညှစ်လိုက်သောကြောင့် အတွန့်အလိပ် ခေါက်ကြောင်းများတစ်လျှောက် အစင်းလိုက် အစင်းလိုက် စုတ်ပြဲသွားလေပြီ။ သူ ဘာမှမတတ်နိုင်။ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲပြောင်ရန်ပင် တတ်နိုင်သည့် အင်အားမရှိတော့။ အရာရာသည် သည်အတိုင်းပင် ဖြစ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



နေကြခြင်းဖြစ်သည်။ ဘာမှမတတ်နိုင်ခြင်းသည် ကမ္ဘာမြေပေါ်တွင် ဖြစ်ရိုးဖြစ်စဉ်လို အသားကျနေပြီ ဖြစ်သည်။

သည်ကိစ္စများကို ဦးနဂါးသာလျှင် တတ်နိုင်ပေလိမ့်မည်။ ဦးနဂါးဆီသို့ သွားမှ ဖြစ်တော့မည်ဆိုသည်ကို သူ နားလည်ထားသည်မှာ ကြာမြင့်လှပြီဖြစ်၏။ ဦးနဂါးက သူတို့လို အခြေမဲ့အနေမဲ့ ဝေါ်ပြုတ်နေသော လူများအတွက် ကွန်းခိုရိပ်သာဟု ခေါ်သော နေရာတစ်ခု ဖွင့်လှစ်ပေးထားသည်။

သို့သော် ထို ကွန်းခိုရိပ်သာသို့ ဝင်ချင်တိုင်း ဝင်ခွင့် မရ။ ဦးနဂါး၏ ရုံးသို့သွားကာ လျှောက်လွှာ တင်ရသည်။ ထိုလျှောက်လွှာကို အဆင့်ဆင့် စစ်ဆေးကာ အမှန်တကယ် အလုပ်အကိုင် လုပ်နိုင်သောစွမ်းအား မရှိတော့ကြောင်း၊ ဝေါ်ပြုတ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ကျန်းမာရေးအရ မသင့်လျော်တော့ကြောင်း မည်သည့်နည်း နှင့်မျှ နေစရာ ထိုင်စရာ ဖန်တီး၍ မရနိုင်တော့ကြောင်း စသဖြင့် အဆင့်ဆင့် ထောက်ခံချက်များ ရယူပြီးမှ ကွန်းခိုရိပ်သာသို့ ဝင်ခွင့် ပြုခြင်း ဖြစ်သည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း ဦးနဂါး၏ ရုံးရှေ့တွင် သူလို အလုပ် လက်မဲ့တွေ စုပြုံ တိုးဝှေ့နေစမြဲ။

သည်နေ့လည်း ခါတိုင်းလိုပင် လူတွေ တိုးဝှေ့နေကြဦးမည်မှာသေချာသည်။

သူ ခေါင်းကို ခါယမ်းလိုက်၏။

'ငါ ဘာမှမတတ်နိုင်တာ အခုမှ မဟုတ်ပါဘူး၊ ကြာလှပြီပဲ' ဟု အသံထွက် ရေရွတ်လိုက်၏။

သူ့ တတ်နိုင်မှုများကို တစ်စုံတစ်ရာက စုပ်ယူဝါးမျိုခဲ့ပြီးပြီ။ ပြီးမှ သူ့ခန္ဓာကိုယ်အပုပ်ကြီးကို အန်ဖတ်အဖြစ် ကမ္ဘာမြေပေါ် ပြန်ထွေးထုတ်ချထားခဲ့ခြင်းသာ ဖြစ်၏။ မတော်တဆ မြေသြဇာဖြစ်သွားနိုင်ရုံမှလွဲ၍ အသုံးဝင်စရာ မရှိတော့သော နေထိုင်မှုဖြင့် ဘယ်လောက်ကြာကြာ ဆက်နေထိုင်ရဦးမှာလဲ··· ကဲ။ သူ့အတွက် ခေတ္တခဏ ခြေစုံရပ်၍ မတ်တတ်ငိုက်မျဉ်းရန်ပင် နေရာမရှိ။

လမ်းပလက်ဖောင်းများပေါ်တွင် သူလို အခြေမဲ့အနေမဲ့ လူတန်းစားများ အတွက် တစ်နေရာတည်းမှာ ကြာရှည်မတ်တတ် ရပ်နေခွင့်မရှိ။ လမ်းပေါ်တွင် ကင်းလှည့် နေသော အစောင့်စက်ရုပ်များက ချက်ချင်းရောက်လာပြီး သူ့ပခုံးကို ခပ်ကြမ်းကြမ်း ကိုင်ဆုပ်ခါယမ်းကြလိမ့်မည်။ သူတို့၏ အီလက်ထရောနစ် မှတ်ဉာဏ် ထဲမှ ပုံသေမေးခွန်းများကို ငြီးငွေ့စရာကောင်းသော သတ္တုသံတရှရှဖြင့် မေးမြန်းကြလိမ့်မည်။ သူ့မှာ မရှိသော အိမ်၏လိပ်စာကို မေးမြန်းပြီး အိမ်ပြန်သွားရန်သာ အမိန့်ပေးလိမ့်မည်။

မိသားစု ပြိုကွဲခြင်းဆိုသည့် စကားလုံးကိုလည်းကောင်း၊ စားဝတ်နေရေး ဆိုသည့် စကားလုံးကို လည်းကောင်း၊ ကိုယ်ကျင့်တရားဆိုသည့် စကားလုံးကို လည်းကောင်း၊ သိက္ခာဆိုသည့် စကားလုံးကို လည်းကောင်း ထိုစက်ရုပ်က နားလည်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် ပြိုကွဲနေသည့် အခြေအနေမဲ့ လူသားတစ်ယောက်နှင့် တွေ့ကြုံရသည့်အခါမျိုးတွင် ဘာလုပ်ရမည် ဆိုသည်ကို စက်ရုပ်တီထွင် ထိန်းချုပ်စေခိုင်းသူများက အီလက်ထရောနစ်မှတ်ဉာဏ်ထဲတွင် အချက်အလက် တစ်ခုအဖြစ် ထည့်သွင်းပေးလိုက်ကြသည် မဟုတ်ပါ။ ထို့ကြောင့် စက်ရုပ်တွေမှာ သူ့ကို ပြောစရာစကားတစ်ခွန်းသာ ရှိသည်။

'ဒီနေရာက မြန်မြန် ထွက်သွားစမ်း'

သူ့လည်ချောင်းထဲ တစ်စုံတစ်ရာ ကန့်လန့်ခံနေသလို ခံစားရသည်။ ထိုအရာသည် စပရိန်တစ်ခုနှင့်တူသော ကြေကွဲမှုများပင် ဖြစ်ပေလိမ့်မည်။ အထပ်ထပ်အရစ်ရစ် ခွေထားခြင်းကြောင့် နေရာကျုံ့ကောင်း ကျုံ့နေမည်ဖြစ်သော်လည်း အချိန်မရွေး ဆန့်ကန်ထွက်လာမည့် စပရိန်တစ်ခုဖြစ်လေသည်။ သို့သော် ယခုအထိတော့ သူ၏ကိုယ်လုံးမှာ ဆန့်ကန်ပေါက်ကွဲထွက်ဖို့ အခွင့်အရေးနှင့် အင်အားရှိမလာသေး။ စပရိန်သံချေးတက်နေပြီ ထင်၏။

သူ…လေးပင်ကြာမြင့်စွာ တွေးနေမိသည်။ သံဖြင့် ပြုလုပ်ထားသော စက်ရုပ်များက သံချေးမတက်ဘဲ လူစင်စစ်များက ဘာကြောင့်သံချေးတက်ကုန် ရသလဲ။ ယခု လောလောဆယ်တွင်ပင် သူ့တစ်ကိုယ်လုံး သံချေးမှုန်များဖြင့် ဝါညစ်ညစ်ကြမ်းရင့် အိုမင်းသွား၏။ လက်ဖြင့် အသာအယာ ထိလိုက်ရုံမျှဖြင့် ပင် တစ်စစီ ပဲ့ကြွေပြိုလဲ ကျသွားတော့မည့်ပုံမျိုး။

တစ်နေ့က သူ ပန်းခြံတစ်ခုအတွင်း ဝင်သွားပြီး အစောင့်စက်ရုပ်များ အလစ်တွင် ချောင်အကျဆုံး ခုံတန်းလျားတစ်ခုပေါ် ပစ်လှဲချလိုက်၏။ သူ့ကိုယ် သူပင် မဟာန်နိုင်လောက်အောင် ဝုန်းခနဲ ပြုတ်ကျသွားခြင်းမျိုး ဖြစ်သည်။

တရကြမ်း ခုတ်မောင်းသုံးစွဲနေရသော အင်အားကို ခဏရပ်တန့် ချွေတာခွင့်ရသောအခါမှပင် မိမိတွင် အင်အားမည်မျှ နည်းပါးနေပြီဆိုသည်ကို သူ သတိထားမိတော့သည်။ မေ့ဆေးပြယ်သွားသော အခါတွင် စောစောက မနာကျင်ခဲ့သော ဒဏ်ရာက နှစ်ဆတိုး၍ နာကျင်လာသလိုမျိုးပင်။

သူ ဖျားနေပြီ၊ ဘာမှ မတတ်နိုင်၊ သူ အိပ်ပျော်သွားသည်။

ခပ်ကြမ်းကြမ်း လှုပ်နှိုးသံကြောင့် မျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက်သော အခါ ပန်းခြံစောင့်စက်ရုပ်၏ သံမဏိမျက်နှာကို စ တွေ့ရသည်။

'ဒီနေရာမှာ အိပ်ခွင့်မရှိဘူး၊ အိပ်ရင် ဒဏ်ငွေရိုက်နိုင်တယ်'

အမြင်ကတ်စရာ ကောင်းသော သတ္တုတိပ်ပြားရစ်သံ တရှဲရှဲက စက်ရုပ် ရင်ဘတ်အထက်နားရှိ အသံသေတ္တာအပေါက်ငယ်မှ ထွက်လာသည်။ သူက စိတ်တိုတိုဖြင့်‥

'ဒဏ်ငွေဆောင်စရာ ပိုက်ဆံမရှိဘူး၊ ဒီမှာ ဖျင်းလို့ သက်သက်လာအိပ် နေတာလည်း မဟုတ်ဘူး၊ နေထိုင်မကောင်းလို့ကွ နားလည်လား'

စက်ရုပ်မှ သတ္တုတိပ်ပြားရစ်သံ ပြန်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေထိုင်မကောင်း၊ ဘာလဲ၊ နေထိုင်မကောင်းဆိုတဲ့ ဝေါဟာရက ဘာအဓိပ္ပာယ်လဲ၊ ရှင်းပါ'

အဖျားသွေးက ဒေါသနှင့်အတူ အပူရှိန်တက်လာ၏။

'ကျွတ်…ဟိုကွာ၊ ရောဂါပေါ့‥ ရောဂါဖြစ်တယ်လို့ ပြောတာ'

'အား…ရောဂါ‥ သိပ်ကြောက်စရာ ကောင်းတယ်၊ ဒီခေတ် လူ့ အဖွဲ့အစည်းမှာ ဘယ်သူမှ အကြောင်းခိုင်ခိုင်လုံလုံ မရှိဘဲ ရောဂါဖြစ်ခွင့်မရှိဘူး၊ အများကို အနှောင့်အယှက် ပေးနိုင်တဲ့အရာတစ်ခုပဲ'

ကိုယ့်ဘာသာကိုယ် နေမကောင်းဖြစ်တာပဲ မင်းတို့ဆီမှာ ခွင့်တောင်းရဦးမှာလားဟု သူ ကျိတ်၍ ဆဲရေးရေရွတ်လိုက်၏။ စက်ရုပ်က သူ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်၍ ဆွဲခေါ်သွားသည်။ ပန်းခြံနှင့် မျက်နှာချင်းဆိုင် အရှေ့ပေါ်ဆေးရုံထဲသို့ သူ ပါသွား၏။ ဆေးရုံမြေညီထပ်ရှိ အခန်းတစ်ခုထဲတွင် ကွန်ပျူတာတစ်လုံးရှိသည်။ စမ်းသပ်ကိရိယာများရှိသည်။ ထိုကွန်ပျူတာသည်ပင် တာဝန်ကျ ဆရာဝန်ဖြစ်၏။

ကွန်ပျူတာက ညွှန်ကြားသည့်အတိုင်း သူ့ကို ဝါယာကြိုးများ၊ စက်ခလုတ်များဖြင့် ရစ်ပတ်သည်။ နောက် မှန်ချပ်များဖြင့် ပြုလုပ်ထားသော ခေါင်းတလားပုံ သေတ္တာငယ်လေးထဲသို့ သူ့ကို ထည့်သည်။ ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် အစက်အပြောက်ငယ်များ မျဉ်းကြောင်းများ တဖျပ်ဖျပ် လှုပ်ရှားသွား၏။ နောက် စာရွက်ငယ်ကလေး ထွက်လာသည်။ ထိုစာရွက်ကလေးကို ယူသွားပြီး ဆေးပေးခန်းထဲမှ စက်ရုပ်လက်ထဲ ထည့်လိုက်ရ၏။ သူ့ကို ဆေးနှစ်လုံး ထိုးပေးသည်။ သောက်ရန် ဆေးဝါးများ ပေးလိုက်သည်။ နောက် သူ့ကို ဆေးရုံထဲမှ မောင်းထုတ်လိုက်၏။ စက်ရုပ်က‥

'ဒါပဲ၊ သွားတော့၊ နောက်ကို နေမကောင်းဖြစ်မယ်ထင်တိုင်း ဒီကိုလာပြရမယ်၊ နားလည်လား၊ ဒီလူ့အဖွဲ့အစည်းမှာ နေမကောင်းဖြစ်တဲ့လူ မရှိရဘူး၊ အလကားနေရင်း ဖျားလို့နာလို့ သေတဲ့လူမရှိရဘူး၊ 'လုပ်အား' ကို အကြောင်းမဲ့ အပြုန်းမခံနိုင်ဘူး။ နားလည်လား'

ဒေါသဖြင့် စိတ်မချမ်းသာမှုဖြင့် သူ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လာသည်။ 'လုပ်အား' တဲ့၊ 'လုပ်အား' ဆိုတာ ဘာလဲ၊ သူ့မှာ လုပ်အားမရှိတော့တာ ကြာပြီ။ လုပ်အားဟာ ဘယ်မှာရှိတာလဲ၊ စက်ရုပ်တွေဆီမှာ ရှိတာလား၊ နှလုံးသားမဲ့တဲ့ သတ္တုခွံတွေထဲမှာလား။

အဲဒီ သတ္တုကောင်တွေရဲ့ လုပ်အားကို ငါ အပါအဝင် လူတွေအားလုံး မယှဉ်နိုင်ခဲ့တာ သေချာလှချည်ရဲ့ကွယ်။

၀

www.burmeseclassic.com

www.burmeseclassic.com



သူ့လို အလုပ်လက်မဲ့လူများ ဦးနဂါး၏ ရုံးရှေ့တွင် စုပြုံနေကြသည်ကို မြင်ရ၏။ ကွန်းခိုရိပ်သာသို့ ဝင်ခွင့်ရရန် လာလျှောက်ကြသူများပင်။ လျှောက်လွှာထုတ်ပေးရာ နေရာတွင် တိုးဝှေ့နေသူများ၊ ဝင်ပေါက်အနီးတွင် ယောင်လည်လည်လုပ်နေသူများ၊ လျှောက်လွှာပယ်ချခံရသောကြောင့် စိတ်ပျက်ညည်းတွားနေကြသူများ၊ ရန်ဖြစ်နေကြသူများ၊ ထိုင်ပြီး ငိုင်တွေငေးမောနေကြသူများ၊ အကြောင်းမဲ့ အော်ဟစ်ဆဲရေးနေသူများ၊ ငိုကြွေးနေသူများ၊ ဩော်…လူတွေ…လူတွေ….ဘာမှန်းမသိတဲ့ တန်ခိုးတစ်စုံတစ်ရာရဲ့အောက်မှာ ရှုံးနိမ့်လဲပြို သွားသူတွေ…။

၁

အထပ်ခြောက်ဆယ်မြင့်သော ဦးနဂါး၏ ရုံးအဆောက်အအုံကြီးကို သူ မော့ကြည့်လိုက်သည်။ သူ့ကို မိုးထားသော ရုပ်ဝတ္ထုပစ္စည်းကြီးများအောက်တွင် သူ့ကိုယ်သူ အလိုလိုနေရင်း ကျုံ့ဝင်သွားသလို ခံစားရ၏။ သူ အားငယ်လာသည်။ ငါ့ လျှောက်လွှာကို ပယ်ချလိုက်ရင် ဘယ်လို လုပ်မလဲ။ ကွန်းခိုရိပ်သာကို ဝင်ချင်သူတွေ များလွန်းသောကြောင့် လူတစ်ယောက်လျှင် တစ်နှစ်အတွက် လျှောက်လွှာတစ်စောင်သာ တင်ခွင့်ပြု၏။ သည်လျှောက်လွှာအပယ်ခံရလျှင် တစ်နှစ်လုံး သူ ဘယ်လိုနေထိုင်စားသောက် အသက်ရှင်ရမည်ကို မစဉ်းစားရဲ။ မိန်းကလေးဖြစ်လျှင်လည်း အကောင်းသားဟု သူ တွေးမိသည်။ တင်ကလေး လှုပ်ပြ၊ ရင်ကလေးလှုပ်ပြရသည့် အလုပ်လေးလောက်တော့ လုပ်စရာရှိဦးမည်။ အခုတော့ တခြားယောကျ်ား အလုပ်လက်မဲ့တွေ နည်းတူ ကွန်းခိုရာရိပ် သာဝင်ခွင့် လျှောက်လွှာတင်ဖို့ ကြိုးစားရဦးမည်။

လူအုပ်ထဲ သူ တိုးဝင်သွားပြီး လျှောက်လွှာတစ်စောင် တိုးယူလိုက်သည်။ ပုံစံများကို ဖြည့်ပြီး ပထမထပ်ရှိ လျှောက်လွှာလက်ခံရာဌာနသို့ သွားပို့၏။ လျှောက်လွှာလက်ခံသည့် ကွန်ပျူတာက ဒုတိယထပ်ရှိ အခန်းနံပါတ် 'အက်စ်နှစ်ရာ့သုံး' မှာ သွားစောင့်နေပါဟု ညွှန်ကြားလိုက်သည်။ သူ ဒုတိယထပ်သို့ တက်ခဲ့၏။

ထိုအခန်းရှေ့တွင် သုံးနာရီနီးပါးမျှ ကြာအောင် သူ စောင့်ရသည်။ နောက် အခန်းဝမှ မီးနီကလေးလင်းလာပြီး သူ့လျှောက်လွှာနံပါတ် ပေါ်လာသည်။ သူ အခန်းထဲသို့ ဝင်သွားလိုက်သည်။ အခန်းထဲမှ ကွန်ပျူတာက

'အမည်ပြောပါ'

သူ နာမည်ပြောလိုက်သည်။ နောက်ကိုယ်တွင် ထင်ရှားသော အမှတ်အသား၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ သွေးအုပ်စု စသည်တို့ကို ဆက်မေး၏။ နောက်ဆုံး ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ကို ပြောပါဟု ကွန်ပျူတာက ခိုင်းသည်။ နောက်ဆုံး မေးခွန်းက

www.burmeseclassic.com

www.burmeseclassic.com


'အလုပ်လက်မဲ့ဖြစ်တာ ဘယ်လောက်ကြာပြီလဲ'

သူ မျက်ရည်ဝိုင်းလာသည်။ အသက်ကို ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး

'ငါးနှစ်ရှိပါပြီ'

ဟု ဖြေလိုက်၏။

ကွန်ပျူတာက ခေတ္တ တိတ်ဆိတ်သွားသည်။ နောက် ကွန်ပျူတာထဲမှ အချက်အလက်များနှင့် ပုံစံစာရွက်တစ်ရွက် ထွက်လာ၏။ ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ဒီစာရွက်ကို ယူပြီး သတ္တမထပ်ရှိ အခန်း အယ်လ်ဒဗလျူ ကိုးရှစ်သုညကို သွားပါ။ ကျန်းမာရေး ဆေးစစ်ခံပါဟူသော ညွှန်ကြားချက်စာတန်းပေါ်လာသည်။ သူ သက်ပြင်းတစ်ချက် ခိုးချရင်း အခန်းထဲမှ ထွက်ခဲ့၏။

သတ္တမထပ်ရှိ အခန်းထဲသို့ ရောက်သောအခါတွင်ကား ရှေးဦးစွာ သူ၏ အမည်၊ အသက် စသော မေးရိုးမေးစဉ်များ မေးပြီးနောက် သူ့တစ်ကိုယ်လုံးကို စက်ကိရိယာအမျိုးမျိုးနှင့် စစ်ဆေးသည်။ နောက်ဆုံးတွင် သတ်မှတ်ထားသည့် ထုတ်ကုန်ပမာဏကို အပြည့်အဝ ထုတ်လုပ်နိုင်လောက်အောင် ကျန်းမာသန်စွမ်းခြင်းမရှိတော့ပါဟူသည့် ထောက်ခံချက်ကို ထုတ်ပေးပြီးနောက် အခန်းတစ်ခုသို့ သွားရန် ညွှန်ကြားလိုက်ပြန်သည်။ ထို နောက်ဆုံးအခန်းထဲရှိ ကွန်ပျူတာက သူ ယူဆောင်လာသော ထောက်ခံစာအားလုံးကို စစ်ဆေးပြီး..

'အားလုံး ပြည့်စုံပါပြီ၊ မင်းကို ဦးနဂါးနဲ့ တွေ့ခွင့်ပေးလိုက်မယ်၊ ဆယ့်ခြောက်ထပ်က အခန်းအမှတ် ဒီအီးအေ သုညလေးကို သွားပါ'

သူ ရင်တွေခုန်လာသည်။ အာခေါင်ထဲ ခြောက်ကပ်ကပ်ဖြစ်လာ၏။ တံတွေးကိုပင် မျိုချရန် မေ့နေသည်။ သူ ဦးနဂါးနှင့်တွေ့ရတော့မည်။ လူသားအားလုံး၏ ဘဝကို ဖန်တီးချုပ်ကိုင်နေသော ဦးနဂါးနှင့် သူ မျက်နှာချင်းဆိုင် စကားပြောရတော့မည်။ သူ ဘာတွေ ပြောရမည်နည်း။ ဦးနဂါးကကော သူ့ကို ဘာတွေပြောပါလိမ့်မည်နည်း။

○

ဦးနဂါး၏ အခန်းရှေ့တွင် ရပ်ကာ ငိုင်နေမိသည်။ ခဏအကြာတွင် အချက်ပေး မီးသီးကလေးလင်းလာ၏။ သူ အထဲသို့ ဝင်သွားလိုက်သည်။ ဦးနဂါး နှင့် သူ မျက်နှာချင်းဆိုင်လိုက်၏။

သူ့ဘဝကို အဆုံးအဖြတ်ပေးမည့် ဦးနဂါးဆိုသူမှာ နဂါးအမျိုးအစား အမှတ် အာရ်ပီ သုညတစ်ကိုး ကွန်ပျူတာကြီး တစ်လုံးပင် ဖြစ်နေလေသည်။

○

သူ ဘာမှပြောခွင့်ရတော့မည် မဟုတ်ပါ။ လူသားတို့၏ ခံစားချက်၊ လူသားတို့၏ မြင့်မြတ်သော စိတ်၊ လူသားတို့၏ ယဉ်ကျေးမှုအကြောင်း၊ လူနှင့်

www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကို နေရာတကာ ယှဉ်ထိုး ဆုံးဖြတ်ခံနေရသည့်အကြောင်း ပြောလျှင်လည်း ဦးနဂါး နားလည်လိမ့်မည် မဟုတ်ပါ။ ဦးနဂါးကိုယ်တိုင်ပင်လျှင် စက်ပစ္စည်း အပိုင်းအစတစ်ခု ဖြစ်ပါသည်။

ဦးနဂါး၏ ဖန်သားမျက်နှာပြင်ကို သူ ငေးစိုက်ကြည့်နေလိုက်သည်။ ဖန်သားပြင်ပေါ်တွင် အစက်အပြောက်များ၊ မျဉ်းတန်းများ လှုပ်ရှားသွားပြီးနောက် စာတစ်ကြောင်း ပေါ်လာသည်။

'မင်းကို ကွန်းခိုရိပ်သာ ဝင်ခွင့်ပြုလိုက်တယ်။ ရိပ်သာဝင်ခွင့် လက်မှတ် ယူပြီး မင်း သွားနိုင်ပြီ'

စက်ထဲမှ ထွက်လာသော လက်မှတ်ကို သူ ဆွဲယူလိုက်သည်။

လက်မှတ်က အနီရောင်၊ နံပါတ် ဆယ့်သုံး။

○

ကွန်းခိုရာရိပ်သာဟု ဆိုင်းဘုတ်တပ်ထားသော ခပ်ကျဉ်းကျဉ်းအခန်း တစ်ခုဆီသို့ သူလျှောက်သွားနေသည်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း စိတ်ထဲက ပူလောင်လာသည်ဟု ခံစားရ၏။

အခန်းဝတွင် ရပ်မိလိုက်သောအခါတွင်မှ စိတ် ထင်မဟုတ်ဘဲ အမှန် တကယ် ပူလောင်နေခြင်းဖြစ်ကြောင်း သူ သတိပြုမိသွားသည်။ အစောင့်စက်ရုပ် က သူ့လက်ထဲမှ ဝင်ခွင့်လက်မှတ်ကို လှမ်းယူ၏။ နောက်အခန်းတံခါးကို ဖွင့် သည်ဆိုရုံ ဖွင့်ကာ သူ့ကို ဆွဲခေါ်သွားသည်။

အခန်းထောင့်ရှိ ပက်လက် ကုလားထိုင်ပုံစံ ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်ခိုင်း၏။ အပူရှိန်က ပြင်းသထက် ပြင်းလာသလို ခံစားရသောကြောင့် သူ နောက်သို့ လှည့်ကြည့် လိုက်သည်။

တစ်ဖက်တွင် မီးတဟုန်းဟုန်းတောက်နေသော ခြောက်ပေလေးပေ အရွယ် သတ္တုစင်တစ်ခု။ မကြာခင် သူ ရောက်သွားရတော့မည့်နေရာ။

○

သူစိတ်ကို လျှော့ချလိုက်ပြီး အသက်တစ်ချက် ဝဝရှူသွင်းလိုက်သည်။ စက်ရုပ်က သူ့ကို သတ္တုကွင်းများဖြင့် ချည်နှောင်လိုက်ပြီး အဆိပ်ရည်ထည့် ထားသော ဆေးထိုးအပ်ကို သူ့လက်မောင်းသားထဲသို့ စိုက်ချလိုက်၏။

သူ ဝမ်းသာလွန်းသောကြောင့် မျက်ရည်များ ကျလာလေသည်။

**မင်းခိုက်စိုးစင်**

**၁၆ နှစ်မြောက် ကလျာမဂ္ဂဇင်း အမှတ်တရ**

*(သူငယ်ချင်းဖြစ်သူ ဦးဆင့်သူ(မြန်မာစာ)က ပြောပြခဲ့သော အမည်မသိ နိုင်ငံ ရပ်ခြားဝတ္ထုတိုတစ်ပုဒ်ကို အာရုံခံစားပြီး ရေးဖွဲ့သည်)*

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးဆွေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - ဘဝမှာ လက်တွဲဖော်ဆိုတာ လိုအပ်ပါသလား....။ ဒါမှမဟုတ် ကိုယ့် အတွက် ဘယ်လိုလူတွေ လိုအပ်ပါသလဲ....ဒါမှမဟုတ် ဘယ်သူမှ မလိုအပ်ဘူးလား...။ 'တစ်ယောက်တည်းတော့ မဖြစ်နိုင်ပါဘူး' ဆိုတဲ့ အခြေအနေမျိုးရော ရှိလာနိုင်ပါသလား....။**

ဖြေ - 'တရားအားထုတ်တဲ့ ကိစ္စ'က လွဲရင် ကျန်တဲ့လူမှုကိစ္စတွေမှာ လက်တွဲဖော် လိုအပ်ပါတယ်။ (မိတ်ဆွေ၊ ချစ်သူ၊အိမ်ထောင်ဖက်...စသဖြင့်ပေါ့)

ဘယ်လိုလူမျိုးတွေ လိုအပ်သလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ဝန်ထုပ်ဝန်ပိုးမဖြစ်စေမယ့် လူမျိုးတွေပေါ့။ **လက်ချင်းတွဲထားတာမျိုးပဲ** ဖြစ်ရမယ်။ **'လက်ချင်းချုပ်နှောင်ထားတာ'** မဟုတ်တဲ့လူမျိုးတွေပေါ့။ (ဘဝရဲ့ အစိတ်အပိုင်းတွေမှာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်မယ့် လက်တွဲဖော်တွေ ရှိနိုင်တာပဲလေ။ 'ဘဝလက်တွဲဖော်'ကို ပြောတာနော်...'ဘဝမိုခိုဖော်'ကို ပြောတာမဟုတ်ဘူး)

'တစ်ယောက်တည်းနဲ့တော့ မဖြစ်နိုင်ပါဘူး' ဆိုတဲ့ အခြေအနေမျိုးတွေ ဘဝမှာ အများကြီးပါ။ ဥပမာ-ကိုယ့်နားရွက်ထဲ ဘာကောင်ဝင်သွားသလဲဆိုတာ ကိုယ့်ဘာသာကိုယ် ပြန်ကြည့်လို့မှမရတာ။

**မေး - အစည်မရ၊ အဖတ်မရလေး တစ်ခုလောက်မေးပါရစေ။ 'ကျွန်းလေး တစ်ကျွန်းပေါ်ကို တစ်ကိုယ်လုံး ဘာဆိုဘာမှမပါဘဲ... မင်းနိုက် သွားရမယ် ဆိုပါစို့ ကြိုက်ရာ (၃) ခုလောက်တော့ ယူသွားစေချင် ပါတယ်... ဘာတွေဖြစ်မလဲ...'။**

ဖြေ -

(၁) ကောင်မလေးချောချောလေးတစ်ယောက် (လမ်းခရီးမှာ အပျင်းပြေစေဖို့)


(၂) အာဏာရှင်တစ်ယောက် (ကျွန်းပေါ်ရောက်ရင် ကန်ချခဲ့ဖို့)

(၃) ဆီအပြည့်နဲ့ သင်္ဘောတစ်စင်း (ဟိုကောင်ကို ကန်ချပြီးတာနဲ့ အမြန်ဆုံး ပြန်လာဖို့)



www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

မအေးသွယ်က ရှိစုမဲ့စု ထဘီဟောင်းလေးသုံးထည်ကို ကွပ်ကွပ်အိတ် အနွမ်းလေးထဲထည့်လိပ်ရင်း・・

'ဘယ့်နှယ်လုပ်ကြမလဲ・・・ကိုစိန်ဖေ၊ ဒီနေရာကနေ ပြောင်းရရင် ကျုပ်တို့ ဘယ် ချေးကတက်မှာ သွားနေရမှာတုံး・・・တော့'

ကိုစိန်ဖေကတော့ ခပ်လှမ်းလှမ်းက တောင်ပူစာလို မျက်စိတစ်ဆုံး ဟီးထနေတဲ့ အမှိုက်ပုံကြီးဆီ ငေးကြည့်ရင်း သူ့မိန်းမ မအေးသွယ်ရဲ့ စကားသံကို မကြားသလို လုပ်နေတယ်။ သူ ငေးမောနေတဲ့ပုံက ဟိုးအဝေးကြီးကလာမယ့် မမြင်နိုင်တဲ့ တစ်စုံတစ်ရာကို စောင့်မျှော်နေသလိုမျိုးပဲ။

ကိုစိန်ဖေ့ အမေ ဖွားဒေါ်ဆုံကတော့ ဝေဝေသီသီ မျက်လုံးမွဲမွဲတွေနဲ့ အမှိုက်ပုံက ကောက်ရလာတဲ့ ပလတ်စတစ်တွေကို ရေဆေးရင်း သားနဲ့ချွေးမကို မသိမသာ အကဲခတ်နေတယ်။

အိုကြီးအိုမနဲ့ တလှုပ်လှုပ်လုပ်နေရှာတဲ့ သူ့အမေကို မြင်ရတော့ ကိုစိန်ဖေက・・・

'ဩော် အမေကလည်း ခက်တော့တာပဲဗျာ၊ နေကလည်းကောင်းတာ မဟုတ်ဘဲနဲ့၊ အဲဒါတွေ မလုပ်ပါနဲ့ဆို・・・။ ဟိုကောင်၊ ဖိုးနီကိုခေါ်ပြီး ဆေးခိုင်း၊ ဖိုးနီ ဘယ်များသွားပြီး ဆော့နေပြန်ပြီလဲ၊ ဟေး・・・ဖိုးနီ၊ သားရေ・・・'

ပြောပြောဆိုဆိုနဲ့ သူ့သား ဖိုးနီကို တကြော်ကြော် အော်ခေါ်လိုက်ရဲ့။

အမှိုက်ပုံကြီးကို တုတ်တစ်ချောင်းနဲ့ ထိုးဆွပြီး ရှာဖွေနေတဲ့ ဖိုးနီလည်း သူ့အဖေခေါ်သံကြောင့် ပြေးချလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မအေးသွယ်ကတော့ မှုန်ကုပ်ကုပ်နဲ့ ကြည့်ရင်း

'တော့်…ဒီမှာ၊ ကျုပ်မေးတာ ဖြေစမ်းပါဦး တော့်။ ကျုပ်တို့ ဘယ်မှာ သွားနေကြမလဲဆိုတာ'

ဆောင့်ဆောင့်အောင့်အောင့် မေးသံကြောင့် ကိုစိန်ဖေလည်း စိတ်တို သလိုဖြစ်သွားပြီး

'ဟာ…ခက်တဲ့ မိန်းမနှယ်။ ဒီလိုပဲ ကြံရဖန်ရမှာပေါ့ဟ။ သူများနည်း တူ ဖြစ်တဲ့ဟာပဲ၊ ဘာတတ်နိုင်မှာလဲ'

'တော့်ကို ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ငေါက်ချင် ငမ်းချင်ရတာနဲ့။ ရေ ရေရာရာတော့ဖြင့် ခုထိဘာမှ မရှိသေးဘူး၊ မနက်ဖြန် သန်ဘက်ခါဆိုရင်ပဲ ဒုက္ခရောက်တော့မယ့် ဥစ္စာကို…'

မအေးသွယ်ရဲ့ အသံက ပြောရင်းနဲ့ ငိုသံရှိုက်သံထွက်လာတယ်။ ကိုစိန် ဖေကတော့ ငူတူတူ ငိုင်တိုင်တိုင်ပဲ့။ သူ့သား ဖိုးနီတစ်ယောက် ပလတ်စတစ် စ တွေကို ရေဆေးပြီး နေရောင်အောက်မှာ ဖြန့်လှန်းနေတာကို တစ်ခါမှ မမြင်ဖူးတဲ့ လူတစ်ယောက်လို ငေးကြည့်နေလေရဲ့။

ဒီကနေ့မှ နေရောင်က ပိုလင်းလင်းချင်းချင်းဖြစ်နေပါကလား…လို့ အောက်မေ့တာ။ အမှန်တော့ သူတို့ရှေ့မြေကွက်လပ်ကို အရိပ်ကွယ်နေတဲ့ အိမ်နီးနားချင်းတဲတွေ တစ်လုံးမှ မရှိတော့ဘူး…ဆိုတာ နောက်မှ သတိထားမိ သွားတယ်။

ဟော…ဟုတ်ပါရဲ့၊ ဟိုဘက် ရေမြောင်းကြီးအစပ်နားက ကိုသောင်းတို့ တဲကိုတောင် ဝါးလုံးတန်းတွေ၊ တာလပတ်စတွေ ဆွဲချပြီး ဖျက်နေပါကကော လား။

သူတို့ကော ဘယ်များ သွားကြမှာပါလိမ့်။

'အဟွတ်…အဟွတ်…ဟင်း…ဟင်း…အဟွတ်'

တောင်စဉ်ရေမရ တစ်စစီ ပျံ့လွင့်နေတဲ့ ကိုစိန်ဖေရဲ့ အတွေးစတွေဟာ အမေ့ချောင်းဆိုးသံကို ကြားလိုက်ရတော့မှပဲ ရိုက်ပုတ် လှန့်နှိုးခံလိုက်ရသူလို ဖြစ်သွားတယ်။

အမေကတော့ ပန်းနာရင်ကျပ်သမားပီပီ တစ်ခါတစ်ခါ ချောင်းဆိုးမိပြီ ဆိုရင် မပြီးတော့ဘူး။ ဒါ့အပြင် အသက်ရှူတဲ့အသံက 'ဂရူး…ဂရူး'နဲ့မြည်ပြီး ကျပ်ဆို့နေတတ်တာ။ အသက်ရှူရတာကိုလည်း မဝလို့ထင်ပါရဲ့။ ပါးစပ်ကြီး ဟဟပြီး ရှူရတယ်။ ပြီးရင်…အကြာကြီး နှလုံးတုန်ပြီး မောနေတော့တာပဲ။

'အမေ…အမေ'

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနဲ့အတူ ကိုစိန်ဖေတစ်ယောက် ထိုင်ရာက မထနိုင်ခင်မှာဘဲ ဖွားခေါ်ဆုံအနားမှာရှိနေတဲ့ မအေးသွယ်က ယောက္ခမဖြစ်သူကို ပွေ့ထားလိုက်ပြီး ခေါ်ဆုံပါးစပ်က ထွေးချတဲ့ အကျိအချွဲတွေကို ဝါးကြမ်းခင်းအပေါက်ကြားကျအောင် လက်ညှိုးနဲ့ သပ်ချလိုက်တယ်။

ကိုစိန်ဖေက

'အဲဒါကြောင့် အမေ့ကို ဘာမှမလုပ်ဘဲ ငြိမ်ငြိမ်နေပါ…လို့ ပြောတာပေါ့။ အမေ့ဟာက တစ်ခါတစ်ခါ ထဖြစ်လိုက်မှဖြင့် သေကောင်ပေါင်းလဲချည်းဥစ္စာ။ ခွကျတာပဲဗျာ'

ဖွားခေါ်ဆုံကတော့ ဘာမှ ပြန်မပြောနိုင်ဘူး။ ဟောဟဲ ဆိုက်ပြီး လှိုင်းဘောင်ဘင်ထနေတဲ့ ရင်အုံပြားချပ်ချပ်လေးနဲ့ အသက်ကို မနည်းလုရှူနေရတာ။

တကယ်တော့…ကိုစိန်ဖေတစ်ယောက် ပါးစပ်ထဲ တွေ့ကရာတွေကို သာ ကရုဏာဒေါသောနဲ့မို့ တွန်းပြီးပြောနေရရှာတာ။ သူ့အမေခေါ်ဆုံရဲ့ ရောဂါက ငြိမ်ငြိမ်နေနေ မနေနေ…ကောင်းလာစရာအကြောင်း မရှိတော့ဘူးဆိုတာကို နည်းနည်းပါးပါးတော့ ရိပ်မိပြီးသား။

နှစ်ပေါင်းမနည်းမနော ကြာပဲကြာလှမင့်ဟာ။ ဆေးမြီးတိုလေးနဲ့ ကွမ်းရွက်ပြုတ်လေးနဲ့လောက်တော့ ဘယ်ရလိမ့်မလဲ။ ဒီပန်းနာ ရင်ကျပ်ဆိုတာမျိုးက အသက်ရှူစက်တွေ အောက်စီဂျင်ဘူးတွေ၊ စားဆေး ထိုးဆေးတွေ အစုံ အစုံကို ရွှေကိုယ်လေး ငွေကိုယ်လေးနဲ့ စက်ပြီးကုတာတောင်မှ နည်းနည်းလောက် ခုသာခံသာ ရှိတာမျိုးရယ်…။

ကိုစိန်ဖေတို့ အနေအစားမျိုးနဲ့ကတော့ ဘယ်လွယ်လိမ့်မတုံး။ ခုချိန်ထိ ဖွားခေါ်ဆုံကြီးရဲ့ နှလုံးတွေအဆုတ်တွေ အုံလိုက်ပြုတ်မထွက်သွားသေးတာကိုပဲ ကံကောင်းလှချေရဲ့လို့ အောက်မေ့ရမှာ။

'ဟင်း..'

ကိုစိန်ဖေက သူ့အမေဘေးက ဝါးကပ်ကျဲကျဲကြမ်းခင်းကို ညွှတ်ပုံ ညွှတ်ပုံ ဖြစ်သွားတဲ့အထိ ဆောင့်ကြောင့်ထိုင်ချလိုက်ရင်း သက်ပြင်းကို စိတ်ပျက်လက်ပျက် မှုတ်ထုတ်လိုက်တယ်။

မအေးသွယ်ကတော့ ယောက္ခမဖြစ်သူရဲ့ ကိုယ်ခန္ဓာပါးပါးလှပ်လှပ်လေးကို ဖေးကူတွဲထားရင်း

'အမေ့ကိုချည်း ပြောမနေနဲ့ဦး၊ ရှင့်ကိစ္စကိုကော ဘယ့်နှယ် လုပ်မှာတုံးတော့'

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးကို ဒူးပေါ်ပေါင်ပေါ် မ တင်ထားရင်း ဆောင့်ကြောင့်ကြီး ကြောင်ငေးနေတဲ့ ကိုစိန်ဖေက 'ရှင့်ကိစ္စ...'ဆိုတဲ့ စကားကြောင့် ဆတ်ခနဲ ထရမလို ထိုင်ရမလို ဖြစ်သွားတယ်။

တကယ်ဆို...သူတစ်ယောက်တည်းရဲ့ 'ကိစ္စ'မှ မဟုတ်ဘဲ။ တစ်မိသားစုလုံးရဲ့ကိစ္စ။ အို....အားလုံးရဲ့ 'ကိစ္စ'ပဲ မဟုတ်လား။

ဒါပေမဲ့..သူ့မိန်းမကို စကားအနိုင်လုပြီး ပြန် ငြင်းမနေချင်တော့ဘူး။ ခေါင်းကို လေးလေးတွဲ့တွဲ့နဲ့ တလှုပ်လှုပ်ညိတ်ရင်းက

'အေးပါဟာ၊ ကိုကျင်ဟုတ်ဆီမှာ ငါသွားပြီး အကူအညီတောင်းကြည့်ပါဦးမယ်'

သူ...ဒါပဲ ပြောနိုင်တော့တယ်။

[ ၂ ]

'ဒုံး....နှောင်ဂျမ်း'...'ဒုံး...နှောင်ဂျမ်း'နဲ့ ဆူညံ မြည်နေတဲ့ တရုတ်ဗုံသံ၊ မောင်းသံ၊ လင်းကွင်းသံတွေကို ကြားလိုက်ရတော့ ကိုစိန်ဖေတစ်ယောက်သမ်းပျောက်နေတဲ့ သူ့ခြေထောက်တွေကို ပိုပြီး သွက်လိုက်ရမလား၊ အရှိန်လျှော့ချလိုက်ရမလားဆိုတာ မစဉ်းစားတတ်အောင် ဇဝေဇဝါ ဖြစ်သွားတယ်။

သူ လည်ကိုဆန့်ပြီး လှမ်းကြည့်လိုက်တော့ ကိုကျင်ဟုတ်ရဲ့ အိမ်ရှေ့မှာ လူငယ်တွေကော လူကြီးတွေကော ရုံးစုရုံးစုနဲ့...။ တရုတ်ဗုံသံနဲ့ လင်းကွင်းသံတွေကလည်း အဲဒီလူအုပ်စုကြီး ထဲကနေ လာတဲ့အသံပဲ။

တရုတ်နှစ်သစ်ကူးနေ့ နီးနေပြီကိုး...ဆိုတာ ကိုစိန်ဖေ အလိုလိုသိလိုက်တယ်။ နှစ်ကူးနေ့ နီးတာမနီးတာက အကြောင်းမဟုတ်ပါဘူး။ တစ်ခါတစ်ခါ ကိုကျင်ဟုတ် စိတ်လိုလက်ရရှိတဲ့ နှစ်တွေမှာဆိုရင် နှစ်ကူးပြီဆိုတာနဲ့ စာအိတ်အနီရောင်လေးထဲမှာ နှစ်ရာတန်အသစ်လေးတစ်ရွက် ထည့်ပြီး 'အန်ပေါင်း'ဆိုထား ပေးတတ်တာကိုး။

ကိုစိန်ဖေ ရဖူးတာကို ပြောတာပါ။ သူများတွေတော့ ဘယ်လောက်ရသလဲ မပြောတတ်ဘူး။'သူများတွေ' ဆိုတာက ကိုကျင်ဟုတ်ဆီမှာ ပလတ်စတစ် ပြန်ပြန်သွင်းတဲ့ ကိုစိန်ဖေလို ဘဝတူ'ရှာဖွေရေးသမား'တွေပဲဆိုပါတော့။ အယောက်သုံးဆယ်လောက်တော့ ရှိမယ်ထင်ပါရဲ့။

ကိုစိန်ဖေတစ်ယောက် ဇဝေဇဝါဖြစ်နေရတာက တခြားကြောင့်တော့ မဟုတ်ဘူး။ အခုလို နှစ်ကူးရက်နီးပြီဆိုရင် ကိုကျင်ဟုတ်က အလုပ် ရှုပ်တတ်တယ်။ သူတို့ ခလေ့ထုံးစံထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်နဂါး ကတာတို့ ဘာတို့ပေါ့။

အဲဒါတွေကို ကမကထလုပ်ဖို့ကလည်းပဲ ကိုကျင်ဟုတ်ပဲ ဦးစီးရပုံပေါ်တယ်။ တရုတ်နဂါးကဖို့ လေ့ကျင့်ရတာကအစ ကိုကျင်ဟုတ်အိမ်ရှေ့ခြံဝင်းထဲမှာပဲ လုပ်ကြတာများတယ်။ အခုလည်း ဗုံသံတွေ၊ လင်းကွင်းသံတွေ တဒုံးဒုံး တဗွမ်းဗွမ်းကြားနေရပုံထောက်ရင် ချာတိတ်တွေ တရုတ်နဂါးအက တိုက်နေကြပြီထင်ပါရဲ့။

ကိုကျင်ဟုတ်လည်း ထုံးစံအတိုင်း အလုပ်ရှုပ်နေမှာ သေချာတယ်။

'ဒီလိုမျိုး သူ အလုပ်ရှုပ်နေတဲ့အချိန်မှာ အကူအညီသွားတောင်းရင် ကိုကျင်ဟုတ်တစ်ယောက် စိတ်တိုပြီးတော့များ အော်ငေါက်လွှတ်လေမလား'

သိမ်ငယ်စိတ်နဲ့ဆိုတော့ အဲဒီလိုတွေးပြီး ခြေလှမ်းလည်း တွန့်မိသား။ အကောင်းဘက်က လှည့်ကြည့်တော့လည်း…

'နှစ်ကူးခါနီးဆိုတော့ သူ စိတ်လက်ရွှင်ရွှင်ရှိတုန်းမို့ အကူအညီပေးတန်ကောင်းပါရဲ့လေ'

ဆိုတဲ့ ထင်ကြေးက ခြေလှမ်းသွက်ချင်စရာ။

ဘာပဲဖြစ်ဖြစ် ရွေးချယ်စရာမရှိမှတော့ မထူးဘူးလေ။

လင်းကွင်းသံ တဂျမ်းဂျမ်းဆူညံနေတဲ့ ကိုကျင်ဟုတ်ရဲ့ ခြံဝင်းထဲကို လှမ်းဝင်လိုက်တယ်။

ဟုတ်ပါရဲ့။ နီညိုရောင် တရုတ်ဘောင်းဘီပွပွနဲ့ စွပ်ကျယ်လက်စကဝတ်ထားတဲ့ အသားဖြူဖြူ လူငယ်လေးတွေဟာ ချွေးတလုံးလုံးနဲ့…ပြေးလိုက်လွှားလိုက်၊ ဝုန်းဆိုခုန်လိုက်၊ ရုတ်တရက် ကိုယ်ကို ကိုင်းညွှတ်ပြီး ယိမ်းနွဲ့လိုက်။

အားလုံးတစ်ပြိုင်တည်းဆိုပေမယ့် ယိမ်းကသလို ညီတူညာတူ လှုပ်ရှားနေကြတာတော့ မဟုတ်ဘူး။ ရှေ့ဆုံးက တစ်ယောက်က အပေါ်ကို ဆတ်ခနဲခုန်လိုက်ချိန်မှာ ဒုတိယတစ်ယောက်က လက်ကို သာသာလေး မြှောက်ပြီးကိုယ်ကို ဘေးဘက်ဆီ ယိမ်းနွဲ့လိုက်တယ်။

တတိယတစ်ယောက်ကျတော့ ဖျတ်ခနဲဒူးကွေးထိုင်ချလိုက်ရဲ့။ အဲ…သူ့နောက်က တစ်ယောက်ကတော့ ဒုတိယလူ ကိုယ်ဟန်ယိမ်းတဲ့ဘက်နဲ့ ဆန့်ကျင်ဘက်ဆီကို လွှားခနဲခုန်လည်းခုန်၊ တိမ်းလည်း တိမ်းပေါ့။

သူတို့လက်ထဲမှာလည်း တစ်တောင်ခွဲသာသာ လောက်ရှိမယ့် တုတ်ရှည်ရှည်တစ်ချောင်းစီကို ထိပ်မှာ ပြည်တောင်းအရွယ်လောက် ဝါးနှီးခြင်းတောင်းလိုဟာမျိုးစွပ်ပြီး ထောင်လျက် ကိုင်မြှောက်ထားကြလေရဲ့။

လေထဲမှာ တုတ်နဲ့ ထောက်ပြီး မြှောက်ထားတဲ့ ဝါးနှီးခြင်းတောင်းလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကို ရှေ့နောက်တန်းစီပြီး ရောင်စုံဘော်ကြယ်တွေ အကွက်ဖော်ဆေးခြယ်ထားတဲ့ အဝတ်စရှည်ရှည်ကြီးနဲ့ အလျားလိုက်အုပ်လိုက်ရင် အင်မတန်လှပတဲ့ တရုတ်နဂါးကြီးတစ်ကောင်ပုံ ပေါ်လာမှာပဲ…လို့ ကိုစိန်ဖေ မျက်စိထဲ မြင်ယောင်ကြည့်နေတယ်။

ချာတိတ်ကလေးတွေကတော့ နဂါးကြီးရဲ့ကိုယ်လုံးထည်တစ်လျှောက်ကို တုတ်နဲ့ထောက်မထားတဲ့ ဟန်ပေါ့။ သူတို့လက်ထဲက တုတ်ချောင်းတွေရဲ့ အနုတ်အသိမ်း အရွေ့အပြောင်းဟာ နဂါးကြီးရဲ့ ကိုယ်ဟန်အယိမ်းအနွဲ့ပဲ။

ခုဟာကတော့ လေ့ကျင့်နေကြတာပဲဆိုတော့ အပေါ်က နဂါးရုပ်အဝတ်ကြီး အုပ်မထားသေးဘူးပေါ့။ အလွတ်သက်သက် တုတ်တွေကိုင်ပြီး မြှောက်လိုက် နှိမ့်လိုက် စောင်းလိုက် ဝိုက်လိုက်နဲ့ လေ့ကျင့်နေကြတာ။

ချာတိတ်လေးတွေက ခုနစ်ယောက်၊ ရှစ်ယောက်လောက်တော့ ရှိမယ်ထင်တယ်။ ရှေ့ဆုံးက အရွယ်ကြီးကြီး လူငယ်လေးက နဂါးရဲ့ ဦးခေါင်းကိုကိုင်ရမှာထင်ပါရဲ့။ နောက်ဆုံးက ချာတိတ်လေးကတော့ နဂါးအမြီးဖြစ်မှာပေါ့လေ။

သူတို့ကို သင်ပေးနေတဲ့လူကတော့ ကိုကျင်ဟုတ်ပဲ။

'နဂါးခေါင်းက ဟိုဘက်ကိုစောင်းလိုက်ရင် နင်က ဒီဘက်ကို ပြေးလာခဲ့။ နဂါးခေါင်းက ဒီဘက်ကို စောင်းလိုက်ရင် ဟိုဘက်ကို ပြန်ပြေးသွား၊ သဘောပေါက်လား'

နဂါးအမြီးနေရာမှာ နေရတဲ့ ချာတိတ်လေးကို ကိုကျင်ဟုတ်က တတွတ်တွတ်မှာနေလေရဲ့။

ဒါနဲ့ ကိုစိန်ဖေလည်း အဲဒီချာတိတ်လေးကို သေသေချာချာ သတိထားပြီး ကြည့်မိသွားတယ်။ ခမျာမှာ ချွေးတွေသံတွေနဲ့ အတော်လေး ဖတ်ဖတ်မောနေရှာပုံပဲ။

ဟုတ်မှာပေါ့လေ။ သူက နဂါးအမြီးနေရာမှာ နေရရှာတာမဟုတ်လား။ နဂါးခေါင်းကသာ နည်းနည်းလေးစောင်းရုံစောင်းလိုက်တာ၊ အမြီးကျတော့ ခေါင်းငှဲ့တာနဲ့လိုက်ဖက်အောင် သေလုမျောပါး ပြေးလွှားနေရတာကလား။

[ ၃ ]

ကိုကျင်ဟုတ်က ချာတိတ်ကလေးကို သင်ပေးနေရင်း ဒီဘက်ကို မျက်နှာပြန်လှည့်လိုက်တော့ လူအုပ်ထဲမှာ ရပ်ကြည့်နေတဲ့ ကိုစိန်ဖေကို မြင်တယ်နဲ့တူပါရဲ့။ မျက်နှာက တစ်မျိုးဖြစ်သွားသလိုပဲ။ ဘာရယ်တော့ မပြောတတ်ဘူး။

www.burmeseclassic.com



ကိုစိန်ဖေလည်း လူတွေကြားထဲမှာပဲ မိုးတိုးမတ်တတ်ရပ်ရင်း၊ မျက်နှာ သေကလေးလုပ်ထားရင်းနဲ့ ကိုကျင်ဟုတ် အကဲကိုခတ်နေရတယ်။

'ကဲ…ကဲ၊ နောက်တစ်ခေါက် ပြန် စကြမယ် ဟေ့'

ကိုကျင်ဟုတ်ရဲ့ စကားအဆုံးမှာ ဗုံသံတွေ၊ မောင်းသံ၊ လင်းကွင်းသံတွေ 'ဒုံးနောင်ဂျမ်း…ဒုံးနောင်ဂျမ်း'နဲ့အတူ ချာတိတ်လေးတွေက ပြေးကြလွှားကြ ယိမ်းကြ နွဲ့ကြနဲ့ လုပ်နေပြန်ပါရော။

ခဏကြာတော့ ကိုကျင်ဟုတ်က လေ့ကျင့်နေတဲ့ လူငယ်တွေကို ထားပစ် ခဲ့ပြီး ဒီဘက် ပြန်လျှောက်လာတယ်။ လူအုပ်ထဲကို လှမ်းကြည့်လိုက်တဲ့ သူ့ အကြည့်က ကိုစိန်ဖေနဲ့မျက်လုံးချင်းဆုံသွားတော့ ကိုကျင်ဟုတ်က အသိအမှတ် ပြုသလိုမျိုး ခေါင်းတစ်ချက်ဆတ်ပြီး ညိတ်ပြလေရဲ့။

ကိုစိန်ဖေကလည်း အရိပ်အကဲကိုကြည့်ရင်း အိမ်ထဲဝင်သွားတဲ့ ကိုကျင် ဟုတ်ရဲ့ နောက်ကို ခပ်ယို့ယို့ကလေး လိုက်သွားတယ်။

ကိုကျင်ဟုတ်ရဲ့ နောက်မှာ လက်ကလေးနှစ်ဖက် နောက်ပစ်ပြီး ရပ်မိ တော့ ကိုကျင်ဟုတ်က··

'နင်တို့တွေ ဟိုဒင်း ဖြစ်ကြရမယ်ဆို…'

ကိုကျင်ဟုတ်က ဗမာရည် လည်ပေမယ့် စကားပြောရင်တော့ သူတို့ တရုတ်ထုံးစံအတိုင်း 'နင်'တွေ 'ငါ'တွေသုံးပြီး ပြောတတ်တယ်။

ကိုစိန်ဖေက ဘာမှပြန်မဖြေဘဲ ခေါင်းကြီးငိုက်စိုက်ချပြီး တုံဏှိဘာဝေ လုပ်နေတယ်။

အကူအညီတောင်းဖို့ စကားကို ဘယ်လို စရမယ်မှန်း မသိဘူး။

ဘာကို ကူညီစေချင်တာမှန်းလည်း သူ့ဘာသာသူ မသဲကွဲသေးဘူး။

ကိုကျင်ဟုတ်က ဆက်ပြီး

'ငါ့ကိုလည်း သိန်းဒန်လာပြောလို့ သိတာ၊ သိန်းဒန်တောင် နေစရာမရှိ ဘူးဆိုလို့ ငါ့ဘဲခြံမှာ သွားနေခိုင်းလိုက်ရတယ်'

မြို့ပြင်က အဝေးပြေးလမ်းမကြီးဘေးမှာ ကိုကျင်ဟုတ် ပိုင်တဲ့ ဘဲခြံ တွေရှိတာ ကိုစိန်ဖေ သတိရလာတယ်။

ငါတို့ မိသားစုကော အဲဒီမှာ သွားနေခွင့်ရနိုင်ဦးမလား…ဆိုတဲ့အတွေး က ကိုစိန်ဖေ့ ဦးနှောက်ထဲမှာ ကောက်ရိုးတစ်မျှင်လို ပေါ်လာလေရဲ့။ ယာယီ ပဲ ပြောပြော ဘာပဲပြောပြော…အခိုက်အတန့် အားဖြင့်တော့ ဒုက္ခက အဆိုက် အလျောက် သက်သာရာရမှာပဲလေ။

ဒါပေမဲ့…

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်အဝေးကြီးမှာ သွားနေရရင် နေ့စဉ်ပလတ်စတစ်သွင်းတဲ့ အလုပ်ကို ဘယ်လိုဆက်လုပ်မလဲ။ ဒါက…နေ့တိုင်း ထမင်းကျွေးနေတဲ့ အလုပ်။

မိသားစုလေးယောက်ရဲ့ ပါးစပ်ပေါက်ကို နေ့စဉ်ပုံမှန် ဝင်ငွေမရှိဘဲ ဘယ် လို ထမင်းကျွေးရမှာတုံး။ ဘဲခြံထဲမှာနေပြီး ဘဲတွေလို အစာရှာစားတတ်ရင် လည်း အကောင်းသား…လို့ ကိုစိန်ဖေ တွေးနေမိတယ်။ လောလောဆယ်မှာ ရွေးချယ်စရာက သိပ်ရှိလှတာ မဟုတ်ဘူး။

အရင်လာတဲ့ ဒုက္ခကို အရင်ရှင်းရမှာပဲ။

ပစ္စုပ္ပန်ကို တည့်တည့်ရှုတယ်ဆိုတာ ဒါမျိုးလား။ အင်းလေ…ပစ္စုပ္ပန် ကိုပဲ ရှုရမှာပေါ့။ အနာဂတ်မှ မရှိတာ။

ကိုစိန်ဖေက…

'ကျွန်တော်တို့ မိသားစုလည်း အတော်ဒုက္ခများနေတယ်… ဆရာ ကိုကျင်ဟုတ်ရယ်။ ကျွန်တော်တို့ကိုကော သိန်းဒန်တို့လို ဘဲခြံမှာ ခဏထားပေးလို့ မရဘူးလား၊ ကယ်နိုင်ရင် ကယ်ပါဦးဗျာ'

အလောတကြီးပြောလိုက်တဲ့ လေသံကြောင့် ကိုကျင်ဟုတ်က မျက်ခုံး ပင့်ပြီး ကြည့်တယ်။ 'ဟ…ခင်ဗျားပြောပုံက လွယ်လှချည်လား…'လို့ အပြစ် တင်ချင်တဲ့ အကြည့်မျိုး။

ဒါပေမဲ့…

ကိုစိန်ဖေရဲ့ မျက်လုံးအစုံထဲက တစ်စုံတစ်ရာကို မျှော်လင့်အားကိုးနေတဲ့ အငွေ့တလူလူလေးကို တွေ့လိုက်ရလို့မလား မသိဘူး။ ကိုကျင်ဟုတ်ဟာ ချောင်း တစ်ချက်ဟန့်လိုက်ပြီး ငြိမ်သက်နေတယ်။

ပြီးတော့မှ…

'အမှန်တော့…ငါ့ဘဲခြံမှာက လူများများစားစား မလိုဘူး။ နောက်ပြီး …ဘဲခြံမှာနေရင် ဘဲကျောင်းတာတို့၊ သန့်ရှင်းရေးလုပ်တာတို့၊ ငါ့ဘဲတွေ သူများ လာမခိုးအောင် စောင့်ရတာတို့ ဘာညာ အစုံလုပ်နိုင်ဦးမှ၊ ဟူး…မလွယ်ဘူး'

ကိုကျင်ဟုတ်က ခပ်ညည်းညည်းပြောတယ်၊ ဒီလောက်ပြောပြီဆိုရင်ပဲ ကိုစိန်ဖေက အလိုက်သိတာပေါ့။

'လုပ်ပါ…ဆရာကိုကျင်ဟုတ်ရယ်၊ ကျေးဇူးမမေ့ပါဘူး၊ ဘဲခြံထဲက လုပ်စရာတွေကိုလည်း ကျွန်တော်တို့ မိသားစု တာဝန်ယူထားလိုက်ပါ၊ ကျွန်တော့် သား ဖိုးနီကိုလည်း ခိုင်းလို့ရပါတယ်'

'ဒါဖြင့်… နင်တို့ ပလတ်စတစ်ရှာတဲ့ အလုပ်ကျတော့ကော ဘယ့်နှယ် လုပ်မလဲ၊ နေ့တိုင်းလာဖို့တော့ မလွယ်ဘူးနော်၊ ဟိုနဲ့ ဒီသွားတာပြေတာနဲ့တင် တစ်ရက်လုံးလုံးကုန်မှာ'

www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်ဖေက သက်ပြင်းကို ကျိတ်ပြီး ချလိုက်တယ်။ ပြီးတော့ တံတွေးကို ကမန်းကတန်း မျိုချရင်း

'နေ့တိုင်းတော့ မလာနိုင်ဘူးပေါ့…ဆရာကိုကျင်ဟုတ်ရယ်၊ နှစ်ရက်တစ်ခါလောက်တော့ ကျွန်တော့်မိန်းမ မအေးသွယ်ကို လွှတ်ပါ့မယ်၊ လောလောဆယ်အသက်ရှူပေါက်ကလေး ရရင်တော်ပါပြီ၊ ဒီနှစ်ရက် သုံးရက်အတွင်းမှာမှ ခြေချစရာမရှိရင် ဒုက္ခရောက်တော့မှာမို့လို့ပါ'

ကိုကျင်ဟုတ်က ခေါင်းကို ကုတ်လိုက်တယ်။ သူ့ကိုကြည့်ရတာ စိတ်ရှုပ်နေသလို အလုပ်လည်းများနေပုံပဲ။ ပြီးတော့ သူက…

'ကျုတ်…ကဲ… ငါလည်း အခုအလုပ်ရှုပ်နေတယ်၊ နင်တို့ အဲဒီမှာခဏတစ်ဖြုတ်နေချင်လည်း နေကြပေါ့၊ ဆက်ထားဖို့ မထားဖို့ကတော့ နောက်မှနင်နဲ့ သေသေချာချာ စကားပြောမယ်၊ ကဲ…ရော့'

ကိုကျင်ဟုတ်က သူ့အိတ်ကပ်ထဲက ပိုက်ဆံငါးရာတန် တစ်ရွက်ကိုထုတ်ပြီး ကိုစိန်ဖေကို လှမ်းပေးတယ်။ ဘာအတွက်ပေးမှန်းတော့မသိဘူး။ ကိုစိန်ဖေလည်း ယောင်နနနဲ့ လှမ်းယူလိုက်ရဲ့။ ကိုစိန်ဖေခမျာ ကျေးဇူးတင်ရတာတောင်မှ ယောင်တောင်တောင်နဲ့ရယ်။

ကိုကျင်ဟုတ်က ပိုက်ဆံပေးပြီး လှည့်ထွက်မယ် အလုပ်မှာ ကိုစိန်ဖေက မဝံ့မရဲလေသံနဲ့

'ဆရာ…ဆရာကိုကျင်ဟုတ်၊ ကျွန်တော်တို့ပြောင်းဖို့ရွှေ့ဖို့က ဟိုဒင်း…ဘယ်လို…အဲ…အဲဒါ'

ကိုစိန်ဖေက လက်ထဲက ငါးရာတန်လေးကို ကျစ်ကျစ်ပါအောင်လိပ်လိုက်၊ ဖြန့်လိုက်လုပ်ရင်း မဝံ့မရဲ စကား စရှာတယ်။ ဟုတ်တယ်လေ။ တစ်အိမ်ထောင် ပြောင်းဖို့ရွှေ့ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ။ အိုးတွေ ခွက်တွေ အထုပ်အပိုးတွေ ရွက်ပြီး ခြေလျင်လျှောက်ရမှာလား။

ကိုကျင်ဟုတ်ကလည်း သူငွေးပဲ။ ချက်ဆို နားခွက်က မီးတောက်တာပေါ့။ ကိုစိန်ဖေ ဘာပြောချင်သလဲဆိုတာကို တန်းပြီး သဘောပေါက်တယ်။ ဒါနဲ့ ကိုကျင်ဟုတ်က ခေါင်းရှုပ်မခံချင်တဲ့ လေသံနဲ့…

'အင်း…အင်း…သဘောပေါက်ပြီ၊ ဘဲတွေ တင်တဲ့ ဒေါ့ဂျစ်ကားနဲ့ပဲ နင်တို့ ပစ္စည်းတွေ တင်ပြီး လိုက်သွားကြ၊ မနက်ဖြန် မနက် သုံးနာရီလောက်ဆို ဒေါ့ဂျစ်မောင်းတဲ့ အန်းကောက်က ခြံထဲက ဘဲတွေ သွားယူမှာ။ အဲဒီကားနဲ့ နင်တို့ကို ဝင်ခေါ်သွားလို့ ငါမှာထားလိုက်မယ်၊ မနက်သုံးနာရီ မထိုးခင် နင်တို့ အဆင်သင့်ပြင်ထား၊ နောက်မကျစေနဲ့နော်။ အန်းကောက်က ကျုံးချိန်အမီ ပြန်လာရမှာ'

www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းကြီးသား ကျေးဇူးကြီးလှပါပေ့လို့ ကိုစိန်ဖေက တွေးလိုက်မိတယ်။ ဘုရား မ, တာပဲလား၊ ကိုကျင်ဟုတ်က မ, တာပဲလားတော့ မသိဘူး။ လောလောဆယ်တော့ သူ့အတွက် ဇရာမမီးခဲကြီးတစ်ခုကို ပြာနဲ့ဖုံးပစ်လိုက်နိုင်ပြီ။

ကိုစိန်ဖေရဲ့ ခြေလှမ်းတွေက ပေါ့ပြီး သွက်နေတယ်။

မသွက်လို့လည်း မဖြစ်ဘူးလေ။ ဒီတစ်ညအတွင်း ဖျက်စရာရှိတာ ဖျက်ရမယ်၊ သိမ်းစရာ ရှိတာ သိမ်းရမယ် မဟုတ်လား။

ခပ်သုတ်သုတ် လုပ်မှ ဖြစ်မယ်။

[ ၄ ]

မှောင်နေပြီဆိုတော့ သစ်သားချောင်းဆင့်ခံပြီး ရိုက်ထားတဲ့ ဝါးကြမ်းခင်းက သံချက်တွေကို ကော်ထုတ်ရတာ အလုပ်မတွင်ဘူးဖြစ်နေတယ်။ မတော်တဆ သံစူးမိမှာလည်း စိုးရသေးတယ်။

ဘေးက ဝင်ကူနေတဲ့ သူ့သား ဖိုးနီကိုလည်း 'တဟဲ့…ဟဲ့'နဲ့ အရမ်းမလုပ်ဖို့ ဟန့်နေရသေးရဲ့။ စူးမိရှမိမှဖြင့် ကိုယ့်အခြေအနေနဲ့ ဘယ့်နှယ်လုပ်ပြီး ဆေးခန်းသွားမလဲ။

'ဖိုးနီ ဒီဘက်နားကို မီးရောင် သေသေချာချာ ပြထားစမ်း'

'ဂျွတ်…ဂလောက်….ဖြောင်း'

ဟာ..သွားပြီ။ ဂရုစိုက်ပြီး လုပ်နေတဲ့ကြားက သစ်သားချောင်းက ပဲ့ထွက်သွားသေးတယ်။ နှမြောလိုက်တာ။

သစ်သားလည်း သစ်သားအလျောက် တန်ဖိုးရှိတာ မဟုတ်လား။ တစ်ချောင်း တစ်ချောင်းဆို ဈေးက နည်းတာမဟုတ်ဘူး။ ဒီအဟောင်းလေးတွေပဲ ပြန်ပြီး သုံးနိုင်မှ တော်ကာကျမှာ။

ကိုစိန်ဖေတစ်ယောက် သစ်သားအပဲ့အရွဲ့စကို ငိုင်ပြီး ကြည့်နေတုန်းမှာပဲ မအေးသွယ်က စိတ်ပူနေတဲ့ မျက်နှာနဲ့ အနားကိုရောက်လာပြီး

'တော့်…ကိုစိန်ဖေ၊ အမေ့ကိုလာကြည့်ဦးတော့၊ အမေက မနည်းဖြစ်နေတာ'

မအေးသွယ်ရဲ့စကားကြောင့် ကိုစိန်ဖေ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။ ဟုတ်တယ်။ ညဦးပိုင်းကတည်းက အမေက အမောဖောက်ဖောက်နေတာ။

သူ့မိန်းမ မအေးသွယ်လည်း အထုပ်အပိုးလေးတွေ ထုပ်ဟယ်၊ ထည့်ဟယ် လုပ်လိုက်…အမေ့ကို ပြေးပြေးပြီး ပြုစုလိုက်နဲ့ တစ်ညလုံး ဗျာများနေလိုက်တာ ဆိုတာများ။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်ဖေက သုတ်ခနဲထသွားပြီး သူ့အမေနားမှာ ထိုင်ချလိုက်တယ်။ မြင်ရတာကတော့ စိတ်မသက်သာစရာပဲ။

ဖွားဒေါ်ဆုံကတော့ အသက်ရှူကျပ်လွန်းလို့ ထင်ပါရဲ့။ လှဲပြီးတောင် မအိပ်နိုင်ဘူး။ ထောင်ထားတဲ့ ဒူးခေါင်းနှစ်လုံးပေါ်မှာ မည်းတူးပေညစ်နေတဲ့ ခေါင်းအုံးစုတ်ကလေးကိုခုပြီး ရင်ဘတ်နဲ့ ဖိလို့ ကုန်းကုန်းလေးပဲ နေရရှာတယ်။

'အမေ…အမေ…၊ ဘယ့်နှယ်လဲဟင်၊ သက်သာရဲ့လား'

သားဖြစ်တဲ့ ကိုစိန်ဖေရဲ့ စကားကိုလည်း ဖွားဒေါ်ဆုံတစ်ယောက် ပြန် မဖြေနိုင်ဘူး။ ပါးစပ်ဟဟပြီး အသက်ရှူပုံက ကုန်းပေါ်ပစ်တင်ခံထားရတဲ့ ငါးတစ်ကောင်ရဲ့ ပါးဟက်တွေ လှုပ်နေပုံမျိုးပဲ။

ကိုစိန်ဖေက သက်ပြင်းကို ကျိတ်ပြီး မှုတ်ထုတ်လိုက်တယ်။ ခါတိုင်း သူ့ အမေ ဆိုးဆိုးရွားရွား အသက်ရှူကျပ်ပြီဆိုရင် အခုလိုမျိုး ခါးလေးကုန်းပြီး တစ်ညလုံး ငုတ်တုတ်ထိုင်နေရတာမျိုး ကြုံဖူးသားပဲ။ ဖြစ်နိုင်ရင် သူ့အမေ ရင်ဘတ်ထဲက ရောဂါကို လက်နဲ့တစ်ဆုံးနှိုက်ယူပြီး သူ့ပါးစပ်ထဲ မျိုချပစ်လိုက် ချင်တယ်။ အဲသလောက်တောင်။

ဟုတ်တယ်။ အမေဖြစ်နေပုံကို မမြင်ရက်လွန်းလို့ ကိုယ်တိုင်သာ ဖြစ် ပစ်လိုက်ချင်တော့တာ။

ကိုစိန်ဖေက သူ့မိန်းမ မအေးသွယ်ကို လက်ယပ်ပြကာ အနားကိုခေါ် လိုက်ပြီး

'အမေ့ကို ဟိုလျက်ဆားနဲ့ ကွမ်းရွက်လေးတိုက်ထားလိုက်ဦးဟာ။ ငါ… နောက်ဖေးမှာ ကာထားတဲ့ တာလပတ်စကြီး သွားဖြုတ်ပြီး လိပ်သိမ်းလိုက်ဦးမယ်'

'တော်ကလည်းရှင်၊ အရေးကြီးနေလိုက်တာ…'

'ဟ…အရေးမကြီးလို့ ရမလားဟ။ အချိန်နဲ့လုပ်ရမှာ။ ဟိုက လာခေါ် တဲ့အချိန်မှာ အားလုံးသိမ်းဆည်းပြီး ဖြစ်မနေရင် သောင်ပြင်လွတ်တဲ့ခွေးလို ဒုက္ခရောက်ပြီးကျန်ခဲ့မှာ။ နင့်လင် အန်းကောက် က စောင့်ပြီး ခေါ်မှာမဟုတ်ဘူး'

ဒေါ်ပွပွနဲ့ မိန်းမကိုပဲ ဖိပြီး ကြိမ်းရတော့တယ်။ ဟုတ်တယ်လေ…၊ အခုကိုပဲ အချိန်က သန်းခေါင်နား ကပ်နေပြီ။ နောက်ထပ်နှစ်နာရီသာသာပဲ လုပ်ချိန် ကိုင်ချိန်ရတော့တာ။ တဲသာသာ အိမ်ကလေးဆိုပေမယ့် ဗာဟီရကတော့ အများသား။

တန်းထိုးထားတဲ့ ဝါးလုံးတွေကို နီးချက်တွေဖြေချ၊ တွင်းတူးပြီး စိုက်ထားတဲ့ မဓမတိုင်တွေကို နုတ်ရ၊ ခနိပျစ်တွေကို ခွာရနဲ့ သန်းခေါင်ကျော် မှောင်ကြီးမည်းကြီးထဲမှာ ကိုစိန်ဖေ ချွေးတလုံးလုံး ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒန့်အိုးဒန့်ခွက် သုံးလေးလုံးကိုတော့ ဆင့်ကဲ ဆင့်ကဲ အကြီးထဲ အသေး ထည့်ပြီး ပုဆိုးအဟောင်းနဲ့ ပတ်ချည်လိုက်ရဲ့။ ပြီးတော့ ဓားမကိုလည်း ခါးကြား ထိုးထားလိုက်တယ်။ ဒီ ဓားမက ပျောက်လို့မဖြစ်ဘူး။ သိပ် အသုံးဝင်တာ။

ဟင်းတွေ ဘာတွေ ခုတ်ရင် ထစ်ရင်လည်း ဒီ ဓားမပဲ။ ထင်းခြောက် ဝါးလုံးခြောက်လေး ခွဲရခြမ်းရရင်လည်း ဒီ ဓားမပဲ။ တိုင်တွေ၊ ငုတ်တွေ စိုက် ချင်လို့ မြေကြီးမှာ တူးရဆွရရင်လည်း ဒီ ဓားမပဲ။

နောက်ပြီး သူတို့ မိသားစုမှာက ချက်ဖို့ ပြုတ်ဖို့ ယောက်မတွေ ဘာ တွေကလည်း ရှိတာမဟုတ်တော့ ဟင်းအိုးမွှေရင်လည်း ဒီ ဓားမပဲလေ။

ကိုစိန်ဖေက ဓားမတိုကလေးကို တခုတ်တရ ခါးကြားထိုးလိုက်ပြီးတော့ သူ့သား ဖိုးနီကို··

'သား၊ လူလေး···ဟောဟိုက ဒန့်အိုးကြီးတွေ မ လာခဲ့ကွာ'

သူကိုယ်တိုင်ကတော့ တာ့လပတ်စနဲ့ လိပ်ပြီး ပလတ်စတစ်ကြိုးနဲ့ချည် ထားတဲ့ ဝါးလုံးတိုင်တွေ၊ မဓမ တိုင်တွေကို ထမ်းသယ်ပြီး ကားလမ်းမဘေးမှာ ပုံထားလိုက်တယ်။

ပြီးတော့···၊ ပုဆိုးဟောင်းနဲ့ ထုပ်ထားတဲ့ ဒန်ပန်းကန်ပြား အဟောင်း တွေရယ်၊ ခေါင်းအုံးတွေရယ်၊ စောင်စုတ်တွေရယ်ကို သယ်ရပြန်တယ်။ ဖိုးနီ ကတော့ ဘုရားပုံတော်ပါတဲ့ ပြက္ခဒိန်စာရွက်အနွမ်းနဲ့ သောက်ရေအိုးပုံကို မနိုင့်တနိုင် သယ်လာလေရဲ့။

သားအဖနှစ်ယောက် လေးငါးခေါက်လောက် တက်ညီလက်ညီ သယ် လိုက်တော့ ကားလမ်းဘေးမှာ ပစ္စည်းပစ္စယတွေ အတော်စုံစုံလင်လင် ပုံထား ပြီးသား ဖြစ်သွားပြီ။

'ဝှီ···ဝှီ···'

မပီမသ အက်ကွဲကွဲမြည်နေတဲ့ ကားဟွန်းသံကြားလို့ လှမ်းကြည့်လိုက် တော့ ရှေ့မီးကြီးနှစ်လုံးထိုးပြီး သူတို့ရှိရာဆီကို တည့်တည့်လာနေတဲ့ ဒေါ့ဂျစ်ကား အိုကြီးကို မြင်နေရပြီ။ ကားစက်သံ တဂျုံးဂျုံး တဂျိမ်းဂျိမ်းကလည်း ဆူညံလို့။

'သား···အဲဒီ ဒေါ့ဂျစ်ကားပေါ်ကို ဖေဖေတို့ ပစ္စည်းတွေ တင်ထားနှင့်၊ မေမေနဲ့ဘွားဘွားကို ဖေကြီး သွားခေါ်လိုက်ဦးမယ်'

ဖိုးနီကို မှာထားပစ်ခဲ့ပြီး တဲရှိရာဆီကို ကိုစိန်ဖေတစ်ယောက် ခြေလှမ်း ကျဲကြီးတွေနဲ့ ပြန်လှည့်လာခဲ့တယ်။ တဲထဲကို ငုံ့ဝင်လိုက်တာနဲ့···

'ကိုစိန်ဖေ···ကိုစိန်ဖေ၊ ဒီမှာ အမေ့ကို ကြည့်ပါဦး၊ အမေလေ··· အမေ···'

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ မအေးသွယ်ရဲ့ ဆို့ဆို့အက်အက် အသံဆိုးကြီးက ကိုစိန်ဖေကို ခေါင်းနားပန်းကြီးသွားစေတယ်။

'ဘာဖြစ်ပြီ…'ဆိုတာကိုလည်း ရင်ထဲက ထိတ်ခနဲသိလိုက်တယ်။ အဲဒီအသိကြောင့် စိတ်ဟာ မှိုင်းညို့မည်းမှောင်ပြီး လူတစ်ကိုယ်လုံးကို ဖောက်ထိုးမိုးမျှော် ဖြစ်သွားသလိုပဲ။

'အမေ…အမေ'

အမေ့နားကို အပြေးကလေး ထိုင်ချလိုက်ပြီး လှုပ်လှုပ်နှိုးနှိုး ခေါ်ကြည့်လိုက်တယ်။ အမေဟာ တိတ်ဆိတ်ငြိမ်သက်လွန်းနေရဲ့။

မအေးသွယ်ဆီကနေ…

'ဖြစ်ရလေ…အမေရယ်…'

ဆိုတဲ့ ငိုသံအက်အက် အပျိုးအစမှာတင် ကိုစိန်ဖေက

'ဟဲ့…ကောင်မ၊ နင့်ပါးစပ်ပေါက်ကို ပိတ်ထားစမ်း၊ အသံတစ်စက်မှ မထွက်နဲ့။ သုတ်စမ်း…နင့် မျက်ရည်တွေကို အခုသုတ်'

ကိုစိန်ဖေရဲ့ စကားသံက ခက်ထန်ကြမ်းတမ်းလွန်းနေတယ်။

မအေးသွယ်တောင်မှ တစ်ကိုယ်လုံး တုန်ခနဲဖြစ်သွားပြီး ပါးစပ်အဟောင်းသားနဲ့ ပြန်ငေးစိုက်ကြည့်နေမိလေရဲ့၊ ကိုစိန်ဖေက အံကြိတ်သံနဲ့

'သွားစမ်း…ဟို အိမ်ရှေ့ကို။ ဟိုမှာ…ကလေးတစ်ယောက်တည်း မနိုင်မနင်းနဲ့ ပစ္စည်းတွေ ကားပေါ်တင်နေရတာ…သွားလုပ်ပေးလိုက်၊ မျက်ရည် မထွက်နဲ့နော်…ကြားလား။ လုံးဝ အမူအရာ မပျက်စေနဲ့'

တင်းမာလွန်းတဲ့ ကိုစိန်ဖေအသံက နာနာကျင်ကျင်ရယ်။ ဟုတ်တယ်။ ဒီစက္ကန့်ပိုင်းလေးအတွင်း ကိုစိန်ဖေ့ဦးနှောက်ထဲမှာ အများကြီး…အများကြီး…စဉ်းစားပြီးသွားပြီ။ တွက်ချက် ပြီးသွားပြီ။

ဒီလို အခြေအနေမျိုးနဲ့ဆို…

ကားပေါ်ကို ဘယ်သူက ခေါ်တင်ချင်မှာလဲ။ ထားပစ်ခဲ့မှာ သေချာတယ်။ ဒါဆို…ခက်ရချည်ရဲ့။

ပြီးတော့…

ကိုကျင်ဟုတ်ရဲ့ ဘဲခြံထဲကို ဒီပုံစံနဲ့ အမေ့ကိုပေါ်ပေါ်ထင်ထင် သယ်ပြီး ဝင်သွားလို့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာတုံး။ ဟိုမှာရှိနေတဲ့ လူတွေက 'ရှာနှာ'တယ်ဆိုပြီး နှင်လွှတ်မှာပေါ့။

ကိုကျင်ဟုတ် သိသွားရင် ပြဿနာ အကြီးအကျယ်တက်မှာ…။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ကားပေါ်ကို ပစ္စည်းတွေအားလုံး နေသားတကျ တင်ထား ပြီးလောက်ပြီ။

ကိုစိန်ဖေက အမေ့ကို စောင်နဲ့ အသေအချာ ခြုံလိုက်တယ်။ ပြီးတော့··· ခုံးအောက်က လက်တစ်ဖက်လျှို၊ ဒူးခေါင်းအောက်က လက်တစ်ဖက်လျှိုပြီး လူမမာပွေ့သလို တယုတယ ပွေ့ချီလို့ ကားဆီကို လျှောက်လာခဲ့တယ်။

ကားနောက်ဘက် ခြေနင်းခုံပေါ်လှမ်းအတက်မှာ အမေ့မျက်နှာပေါ် လွှမ်း ထားတဲ့ စောင်စက ဖတ်ခနဲလျှောကျသွားလို့ ကမန်းကတန်း ပြန်ဖုံးလိုက်ရ သေးရဲ့··။

ပြီးတော့···

ငိုချင်သလို ပြုချင်သလို ဖြစ်နေတဲ့ သူ့မိန်းမ မအေးသွယ်ကိုလည်း မျက်ထောင့်နီကြီးနဲ့ လှမ်းဟန့်လိုက်ရသေးတယ်။ ပြီးတော့···ကိုစိန်ဖေက

'ဟဲ့···အေးသွယ်။ ဟိုဘက်တိုးစမ်း။ အမေနဲ့ငါ···ဒီဘက်မှာ ထိုင်မလို့'

မအေးသွယ်က ကမန်းကတန်း ပစ္စည်းတွေ ရွှေ့ပြီး နေရာဖယ်ပေးတယ်။

ကိုစိန်ဖေက အမေ့ကို သူ့ဘေးနားမှာ ထိုင်လျက်သားချလိုက်ပြီး ပြိုလဲ ကျမသွားအောင် အမေ့ခါးကို နောက်ကပွေ့လို့ အသာထိန်းလိုက်တယ်။

အမေ့ဦးခေါင်းကိုတော့ သူ့ပခုံးပေါ်မှာ ခပ်မှီမှီလေး တင်ထားလိုက်ရဲ့။

တော်ပါသေးရဲ့···

အန်းကောက်က ကားရှေ့ခန်းကနေ သူတို့ဘက် လုံးဝလှည့်လည်း မကြည့်၊ စိတ်လည်း မဝင်စားလို့··။

ကားစက်နှိုးလိုက်တော့···အမေ့ခန္ဓာကိုယ်က ကိုစိန်ဖေအပေါ် ယိုင်ကျ ဆင်းလာလို့ အသာမှေးပြီး တောင့်ထားလိုက်ရတယ်။

ဘာကိုမှ မရိပ်မိတဲ့ သားလေးဖိုးနီက ထွက်ခွာစပြုနေတဲ့ ဒေါ့ဂျစ်ကား ကြီးရဲ့ နောက်မြီးကို တွဲလွဲခိုရင်း

'ဆွဲ···ဆရာရေ့'

လို့ အော်လိုက်တယ်။

မင်းခိုက်စိုးစန်
**Idea** မဂ္ဂဇင်း။

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးဆေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - အရေးမကြီးဘူးလို့လဲ မဖြေပါနဲ့… တွေးလည်း ဘယ်တော့မှ မတွေးဘူးလို့လဲ မလုပ်ပါနဲ့… တစ်ခုလောက် မေးပါရစေ…။ 'တကယ်လို့ သေပြီးရင် နောင်ဘဝ ဘာဖြစ်ချင်သလဲ'။**

ဖြေ – နောင်ဘဝမှာလည်း 'ကျွန်တော်'ပဲ ပြန်ဖြစ်ချင်ပါတယ်။ (ဖြစ်နိုင်ရင်တော့ ဆယ်တန်းအောင်ပြီးသားအရွယ်လောက် ချက်ချင်းတန်းပြီးဖြစ်ချင်ပါတယ်။ 'ကကြီး'…'ခခွေး'တွေအစကနေပြန်ပြီး သင်ယူနေရဦးမှာကို ပျင်းလို့ပါ)

**မေး - ('အသစ်'ဆိုတာကို မြတ်နိုး၊ ရှာဖွေ၊ လိုချင်နေကြတဲ့သူတွေအတွက်ပါ)**

**အသစ်ဆိုတာ…..ရှာဖွေရတာလား…**

**အသစ်ဆိုတာ…..တွေ့ရှိမှုလား…**

**အသစ်ဆိုပြီး သတ်မှတ်ခံရဖို့ ဘာအချက်တွေ လိုအပ်ပါသလဲ…**

**အဟောင်းတွေကို နားလည်လက်ခံဖို့ လိုအပ်ပါသလား…**

**အသစ်ဖြစ်ဖို့ရော အရေးကြီးပါသလား…**

ဖြေ – **(နှစ်ခု)**

ရှာဖွေမှလည်း ရတာဖြစ်နိုင်သလို၊ တစ်ခါတစ်ရံမှာ မမျှော်လင့်ဘဲနဲ့လည်း တွေ့ရှိတာဖြစ်နိုင်ပါတယ်။

ကိုယ့်မှာ Creativity သတိနဲ့ နိုးကြားမှုရှိဖို့ပဲ လိုပါတယ်

**(နှစ်ချက်)**

လူတွေရဲ့ရင်ကို လှုပ်နိုးနိုင်စွမ်းရှိရမယ်။

အလှတရားကို သယ်ဆောင်လာတဲ့ စိတ်ကူးစိတ်သန်း ပါရမယ်။

**(နှစ်မျိုးစလုံး)**

အသက်ရှူခြင်းဟာ ကမ္ဘာဦးအစကတည်းကရှိခဲ့တဲ့ 'အဟောင်း'ကြီးပါ ဒါပေမဲ့ ဟောင်းလို့ဆိုပြီး ဘယ်သူမှ အသက်မရှူဘဲ မနေကြပါဘူး။ ရှူသွင်းတဲ့လေကတော့ အသစ် အသစ်ဖြစ်ဖို့ အရေးကြီးတယ်လေ။ ရှူထုတ်ပြီးသားလေအဟောင်းကိုပဲ ပြန်ပြန်ရှူသွင်းနေရမယ်ဆိုရင် သေသွားမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော့် ဒိုင်ယာရီထဲတွင် ရေးမှတ်ထား[illegible]
# လူ ၁၃ ယောက် အကြောင်း

## လူနံပါတ် ၁

### အဖုရှာသူ

လူနံပါတ် ၁ သည် မိန်းမတစ်ယောက် ဖြစ်၏။ သူနှင့် ကျွန်တော် အေးအေးလူလူ မိတ်ဆွေ ဖြစ်နေသည်မှာ သုံးလေးနှစ်ခန့် ကြာပါပြီ။

ထူးထူးခြားခြား သံယောဇဉ် ဖြစ်ရအောင်လည်း တွယ်တာစရာအကြောင်း မရှိ၊ မခေါ်မပြော ဖြစ်ရ လောက်သည် အထိ ထဲထဲဝင်ဝင် ဆွေးနွေးငြင်းခုံစရာလည်း ဘာ အကြောင်းမှ မပေါ်။

သိပ် မပတ်သက်တော့ သိပ်ပြဿနာ မရှိဘူးပေါ့။ အေးဆေးပဲ။

တစ်နေ့ ထိုငတိမကြီးက ဘာ စိတ်ကူးပေါက်သည် မသိ။ ဗြုန်းစားကြီး စကားစပြီး

'ကိုမင်းခိုက်၊ ကျွန်မကို ဘယ်လို မြင်သလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ'

ကျွန်တော် စိတ်ညစ်သွားသည်။ အဲသည်လို မေးခွန်းမျိုးက မေးလည်း မမေးစကောင်း၊ ဖြေလည်း မဖြေ စကောင်းဟု ကျွန်တော် ယူဆထားသောကြောင့် ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က

'ဘယ်လိုမှ မမြင်ပါဘူး၊ ဒီလိုပါပဲ'

ဟု ခပ်ဝါးဝါး ခပ်လုံးလုံး အဖြေ ပေးလိုက်၏။ မရ။ ထို ငတိမကြီးက ဇွတ်ပေကပ်ပြီး

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အားမနာပါနဲ့၊ ကျွန်မက တခြား မိန်းမတွေလို မဟုတ်ဘူး၊ ပြောစရာ ရှိတာ ဖြောင်ပြောပါ'

ထိုစကားကြောင့် ကျွန်တော် ထပ်ပြီး စိတ်ညစ်ရပြန်သည်။ 'ကျွန်မက တခြား မိန်းမတွေလို မဟုတ်ဘူး' ဟု ပြောတတ်သူများ 'ငါက လူတစ်မျိုးကွ၊

www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေနဲ့ တူတာ မဟုတ်ဘူး' ဟု အတည်ပေါက်ကြီး 'လွှတ်'လေ့ရှိသူများကို ကျွန်တော့် ဘဝတွင် မရေမတွက်နိုင်အောင် ကြုံဖူးတွေ့ဖူးလှပါပြီ။ ပြီးတော့လည်း ဘာမှ မဟုတ်ပါ။ ဒီလိုချည်းသာ ဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် 'ထင်' တစ်လုံးဖြင့် စိတ်ကူးယဉ် နေကြသော ရှုးကြောင်ကြောင်နိုင်မှု တစ်ခုသာ ပိုပါသည်။

ကျွန်တော်က

'မဟုတ်ဘူးလေ၊ ခင်ဗျားကို ကျွန်တော် ဘယ်လို မြင်သလဲဆိုတာ အရေးတကြီး လုပ်ပြီး ဆွေးနွေး လောက်စရာ လိုအပ်လို့လားဗျာ၊ အခု အတိုင်းလည်း ခင်ဗျားနဲ့ ကျွန်တော် အဆင်ပြေပြေ ခင်ခင်မင်မင် ဆက်ဆံနေကြတာပဲဟာ၊ တော်ပြီပေါ့'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင့် စိတ်ထဲမှာ တစ်ခုခုတော့ ရှိမှာပါ၊ ရှင် ယောက်ျား ဖြစ်ပြီး တည့်တည့် ပြောရဲတဲ့ သတ္တိ မရှိဘူးလား'

ကဲ ခက်တော့ ခက်နေပြီ။ သည်တော့ ကျွန်တော်က

'အင်း ကျွန်တော့် အထင်တော့ ခင်ဗျားက နည်းနည်း ရှုးကြောင်ကြောင် ဖြစ်နေတယ် ထင်တာပဲ၊ ပြီးတော့ 'ငါ့ကို လူတွေက ဘယ်လို ထင်နေမှာပဲ ဘယ်လို မြင်နေမှာပဲ' လို့ တစ်ချိန်လုံး တွေးနေတဲ့ အတ္တ ဗဟိုပြု စိတ္တဇလည်း ရှိပုံ ရတယ်၊ ပြီးတော့ ဘယ်လို မေးခွန်းမျိုးဟာ မေးသင့်လား၊ မမေးသင့်လား မဝေခွဲနိုင်လောက်အောင်လည်း အသိဉာဏ် ခေါင်းပါးပုံ ရတယ်ဗျာ၊ ကဲ ကျွန်တော် မြင်တာကတော့ ဒါ အကုန်ပါပဲ'

ငတိမကြီး ဝုန်းခနဲ ဒေါသ ဖြစ်သွား၏။ ရှူးရှူးရှဲရှဲ အမူအရာတွေ၊ စကားလုံးတွေဖြင့် ကျွန်တော့်ကို

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင် ပြောတာ လုံးဝ မဟုတ်ဘူး၊ ကျွန်မက'

ဟု အစချီပြီး သူမသည် ရှုးကြောင်ကြောင် မဟုတ်ကြောင်း၊ အတ္တဗဟိုပြု စိတ္တဇလည်း မရှိကြောင်း၊ အသိဉာဏ်လည်း ခေါင်းပါးသူ မဟုတ်ပါကြောင်း တို့ကို တစ်နာရီခွဲခန့် လေကုန်ခံပြီး တရစပ် ပြောပါလေတော့သည်။

အကြောင်းမသိလျှင် ကျွန်တော်ကပဲ မဟုတ်တမ်း တရားများ စတင်စွပ်စွဲနေသဖြင့် သူမက ပြန်ဖြေရှင်းနေရသလိုလို ဘေးလူက ထင်သွားနိုင်စရာ ရှိပါသည်။

အဲသည်လို ရှင်းလိုက်တော့ရော 'ကျေလည်သွားသတဲ့လား' ဆိုတော့ မဟုတ်ပါ။ ကျွန်တော်ကလည်း သူ့ကို အမြင်ကတ်သွားသလို သူကလည်း ကျွန်တော့်ကို အမြင်ကတ်သွားသည်။ ခေတ်စကားနဲ့ ပြောရရင် 'မုံ' သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ။

နောက်ပိုင်း တခြားနေရာတွေမှာ အခါအားလျော်စွာ ဆုံဖြစ်ကြတော့ လည်း အရင်လောက် လှိုက်လှိုက်လှဲလှဲ မရှိကြတော့ပါ။ နှစ်ယောက်စလုံး စိတ်ထဲတွင် အဖုအထစ်က မပြေတော့။

သူကသာ စပြီး

'ကျွန်မကို ဘယ်လို မြင်သလဲ' ဟု

မမေးခဲ့လျှင် ဘာမှ ဖြစ်မှာ မဟုတ်။ အားလုံး အဆင်ပြေနေခဲ့သား။ ခုတော့

တမင်သက်သက် သူရော ကိုယ် ပါ 'ဖု' အောင် ပြဿနာ မရှိ ပြဿနာ ရှာခဲ့သူ ဖြစ်သောကြောင့် ထိုငတိမ ကြီးကို 'အဖုရှာသူ' ဟု နာမည်ပေးပြီး ကျွန်တော့် ဒိုင်ယာရီထဲတွင် မှတ်တမ်း တင်ထားလိုက်ပါသည်။

○

## လူနံပါတ် ၂
## ပြဋ္ဌာန်းခံရသူ

ဒီလူ့အကြောင်းကတော့ George Carlin ၏ စာအုပ်ထဲတွင် ဖတ်ရခြင်း ဖြစ်သည်။ စိတ်ထဲတွင် အမှတ်ထင်ထင်ဖြစ်နေသောကြောင့် ဒိုင်ယာရီထဲတွင် မှတ်ထားလိုက်မိခြင်း ဖြစ်၏။

အဲဒီလူက ဆီးချို ရောဂါသည်။ အားလုံး သိကြသည့်အတိုင်း အဲဒီလို ရောဂါ ဝေဒနာရှင်က အချိုဓာတ်တို့၊ သကြားဓာတ်တို့နှင့် လုံးဝ မတည့်။ အသက်အန္တရာယ်ကို ဒုက္ခ ပေးနိုင်သည်။

နောက် တစ်ချက်က အဲဒီလူသည် သူ့ ဆီးချိုရောဂါ သက်သာဖို့ အင်ဆူလင် (Insulin) ဆေးကို အမြဲတမ်း ထိုးရသည်။

ဖြစ်ချင်တော့ တစ်နေ့မှာ သူ ထိုးဖို့ အင်ဆူလင် (Insulin) ဆေးက ကုန်နေသည်။ ထို့ကြောင့် လမ်းထိပ်က ဆေးဆိုင်မှာ ဝယ်ဖို့ ထွက်လာခဲ့ သည်။ သို့သော် ဆေးဆိုင်သို့ သူ မရောက်လိုက်။

ကားလမ်းကို ဖြတ်ကူးနေစဉ်မှာ ပင် ကားတစ်စင်းက သူ့ကို ဝင်တိုက်သည်။

ထိုသူ ကွယ်လွန်သည်။

○

သူ့ကို တိုက်သွားသည့် ကားက သကြား အိတ်တွေ သယ်လာသော ကား ဖြစ်သည်။

○

www.burmeseclassic.com

www.burmeseclassic.com



ဟော…ကြည့်စမ်း။ သကြားက သူ့ကို အသက်အန္တရာယ် ပေးနိုင်တယ်လို့ ဆရာဝန်တွေက ပြောထားတာ မမှန်ဘူးလား။

ဆီးချို ရောဂါသည်သည် အချိုကြောင့် သေဆုံးရမည်ဟူသော ဆေးပညာ၏ ပြဋ္ဌာန်းချက်ကို သူ မလွန်ဆန် နိုင်ခဲ့ပါ။

○

## လူနံပါတ် ၃

### ကံကြမ္မာ၏ သရော်ခံရသူ

လူနံပါတ် ၂ နှင့် အဖြစ်အပျက်ချင်း တစ်ပုံစံတည်းပင် ဖြစ်သည်။

ဆီးချို ရောဂါသည် တစ်ယောက်။

အချိုရှောင်သည်။ အင်ဆူလင် (Insulin) ဆေးထိုးရသည်။ စောစောက လူအတိုင်းပင် တစ်နေ့မှာ အင်ဆူလင်ဆေး ကုန်နေသဖြင့် လမ်းထိပ်သို့ ဆေးဝယ်ဖို့ ထွက်သည်။

ကားတစ်စင်းက သူ့ကို ဝင်တိုက်သည်။ သေသည်။

○

တစ်ခုပဲ ကွာခြားသွားသည်။

သူ့ကို ဝင်တိုက်သော ကားက အင်ဆူလင်(Insulin) ဆေးများကို ဖြန့်ချိဖို့ သယ်ဆောင်လာသော ကား ဖြစ်သည်။

○

ဒီလို ကျပြန်တော့လည်း သူ့အသက်ကို ကယ်တင်နေကျ အင်ဆူလင်(Insulin) တွေက (သူ့အသက်ကို ကယ်တင်ဖို့ ဆေးဆိုင်ဆီသို့ အချိန်မီ ဖြန့်ချိဖို့ အလာမှာပင်) သူ့ကို သတ်ခဲ့သည်ဟု ပြော၍ မရဘူးလား။

သူ့ကိုတော့ 'ကံကြမ္မာ၏ သရော် ခံရသူ' ဟု နာမည်ပေးလိုက်သည်။

တချို့က လူ့ဘဝသည် မွေးကတည်းက ဂြိုဟ်နက္ခတ်တွေ၏ အနေအထား အားဖြင့် လည်းကောင်း၊ အတိတ်ကံအရ လည်းကောင်း၊ ဘယ်အချိန်မှာ ဘာဖြစ်ရမည်ကို ကြိုတင် ပြဋ္ဌာန်းထားပြီးသား ဖြစ်သည်ဟု ယုံကြည်ကြ၏။

တချို့ ကတော့ လူ့ဘဝကို ကာယကံရှင်ကသာ ပဲ့ကိုင်သည်ဟု ယူဆကြ၏။

ထို အယူအဆ နှစ်ခုအနက် ဘယ်ဟာ မှန်သလဲဟု လူနံပါတ် ၂ နှင့် လူနံပါတ် ၃ ကို သွားမေးကြည့်လျှင် သူတို့က နှစ်ခုစလုံးကို ခွင်းချက် မရှိ ငြင်းပယ်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လှုနံပါတ် ၂ နှင့် လှုနံပါတ် ၃ တို့၏ ကိုယ်တွေ့ခံယူချက်ကို မေးမြန်းမည်ဆိုလျှင်တော့ အောက်ပါအတိုင်း ဖြေကြလိမ့်မည် ထင်သည်။

'လှူဘဝ ဆိုသည်မှာ မည်သည့် အရာ၏ ကြိုတင် ပြဋ္ဌာန်းမှုကိုမှလည်း မခံ၊ မည်သူတစ်ဦးတစ်ယောက်၏ ပွဲကိုင်မှုကိုမှလည်း မခံဘဲ လွတ်လပ်စွာ သောက်တလွဲ ဖြစ်နေသော အရာသာလျှင် ဖြစ်ပေသည်'

○

## လှုနံပါတ် ၄

## လှုရှင်တော်

ကျွန်တော့် သူငယ်ချင်းတစ်ယောက်က သူ့အိမ်နံရံတွင် ကလေး လက်သီးဆုပ်ခန့် ရှိသော စာလုံးကြီးများဖြင့် ဆောင်ပုဒ်တစ်ခု ရေးပြီး ကပ်ထားသည်ကို ဖတ်ခဲ့ရဖူးပါသည်။

'ကျန်းမာအောင် နေထိုင်ကြစို့'

ဒါ ဘာမှ လက်မခံနိုင်စရာ မရှိပါ၊ သို့သော် ထိုစာတန်းနှင့် ငါးပေခန့် အကွာတွင် နောက်ထပ် စာတန်းတစ်ခု ရေးကပ်ထားသည်ကိုလည်း တွေ့ရသေး၏။

ထိုစာတန်းကတော့

'သင် တစ်နေ့ မုချ သေရမည်'

○

ထိုစာတန်း နှစ်ခုကို ယှဉ်ဖတ်ကြည့်ပြီး အချိန် အတော်ကြာအောင် ကျွန်တော် ခေါင်းကုတ်ကာ စဉ်းစားနေ မိပါသည်။ ထိုစာတမ်း နှစ်ခုစလုံးကလည်း မမှားယွင်းသော အဆိုများ ဖြစ်သောကြောင့် မည်သည့် ဒဿနိက ဆင်ခြင်နည်းဖြင့် အဖြေထုတ်ရမလဲဟု ဝေခွဲရ ခက်နေ၏။

အကောင်းမြင် နည်းနဲ့လား··၊

အဆိုးမြင်နည်းနဲ့လား··၊

ရေ တစ်ဝက်နှင့် ဖန်ခွက်ကို ကြည့်ပြီး အဆိုးမြင် သမားများက 'ဖန်ခွက်ထဲမှာ ရေတစ်ဝက် လျော့နေတယ်' ဟု ပြော၏။

အကောင်းမြင် သမားကတော့ 'ဖန်ခွက်ထဲမှာ ရေတစ်ဝက် ပြည့်နေတယ်' ဟု ပြောသည်။ ဒါကို အားလုံး ကြားဖူးဖတ်ဖူး ကြပါလိမ့်မည်။

ကျွန်တော်က ကျွန်တော့် သူငယ်ချင်းကို အကောင်းမြင်သမားလား၊ အဆိုးမြင်သမားလားဟု ခွဲခြား တံဆိပ်ကပ်ရန် စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ကျွန်တော်က ဖန်ခွက် အလွတ် တစ်ခုထဲသို့ ရေတစ်ဝက် ထည့်ကာ သူ့ကို ပြလိုက်သည်။

သူက ရေတစ်ဝက်နှင့် ဖန်ခွက်ကိုကြည့်ပြီး တစ်ခွန်းတည်း ပြောသည်။

'မင်းဖန်ခွက်က ကြီးနေတယ်ဟ'

ကျွန်တော်က သူ့ကို 'လူရွှင်တော်' ဟု ကမ္ပည်းထိုးလိုက်၏။

အစ ကတည်းက ကမောက်ကမ ဖြစ်နေသော ကျွန်တော်တို့၏ ဘဝတွေထဲတွင် အကောင်းမြင်စရာလည်း ဘာမှ မရှိ၊ အဆိုးမြင်သမားလည်း မလုပ်ချင်လျှင်...

လူရွှင်တော် ဖြစ်နေသည်က အသင့်တော်ဆုံး ဖြစ်သည်။

○

**လူနံပါတ် ၅**

**ရောဂါသည်**

လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကျော် လောက်က ကမ္ဘာတွင် 'ဟစ်တလာ တကယ် သေ၊ မသေ' ဆိုသည့် စူးစမ်းမှုတစ်ခု ဂယက်အတော် ရိုက်ခတ်ခဲ့ဖူးပါသည်။

အဲသည် ကာလတုန်းက လူထူး လူဆန်း တစ်ယောက်နှင့် ကျွန်တော် ဆုံခဲ့ရဖူး၏။

ထိုသူက

'ဟစ်တလာဟာ တကယ်မသေဘူးကွ၊ သူနဲ့ ပုံစံတူ လူတစ်ယောက်ကို အစားထိုးပြီး မဟာမိတ်တပ်တွေကို လှည့်စားသွားတာ'

'ဟုတ်ပါ့မလား ဗျာ'

ကျွန်တော်က လေသံခပ်ပျော့ပျော့ဖြင့်သာ ငြင်းရသည်။ ဟစ်တလာက ကိုယ့်လက်ပေါ်မှာတင် အသက် ပျောက်သွားသော ကိုယ့် အဖေလည်း မဟုတ်တော့ ဖွတ်မပြောရဲ။ ကိုယ်ဖတ်ဖူးသမျှ စာအုပ် စာတမ်းကလေးများ အားကိုးဖြင့် ကျွန်တော်က

'ကျွန်တော်ကတော့ သေပြီ ထင်တာပါပဲ၊ အင်းလေ.. မသေသေးတော့ရော ခင်ဗျားက ဘာလုပ်မလို့လဲ'

ထိုသူက

'တွေ့အောင် ရှာပြီး သတ်ပစ်ရ မှာပေါ့ကွ'

ဟင် ဘယ်လိုကြီးလဲ၊ သေပြီဆိုတော့လည်း လက်မခံ၊ တွေ့အောင် ရှာဦးမည်၊

www.burmeseclassic.com

www.burmeseclassic.com


တွေ့ပြန်လျှင်လည်း ဘာမှမဟုတ်၊ သေအောင်လုပ်ဖို့ပင် ဖြစ်သည်။

နည်းနည်းတော့ အလုပ်ရှုပ်သွားဟု တွေးမိ၏။

ကျွန်တော့်ကို ခွဲခွာနီးတွင် ထိုသူက နှုတ်ဆက်ရင်း သူ့ကိုယ်သူ

'ကျုပ်က ခေတ်ပြောင်း တော်လှန်ရေးသမားဗျ'

ဟု ပြောသွားသည်။ သို့သော် ကျွန်တော်ကတော့ သူ့ကို ခေတ်ပြောင်း တော်လှန်ရေး စိတ္တဇ ဝေဒနာရှင်ဟုသာ မှတ်တမ်းထဲတွင် ရေးထားလိုက်မိပါသည်။

○

## လူနံပါတ် – ၆ နှင့် ၇

## ရဲရင့်သူနှင့် မှန်ကန်သူ

လူနံပါတ် ၆ မှာ နာမည်ကျော် ခွဲစိတ်ကု ဆရာဝန်ကြီးတစ်ယောက်ဖြစ်ပြီး လူနံပါတ် ၇ ကတော့ မောင်မောင်အေး ဖြစ်လေသည်။

ထို ဆရာဝန်ကြီးကား ယခုတော့ မြန်မာနိုင်ငံတွင် ရှိမနေတော့ပါ။ မောင်မောင်အေးကတော့ တနင်္ဂနွေ ညတိုင်း မြဝတီ ရုပ်မြင်သံကြားတွင် ပြသနေသည့် 'ပဟေဠိ နန်းတော်' အစီအစဉ်တွင် တင်ဆက်သူအဖြစ် လူသိများနေပြီ ဖြစ်၏။

○

နာမည်ကျော် နှစ်ယောက် တွေ့ဆုံကြပုံမှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။

○

(မရှိသေးစကား ပြောရလျှင်) မောင်မောင်အေးက သူ့ လိပ်ခေါင်းရောဂါကို ကုသဖို့ ဆရာဝန်ကြီးဆီ သွားခဲ့ ခြင်းဖြစ်၏။ ဆရာဝန်ကြီးက ရောဂါ ဖြစ်နေသည့် နေရာကို ခွဲစိတ်ဖြတ်တောက်ပစ်ရမည်ဟု ဆို၏။

'ရောဂါ ဖြစ်နေသည့် နေရာ' ဆိုသည်မှာ ဘာကို ဆိုဖို့ပါသနည်း။

အားလုံး မှန်းဆကြည့်ပြီး သိနိုင်ပါသည်။

အသည်းယားစရာ ကောင်းလှ၏။

မောင်မောင်အေးက ခေသူမဟုတ်။ သတ္တိရှိရှိ သဘောတူလိုက်၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com


ခွဲစိတ်ပြီးသောအခါတွင်ကား 'သေလုအောင် နာသည်' ဟု တိုးတိုးကျိတ်ကျိတ် ဝန်ခံရှာပါသည်)

ဆရာဝန်ကြီးက ဓား အစွမ်းပြပြီး သွားသောအခါ

'နောက်နှစ်ပတ်ကြာရင် ပြန်လာ ပြ'

ဟု ချိန်းဆိုလိုက်သည်။ မောင်မောင်အေးကား ဘုရားကို အာရုံပြုသည်။ တရားသဘောကို နှလုံးသွင်းသည်။ သံဃာတော်တို့ကို အလုပ် အကျွေးပြုသည်။ မိဘနှင့် ဆရာသမားတို့၏ ခြေတော်ကို အလီလီ ဦးခိုက်ပူဇော်သည်။

သို့သော်

(ဝဋ်ကြွေးကြီးမားသောကြောင့်လား မဆိုနိုင်) တစ်ပတ်ကျော်ကျော် ကြာသည်အထိ 'ဟို နေရာ' မှ သွေးထွက်နေဆဲ ဖြစ်သည်။

ရက်ချိန်းစေ့၍ ပြန်သွားပြသောနေ့တွင် အဲဒီအကြောင်း တစ်ခွန်းမှ ပြောခွင့် မရလိုက်ခင်မှာပင် ဆရာဝန်ကြီးက မောင်မောင်အေးကို စမ်းသပ် ခုတင်ပေါ် တက်ပြီး တစောင်းလေး ဒူးကွေးထားဖို့ ညွှန်ကြား၏။ ပြီး လက်အိတ်ကိုစွပ်၏။

မောင်မောင်အေးကား အသည်း ထိတ်လှချေပြီ။

မရဲသော်လည်း ပြေးခဲစေ ဆိုသလို စိတ်ကို တင်းထား၏။

၀

ဟော.. သူ စိုးရိမ်ထားသည့်အတိုင်း ဆရာဝန်ကြီးက စမ်းသပ်ပါ ပကော။ ဆရာဝန်ကြီးက သူ့ လက်ညှိုးကို မောင်မောင်အေး၏ ခွဲစိတ်ခံထား ရသော (ရေးသားဖော်ပြရန် မသင့်လျော်သည့်) ဟိုနေရာထဲသို့ 'စွပ်' ခနဲ ထိုးထည့် လိုက်သည်။

မောင်မောင်အေး ခမျာ

'အ့' ခနဲ

ကျိတ်အော်ရင်း အောင့်ခံရှာ၏။ ဆရာဝန်ကြီးက သူ့ လက်ညှိုးကို ပြန်ဆွဲ ထုတ်ပြီး ကြည့်လိုက်ရာ သွေးစ သွေးနတို့ စွန်းပေနေသည်ကို မြင်ရသော အခါတွင် (မောင်မောင်အေး နှလုံးသားကို နာကျင်စေမည့်) စကား တစ်ခွန်းကို ဆိုလိုက်သည်။

'ဟင်၊ သွေးတွေထွက်နေပါလား၊ မင်း ဘာတွေ လုပ်ထားသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကား၏ အဓိပ္ပာယ်ကား ကျယ်ဝန်း၏။ နက်နဲ၏။ အဘက်ဘက်မှ လှည့်တွေး၍ ရ၏။ အတွေး ခေါင်တတ်သူတို့ အဖို့ အမျိုးမျိုး ဖွင့်ဆိုနိုင်ခွင့် ရှိ၏။

မောင်မောင်အေးကား အထင်လွဲ ခံရခြင်းကို ယူကျုံးမရဖြစ်လျက်နှင့်ပင်

'ဘာမှ မလုပ်ထားပါဘူး ဆရာကြီးရယ်'

ဟု တီးတိုးလိုက်မောစွာ ပြောရလေသည်။ ဆရာဝန်ကြီးက ဆေးထည့်ရန်၊ သန့်ရှင်းရေးလုပ်ရန် ညွှန်ကြားကာ သောက်ဆေးများ ပေးပြီး နောက်တွင်ကား မောင်မောင်အေးက သူ့ဝေဒနာကို တင်ပြဖို့ စကား စလိုက်၏။

'ဆရာကြီးရယ် ခွဲထားတဲ့ နေရာက တော်တော်ကို နာတယ်ခင်ဗျ၊ အရမ်း အရမ်းကို နာတာပါ ခင်ညာ'

ဆရာကြီး ပြန်ဖြေသော စကားကား မှတ်သားဖို့လည်း ကောင်း၏။ နာယူဖို့လည်း ကောင်း၏။ မောင်မောင်အေး၏ နှလုံးသားကိုလည်း ဗုံးဖြင့် ဖောက်ခွဲလိုက်သလို 'ဝုန်း' ခနဲ အစိတ်စိတ် အမွှာမွှာ ပေါက်ကွဲ လွင့်စဉ် သွားစေ၏။

ထိုအဖြေကား

'ဟုတ်တယ်ဗျ၊ ကျွန်တော်သိတယ်၊ ကျွန်တော့်မှာလည်းလိပ်ခေါင်း ရှိတာ ပဲလေ၊ ဒါပေမဲ့ ကျွန်တော်ကတော့ နာမှာ ကြောက်လို့ မခွဲဘူးဗျ'

၀

ထိုစကားကြောင့် မောင်မောင်အေးကား ဒေါသခြောင်းခြောင်းထွက်၏။ မျက်ရည်ဝိုင်း၏။ သို့သော် သူဘာမှ မတတ်နိုင်ပြီ။

မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသော ဆရာဝန်ကြီး၏ ကျောပြင်ကို ငေးကြည့်ကာ ကျန်ရစ်၏။

(ဆရာကြီး ရွှေဥဒေါင်း၏ စကားဖြင့် ဆိုရလျှင်)

မောင်မောင်အေး၏ ရင်ထဲတွင် ဆူးအကြီးကြီး တစ်ချောင်း ပေါက်ခဲ့ချေပြီ တကား။

၀

www.burmeseclassic.com

www.burmeseclassic.com



သည်ကိစ္စတွင် ကျွန်တော်ကတော့ မောင်မောင်အေးကို 'ရဲရင့်သူ' ဟု နာမည်ပေး၍ ဆရာဝန်ကြီးကိုတော့ 'မှန်ကန်သူ' အဖြစ် ကမ္ပည်းထိုးချင်ပါသည်။

သင် သဘောတူပါသလား။

## လူနံပါတ် - ၈

### ရာဇဝတ်ကောင်

နှစ်ယောက်အိပ် ခုတင်ကို စတင် တီထွင်ခဲ့သူမှာ ဘယ်သူလဲ။ ထိုသူသည် ရာဇဝတ်ကောင် ဖြစ်၏။

ထိုသူ့ကို ကျွန်တော် လိုက်ရှာနေသည်။ တွေ့လျှင် သတင်းပေးကြပါ။ 'နှစ်ယောက်အိပ် ခုတင်' ဆိုသော အရာကို တီထွင်လိုက်ခြင်းသည် အလွန်အင်မတန် ဆိုးဝါးမိုက်မဲလှ သည့် ရာဇဝတ်မှုကြီး မဟုတ်လား။

လူတိုင်း အတွက် Space တစ်ခု လိုအပ်သည်။

(ကိုယ်ပိုင် ပုဂ္ဂလိက လွတ်လပ်ခွင့်ရ နယ်မြေကို space ဟု ကျွန်တော် ဆိုလိုခြင်းဖြစ်၏)

'အချစ်' အကြောင်း ပြောပြောနေကြသော လူတွေကြားထဲတွင် အဲဒီ space ရှိဖို့ ပိုတောင်မှ လိုအပ်သေးသည်။ အထူးသဖြင့် မိဘနှင့်သားသမီး၊ လင်နှင့်မယား။

○

မိဘကလည်း 'ချစ်လှချည်ရဲ့' ဟု ပြောပြောပြီး သားသမီး၏ ကိုယ်ပိုင် လွတ်လပ်ခွင့်ကို သူ ဝင်ရောက် သိမ်းပိုက် ဖျက်ဆီးပစ်သည်။

မယားက လင်ကို

'သိပ်ချစ်လွန်းလို့ပါ'

ဟု အကြောင်းပြကာ လင်ဖြစ်သူ၏ ကိုယ်ပိုင်အချိန်တွေ အားလုံး သူမကို ပေးဖို့တောင်းဆိုသည်။ လင်ဖြစ်သူ အေးအေးဆေးဆေး နားနေချင်သော ဧရိယာ ပိုင်နက်ထဲကို ဝင်ပြီး ချယ်လှယ်ချင်သည်။

**အိပ်ပါတော့မယ် ဆိုတာတောင်မှ နေရာကို ကိုယ်မဟုတ်တဲ့ အခြား တစ်ယောက်နှင့် မျှတပြီး သုံးရသည်။**

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် အိပ်စက်ခွင့်ကိုတောင် ကိုယ် မပိုင်။

ကဲ ဘယ်မှာလဲ ချိုမြိန်မှု၊ ဘယ်မှာလဲ ဘဝ အဓိပ္ပာယ်။

ချစ်ပါ၊ ချစ်ကြပါ။

သို့သော် **space** လေးတစ်ခု စာလောက်တော့ နေရာချန်ထားပြီး ချစ်ကြပါ။

**LO-VE** ဆိုသော စကားလုံး သည် သသ်ကရိုက် ဘာသာစကား ဖြစ်သည့် **LO-BHA** မှ ဆင်းသက်လာခြင်းဖြစ်ပြီး 'လောဘ' ဟု အသံ ထွက်ပါသည်။

၀

နှစ်ယောက်အိပ် ခုတင်ဆိုသည့် ယဇ် ပလ္လင်ပေါ်တွင် ယဇ်ပူဇော်ခံလိုက် ရသော သားကောင်များ အားလုံး ကျွန်တော်နှင့် လာရောက် ပူးပေါင်းကြပါ။

ထို ရာဇဝတ်ကောင်ကို လိုက်ရှာပြီး အဆုံးစီရင်ကြပါစို့။

## လူနံပါတ် - ၉

### ဉာဏ်ခဲသူ

လူအမှတ် ၉ ကတော့ ထူးဆန်းသော လူတစ်ယောက်ပင် ဖြစ်၏။ သူ့မှာ ပြင်းထန်ခိုင်မာသော နိုင်ငံရေးဝါဒ ယုံကြည်မှု တစ်ခုလည်း ရှိသည်။

သူ ယုံကြည်ထားသည့် ဝါဒနှင့် ဆန့်ကျင်သူ အားလုံးကိုလည်း ရဲရဲ ရင့်ရင့် ပြတ်ပြတ်သားသား တိုက်ခိုက်တတ်သည်။

'ရန်သူကို ရန်သူလိုပဲ ဆက်ဆံရမယ်'

ဟု အခိုင်အမာ ကြွေးကြော်သည်။

သူ့ ဝါဒအတိုင်း တစ်သဝေမတိမ်း ခံယူနေထိုင်သည်။ ဘာပဲဖြစ်ဖြစ် သူ့ ယုံကြည်ချက်ကိုတော့ အလံမလှဲ၊ အရှုံး မပေး။

'လူမှန်ရင် ကိုယ့်ယုံကြည်ချက်နဲ့ ပတ်သက်ပြီး သံမဏိ စိတ်ဓာတ် ထားရမယ်'

ဟု ကျွန်တော့် ရှေ့တွင် သူက မားမားမတ်မတ် ရပ်ပြီး မိန့်ခွန်းခြွေ၏။

ကျွန်တော် သူ့ကို အရမ်းသဘော ကျသွားသည်။

သူ့အကြောင်းကို ကျွန်တော့် ဒိုင်ယာရီထဲတွင် ရေးသည့်အခါ 'သံမဏိ လူသား' ခေါင်းစဉ်တပ်မည်ဟု စိတ်ကူးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ညည့်ခန်းတွင် မတ်တတ်ကြီး ရပ်ကာ ပြောနေသည့် သူ့ကို

'ဆက်ပြောပါဦး ဦးလေးရဲ့၊ အေးအေးဆေးဆေးပဲ မဟုတ်လား၊ ညောင်းနေမှာပေါ့ ... ထိုင်ဦးလေ'

ဟု ဆိုကာ ကုလားထိုင်ဆီ လက်ညှိုးထိုးပြသောအခါ သူက

'ထိုင်လို့ မဖြစ်ဘူးကွ'

'ဗျာ ဘာဖြစ်လို့လဲ'

သူက ခေါင်းကို တွင်တွင်ခါရင်း

'ဒီမှာ ကြည့်စမ်း၊ ငါ့မှာ ခြေထောက်နှစ်ချောင်းရှိတယ် တွေ့လား၊ ခြေထောက်ရဲ့ အလုပ်က မတ်တတ်ရပ်ဖို့နဲ့ လမ်းလျှောက်ဖို့ကွ၊ ဒါကြောင့် ငါက လမ်းလျှောက်ရင် လျှောက်၊ မလျှောက်ရင် မတ်တတ် ရပ်နေတာပဲ၊ ထိုင်လိုက်ရင် 'ခြေထောက် ရှိခြင်းရဲ့ အဓိပ္ပာယ်' ပျောက်ဆုံး သွားမှာပေါ့ကွ၊ ထိုင်လို့ မဖြစ်ဘူး'

○

သူ့စကားကြောင့် ကျွန်တော့် စိတ်ကူးထဲမှ ခေါင်းစဉ်ကို ဝမ်းနည်းစွာ ပယ်ဖျက်ပစ်လိုက်ရပါတော့သည်။

ဆန်းတော့ အဆန်းသား။ သူက ဉာဏ်တုံး သူလည်း မဟုတ်၊ ဉာဏ်ထိုင်းသူလည်း မဟုတ်။ သူ့မှာ စဉ်းစားဉာဏ် ရှိပါသည်။ သို့သော်

'ခြေထောက်တွေ ရှိနေခြင်းကြောင့် ထိုင်လို့ မဖြစ်ဘူး'

ဟု စဉ်းစားနေသူ။ ဉာဏ်ကို ဝါဒအတုံးအခဲကြီးအဖြစ် ပုံစံပြောင်းထားသူ။ ထိုသူ့ကို 'ဉာဏ်ခဲသူ' ဟု ကင်ပွန်း တပ်လိုက်ရပါသည်။

**လူနံပါတ် - ၁၀**

**လူရိုင်း**

ထို လူရိုင်းမှာ ကျွန်တော် ကိုယ်တိုင်ပင် ဖြစ်သည်။

○

www.burmeseclassic.com

www.burmeseclassic.com


တစ်ရက်က ကျွန်တော်စာရေးနေတုန်း ညဦးနက်သန်းခေါင်တွင် အမျိုးသမီး မိတ်ဆွေတစ်ယောက်က ဖုန်းဆက် လာသည် (ကျွန်တော်က ဝတ္ထုရေးနေတုန်း ဖုန်းထပြောရမည်ကို မစင်ကိုင် ရသည်ထက်ပင် စက်ဆုပ်တတ်သူ)

မလွဲသာ၍ ဖုန်းထကိုင်ရတော့ ထို မိန်းမက ငိုသံပါကြီးဖြင့် သူမ၏ အဘွားဖြစ်သူ ယခုပင် ကွယ်လွန် သွားကြောင်းပြောပြီး ရှိုက်ကြီးတငင် ငို၏။

ကဲ ဘာလုပ်ပေးလို့ ရတဲ့ ကိစ္စ မို့လို့လဲ။

မမျှော်လင့်ဘဲ ဖြုန်းစားကြီး ကွယ်လွန်သွားတာလား ဆိုတော့လည်း မဟုတ်ဘူးတဲ့၊ အိပ်ရာထဲ လဲနေတာ နှစ်နှစ်ရှိပြီတဲ့။

ကျွန်တော်က ကွယ်လွန်သူ အဘွား၏ အသက်ကို မေးလိုက်တော့

'ကိုးဆယ့်ငါးနှစ် ရှိပြီ'

ဟု ပြန်ဖြေ၏။ ကျွန်တော်က ထပ်မေးကြည့်မိသည်။

'အဘွားက ကမ္ဘာ့အသက်အရှည်ဆုံး စံချိန်တင်ဖို့ ရည်ရွယ်ထားတာများ ရှိသလား'

'ဟာ မရှိပါဘူး'

ဒါဆို ရှင်းနေသည်ပဲ။ နို့မို့ဆိုလျှင် တချို့ ဘောလုံးအသင်းတွေမှာလို 'စံချိန်မတင်နိုင်ရလေခြင်း' ဟု ကြံဖန် ဝမ်းနည်းစရာ ရှိနေဦးမည်။ ထို့ကြောင့် ကျွန်တော်က

'ဟင်.. ဒါဆို ဘာ ဝမ်းနည်းနေစရာ ရှိတော့လို့လဲ၊ ရိုးရိုး မသေရင် တောင် တုတ်နဲ့ ရိုက်သတ်ရမယ့် အရွယ် ရောက်နေပြီပဲ ဥစ္စာ'

ဟု စိတ်ပေါက်ပေါက်ဖြင့် ပါးစပ်က လွှတ်ခနဲ ပြောမိ၏။ ထိုမိန်းမက

'သိပ်ရိုင်းစိုင်းတာပဲ'

တစ်ခွန်းတည်းပြောကာ ဖုန်းကို ဆောင့်ကြီးအောင့်ကြီး ချသွား၏။

(သင် ဝမ်းသာလိုက ဝမ်းသာ နိုင်ပါသည်)

၀

ထို အမျိုးသမီးက ကျွန်တော့်ထံမှ ဘာကို မျှော်လင့်ထားမှန်း စဉ်းစား၍ မရ။ ကြေကွဲ ဝမ်းနည်းစကားလား။ ပေးပါသေးသည်။ ကျွန်တော်က ကျွန်တော့် အဘွား အရင်းခေါက် ခေါက် သေသည်ကိုပင် ဘောလုံးပွဲ အကြည့် မပျက်သူ။

(ကျွန်တော့် အဘွားလည်း အသက် ၉၄ နှစ်ဟု ထင်သည်။ နာ မကျန်း ဖြစ်နေသည်မှာလည်း နှစ်နဲ့ ချီနေပြီ။ ကျွန်တော် ဘာတတ်နိုင်မည်နည်း။ မသေအောင် ဝိုင်းကူပြီး ဆွဲထားပေးလို့ ရသည်ဆိုလျှင်တော့ ကျွန်တော် ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com


ခါးတောင်း မြှောင်အောင် ကျိုက်ပြီး ဝင်ဆွဲပါမည်။ တကယ်ပါ၊ ကျွန်တော် ဒီလောက်တော့ လူမှုရေး သိတတ် ပါသေးသည်)

○

ဒါမှမဟုတ် မျက်ရည်သံ၊ နှပ်သံတွေဖြင့် သူမ ရင်ဖွင့်သမျှကို နားထောင်ပေးစေချင်တာလား။

ဘာကြောင့်များ ကိုယ့်မီးခဲကို သူတစ်ပါး လက်ခုပ်ထဲ ထည့်ပေးကြည့်ချင်ကြတာပါလိမ့်။

'ရင်ဖွင့်တယ်' ဆိုသည်မှာ အလကား သက်သက် သူတစ်ပါး၏ အချိန်ကို ဖြုန်းသော အပိုအလုပ်သာ ဖြစ်သည်ဟု ကျွန်တော် ထင်၏။ တယ်လီဖုန်းမှ ဂဏန်း ကိုးလုံးကို နှိပ်လိုက်ရုံမျှနှင့် ကျွန်တော့် အချိန်ကို သူမက ပိုင်စိုးပိုင်နင်း ဖြုန်းခွင့်ရှိသွားပြီဟု ယူဆနေတာကမှ သာလျှင်

'တကယ့် အရိုင်းအစိုင်း စိတ်ဓာတ်' မဟုတ်ပါလား။

ယခု ကျွန်တော့် အသက် ၃၉ နှစ်အထိ ကိုယ့်အပူ ကိုယ့်ကိစ္စ အကြောင်း ဘယ်သူ့ကိုမှ ရင်မဖွင့်ဘူးပါ။ ကျွန်တော့် ရင်ဘတ်သည် ဗီရိုတံခါးလည်း မဟုတ်၊ ပြတင်းပေါက်လည်း မဟုတ်သောကြောင့် ဖွင့်လိုက် ပိတ်လိုက် လုပ်စရာ ဘာအကြောင်းမှ မရှိ။

တချို့လူတွေကျတော့ ဟိုကိစ္စကို ရင်ဖွင့်ရ ဒီကိစ္စကို ရင်ဖွင့်ရနှင့် ခဏ ခဏ ဖွင့်တတ်ကြလွန်းသည်။ ဘာကြောင့်ပါလိမ့်။ သူတို့ ရင်ဘတ် တံခါးတွေ ပတ္တာ ပျက်နေကြလို့ များလား။

○

ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲတွင် 'ကိုယ့်အပူဖြင့် သူများကို လိုက်လိုက် တို့ကြည့်' တတ်သူတွေ များလွန်းနေ ပြီလား။ ဒါဆိုရင် ကျွန်တော်ကတော့ လူရိုင်းဘဝမှာပဲ ဝမ်းမြောက်ဝမ်းသာ နေပါတော့မည်။

**လူနံပါတ် - ၁၁**

**လူနံပါတ် - ၁၂**

**လူနံပါတ် - ၁၃**

အမည်မပေးရသေး

နောက်ဆုံး လူ ၃ မျိုး၏ အမည်များကို မပြောခင် သူတို့အားလုံးပါဝင် ပတ်သက်နေသော ကျွန်တော့် စိတ်ကူးပုံပြင်ကို အရင်ပြောပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ လူက **မသေဆေး**ကို တီထွင်ဖော်စပ် ထုတ်လုပ်လိုက်သည်။ ထို့နောက် သူက အစွမ်းထက်လှသော သူ့ဆေးကို ဘယ်သူ့ဆီ သွား ပြီး ရောင်းလျှင် ကောင်းမလဲ ဟု စဉ်းစားသည်။

သူက တိုင်းပြည်တွင် ရှိသော ဆင်းရဲသူ ဆင်းရဲသားများကိုလည်း သနားသည်။ သို့သော် ထိုသူတို့ကား ဆင်းရဲလွန်းလှသောကြောင့် သူ့ဆေး ကို ဝယ်နိုင်လောက်အောင် ပိုက်ဆံ မရှိကြ။ (ဆင်းရဲပါတယ်ဆိုမှ အသက် က ရှည်နေရင် ပိုများ ဒုက္ခကြီးနေမလား)

ဖြစ်နိုင်ရင် သူကတော့ သူ့ဆေးကို ရွှေဒင်္ဂါး အမြောက်အမြားဖြင့် ရောင်းချချင်နေသည်။ ကဲ ဘယ်လို လုပ်ရမလဲ။

'အင်း ဟိုလူတွေကတော့ ဈေးကြီး ပေးပြီး ဝယ်နိုင်မှာပဲ'

သူ တွေးမိလိုက်သော 'ဟိုလူတွေ' ဆိုသည်မှာ ဆင်းရဲသားများကို နှိပ်စက်ညှဉ်းပန်းပြီး မတရား အမြတ် ထုတ်ကာ ခေါင်းပုံဖြတ် စီးပွားရှာထား သောကြောင့် အလျှံပယ် ချမ်းသာ ကြွယ်ဝနေသော လူတစ်စုပင် ဖြစ်၏။

ဒီလိုနှင့် မသေဆေး တီထွင်သူသည် ကြမ်းကြုတ် ရက်စက်သော သူဌေးကြီးများ အုပ်စုဆီသို့ ဆေး ရောင်းဖို့ သွား၏။

'ဟောဒါ မသေဆေးပဲ၊ ဒီဆေး တစ်လုံးကို သောက်လိုက်ရုံနဲ့ ဘယ်တော့မှ မသေတော့ဘူး'

'အိုကေ ငါတို့ကလည်း ဒါမျိုး လိုချင်နေတာ၊ မင်းရဲ့ ဆေးတစ်လုံးကို ဘယ်လောက်နဲ့ ရောင်းမှာလဲ'

'တစ်လုံးကို ရွှေဒင်္ဂါးတစ်သောင်း'

'ရတယ်၊ ကိစ္စမရှိဘူး'

သူဌေးကြီးများက သူတို့အတွက်ကော သူတို့၏ မိသားစုတွေအတွက်ပါ လူစေ့တက်စေ့ တစ်လုံးစီ ဝယ်သောက်ကြ၏။ ဆေးဖော်သူလည်း ရွှေဒင်္ဂါးတွေ သုံးမကုန်အောင် ရသွားသည်။

အင်း ဟုတ်ပြီ၊ ဒီ ရွှေဒင်္ဂါးတွေကို ဆင်းရဲသားတွေ အကျိုးရှိမယ့် နေရာမှာ သုံးရမယ်။

ဆေးဖော်သူကလည်း သူ့အကြံနဲ့ သူ။

ထို့နောက် ဆေးဖော်သူသည် တစ်နိုင်ငံလုံး လျှောက်သွားပြီး ဆင်းရဲသူ ဆင်းရဲသားများကို ရွှေတွေ ဝေဝေ ပစ်လိုက်၏။

ကိုင်း သုံးကြစမ်း၊ စွဲကြစမ်း။

ရွှေတွေ ကိုယ်စီကိုယ်င ရသွားသော ဆင်းရဲသူ ဆင်းရဲသားတို့ ရှောင်ချောင် လည်လည် ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဖော်သူလည်း စိတ်ချမ်းသာ သွားတော့၏။

သည်လိုနှင့် နောက်ထပ် ခြောက်လ ခန့်ကြာသောအခါတွင် ဆေးဖော်စပ် သူသည် နိုင်ငံအနှံ့ ခရီးထွက်ပြီး ဆင်းရဲသားတို့၏ အခြေအနေကို လိုက် အကဲခတ်ပြန်သည်။

ဟင်.. ဘယ်လိုတွေ ဖြစ်ကုန်ကြတာပါလိမ့်။

ဆင်းရဲသားတို့ကား အရင်က ထက်ပင် ပိုပြီး မွဲတေစုတ်ပြတ်နေကြသည်။ အကျိုးအကြောင်းကို စုံစမ်း ကြည့်လိုက်တော့မှ ရက်စက်ကြမ်းကြုတ်သော သူဌေးများ၏ လက်ချက်ဖြစ်မှန်း သိရ၏။

သူဌေးတွေက ခါတိုင်းထက်ပိုပြီး ဆင်းရဲသားများကို နှိပ်စက်နေကြသည်။ ခါတိုင်းထက်ပိုပြီး အမြတ်ကြီး စားနေကြသည်။

ခါတိုင်းထက်ပိုပြီး ဆင်းရဲသားတွေကို ခေါင်းပုံဖြတ်နေကြ၏။

ထို့ကြောင့် ဆေးဖော်သူက သူဌေးများထံ သွားပြီး

'ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလောက်တောင် လူတွေကို နှိပ်စက်နေရတာလဲ၊ နောက်ဘဝမှာ ငရဲကျမှာ မကြောက်ဘူးလား'

သူဌေးများက သူ့ စကားကို တဟားဟား လှောင်ရယ် ရယ်လိုက်ပြီး

'ဟား ဟား ဘာဖြစ်လို့ ငါတို့က ငရဲကျမှာ ကြောက်နေ ရဦးမှာတုံး။ ငါတို့က ဘယ်တော့မှ သေမှာမှ မဟုတ်တော့တာ၊ အဲဒီတော့ နောက်ဘဝ ဆိုတာလည်း မရှိတော့ဘူး လေကွာ၊ နောက်ဘဝမှာ တိရစ္ဆာန်ဖြစ်မှာတွေ ငရဲကျမှာတွေလည်း ပူစရာ မလိုတော့ဘူး'

ဆေးဖော်စပ်သူက သူရှုံးသလား မြတ်သလားဆိုသည်ကို စဉ်းစားနေဆဲ။ သူဌေးတွေက ချမ်းသာသထက် ချမ်းသာသွားကြပြီး ဆင်းရဲသားများက နစ်သထက် နစ်သွားကြစဉ်မှာပင် ပုံပြင်က အဆုံးသတ်သည်။

၀

ပုံပြင်ထဲတွင် (၁) ဆေးဖော်စပ်သူ၊ (၂) သူဌေးများနှင့် (၃) ဆင်းရဲသားများဟု လူသုံးမျိုးသုံးစား ပါဝင်သည်။


ကျွန်တော်က ဆင်းရဲသားများ၏ အမည်နာမကို 'ပြည်သူလူထု' ဟု ပေးထားပါသည်။ ကျန်နှစ်မျိုးကို သင်တို့ ကြိုက်ရာ နာမည်ပေးလိုက်ကြပါ။

မင်းခိုက်စိုးစန်

၂၀၁၀၊ နိုဝင်ဘာ၊ ဒေးဒရဲမြို့မင်္ဂလာ...

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးဆေးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - ဆရာဝန်တွေ ဆေးကု၊ အင်ဂျင်နီယာတွေ တံတားဆောက်… လမ်းဖောက်… စီးပွားရေးအောင်မြင်တဲ့သူတွေ ကုမ္ပဏီဖွင့်၊ သမိုင်းသမားတွေက အတိတ်လှန်၊ ရူပဗေဒသမားတွေ အာကာသထဲသွား… အဲလိုမဟုတ်ဘဲ ကိုယ့် Field မဟုတ် တာတွေ လျှောက်လုပ်နေရင်တော့ ရှုပ်ကုန်မှာပေါ့… ဘယ်လို ထင်လဲ…။**

ဖြေ - ဟုတ်ပါတယ်။ လူတွေဟာ ကိုယ့် Field ကိုပဲ ကိုယ်လုပ်တာ အကောင်းဆုံးပါ။ ကိုယ့်ရဲ့ Field ဆိုတာ ကိုယ်ရထားတဲ့ ဘွဲ့ဖြစ်တယ်လို့တော့ သတ်မှတ်လို့မရပါဘူး။ ကိုယ့်ရဲ့ Creative အာရုံကျက်စားတဲ့ နေရာဟာ ကိုယ့်ရဲ့ Field ပါပဲ။ ဒါကြောင့် အရင်ဆုံး ကိုယ့်ကိုယ်ကို 'ငါ… ဘာလဲ' ဆိုတာ သိအောင်လုပ်ရပါမယ်။

**မေး - ကျွန်တော်က စွာတာကို ထက်မြက်တာနဲ့ ရောတတ်တယ်။ ကန့်လန့်တိုက်နေတာကို ထူးထူးခြားခြား မြင်တတ်၊ တွေးတတ်သူလို့ ထင်တတ်ပါတယ်။ ရိုးသားတာကို 'အ' တာနဲ့ တစ်ခါတလေ မကွဲဘူး။ ဟန်ကြီးပန်ကြီး နေတတ် သူတွေကို နည်းနည်းတော့ အထင်ကြီးတယ်…။ သူများတွေကို ချက်ချင်း ဝေဖန် ဆုံးဖြတ်တတ်တဲ့သူတွေကို အားကျတယ်။ မင်းခိုက်ရော….**

ဖြေ - 'စွာ' တာဟာ ထက်မြက်တာ ဖြစ်နိုင်သလို၊ သည်းမခံတတ်တဲ့ နှလုံးသားကျဉ်းသူလည်းဖြစ်နိုင်တယ်။ 'ကန့်လန့်တိုက်တာ' ဟာ အတွေးအမြင် ထူးခြားတာ ဖြစ်နိုင်သလို…၊ မအောင်မြင်တဲ့ သိမ်ငယ်စိတ်ကြောင့် လိုက်ပြီး ရန်လိုနေတာလည်း ဖြစ်နိုင်ပါတယ်။ 'ရိုးသားတာ' အ,တာလည်းဖြစ်နိုင်သလို…၊ နှလုံးသား ကြည်လင်တာလည်း ဖြစ်နိုင်ပါတယ်။ 'ဟန်ကြီးပန်ကြီးနေတတ် သူ' တွေကို နည်းနည်းအထင်ကြီးသလို အမြင်လည်းကတ်တယ်။ 'ချက်ချင်း ဝေဖန်ဆုံးဖြတ်တတ်သူ' တွေကို အားကျသလို လက်တန်းရမ်းတုတ်နေတာများ လား…လို့လည်း သံသယဖြစ်တယ်။

●

www.burmeseclassic.com

www.burmeseclassic.com

## သင်္ချာ သော လို့ ဝင်စားတဲ့စိတ်

**နိဒါန်း**

ငယ်ငယ်တုန်းက စာသင်ခန်းထဲတွင် သင်္ချာဆရာမက ရေစုန်ရေဆန် ပုစ္ဆာ၊ သစ်သီး ပုစ္ဆာ၊ လူဦးရေ ပုစ္ဆာများကို သင်ပေးဖူးသည်။ ကျွန်တော်ကတော့ စာသင်ခန်း နောက်ဆုံးတန်း၏ ထောင့်က ခုံတွင် ထိုင်ကာ မြေဖြူဖြင့် ရေးခြစ်သံ တဂျစ်ဂျစ် မြည်နေသည့် ကျောင်းသင်ပုန်းကြီးကို ငေးကြည့်နေ ခဲ့၏။

သင်္ချာပုစ္ဆာများတွင် မသိကိန်းတွေပါဝင်လာပါက အက္ခရာများဖြင့် အစားထိုး တွက်ချက်ဖြေရှင်းရသည် မဟုတ်ပါလား။

ဥပမာ 'သစ်သီး အားလုံး၏ အရေအတွက်သည် **x** ဖြစ်သည်ဆိုပါစို့ (သို့မဟုတ်) **y** ဖြစ်သည် ဆိုပါစို့' စသဖြင့်ပေါ့။

ကျွန်တော်ကတော့ သင်္ချာကို သိပ် စိတ်မဝင်စားလှပါ။ လူတွေ အကြောင်းကိုသာ စိတ်ဝင်စားနေမိ၏။

ဖြစ်နိုင်ရင်

(ကိန်းဂဏန်းတန်ဖိုး နေရာများတွင် အက္ခရာစကားလုံးတို့ဖြင့် အစားမထိုးဘဲ) လူတွေ၏ နေရာတွင် သင်္ချာ ဂဏန်းများဖြင့် အစားထိုးကာ တွက်ချက်ကြည့်ချင်ပါသည်။

ကဲ ..

'တစ်ခုသော လူ့အဖွဲ့အစည်းသည် မြို့ကလေး တစ်မြို့ဖြစ်သည် ဆိုပါစို့'

○

[ ၁ ]

အဲသည် မြို့ကလေးတွင် လူဦးရေ စုစုပေါင်း ခုနစ်ယောက် တိတိနှင့် ခွေး တစ်ကောင် နေထိုင်ကြသည်ဟု ကိန်းဂဏန်းများကို သတ်မှတ်လိုက် ကြပါမည်။

လူခုနစ်ယောက်၏ အမည်များ ကိုတော့ A, B, C, D, E, F နှင့် G ဖြစ်သည် ဆိုပါစို့။

A နှင့် B တို့သည် နေသည့် နေရာချင်း နီးကပ်ကြ၏။ သူတို့က မြို့၏ မြောက်ဘက်တွင် နေကြသည်။

C နှင့် D တို့က မြို့၏အနောက်ဘက်။

www.burmeseclassic.com

www.burmeseclassic.com



E နှင့် F တို့က တောင်ဘက်။

G ကတော့ ဘယ်သူနှင့်မှ မနီးချေ။ သူတစ်ယောက်တည်း မြို့၏ အရှေ့ဘက် အဝေးကြီးတွင် နေ၏။

ခွေးကတော့ သူတို့ အားလုံး အတူတကွ ညီတူမျှတူ ပိုင်ဆိုင်ထားသည့် သတ္တဝါ ဖြစ်သောကြောင့် နေစရာ သတ်သတ်မှတ်မှတ် မရှိ။ ကြုံသည့်အိမ်မှာ ဝင်နေ၊ ကြုံသလို စား။ ဘာပြဿနာမှ မရှိ။

မြို့ အလယ်ကောင် တည့်တည့်တွင်ဇရပ်အကြီးစားဟု ခေါ်မည် ဆိုလျှင် ခေါ်နိုင်သော အဆောက်အအုံ ကြီးကြီး တစ်ခုရှိ၏။

A, B, C, D, E, F နှင့် G တို့သည် ညနေမှောင်ရီပျိုးချိန်တိုင်း ထို ဇရပ်ကြီးတွင် ဆုံကြသည်။ အာလာပ သလ္လာပ စကားတွေ ပြောကြသည်။ ကျန်းမာရေးအကြောင်း၊ ဘာသာရေးအကြောင်း၊ စီးပွားရေးအကြောင်း စုံနေအောင် ပြောကြဆိုကြ၊ ဆွေးနွေး ငြင်းခုံကြပြီး ညဥ့်အတော်နက်မှ လူစုခွဲကာ ကိုယ့်အိမ် ကိုယ်ပြန်ပြီး အိပ်ရာ ဝင်ကြ၏။

○

နောက်တစ်နေ့ နံနက်မိုးလင်းသည်နှင့် သူတို့အားလုံး အလုပ်နှင့်လက် ပြတ်သည်ဟူ၍ မရှိတော့။ တစ်နေ့ကုန် အလုပ်လုပ်ရ၏။

သူတို့လုပ်သည့် အလုပ်ကတော့ ..

ကောင်းကင်ပေါ်မှ မိုးတိမ်တွေ ခိုင်းစေညွှန်ကြားသမျှ လိုက်လုပ်ရခြင်း ဖြစ်သည်။

တိမ်တွေက သူတို့တစ်ယောက်ချင်းစီကို အမိန့်တွေ အမျိုးမျိုးပေးသည်။ အလုပ်တွေ တစ်ခုပြီး တစ်ခု ခိုင်းသည်။ တိမ်တွေက ခိုင်းသည့်အတိုင်း တစ်ယောက်က မြို့ကို သန့်ရှင်းရေး လုပ်နေချိန်တွင် တစ်ယောက်က ရေတွင်း တူး၊ နောက်တစ်ယောက်က ခြံစည်းရိုး ခတ်၊ နောက်တစ်ယောက်က သစ်ပင်ခုတ် စသဖြင့် အလုပ်ပေါင်းစုံ လုပ်ရ၏။

တိမ်တွေက ပေးသည့် အမိန့်အတိုင်း တစ်နေ့တာ တာဝန်ကို လုပ်ပြီးသည်နှင့် သူတို့အတွက် စားစရာ ရိက္ခာကို တိမ်တွေက အလိုလို ရွာချပေးလိုက်တော့သည်။ အဲသည် စားစရာ (ဆန်ကွဲသို့သော အရာ တစ်မျိုး) မိုးပေါ်မှ ကျလာလျှင် အိုးဖြင့် ခံထားပြီး ချက်ပြုတ်စားသောက် ရုံသာ ဖြစ်၏။

သူတို့၏ ဝမ်းရေးအတွက် မပူရ။

○

www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန် တစ်နေခန်း အလုပ် ထဲမှာ တကွဲတပြားစီ အချိန်ကုန်ခဲ့ရ သောကြောင့်

'ဒီလို ညနေပိုင်းကျမှ လူစုံ တက်စုံ တွေ့ကြရတာ'

ဟုဆိုကာ ဇရပ်ဆီသို့ ညနေတိုင်း မပျက်မကွက် လာကြ၏။ စကား ပြောကြ၏။ မိမိကြုံနေရသော အခက်အခဲကို အားလုံးရှေ့မှာ ဖွင့်ဟပြီး အကြံဉာဏ်တောင်းကြ၏။ ကျန်သူများကလည်း တတ်နိုင်သလောက် ဝိုင်း စဉ်းစားပေးကြ၏။

အဲသည်လို အခါမျိုးတွင် ခွေးကလေးကလည်း သူ့သခင်တို့၏ ဘေးတွင် လှဲလိုက်၊ ဝပ်လိုက်၊ အညောင်း ဆန့်လိုက်နှင့် နောက်ဆုံး လူစုခွဲကြချိန်အထိ စောင့်ပေးနေတတ်လေသည်။

သူတို့ လူစုအဖို့ တစ်ယောက်နှင့် တစ်ယောက် စိတ်မကြည်မလင် ဖြစ်ခြင်း၊ အစောင်းအချိတ်၊ အသိုအဝှက် အငြိုးအတေး ထားခြင်းဟူ၍ ဘယ်တုန်း ကမှ မရှိခဲ့။

ညီညွတ်ကျစ်လျစ်သော စံပြ လူ့အဖွဲ့အစည်းတစ်ခုဟု သူတို့ကို ခေါင်းစဉ် တပ်ကြည့်ကြပါမည်။

သချာမှာ ဆိုရင်တော့ ဒါသည် 'ပေးထားချက် အမှတ် ၁'

[ ၂ ]

ပြဿနာ၏အစသည် 'လေတိုက်ခြင်း' ဖြစ်၏။

အရှေ့လေတို့ တိုက်ခတ်လာ သောအခါ ကောင်းကင်မှ မိုးသား မိုးတိမ်တွေ လွင့်စဉ်သွားကြသည်။

'ငါတို့ ခေါင်းပေါ်မှာ တိမ်တွေ မရှိကြတော့ဘူး'

သူတို့အားလုံး အလန့်တကြား ရေရွတ်ပြီး အပေါ်ကို ပြိုင်တူလိုလို မော့်ကြည့်မိကြသည်။

တကယ်ပင် တိမ်တွေ မရှိကြတော့ချေ။

'ငါတို့ ဘာလုပ်ကြရမှာလဲ'

ခါတိုင်း သူတို့ကို စေခိုင်းနေကျ တိမ်တွေ မရှိတော့သောအခါ ဘာလုပ်ရ မှန်းမသိကြတော့။ အမိန့်ပေးနေကျ တိမ်တွေ မရှိတော့သောကြောင့် ဘာကို လိုက်နာရမည်မှန်း မဝေခွဲ တတ်ကြတော့။

အဆိုးဆုံးကိစ္စကတော့ အသက် ဆက်ရှင်ဖို့ စားစရာပဲ ဖြစ်သည်။

အရင်တုန်းကတော့ သူတို့ အတွက် စားနပ်ရိက္ခာကို ကောင်းကင် ပေါ်ရှိ တိမ်တွေက ရှာချပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူတို့ကို စားစရာ ပေးမည့် တိမ်တွေ မရှိကြတော့ပြီ။ ငတ်ပြီး သေရဖို့သာ ရှိတော့၏။

'ငါတို့ တစ်ယောက်ချင်းစီမှာ လက်ကျန် စားစရာက လေးရက်စာ လောက်ပဲ ရှိတော့တယ်'

အချင်းချင်း တီးတိုး တိုင်ပင် ကြည့်လိုက်တော့ နောက်ဆုံး ဒီအဖြေကို သာရ၏။ ဒါသည် သူတို့အတွက် 'သေမိန့်'။

'မသေရုံတမည်ပဲ စားကြ၊ ရိက္ခာတွေကို ချွေတာကြ'

သူတို့ထဲမှ တစ်ယောက်က ထိတ်လန့်တကြား အော်ဟစ်လိုက်သံ ဖြစ်သည်။

ဆယ့်နှစ်ရက် ..

ဆယ့်သုံးရက်..

ဆယ့်လေးရက်..

ဘယ်လောက်ပဲ ချွေတာ ချွေတာ၊ မတတ်နိုင်ကြတော့။ ဆယ့် လေးရက် မြောက် နေ့တွင် အားလုံး တက်တက် ပြောင်အောင် ကုန်စင် သွားတော့သည်။

ဘာ ဆက်လုပ်ကြမလဲ။

ထုံးစံအတိုင်း ဇရပ်မှာ အားလုံး စုပြီးထိုင်ကာ မေးခွန်း ပါသော မျက်လုံး များဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်လျက်။

သူတို့ တစ်ဦးချင်းစီ၏ အသက် ဇီဝကို အမြစ်အငုတ်ပါ မကျန်အောင် ဆွဲနုတ်ယူသွားတော့မည့် စက္ကန့်များ အလာကို ထိုင်စောင့် နေရုံမျှသာ ရှိတော့သည်။

မဝရေစာဖြင့်သာ တင်းတိမ်ထား ခဲ့ရသော သူတို့၏ ခန္ဓာကိုယ်များသည် လည်း အေးစက်လေးလံ ထုံထိုင်းလာ ကြလေပြီ။

အားလုံးထဲတွင် မစ္စတာ ဂျီ (G) က ဟန်အပျက်ဆုံး။ နဂိုကတည်းက သူ့ခမျာ ဖြူဖြူနုနု ခပ်ပျော့ပျော့ ဆိုတော့ ပိုဆိုးသည်။ လုံးဝကို တင်းမထား နိုင်တော့။ နေရာမှ တစ်လက်မခန့် ရွေ့လျားဖို့ကိုပင် မနည်း အားစိုက်နေရပုံ ပေါက်နေ၏။

သည်အတိုင်းသာ ဆိုလျှင် နောက်ထပ် သုံးရက်လောက်တောင် ခံနိုင်ပါ တော့မလား မသိ။

သချာအခေါ်အဝေါ်အရတော့ ဒါက 'ပေးထားချက် အမှတ် ၂'

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

နောက်တစ်နေ့တွင် ရုတ်တရက်

မြောက်ပြန်လေ တစ်ချက်တိုက် လိုက်သောကြောင့် အင်္ဂလိပ်ဆရာ တစ်ယောက်သည် လေနှင့်အတူ လွင့်ပါလာပြီး သူတို့ မြို့ကလေးဆီသို့ ရောက်လာ၏။

ထို အင်္ဂလိပ်ဆရာ၏ အမည်က 'မျှော်လင့်ချက်' ဟု ခေါ်သည်။

'မျှော်လင့်ချက်' က သူတို့ကို ပြောလိုက်သည်။

'မနက်ဖြန် နံနက် ၁၀ နာရီ ကျရင် ခင်ဗျားတို့ ဒီဇရပ်ကို ရောက်အောင် လာပါ၊ လူတစ်ယောက်ကို ရိက္ခာ ခြောက်ပြည်စီ ပေးမယ်၊ ဒါပေမဲ့ အလကားတော့ မပေးနိုင်ဘူး၊ ကျုပ် ခိုင်းတာကို လုပ်မှ ပေးမှာ'

သူတို့အားလုံး ဝမ်းသာအားရ ခေါင်းညိတ်ကြ၏။ ဟာ လုပ်ပေးရမှာပေါ့၊ ဘာ··ညာနှင့် ပြောကြဆိုကြ သဘောတူကြပြီး အားလုံး ကိုယ့်အိမ် ကိုယ် ပြန်သွားကြသည်။

နောက်နေ့ နံနက်တွင် ၁၀ နာရီတောင် မထိုးခင် A, B, C, D, E နှင့် F တို့က စောစောစီးစီးပင် ဇရပ်သို့ ကြိုတင် ရောက်နှင့်နေကြ၏။

ရိက္ခာလိုချင်လှပြီ။

စောစောလုပ် စောစောရတော့ ပြီးတာပဲ မဟုတ်လားဟု သူတို့ တွေးနေကြ၏။

သို့သော် သူတို့ လူစုထဲတွင် G တစ်ယောက် ပါမလာ။ မစ္စတာဂျီ ဘယ်ရောက်နေပါလိမ့်။

ကိစ္စမရှိ။ ၁၀ နာရီ ထိုးရင်တော့ ရောက်လာ လိမ့်မည်ဟု အောက်မေ့ကာ ကျန်သူများက အမူမဲ့ အမှတ်မဲ့ နေလိုက်ကြ၏။ သူတို့ကို အင်္ဂလိပ်ဆရာက ဘာခိုင်းမှာပါလိမ့် ဟူသည့် သိချင်စိတ်ကသာ အင်အား ကြီးမားစွာ လွှမ်းမိုးနေသည်။

အင်္ဂလိပ်ဆရာက

'မင်းတို့ရဲ့ ခွေးကို သတ်ပေးရမယ်'

'ဗျာ'

'ဟင်'

အင်္ဂလိပ်ဆရာ၏ တောင်းဆိုမှုကြောင့် သူတို့ တုန်လှုပ်သွားကြသည်။

'မသတ်ပါရစေနဲ့ဗျာ၊ ဒါ ကျွန်တော်တို့အပေါ်မှာ တစ်ရှောက်လုံး သစ္စာရှိခဲ့တဲ့ ခွေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ သတ္တဝါ အနေနဲ့သာ 'ခွေး' လို့ ခေါ်နေရပေမယ့် တကယ်တော့ ကျွန်တော်တို့နဲ့ သွေးသားရင်းချာပါပဲ'

သူတို့ ဘယ်လောက်ပင် တောင်းပန် တောင်းပန် အင်္ဂလိပ်ဆရာက ခေါင်းကို ခါမြဲ ခါနေ၏။ အင်္ဂလိပ် ဆရာက

'ခွေးကို မသတ်ရင်တော့ ကျုပ်ကလည်း ခင်ဗျားတို့အတွက် ရိက္ခာ မပေးနိုင်ဘူး'

ကဲ နောက်ဆုံးတော့ သူ့အသက် ကိုယ့်အသက် လဲကြရမည့် ကိစ္စ မဟုတ်လား။ ခွေးကို သတ်ပေးဖို့ သဘော တူလိုက်ကြရတော့သည်။

ဒါပေမဲ့ ခွေးတစ်ကောင်ကို သတ်သည့် ကိစ္စသည် လွယ်လွယ်ကူကူ သက်သက်သာသာ ပြီးဆုံးသွားသည့် ကိစ္စတစ်ခုတော့ မဟုတ်ခဲ့။

ခွေးက သူတို့ထက် ပိုမြန်သည်။ ရှောင်တတ်သည်။ ပြေးတတ်သည်။ ပုန်းတတ်သည်။

တစ်နေ့လုံး ပင်ပန်းလိုက်သည်မှာ ဘယ်လို စာလုံးပေါင်း ပြရမလဲပင် မသိ။ ညနေစောင်းတော့မှ ဇရပ်၏ အခန်းတစ်ခန်း ထောင့်တွင် ခွေးကို ပိတ်မိသည်။ အတင်းဝင် ဖမ်းတော့လည်း ခွေးကပြန်ကိုက်သဖြင့်သူတို့ ခြောက် ယောက်စလုံးမှာ သွေးသံ တရဲရဲ။

အခက်အခဲဆုံး အပိုင်းကတော့ ခွေးကို ဘယ်လို အဆုံးစီရင်မလဲ ဆိုသည့် ဆုံးဖြတ်ချက်ပင်။

တစ်ယောက်က ဓား၊ တစ်ယောက်က ပေါက်တူး၊ တစ်ယောက်က တူးရွင်းငန်းပြား စသဖြင့် နောက်ဆုံးတော့ သူတို့အားလုံး၏ လက်ချက်ဖြင့် ခွေးခမျာ

'အား'

သူတို့၏ လက်များတွင် စွန်းပေ သွားသော သွေးတို့ကို ကမန်းကတန်း ဆေးကြောပြီး အင်္ဂလိပ်ဆရာပေးသည့် ရိက္ခာခြောက်ပြည်စီကို ယူကာ ကိုယ့်အိမ်ကိုယ် သုတ်ခြေတင်ကြ၏။ သူတို့ အားလုံး အရမ်းဆာလောင်နေ ကြလေပြီ။

ထို့ကြောင့် မစ္စတာ ဂျီ (G) တစ်ယောက် ညနေစောင်းချိန်အထိ လုံးဝ ရောက်မလာခဲ့ခြင်းကို စကားပင် မစပ်မိကြ။

ရေမိုးချိုး ညစာစားပြီး ထုံးစံ အတိုင်း ဇရပ်တွင် ညဘက် ပြန်ဆုံကြ သောအခါတွင်မှ မစ္စတာ ဂျီ (G) အကြောင်း စကားစပ်မိပြီး ပူပန်ရ ကောင်မှန်း သတိရကြတော့၏။ G နေထိုင်သော အိမ်နှင့် နီးသည့် လူလည်း မည်သူမှ မရှိသောကြောင့် အကျိုးအကြောင်းလည်း မသိရ။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သူတို့ အားလုံး စိုးရိမ်ကာ G ၏ အိမ်သို့ လိုက်သွားကြသည်။ ဟိုရောက်တော့ G က အိပ်ရာထဲ လဲနေပြီ။

သိပ်တောင် စကားဟဟ မပြောနိုင်တော့ အားပြတ်နေပြီ ဖြစ်၏။

သန်းခေါင်ယံတွင် လူစုခွဲပြီး အိမ်ပြန်လာသောအခါ အားလုံးသည် ကိုယ်စီအတွေးများနှင့်··။

○

A က အိမ်ပြန်ရောက်သောအခါ တစ်ယောက်တည်း စဉ်းစား၏။

'တကယ်တော့ ငါတို့ဟာ အေးအတူ ပူအမျှ နေခဲ့ကြတဲ့ မိတ်ဆွေကောင်းတွေပဲ၊ G အတွက် စားစရာ နည်းနည်းတော့ မျှပေးသင့်တယ်'

ခုတစ်ခါ ရထားတဲ့ စားစရာတွေ ထပ်ပြီး ကုန်ပြန်ရင်တော့ သေကြရမှာပဲဟု A က စဉ်းစားလိုက်မိသည်။ သို့သော် ထိုအတွေးကို ခေါင်းထဲက မောင်းထုတ်လိုက်ရ၏။ လောလောဆယ်တွင် G ၏ အသက်ကို ကယ်ဖို့ အရေးကြီးသည်။

ထို့နောက် A သည် သူရထားသော ရိက္ခာ ခြောက်ပြည်ထဲမှ တစ်ပြည်ကို ခွဲထုတ်ကာ ချက်ချင်းပင် G ထံသို့ သွားပို့လိုက်၏။

○

B ကလည်း ထိုအတိုင်းပင် စဉ်းစားသည်။ ထို့ကြောင့် သူကလည်း ရိက္ခာတစ်ပြည်ထုတ်ကာ ညတစ်နာရီခန့်တွင် G ဆီသို့ သွားပို့၏။

○

C, D, E နှင့် F တို့လည်း သည်အတိုင်းပင်။ သူတို့ချင်း မတိုင်ပင်ဘဲ သီးခြားစီစဉ်းစားသော်လည်း တူညီသော အဖြေကို ရ၏။

ရိက္ခာတစ်ပြည်စီကို သွားပို့ကြသည့် အချိန်ကလည်း တစ်နာရီသာသာလောက်စီ ကွာခြားခြင်းကြောင့် တစ်ယောက်နှင့် တစ်ယောက် မဆုံမိကြ။

ဘယ်သူမှလည်း သဒ္ဓါပေါက်ပြီး ခြောက်ပြည်ကို တစ်ဝက်ခွဲ ပေးဖို့ စိတ်မကူး။ တစ်ပြည်စီပဲ ထောက်ပံ့သည်။ ဒါလည်း ကိစ္စမရှိ။ သဘာဝ ကျ၏။

လူတို့သည် တကယ့် ကပ်ဘေး ဒုက္ခ ဆိုက်ရောက်လာသည့် အချိန်တွင် မိမိတို့ထက် အားနည်းနိမ့်ကျ နေသူကို ကူညီ ငဲ့ညှာရကောင်းမှန်း သိသော စိတ်ကောင်း စေတနာ ပေါက်ဖွားလာကြ၏။

သို့သော် ကူညီရာတွင်လည်း (သဘာဝကျစွာပင်) ပိုင်ဆိုင်မှု အများစုကို ကိုယ့်အတွက် ချန်ထားပြီး နည်းနည်းသာ မျှဝေ၏။

www.burmeseclassic.com

www.burmeseclassic.com



မဆိုးလှပါ။

လူ့အဖွဲ့အစည်း ဆိုသည်မှာ အားလုံး ဒီအတိုင်းချည်းပဲ မဟုတ်ဘူးလား။

○

သူတို့၏ စံပြ လူ့အဖွဲ့အစည်းကလေးသည် အင်တာတရားနှင့်လည်း ကြုံဖူးပြီ။ မိမိ မသေဆုံးဖို့အတွက် အခြား တစ်ယောက်ကိုလည်း သတ်ဖြတ်ခဲ့ ကြဖူးပြီ။

ကိုယ့်ထက် အားနည်းနိမ့်ကျသူကို ကူညီလှူဒါန်းရဲသည့် စေတနာ သဒ္ဓါတရား၏ မွန်မြတ်သည့်အရသာ ကိုလည်း ခံစားဖူးပြီ။

ကိုယ့်အတွက်တော့ များများ ချန်ထားဖို့လိုမယ် ဟူသော အတ္တကိုလည်း ပိုင်ဆိုင်ကြဖူးလေပြီ။

○

[ ၄ ]

သချာပုစ္ဆာက နောက်တစ်နေ့မှပင် စတင်ပါသည်။

လမ်းမလျှောက် နိုင်သေးသဖြင့် ရောက်မလာသော မစ္စတာ ဂျီ (G) မှ တစ်ပါး ကျန်သူများ အားလုံးသည် ဇရပ်မှာ ထုံးစံအတိုင်း ဆုံကြပြန်၏။ စကားဝိုင်း ဖွဲ့ကြပြန်၏။ G ၏ အကြောင်းကို ပြောဖြစ်ကြပြန်၏။

ဒီတစ်ခါတော့ သူတို့၏ မျက်နှာများသည် G အတွက် ဝမ်းနည်း စိတ်မကောင်းဖြစ်နေသည့် အသွင် မဆောင်တော့။

ဒေါသ ဖြစ်နေကြ၏။ မလို မုန်းထား ဖြစ်နေကြ၏။ မဲ့ကာရွဲ့ကာဖြင့် ထွီခနဲ တံတွေးထွေးကြ၏။

သူတို့ တွက်ချက်နေကြသော သချာမှာ မူလတန်း သချာအဆင့် ရိုးရိုးလေးပင် ဖြစ်သည်။

သူတို့ တစ်ယောက်ချင်းစီရသော ရိက္ခာအရေအတွက်မှာ ခြောက်ပြည် ဖြစ်၏။ G အတွက် တစ်ပြည်ထောက်ပံ့လိုက်ရသောကြောင့် (၆-၁= ၅) ငါးပြည်သာ ကျန်သည်။

A, B, C, D, E နှင့် F တို့ တစ်ဦးချင်းစီရသော ပိုင်ဆိုင်မှုသည် ငါးပြည်။

G ကတော့

လူ ခြောက်ယောက်က တစ်ယောက်တစ်ပြည် ဝိုင်းထောက်ပံ့သည့် အတွက် ရသွားသော အရေအတွက် (၆ X ၁= ၆) ခြောက်ပြည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို ဖြစ်နေသည်ကို မကျေနပ်။

တကယ် အလုပ် လုပ်ခဲ့ရတာ သူတို့။ သွေးတွေ၊ ချွေးတွေ ရင်းခဲ့ရတာ သူတို့။ ပါဏာတိပါတကံကို ကျူးလွန် ခဲ့ရတာ သူတို့။

ကြည့်စမ်း‥ ဒီလောက် ရင်းနှီး ပေးဆပ်ထားပြီးမှ တစ်ယောက်ချင်းစီဟာ ရလိုက်တော့ ငါးပြည်တည်း။

G ကတော့ ဘာမှလည်း မလုပ်ရဘဲ သူတို့၏ စေတနာနှင့်သဒ္ဓါတရားကို လက်ဖြန့်ခံရုံမျှဖြင့် သူတစ်ယောက်တည်း ခြောက်ပြည် ရသွား၏။

ဒါ တရားသလား။

'ထွီ'

'တောက်'

သူတို့ရင်ထဲတွင် ဘယ်တုန်းကမှ မရှိဖူးသော အမုန်းတရားတွေ ပေါက်ဖွားလာကြသည်။ မနာလို စိတ်တွေ ကြီးထွားလာကြသည်။ G ကို နောက်ဘယ်တော့မှ စကား မပြောစတမ်းဟု ဆုံးဖြတ်ကြသည်။

စံပြ လူအဖွဲ့အစည်းထဲတွင် မခေါ်နိုင် မပြောနိုင်တွေ ဖြစ်ကုန်ကြ၏။ တစ်ယောက် မျက်နှာတစ်ယောက် မကြည့်ချင် ဖြစ်သွားကြ၏။

၀

[ ၅ ]

မူလတန်းအဆင့် သချာင်္ပင် ဖြစ်သော်လည်း လူတို့ဖြင့် အစားထိုးတွက်ချက်လိုက်သောအခါ ရေရေလည်လည် ရှုပ်ထွေးသွား၏။

G ကို သနားပြီး ဝိုင်းကူညီတော့လည်း သူတို့။

G ကို မနာလို မုန်းတီးကြတော့လည်း သူတို့။

လူတွေမှာ စေတနာတရား ရှိကြသည်။ ကူညီချင်ကြသည်။ ဒါပေမဲ့ အဲသည် 'စိတ်ကောင်းကလေး' က သူတို့ထက် နိမ့်ကျနေသူ အတွက်ပဲ ဖြစ်၏။

သူတို့၏ ကူညီ စောင်မမှုကို ခံယူရသော သူက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူတို့ထက် 'သာ' သွားပြီ ဆိုလျှင်တော့ စိတ်ကောင်း မထားနိုင်ကြတော့၊ မုဒိတာ မပွားနိုင်ကြတော့။

သူတို့ထက် သာသွားသူကို မနာလို မုန်းထား ဖြစ်ကြပြီး ဝိုင်းဝန်းတိုက်ခိုက်ကြပြီ။

လူ့စိတ်သည် ကိန်းဂဏန်းတွေလို တစ်သမတ်တည်း မဟုတ်ကြ။


'ကိန်းရှင်' ဖြစ်၏။

၀

www.burmeseclassic.com

www.burmeseclassic.com






နိဂုံး

နောက်ထပ်ရလိုက်သော ရိက္ခာများ ထပ်မံ ကုန်ဆုံးသွားသည့် အခါတွင်တော့ A, B, C, D, E, F နှင့် G တို့ အားလုံး တိတ်တိတ် ဆိတ်ဆိတ်ဖြင့်ပင် ကွယ်လွန် သွားကြလေတော့သည်။

သူတို့ သတ်ပစ်လိုက်သော ခွေးနှင့် ရက်ပိုင်း လပိုင်း မရှေးမနှောင်း မှာပင် သူတို့လည်း သေဆုံးသွားရ ခြင်းဖြစ်၏။

'လူ၏ ပုဏ္ဏာ' သည် နောက်ဆုံး အဖြေတွင် 'သုည' သာ ရမည်ဖြစ်ကြောင်း သူတို့ စောစောကတည်းက ကြိုတွေးခဲ့ဖို့ ကောင်းသည်။

မင်းခိုက်စိုးစန်
၂၀၁၁၊ စက်တင်ဘာ၊ သရဖူမဂ္ဂဇင်း

(လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ် (၂၃-၈-၁၉၉၁)က ရေးထားခဲ့တဲ့ ဝတ္ထုကို ပြန်ပြီး အချောကိုင်ပါတယ်)

www.burmeseclassic.com

www.burmeseclassic.com



အရိုးက
မေးပြီး
မင်းခိုက်စိုးစန်
ဖြေပါတယ်

www.burmeseclassic.com

www.burmeseclassic.com

**မေး - လောကမှာ ကိုယ့်ဟာကိုယ် လှေကားထစ်လို ခင်းပေးရတော့မယ် ဆိုရင် ဘယ်အထစ်မှာ နေချင်ပါသလဲခင်ဗျာ။**

ဖြေ - မြေကြီးနဲ့ကပ်လျက် အောက်ဆုံးအထစ်ပဲဖြစ်ချင်တယ်။ ကိုယ့်အပေါ် နင်းတက်ချင်သူတွေ မတော်တဆ ကျွန်တော့်ပေါ်က ချော်ကျမယ်ဆိုရင်တောင် အောက်ဆုံး အထစ်က ကျတာဆိုတော့ သိပ်မနာကျင်ဘူးပေါ့ဗျာ။

**မေး - 'သေခြင်းဆိုး'လို့ စိတ်ပါလက်ပါ ကျကျနန (ပြောရရင် ဆဲတာတောင် နှစ်နှစ်ကာကာ ရှိမယ့်) အာပေါင်အာရင်းသန်သန် လာဆဲတဲ့လူနဲ့ ကိုယ့်ကို ဘယ်လိုမှ သောက်ဖက်မလုပ်တဲ့လူ ဘယ်သူက ပိုပြီး ကိုယ့်အတွက် အဖိုးတန် ပါသလဲ ခင်ဗျား....။**


ဖြေ - သူ့နေရာနဲ့သူပါပဲ။ ပုံမှန်အားဖြင့်တော့ စိတ်ပါလက်ပါနဲ့ ရင်ထဲက အနှစ် အသားပြည့်ပြည့် ဆဲသွားတဲ့သူကို ပိုတန်ဖိုးထားတာပေါ့။

ဒါပေမဲ့ (ဥပမာ ပြောတာနော်) အစည်းအဝေးကြီးတစ်ခုခုမှာ ကျွန်တော်က လေးလေးနက်နက် တင်ပြဆွေးနွေးနေတုန်း တစ်ယောက်ယောက်က စိတ်ပါ လက်ပါကြီး 'သေခြင်းဆိုး'လို့ ထဆဲရင်တော့ ကျွန်တော်စိတ်ဆိုးမိမှာပဲ။

●

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

ပွဲကြည့်ပရိသတ်ကသာ သဘောတူလက်ခံမယ်ဆိုရင် သင်လည်း 'မင်းသား'ဖြစ်ခွင့်ရှိပါတယ်။ ဒါက အများသဘောတူရေး အဓိကဝါဒရဲ့ အလိုအရ ကိုး···။

ဒါပေမဲ့···

ခေါင်းပေါင်းတွေ၊ တောင်ရှည်ပုဆိုးတွေနဲ့ မင်းသားအဝတ်အစား အကျအန ဆင်ယင်ပြီးခါမှ 'မျက်လှည့်ပွဲ'မှာ ဝင်ကရတဲ့ အဖြစ်ကတော့ တော်တော်ကို ဆိုးပါတယ်။

ဒါမျိုးကျတော့···

အများသဘောတူခြင်း၊ မတူခြင်းကလည်း ဘာမှ မကယ်နိုင်ဘူး မဟုတ်လား။

[ ၂ ]

သာဒွန်းဦး တို့၊ ဖိုးနီ တို့၊ စံငြိမ်း တို့ဆိုတာတွေက 'ပါချည်ပါချဲ့'တွေပါ။ အရေးလုပ်စရာလား။ သူတို့လို ချာတိတ်တွေဆိုရင် ဘဒွေးထွန်းရွှေအဖို့တော့ တစ်ချက်'လှည့်'စာလောက်ပဲရှိတာ။

လူတွေကို မှတ်နေအောင် 'လှည့်'တဲ့နေရာမှာတော့ ဘဒွေးထွန်းရွှေတို့က ထိပ်ကချည်း နေလာတာ။ ဒါမျိုးနဲ့ စားသောက်လာတာ အံဆုံးတောင် တိုနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ကြံ့တုန်း ဘဒ္ဒေးထွန်းရွှေရဲ့ လုပ်တတ်ကိုင်တတ် သပ်သပ်ရပ်ရပ် ရှိပုံလေးတစ်ခုလောက် လက်တို့ပြီး နမူနာပြောချင်ပါသေးရဲ့။

ကြားဖူးတယ် မဟုတ်လား။ ရပ်ထဲရွာထဲမှာ ဝါတွင်းသုံးလဆွမ်းလောင်းဖို့ဆိုပြီး အလှူခံ၊ ပြီးရင် ကြက်သားရင့်ရင့်ကို အာလူး ဖုံးပေါလအောရောထားတဲ့ ဆွမ်းဟင်းလောက် ချက်လောင်းပြီး ပိုတဲ့ ပိုက်ဆံကို 'အပြတ်အုပ်' ပစ်လိုက်တာတွေ။

တံတားပြင်ဖို့ဆိုတဲ့ ခေါင်းစဉ်နဲ့ ရပ်ကွက်ထဲမှာ အိမ်စေ့တက်စေ့ ပိုက်ဆံကောက်၊ သုံးပုံတစ်ပုံလောက် ဖြတ်သုံးပြီးမှ ပိုပိုသာသာ စာရင်းတင်ထားတဲ့ ပိုက်ဆံတွေနဲ့ ပေါချောင်ကောင်း သစ်သားတွေကို တံတားခင်းပေးလိုက်တာတွေ။

ဘယ်လောက်ဆိုးသလဲ။ လူတကာကလည်း မေးငေါ့ နှာခေါင်းရှုံ့ကြသေးတယ်။ ရတော့လည်း မစို့မပို့နဲ့၊ စားရတာနဲ့ ငါးပါးသီလချိုးဖောက်ရတာ··· ကာမှ မကာမိတဲ့ ဥစ္စာ။

ဘဒ္ဒေးထွန်းရွှေက အဲဒီလို အကွက်မျိုး ဘယ်တော့မှ မလုပ်ဘူး။

အဲ···လုပ်ပြီဟေ့ ဆိုရင်လည်း အပီအပြင်ပဲ။

အားလုံးသိကြတဲ့အတိုင်းပဲ။ မြို့အစွန် ဟိုဘက် ခပ်လှမ်းလှမ်းမှာ ဇရပ်အိုကြီးတစ်ဆောင်ရှိတယ် မဟုတ်လား။ ရှေးဟောင်းပွတ်လုံးတိုင်ကြီးတွေနဲ့ နံပါတ်တော်လာ ရုပ်လုံးရုပ်ကြွတွေ ထွင်းထုထားတဲ့ တံခါးချပ်ကြီးတွေနဲ့ ခြူးပန်းခြူးနွယ် အနုပညာလက်ရာတွေ အနုစိတ် စရွေးကိုင်ထားတဲ့ တကယ့်တော်ဝင်လက် ရာ ရင်ကွဲဇရပ်ကြီး။

တချို့ကလည်း အင်းဝခေတ်လက်ရာလို့ ပြောလိုပြော၊ တောင်ငူခေတ်လက်ရာလို့ ခန့်မှန်းသူက ခန့်မှန်းနဲ့ ဘယ်သူကမှ တိတိကျကျ မပြောနိုင်ပေမယ့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုတာကိုတော့ မငြင်းသာလောက်အောင်ကို ခိုင်မာကြွရွနေတော့တာ။

နှစ်ကာလ ပရိစ္ဆေဒရှည်ကြာလှပြီဆိုတော့ တိုင်လုံးတွေ၊ သစ်သားခင်းတွေက မဆွေးမမြည့်သေးပေမယ့် ယိုင်တဲ့တိုင်တွေကတော့ ယိုင်နေပြီ။ ခေါင်မိုးတွေကလည်း ရွဲ့စောင်းတဲ့နေရာ ရွဲ့စောင်းနေပြီ။

ဒါတွေ ဒါတွေကို အသေအချာ လေ့လာပြီးတော့မှ ဘဒ္ဒေးထွန်းရွှေက လုပ်ထည့်လိုက်တော့တာ။

ဘယ်အချိန်က ဘယ်လို ဘဒ္ဒေးတစ်ယောက် မန္တလေးမြို့ပေါ် တက်သွားလိုက်တယ် မသိဘူး။ သူ ပြန်လာတော့ လက်ထဲမှာ ကျကျနန ပုံနှိပ်ထားတဲ့ အလှူခံဖြတ်ပိုင်းစာအုပ်တွေ ပါလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလှူခံဖြတ်ပိုင်း စာရွက်တိုင်းရဲ့ နမူနာ ပုံနှိပ်ထားတာကတော့ 'သီရိဓမ္မာသောကမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ရှေးဟောင်းဇရပ်ကြီးအား နဂိုမူလအတိုင်းထားရှိရန် အလှူခံငွေ ပြေစာ'

ပြီးတော့ ရော်ဘာတံဆိပ်တုံးတွေ ဘာတွေကလည်း ပါသေးတာ။ ဘခွေးထွန်းရွှေက လုပ်ရင် အဲဒီလို အပီအပြင်လုပ်တာပါလို့ ဆိုနေ။

ဘာကြောလို့လဲ။

ဘခွေးနဲ့ သူ့ရဲ့အဖွဲ့သားတွေက တစ်မြို့လုံးကို တစ်အိမ်တက်ဆင်း လိုက်ပြီး အလှူခံလိုက်ကြတာ ပိုက်ဆံတွေဆိုတာမှ ဖွေးခနဲ ဖွေးခနဲ နေတာပဲ။

အဲဒီ ဇရပ်အိုကြီးကိုလည်း တစ်မြို့လုံးက စိတ်ထဲမှာ လေးလေးမြတ်မြတ် ရှိကြတာကိုး။

စပ်စုတတ်တဲ့ လူလေးငါးယောက်ကတော့ မနေနိုင် မထိုင်နိုင်တာနဲ့ မြို့ပြင်က ဇရပ်အိုကြီးကို သွားသွားပြီး ကြည့်ကြတယ်။

ဘာများဖြစ်လာမလဲ။ ဘယ့်နှယ်များ မြင်ရလေမလဲပေါ့။

ဟင့်အင်း…၊ ဘယ့်နှယ်မှ မနေပါဘူး။

ခြောက်လနေတော့လည်း ဇရပ်အိုကြီးဟာ သူ့အတိုင်းတိုင်း ယိုင်မြဲယိုင် နေဆဲပါပဲ။ တစ်နှစ်နေတော့လည်း ရွဲ့စောင်းနေတဲ့ အမိုးတွေဟာ ရွဲ့မြဲရွဲ့၊ စောင်းမြဲစောင်းလျက်ပါပဲ။

နှစ်နှစ် နေလည်း ဒီအတိုင်းဟာ ဒီအတိုင်းပဲ။

သုံးနှစ် နေတော့လည်း နည်းနည်းမှကို အရာမယွင်းဘူး။

ကိုင်း…ဘခွေးတို့များ ပြတ်သားချက်ကတော့ ဇရပ်အိုကြီးကို ဖုန်တောင် တစ်ချက် သွား မသုတ်ဘူး။

လွှတ် စိတ်ပြတ်တဲ့ လူ။ မျက်နှာကြောကလည်း တင်းတင်းပဲ၊ မာရေကြောရေနဲ့။

ဟုတ်တယ်လေ။ ဘယ်သူ့ဂရုစိုက်ရမှာလဲ။ ကိုယ်က လိမ်ညာစားတာမှ မဟုတ်တာ။ စပြီး အလှူခံကတည်းက ရှင်းရှင်းဘွင်းဘွင်း ဖွင့်ပြောထားပြီး သား။

'ရှေးဟောင်းဇရပ်ကြီးအား နဂို မူလအတိုင်းထားရှိရန်' ပါလို့ဆို။

ယိုင်နေတဲ့ဇရပ်ကို ယိုင်နေတဲ့ အတိုင်းပဲထားရမှာပေါ့။ စောင်းနေတာ ကိုလည်း စောင်းနေတဲ့အတိုင်းပဲ ထားရမှာပေါ့။ ဟုတ်ဘူးလား။ မကျေနပ်တဲ့ လူတွေကို အဲသည်လိုပဲ ပြောထည့် ပစ်လိုက်ရတော့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ဘခွေးထွန်းရွှေကတော့ အဲသည်တစ်ချိန်မှာ နှစ်သိန်းနီးပါး လောက် သပိတ်ဝင်အိတ်ဝင် ဖြစ်သွားတယ်။ အင်း…လွန်ခဲ့တဲ့ နှစ်ပေါင်းလေး ဆယ်ကျော်က ငွေနှစ်သိန်းဆိုတာ နည်း မှတ်လို့။

ပြောပြီးပါပကောလား။ ဘခွေးက လုပ်ရင် မစို့မပို့ မလုပ်ပါဘူး ဆို။

[ ၃ ]

သာဒွန်းဦးတို့၊ ဖိုးနီတို့၊ စံငြိမ်းတို့ လူသိုက်က လူပျိုပေါက်တွေ၊ အလွန်ဆုံးရှိမှ အသက်က ဆယ့်ကိုး၊ နှစ်ဆယ်ပေါ့။

ရပ်ထဲရွာထဲမှာ ဟိုစပ်စပ်ပါချင်၊ ဒီစပ်စပ်ပါချင်နဲ့။

ဇာတ်ပိုးကလေးတွေကလည်း ကိုယ်စီကိုယ်စီ ပါကြတာဆိုတော့ အရပ် ထဲမှာ တန်ဆောင်တိုင်ဆို ဝင် ကချင်ရတာနဲ့၊ ကထိန်ဆို က ချင်ရတာနဲ့၊ မင်္ဂလာဧယျာကျောင်းတိုက်မှာ ဘုန်းကြီးပျံပွဲရှိလို့များကတော့ အို…သူတို့ခြေ၊ သူတို့လက်၊ သူတို့ပွဲလို့ များတောင် ဆိုရမယ်။

ကောင်လေးတွေက ငယ်ကလည်း ငယ်၊ တက်လည်း တက်ကြွ၊ အပေါင်းအသင်းကလည်း ဆုံတော့ ရပ်ထဲရွာထဲမှာ တယ်‥လူရေး လှသကိုး။

ဒါပေမဲ့ ဘခွေး ထွန်းရွှေကတော့ သူတို့ကို 'ဇာတ်ရူး'ကလေးတွေ လို့ပဲ သဘောထားတယ်။ သူ့ကို အဲဒီ ချာတိတ်တွေက 'ခံတန်တန်' လုပ်ချင် မှန်း သိပေတဲ့ နည်းနည်းမှ ဂရုမစိုက်ပေါင်။

ဟုတ်ပ၊ ဘခွေးနဲ့တော့ ဘယ်ယှဉ်နိုင်မှာတဲ့တုံး။

ဘခွေးက သူ့ခေတ်နဲ့ သူ ဆိုသလို မင်းပေါက်စိုးပေါက် ဥစ္စာ။ အဲသည် ကာလတုန်းကဆိုရင် မန္တလေးဘက်ကနေ တိုင်းမင်းကြီးတို့၊ ခရိုင်ဝန်တို့ ဆိုတာတွေက သူတို့ မြို့ကလေးဆီကို တစ်ခါတလေ ကြွချီလာတတ်တယ်။

တခြားအကြောင်းတော့ မရှိပါဘူး။ မင်္ဂလာဧယျာကျောင်းတိုက်က သက် တော်ရှည်ဆရာတော်ကြီးကို လာလာပြီး ဖူးမြော်ကြတာပါ။ အဲဒါကိုက ဘခွေးရဲ့ အကွက်ပဲ။

'ဆရာတော်ဘုရားကို တိုင်းမင်းကြီး လာ ဖူးမတဲ့'

ဆိုတာကို နှစ်ရက် သုံးရက်လောက် ကြိုပြီး သတင်းသဲ့သဲ့ ကြားတာ နဲ့ ဘခွေးတစ်ယောက် မင်္ဂလာဧယျာကျောင်းတိုက်ကို အပြေးအလွှားသွားပြီး ဒုလ္လဘ သင်္ကန်းဆီးတော့တာပဲ။

အဲ…တိုင်းမင်းကြီးလည်း ရောက်လာရော…လောကီရေးရာကို ဘာမှ စိတ်မဝင်စားတဲ့ ဆရာတော်ကြီးကို ဝေယျာဝစ္စလုပ်သလိုလို ခြေခုပ်လက်နယ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပြုသလိုလို ဘာလိုလိုနဲ့ သူကချည်း ဆီးပြီးတော့ တိုင်းမင်းကြီးကို ညွှန်ခံ တော့တာ။

ကျန်တဲ့ ကိုယ်တော်တွေကလည်း လောကီနဲ့ခပ်ကင်းကင်း နေချင်တဲ့ ရိုးရိုးအအတွေ မဟုတ်လား။ ဒီတော့ ဘဒ္ဒေးတစ်ယောက်တည်း တွင်ကျယ်ချင် တိုင်း တွင်ကျယ်နေတော့တာပဲ။

တိုင်းမင်းကြီးက

'လိုအပ်တာရှိရင်လည်း တပည့်တော်ဆီ အကြောင်းကြားပါ ဘုရား'

လို့ နှုတ်ဆက်ဦးချပြီး ပြန်သွားပြီဆိုရင် ဘဒ္ဒေးတစ်ယောက် လက် ခမောင်းခတ်ပြီ။

အဲ…ဘာကြာမှာတုန်း။

နောက်နေ့ဆိုရင် ဘဒ္ဒေး လှုဝတ်လဲပြီ။

ပြီးရင်…လျှောက်လွှာတွေ ဘာတွေ စာတိုစာရှည်ရေးပြီး မန္တလေးကို ပို့တော့တာပဲ။ ဘာတွေရေးသလဲတော့ ဘယ်သူမှ တိတိကျကျ သိခွင့်မရကြဘူး။

ဒါပေမဲ့ အရပ်ထဲမှာ သတင်းဖြစ်နေတာကတော့ ဘဒ္ဒေး ထွန်းရွှေဟာ တိုင်းမင်းကြီးကို အတော် 'ပိုင်'တယ် ဆိုပဲ။

မင်းပေါက် စိုးပေါက် ဆိုတာ ဒါကို ပြောတာ။

[ ၄ ]

ဒီတစ်ခါတော့ သာဒွန်းဦး တို့၊ ဖိုးနီ တို့အုပ်စုက ဘဒ္ဒေးကို အပြတ်နှာ တော့မယ်လို့ မောင်းတင်ထားကြပြီ။ ဘဒ္ဒေးကလည်း သိတယ်။ သိပေတယ် လို့ ခပ်အေးအေးပဲ။

သာဒွန်းဦးတို့အဖွဲ့က အကွက်ချောင်းနေတုန်း ရှိသေးတယ် ဘဒ္ဒေး ကတော့ ဘယ်သူမှထင်မထားတဲ့ အပေါက်ကို လုပ်ချလိုက်ပြန်ရော…။

'နှင်းလူ' ရှာဖွေရေးအဖွဲ့တဲ့။

ဟုတ်တယ်။ မအံ့သြနဲ့။ တကယ်ပြောတာ။ အတည်ပေါက်ကြီး။

'ပုံတောင် ပုံညာနှင့် ချင်းတောင်တန်းတွင် ရှိနိုင်သည်ဟု ယူဆရသော နှင်းလူကို ရှာဖွေရန်'

ဆိုတဲ့ ခေါင်းစဉ်အကြီးကြီး တပ်ပြီး အဲဒီခေတ်က ဆိုင်ရာပိုင်ရာတွေဆီ လျှောက်လွှာတင်သတဲ့။ ဒါဟာ အကြံအဖန်တော့ အကြံအဖန်ပဲဆိုတာ ဘယ်ရင် လည်း သိမှာပေါ့လေ။ ဒါပေမဲ့ ဘဒ္ဒေးက တိုင်းမင်းကြီးနဲ့ သိပ်ပိုင်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



သတင်းက ကြီးနေတော့ကာ ပြီးခါမှ ပြီးပါစေရောဆိုတဲ့ သဘောနဲ့ လမ်းခရီး သုံးဖို့ ဓါတ်ဆီဂါလန် ၅၀ ထုတ်ယူခွင့်ပြုလိုက်တယ်။

အားလုံးက 'ဟင်'ခနဲ ဖြစ်သွားတော့တာပဲ။

စံငြိမ်းတို့၊ သာဒွန်းဦးတို့ လူတစ်သိုက်လည်း ခေါင်းချင်းရိုက်ကုန် တော့တာပဲ။

ဘဒွေးက သိပ်လျင်တယ်။ ချက်ချင်းပဲ သာဒွန်းဦးတို့ လူငယ်အုပ်စုကို ခေါ်ပြီး လေချိုသတ်တော့တာ။

'ဟိုတုန်းက ငါလုပ်ခဲ့တာတွေထဲမှာ အမှားမကင်းတာတွေလည်း ရှိမှာ ပလေ၊ ထားပါ၊ ဒါပေသိ…အခုဟာကတော့ တကယ့်ကို သမိုင်းတွင်မယ့် ကိစ္စဆိုတော့ကာ မင်းတို့လည်း ပါစေချင်လို့ ခေါ်ပြောရတာပါ၊ ငါကတော့ အသက်ကြီးပါပြီ၊ ဒီနောက်မှာ ရပ်ရေးရွာရေးလည်း ငါ မလုပ်နိုင်တော့ပါဘူး၊ မင်းတို့ပဲ ဦးဆောင်ကြပါတော့',

စံငြိမ်းတို့၊ ဖိုးနီတို့ဆိုတာ ဘာပြောရမယ်မှန်း မသိအောင်ကို ဘုတ်ခနဲ ကြွေဆင်းသွားတော့တာပဲ။ သူတို့ရင်ထဲကို တန်းခနဲထိတဲ့ စကားလုံးက

'သမိုင်းတွင်မယ့်ကိစ္စ'ဆိုတာနဲ့

'မင်းတို့လည်း ပါစေချင်တယ်' ဆိုတာပဲ။

ဟုတ်တာပေါ့။ 'နှင်းလူ'ဆိုတာက ရောမကိစ္စကြီး။ တွေ့များတွေ့လိုက် လို့ကတော့ ကမ္ဘာပါ ကျော်သွားမှာ။ အဲဒီ ကမ္ဘာကျော်မယ့် နာမည်တွေထဲမှာ ငါတို့ နာမည်တွေကကော ဘာဖြစ်လို့ မပါရမှာတုံးပေါ့။

လူငယ်တွေဆိုတော့ တက်ကြွတယ်။ သူရဲကောင်းဖြစ်ချင်တယ်။ ကမ္ဘည်း ထိုးခံချင်တယ်။

သာဒွန်းဦး၊ စံငြိမ်း၊ ဖိုးနီ တို့ နှလုံးသားတွေ တစ်ချက် ယိုင်ခနဲဖြစ်သွား ကြတယ်။ အဲဒီမှာတင် ဘဒွေးထွန်းရွှေက…

'မင်းတို့က လေ့လာရေးအဖွဲ့တွေရဲ့ ရှေ့ကနေ ဦးဆောင်ပြီး အတီးအမှုတ် နဲ့ ကခုန်သွားနိုင်ရင် အကောင်းဆုံးပေါ့ မောင်တို့ရာ'

အဲဒီ စကားက ပွဲသိမ်းပဲ။

[၅]

သာဒွန်းဦးတစ်ယောက် မန္တလေးကို ဆင်းပြီး တောင်ရှည်ပုဆိုးဝယ်တယ် လို့ သတင်းသဲ့သဲ့ကြားရတယ်။ စံငြိမ်းကလည်း ပခုက္ကူဘက်က မင်းသားတစ် ယောက်ကို ငှားပြီး တိုးတိုးကျိတ်ကျိတ် အကလေ့ကျင့်တယ်ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးနီကတော့ သူ့ နာမည်ပါအောင်ဆိုဖို့ သီချင်းစပ်နေတယ်ဆိုလားပဲ။ "ဖိုးနီ"ဆိုတာကြီးကို က လို့ကောင်းတဲ့ သံစဉ်ဖြစ်အောင် ဘယ်လိုများသီချင်း လုပ်ဆိုမလဲ မပြောတတ်ဘူး။ ဒါပေမဲ့ သူတို့သုံးယောက်စလုံးက အပြိုင်အဆိုင် တော့ နည်းနည်းမှ မလျှော့ဘူးရယ်။

သာဒွန်းဦးက သူ့တီးဝိုင်းအဖွဲ့ကို ပံ့ပိုးဖို့ သူ့ ဘွားအေကြီး နားကပ်တောင် ခိုးရောင်းသေးတာ။ ခေသူမှတ်လို့။ စံငြိမ်းလုပ်ပုံကတော့ နည်းနည်း အကဲ့ရဲ့ခံရ တယ်။ သူ့အိမ်က ကျွဲပေါက်တစ်ရှဉ်းကို ရောင်းပြီး ဆေးလိပ်ခုံက ကောင်မလေး တွေနဲ့ တရုံးရုံးလုပ်နေလို့ဆိုပဲ။ ဘယ်သူ ဘာပြောပြောလေ။ ဒါ စည်းရုံးရေး ဆင်းတာ။ သူ့ကို ကောင်မလေးတွေက မြို့အထွက်ကနေ ပန်းစည်းတွေ ဘာတွေနဲ့ နှုတ်ဆက်အောင်လို့ ချော့မော့ စကားသွင်းပြီး စည်းရုံးတာ။

ဖိုးနီကတော့ 'ဖိုးနီမောင်က ဦးဆောင်ကာ အတည်…နှင်းလူကိုတဲ့ တွေ့အောင်ရှာမည်' ဆိုတဲ့ သီချင်းစာသားကို ခံတွင်းတွေ့လွန်းလို့ တစ်နေ့ တစ်နေ့ ဒါပဲဆိုရင်း ရှေ့ကျွမ်း နောက်ကျွမ်းတွေ ကျင့်လိုက်ရတာ အမော…။

သာဒွန်းဦးတို့ အဖွဲ့ဘက်ကတော့ နည်းနည်းလေသံပစ်လာတယ်။

'ဟို နှစ်ကောင် (ဖိုးနီနဲ့စံငြိမ်းကို ဆိုလိုတာပါ)က ဘာများစွမ်းတာ မှတ်လို့၊ တို့ကောင်ကြီး သာဒွန်းဦးက တောင်ရှည်ပုဆိုးကို ခြေဖျားနဲ့ခတ်ပြီး ကလိုက်တာများ လေထဲမှာ ဝဲဝဲသွားတာပဲ။ ကြည့်လို့ကောင်းချက်ဗျား'

တဲ့…။

အဲသည်လို ပြောရင်းဆိုရင်းက တစ်ဖွဲ့နဲ့တစ်ဖွဲ့ နည်းနည်းပါးပါး စကား အတင်အစီး၊ အထိအခတ်၊ အကော်လေးတွေတော့ ရှိလာတာပေါ့လေ။ လူငယ်တွေ ပဲ ဥစ္စာ။

ဖိုးနီတစ်ယောက် ကရင်းနဲ့ ကျွမ်းထိုးကျင့်နေတာကလည်း ဂိုးသမား လုပ်စားရင်တောင် ရနေပြီ။

ဒီလိုနဲ့ 'နှင်းလူ' အရှာထွက်မယ့် နေ့ကို ရောက်လာပြီ။

ဘဒွေးရဲ့ အိမ်ရှေ့မှာ ဘယ်က ငှားထားမှန်းမသိရတဲ့ တီအီးကားကြီး ၁၀ စင်းကလည်း တန်းစီပြီးရပ်လို့။ ကားတွေရဲ့ဘေးမှာ ဇာတ်အဖွဲ့လိုလို ပန်းချီ ကားပိုစတာ အကြီးကြီးတွေလည်း ချိတ်ထားသေးရဲ့။

ပိုစတာထဲမှာတော့ နှင်းလူရဲ့ပုံက အမွေးရှည်ရှည်၊ မျောက်ဝံလို လက်ပြင်ကိုင်းကိုင်း ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း၊ မျက်လုံးစူးစူးရဲရဲကြီးတွေနဲ့ ကုန်းသလိုလို ကွသလိုလိုကြီး လုပ်လို့ဗျား။

www.burmeseclassic.com

www.burmeseclassic.com



သာဒွန်းဦးတို့၊ ဖိုးနီတို့ သုံးယောက်ကလည်း မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ အဖွေးသား အရဲသား။ ခေါင်းပေါင်းမှာ သဇင်ပန်းတွေစီလို့။ ရွှေဘယက်တွေ ဆင်ထားတဲ့ ထိုင်မသိမ်း အင်္ကျီကလည်း တဖျပ်ဖျပ်၊ ပိုးတောင်ရှည်ကလည်း အရောင်တဖိတ်ဖိတ်။

ဟုတ်ပ…၊ မင်းသားတွေကိုး။

'ကဲဟေ့…ကဲဟေ့…၊ ကားတွေ ထွက်ကြရအောင်'

ဆိုတဲ့ နှိုးဆော်သံကြီးထွက်လာတော့ နှင်းလူ အရှာထွက်မယ့် သူရဲကောင်းတွေက တီအီးကား ၁၀ စင်းပေါ်မှာပြီး တက်လိုက်ကြတယ်။

မင်းသား သုံးယောက်ကိုလည်း အကျအန နေရာပေးရတာပေါ့။

တစ်ယောက်ကို ကားတစ်စီး။ ရှေ့ဆုံးက ကားတွေမှာ…။

အဲ…သူတို့ ထိုင်ရတဲ့ နေရာတွေကိုလည်း ကြည့်ဦး။

ကားခေါင်းခန်းရဲ့ အထက်က ခေါင်မိုးပေါ်မှာ ငုတ်တုတ်လေး။

ဟုတ်တယ်လေ။ ကားခေါင်မိုးပေါ်မှာပါဆိုမှ ဘယ့်နှယ်လုပ်ပြီး မတ်တတ်ရပ် က လို့ရမလဲ။ ခြေကုပ်မြဲမြဲယူပြီး ထိုင်နေရတော့တာ။ မတော်တဆ ကားဘရိတ်အုပ်လိုက်ရင် ရှေ့ကို စိုက်ပြီး ကျ မသွားအောင်လို့ လက်တစ်ဖက်ကလည်း မြဲမြဲကိုင်ထားရသေးတယ်။

ဒီတော့…

မင်းသားတွေခမျာ တစ်ကိုယ်လုံးမှာ အားတာဆိုလို့ လက်တစ်ဖက်ပဲ ရှိတော့တယ်။ ဘယ်တတ်နိုင်မလဲလေ။

အားနေတဲ့ လက်ကလေးတစ်ဖက်နဲ့ပဲ အနုသုခုမ ပညာစွမ်းကို ပြရတော့မှာပေါ့။ ဒီလိုနဲ့…ကားတွေ စ ထွက်တယ်။ တီးသံမှုတ်သံတွေ ဆူဆူညံညံနဲ့··။

ဒီကြားထဲ လမ်းကဓာတ်ကြိုးတွေနဲ့ ကားခေါင်မိုးက မလွတ်ရင် ခေါင်းငုံ့သူကငုံ့၊ ဓာတ်ကြိုး မ သူက မ၊ လုပ်ရသေးတယ်။

လစ္စီးတဲ့မှ၊ က ရတာ အနုပညာ မမြောက်လိုက်တာ…။

[ ၆ ]

ဟုတ်တယ်…။ အဲဒီပုံအတိုင်းပဲ။

နှင်းလူရှာမယ့် သူရဲကောင်းတွေဆိုတော့ ကားပေါ်တင် မြို့ကိုပတ်ပြီးတော့ ရှင်လောင်းလှည့်သလို ပြတာကိုး။

မင်းသား သုံးလက်ကတော့ နေပူပူ ကားခေါင်မိုးပေါ်မှာ မိတ်ကပ်ပေါ် ချွေးစီးကြောင်းတွေနဲ့ လက်ကလေးတစ်ဖက် မြှောက်ကာ မြှောက်ကာ ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းထိုးကျင့်ထားတာတွေလည်း အလကားဖြစ်ကုန်ပြီ။ ဘယ့်နှယ်လုပ် ကျွမ်းထိုးမလဲ။ ကားခေါင်မိုးပေါ်က ပြုတ်မကျအောင်တောင် မနည်းကိုင်ထားရတာ။ သာဒွန်းဦးလည်း တောင်ရှည်ပုဆိုးစကို လေထဲဝဲနေအောင် ခတ်ပြဖို့ အခွင့်အရေးမရတော့ဘူး။ နေဒဏ်ကြောင့် ပူကွဲပ်နေတဲ့ မော်တော်ကားခေါင်မိုး သံဘော်ဒီက တင်ပါးကို မီးမြိုက်သလို ဖြစ်နေလို့ တောင်ရှည်ပုဆိုးအောက်နားစကို ဖင်ခု ထိုင်ထားရတယ်။

ဒါပေမဲ့··· သူတို့စိတ်တော့ မလျှော့သေးဘူး။

မြို့အထွက် တစ်နေရာတော့ ကျန်သေးတယ်။ အဲဒီမှာကျမှ စည်တော်တွေ ဘာတွေရွှမ်းပြီး မြို့လူထုက နှုတ်ဆက်ကြမှာကိုး။

စံငြိမ်း အပိုင်တွက်ထားတာလည်း အဲဒီနေရာပဲ။ သူ စည်းရုံးထားတဲ့ လူတွေရှိတယ်လေ။

'ထီး··ပေ့··ပေ့···ထီ'

ဆိုတဲ့ ထွက်စည် တီးသံနဲ့အတူ မြို့ကနေအထွက် ပန်းကုံးတွေ ဂုဏ်ပြုပန်းစည်းတွေကလည်း ညွှတ်နေမှာပဲ၊ နိပ်ဟ။

ဒါပေမဲ့···

မြို့အထွက်နား မရောက်ခင်မှာပဲ

'ဟိုးထား···ဟိုးထား···'

ဘယ်သူက စ အော်လိုက်တာလဲတော့ မသိဘူး။ တစ်ယောက်ပါးစပ်က တစ်ယောက် လက်ဆင့်ကမ်းအော်သံတွေကြောင့် ကားတန်းကြီး ထိုးရပ်သွားတယ်။

ရုတ်တရက်တော့···ဘာကြောင့်မှန်းမသိဘူး။

နောက်···အတော်ကြာမှ တီးတိုး တီးတိုးနဲ့ ကားတစ်စင်းကနေ တစ်စင်းဆီကို သတင်းစကားတစ်ခု ပျံ့လွင့်လာတယ်။

'ပုံတောင် ပုံညာကနေ အထက် ချင်းပြည်နယ် မင်းတပ်ဘက်ကို သွားတဲ့လမ်းမှာ ရာသီဥတုဆိုးရွားပြီး တောင်ကျချောင်းတွေ တရကြမ်းစီးနေလို့ ခရီးဆက်ဖို့ မဖြစ်နိုင်တော့ဘူး···'

တဲ့···။

ကဲ···ပြီးရော။ နှင်းလူ အရှာထွက်မယ့် အစီအစဉ်ပျက်ပြီ။ တီအီးကားကြီးတွေပေါ်ကနေ ကိုယ့်အိပ်ရာလိပ် ကိုယ်ယူပြီး အိမ်ပြန်ကြ။

ဘဒွေးကတော့ ခပ်တည်တည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ ရာသီဥတုကြောင့်ပါလို့ ဆိုနေ။ ဒီလောက် ရေစီးသန်တဲ့ တောင်ကျချောင်းတွေကို ဘယ်လို ဖြတ်ကူးကြမတုံး။

ဒါ…ဘာခွေး လိမ်တာမှ မဟုတ်တာကြီးကို နော့။

[၇]

သမိုင်းဥဒါန်းပဲ တွင်တော့မလိုလို၊ ကမ္ဘာပဲ ကျော်တော့မလိုလိုနဲ့…။

ဟော…အခုတော့ မုဆိုးမအိမ်က ရှင်ပြုလို မြို့တစ်ပတ်လှည့်ပြီး ကား ခေါင်မိုးပေါ်မှာ လက်ကလေး မြှောက်ကာ မြှောက်ကာလုပ်ရုံနဲ့ ကိစ္စပြီးလိုက် ရတယ်။

သာဒွန်းဦး၊ ဖိုးနီနဲ့စံငြိမ်းတို့ ခက်ရပုံများ ပြောပါတယ်။

သူတို့မို့ လမ်းဖြတ်လျှောက်သွားတုန်း

'မင်းသားကြီး'

လို့ လှမ်းခေါ်သံများကြားလိုက်ရင် 'ငါ့ကိုခေါ်တာ များလား'ဆိုတဲ့ အထင်နဲ့ လှည့်ကြည့်တတ်တဲ့ အကျင့်ကတော့ သူတို့ သုံးယောက်စလုံးမှာ စွဲသွားတယ်။

မင်းနိုက်စိုးစန်
ဩဂုတ်၊ ၂၀၁၀
စက်တင်ဘာ၊ ၂၀၁၀၊ Idea မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်များသို့ ၅၅ ကမ္ဘာ

မှတ်မှတ်

www.burmeseclassic.com


www.burmeseclassic.com




မင်းခိုက်စိုးစန်နှင့်
သူ၏မိခင်
ဆရာမ

www.burmeseclassic.com

www.burmeseclassic.com




အမှတ်တရ

စာပေရဲ့ ငွေကြယ်ပွင့်အဖြစ် သရဖူမှာ ဖော်ပြခဲ့ဖူးတဲ့ စာရေးဆရာ မင်းခိုက်စိုးစန်ကိုပါ မေးဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ ခံယူချက်တွေ ယုံကြည်ချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့သူအဖြစ် သူ့ရဲ့ စာများ၊ စကားများက ဖော်ပြပေးနေတယ် မဟုတ်ပါလား။ ဘာပဲ ပြောပြော မိခင်ဖြစ်သူကို ယနေ့ ထက်တိုင် စာရေးခြင်းဖြင့် အလုပ်အကျွေး ပြုနေတဲ့ သူ့ရဲ့ အဖြေကို ဖတ်ကြည့်ပါဦး။

***ဖခင်နဲ့မိခင်မှာ ဘယ်သူ့ကို ပိုချစ်ခဲ့လဲ။***

အမေ့ကို ပိုချစ်တာပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ အဖေက ရှိမှမရှိတော့တာ။ အဖေက ကျွန်တော် ငါးနှစ်သားအရွယ် ကတည်းက ဆုံးသွားတာကိုး။

***ငယ်စဉ်ကတည်းက မိခင်ရဲ့ ပြောစကားကို ဘယ်လောက်ထိ နားထောင်ခဲ့လဲ။***

ကျွန်တော့် ကိုယ်ပိုင် လွတ်လပ်ခွင့်ကို မထိခိုက်တဲ့ စကားတွေ အားလုံးကို နားထောင် ခဲ့ပါတယ်။

***အမေ့ရဲ့ မွေးနေ့တိုင်းမှာရော ဘာလက်ဆောင် ပေးခဲ့ဖူးလဲ။ ဒါမှမဟုတ် ဘာတွေရော လုပ်ဆောင်ပေးခဲ့ဖူးပါသလဲ။***

ဘာမှ မပေးခဲ့ဖူးပါ။ အမေ့ရဲ့ မွေးနေ့ကိုလည်း မသိပါ။


***ငယ်စဉ်တုန်းက ရက်ပိုင်း၊ လပိုင်း ခရီး သွားရလို့ မိခင်ဖြစ်သူနဲ့ ခွဲခွာရတဲ့အခါ ဘယ်လို ခံစားခဲ့ရလဲ။***

ဘယ်လိုမှ မခံစားရပါ။ တစ်ခါတစ်ရံ အမေ့ရဲ့ မျက်ကွယ်မှာ (ကိုယ်ကြောက်ရမယ့်သူ မရှိဘဲ) လုပ်ချင်တာ လုပ်ရလို့ ပျော်တောင် ပျော်မိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com





မင်းခိုက်စိုးစန်နှင့်
သူ၏မိခင်
ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



***မိခင်ရဲ့ မေတ္တာကို ဘာနဲ့ နှိုင်းပြချင်ပါ သလဲ။ ဘယ်လောက် နားလည်ပေးပါ သလဲ။***

ချစ်ခြင်းမေတ္တာဆိုတာ ဘာသာစကားနဲ့ တည်ဆောက်ထားတဲ့ 'သိမှု' တစ်ခုပါပဲ။ ဒီ့ထက်ဘာမှ မပိုပါဘူး။ အဲဒီ သိမှုမှာ အနှောင်အဖွဲ့ မပါဘူး။ လွတ်လပ်ခြင်းပဲ ရှိတယ်။

***'အမေများနေ့' မှာ အမေ့ကို ဘာများ ပြောချင်ပါသလဲ။***

အမေများနေ့က ဘယ်နေ့လဲ။ ကျွန်တော် မသိဘူး။ အမေ့ကို ပြောချင်တဲ့စကားက တော့.. 'မေမေ့ရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်၊ ပျော်ရွှင်ခွင့်နဲ့ ကိုယ်ပိုင် ဘဝကို ကျွန်တော့်ကြောင့်တော့ အထိခိုက် အပွန်းပဲ့ မခံနဲ့' ဆိုတာပါပဲ။

***အခုနှစ် အမေများနေ့မှာ အမေ့ကို ဘာ လက်ဆောင်ပေးဖို့ အစီအစဉ် ရှိပါသလဲ။***

ဘာလက်ဆောင်မှ ပေးဖို့ အစီအစဉ် မရှိပါဘူး။ ကျွန်တော် တစ်သက်လုံး အမေ့ကို လုပ်ကျွေး ခဲ့တယ်။ နောင်လည်း တစ်သက်လုံး လုပ်ကျွေးသွားဦးမှာပဲ။ အရမ်း ရိုးစင်းပါတယ်။ ကျွန်တော်နဲ့ မေမေ့ကြားမှာ ဖဲကြိုးလှလှလေးတွေနဲ့ ထုပ်ပိုး တန်ဆာဆင်စရာ ဘာမှ မလိုဘူး။

***အမေ ပြောဆိုဆုံးမခဲ့တဲ့ စကားတွေအထဲမှာ ဘယ်ပြောစကားကို အမှတ်ထင်ထင် ဖြစ်နေခဲ့လဲ။***

မေမေက ကျွန်တော့်ကို ဘယ်တုန်းကမှ အထူးတလည် ပြောဆိုဆုံးမခဲ့တယ်လို့ မရှိခဲ့ပါဘူး။

***မိသားစု ချစ်ခင်နွေးထွေးစွာ ရှိနေဖို့ ဘယ် အရာက အရေးအကြီးဆုံးလို့ ထင်ပါသလဲ။***

မိသားစုဝင် တစ်ယောက်ချင်းစီမှာ ကိုယ်ပိုင် ဘဝဆိုတဲ့ space ရှိတယ်ဆိုတာ အပြန်အလှန် နားလည်ထားဖို့ လိုပါတယ်။ မိသားစုဆိုတဲ့ အပေါင်းအစည်း ဘဝ နေထိုင်မှုဟာ ကိုယ်ပိုင် ပုဂ္ဂလိက ဘဝဆိုတဲ့ လွတ်လပ်ခွင့်ကို မဖျက်ဆီးဖို့ အရေးအကြီးဆုံးပါပဲ။

***အမေနဲ့ ပတ်သက်ပြီး မမေ့နိုင်တဲ့ ဖြစ်ရပ် ရှိခဲ့ရင် မျှဝေပေးစေလိုပါတယ်။***


*ခင်ဗျားတို့ကော.. ကျွန်တော်တို့ကော လောကကြီးမှာ မမေ့နိုင်တဲ့ အရာ ဘာများ ရှိလို့လဲ။*

သေသေချာချာ တွေးကြည့်ရင် အချိန်တန်တော့ (သတိရသူကော၊ သတိအရ ခံရတဲ့သူကော) အားလုံးဟာ မေ့လျော့ ခံလိုက်ရမယ့် သူတွေချည်းပါပဲ။

●

www.burmeseclassic.com

www.burmeseclassic.com



# ငွေကြယ်ပွင့် စာပေရဲ့ ရင်ဖွင့်သံ

သရဖူမဂ္ဂဇင်းမှာ ငွေကြယ်ပွင့်တော်တော်များများကို ဖော်ပြပြီးခဲ့ပါပြီ။ ရုပ်ရှင်၊ ဂီတနဲ့ပတ်သက်တဲ့ ကြယ်ပွင့်တွေကို ဖော်ပြတာ များခဲ့ရာက ပို့စ်မော်ဒန်ဝတ္ထုတွေ၊ ကဗျာတွေ အစဉ်တစိုက် ရေးသားခဲ့သူ ဒေါက်တာကျော်စိုး တစ်ဖြစ်လဲ စာရေးဆရာ၊ ကဗျာဆရာ မင်းခိုက်စိုးစန်ဆိုတဲ့ စာပေရဲ့ ငွေကြယ်ပွင့်ကို ဖော်ပြပေးချင်ပါတယ်။ သူ့ရဲ့ ဘဝအချိုးအကွေ့တွေဟာ တခြားသော ကြယ်ပွင့်များရဲ့ ခရီးလမ်းနဲ့ မတူပါဘူး။ ဖခင်ဖြစ်သူ ဦးမြဝင်းက သူငယ်စဉ် အသက် ၅ နှစ်အရွယ်မှာ ဆုံးပါးခဲ့တယ်။ ညီမလေးကလည်း ဖခင်ကွယ်လွန်ပြီး ၈ လ အကြာမှာ ထပ်မံ ဆုံးပါးသွားခဲ့ပြန်ပါတယ်။ မိခင်ဖြစ်သူ ဆရာမ ဒေါ်အေးကြွယ်ရဲ့ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာခဲ့ရသူဖြစ်ပေမယ့် သူငယ်တန်းမှ တက္ကသိုလ် ဝင်တန်းအထိ ဆက်တိုက် ပထမဆုဆိုတာနဲ့ အောင်မြင်သူပါ။ မေဂျာထဲမှာ အမြင့်ဆုံးဖြစ်တဲ့ ဆေးတက္ကသိုလ်ကို တက်ရောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ ဆရာဝန် တစ်ဦးဖြစ်အောင်လည်း ကြိုးစားခဲ့သူ ဖြစ်ပါတယ်။ သူယုံကြည်ရာ စာပေ လမ်းကြောင်းပေါ်ကို ရဲရဲဝံ့ဝံ့လျှောက်လှမ်းခဲ့တာ အခုဆိုရင် ခရီးတော်တော် ရောက်လို့နေပါပြီ။ သူ့ရဲ့ ဝတ္ထုကို ဗီဒီယိုအဖြစ် ရိုက်ကူးခဲ့တဲ့ 'လွမ်းလို့ သေသွားတဲ့ သစ်ပင်'၊ 'ကမ္ဘာဦးရည်းစား'၊ 'ချစ်သူရဲ့ ပါးတစ်ဖက်ကို ခိုးဝှက် သွားတဲ့ တချော' နဲ့ 'ကျွန်တော်နဲ့ နမ်မီးဆစ်' ကားများသာမက ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးခဲ့တဲ့ 'အချစ်သည်လေပြည်' ဆိုတဲ့ စာဝင်ကားကြီး အပြင် တီဗီမှာ ပြသသွားတဲ့ 'မိုးသက်လေကို ခြွေတဲ့ဆောင်း' ကားကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရှုလိုက်ရတဲ့သူတွေအတွက် မင်းခိုက်စိုးစန်ကို အထူး မိတ်ဆက်ပေးဖို့ လိုမည် မထင်ပါ။ ဒေါက်တာကျော်စိုး ဖြစ်လာအောင်ရော၊ စာရေးဆရာ၊ ကဗျာဆရာ မင်းခိုက်စိုးစန်ဖြစ်လာအောင် သူ့ရဲ့ ကြိုးစားမှုသာမက မိခင်ဖြစ်သူ ဆရာမ ဒေါ်အေးကြွယ်ရဲ့ အခန်းကဏ္ဍကလည်း အရေးပါတာမို့ သရဖူ စာမျက်နှာပေါ် မိခင်ရဲ့ ရင်ဖွင့်သံကို ကြားရဖို့ အမှတ် ၂၁၃၊ သူရ (၇) လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ကို ရောက်ခဲ့စဉ်မှာ…

အန်တီ အိမ်ထောင်မပြုခင် တောင်ဥက္ကလာမှာပဲ နေတယ်။ ဇာတိကတော့ ပုဇွန်တောင်ပါ။ ၁၉၅၈ ပုဇွန်တောင်မီးလောင်တော့ တောင်ဥက္ကလာမှာ မြေကွက် အသစ်တွေ ချပေးတယ်လေ။ အဲဒီတော့ နောက်ပိုင်းမှာ တောင်ဥက္ကလာမှာပဲ နေဖြစ်သွားတာပေါ့နော်။ ‘ဦး’ကလည်း တောင်ဥက္ကလာသားပါပဲ။ ဒါပေမဲ့ ဟိုဘက်ရပ်ကွက်မှာနေတာပေါ့။ ၁၉၇၀ မှာ အန်တီ အလုပ်စဝင်တယ်။ အ·လ·က (၃) တောင်ဥက္ကလာပ ကျောင်းမှာ အလုပ်အတူတူ လုပ်ခဲ့ကြတယ်။ ၁၉၇၁ မှာ အိမ်ထောင်ကျတယ်။ ၁၉၇၂ စက်တင်ဘာလ ၁၈ ရက်နေ့ကျတော့ သားသား ကြီးကို မွေးပါတယ်။ တနင်္လာသားပါ။ ၁၉၇၅ မှာ သမီးလေးတစ်ယောက် ထပ်မွေးတယ်။ ၁၉၇၇ ကျတော့ သားသားကြီးတို့အဖေ ဆုံးပါးခဲ့ပါတယ်။ အိမ်ထောင်သက်က ၅ နှစ်၊ ၆ နှစ်ပါပဲ။ အန်တီ့ခင်ပွန်း ဆုံးပြီး ရှစ်လအကြာ မှာ သမီးက ထပ်ဆုံးတယ်။ အဲဒီတော့ အမေတစ်ခု၊ သားတစ်ခုပေါ့နော်။ ငယ်ငယ်တုန်းက ကိုယ့်ကို သားက အားကိုးတာပေါ့။ ကြီးလာတော့ သူ့ကို ကိုယ်က အားကိုးပေါ့။

သားသားကို မွေးတာလည်း တောင်ဥက္ကလာမှာပဲ။ သူ့ကို ကိုယ်ဝန်ဆောင် ထားတဲ့အချိန်မှာ ခံစားရတဲ့ ဝေဒနာတွေဘာမှ မရှိပါဘူး။ မွေးတော့လည်း လွယ်လွယ်ကူကူပါပဲ။ အဲဒီကတည်းက ဒုက္ခမပေးတာပေါ့နော်။ ခုထိ ဆိုပါ တော့။ ချင်ခြင်းတပ်တာတွေလည်း မမှတ်မိတော့ပါဘူး။ အဲဒီတုန်းကလည်း အသက် ၁၈ နှစ်၊ ၁၉ နှစ်ဆိုတော့လည်း မမှတ်ထားမိပါဘူး။ ငယ်သေးတာ ကိုး။ ၁၈ နှစ်မှာ အလုပ်ဝင်တယ်။ ၁၉ နှစ်မှာ အိမ်ထောင်ကျတယ်။ အသက် ၂၀ မှာ သားသားကြီးကို မွေးတယ်ဆိုတော့ အဲဒီအရွယ်တုန်းက မှတ်မှတ်သား သားလည်း မရှိဘူးပေါ့။ ဖြစ်လည်း မဖြစ်လောက်ဘူးလို့ အန်တီ ထင်တယ်။ သူ့ကို မမွေးခင် ယောကျာ်းလေးပဲ လိုချင်ခဲ့တယ်။ သားတို့အဖေကလည်း တရုတ်သွေး စပ်တယ်လေ။ သူကလည်း ယောကျာ်းလေးပဲ လိုချင်တာပေါ့။ ဆရာဝန်ကို မွေးမွေးချင်း လှမ်းမေးလိုက်တော့ ယောကျာ်းလေးဆိုတော့ အန်တီ လည်း ပျော်သွားတာပေါ့။ သားသားကြီး ငယ်ငယ်တုန်းက အရိမ်းအနေအေး

www.burmeseclassic.com



တယ်။ စာအုပ်ရရင် သူက ပြီးရော။ ရွှေသွေးတို့၊ တေဇတို့၊ မိုးသောက်ပန်းတို့ ဖတ်တာပေါ့နော်။ ရွှေသွေး ဆိုရင် ချုပ်ချုပ်ပေးထားရတယ်။ ပထမတော့ အရုပ်ကို ကြည့်တာပေါ့နော်။ လူကြီးက ဖတ်ပြပေါ့။ ပြီးရင် သူ့ဟာသူ စာလေး မတောက်တစ်ခေါက် တတ်လာတော့ သူ့ဘာသာသူ ဖတ်ပေါ့။ စာအုပ်တစ်အုပ် ရရင် ငြိမ်နေတာပဲ။ အဲဒီကတည်းက စာဖတ်ဝါသနာပါတာ။ သွားတာလာတာ ကစားတာတွေ မရှိဘူး။ တစ်ခု ပိုဆိုးသွားတာက သမီးငယ်လေးက နှစ်နှစ်ခွဲက ဆုံးတယ်။ အဲလိုဖြစ်တော့ သားသားကြီးကို မျက်စိအောက်က အပျောက်မခံ တော့ဘူး။ တစ်ခုခုဖြစ်သွားမှာ သိပ်ကြောက်တာလေ။ အဲဒီတော့ အိမ်ပေါ်မှာပဲ အောက်လည်း ပေးမကစားရဲတော့ဘူး။ တစ်ခုခုဖြစ်သွားမှာစိုးလို့။ ကိုယ်နဲ့ စာအုပ် နဲ့ပဲပေါ့။ ဘကြီးတစ်ယောက်က ဖတ်ပြ၊ သူက ဖတ်ပေါ့။ အဲလိုပေါ့။ အန်တီ့ အစ်မကြီး ရှိတယ်လေ။ မောင်လူပျိုတစ်ယောက်လည်း ရှိတယ်။ သူတို့က ဝိုင်းဖတ်ပြပေါ့။ အန်တီ့အစ်မကြီးက ထိန်းရတာများပါတယ်။ အန်တီက အလုပ် သွားစရာရှိတော့လေ။ အစ်မကြီးနဲ့ နေတာများတယ်။ သူ့ကို ကျောင်းစထား တော့လည်း အ.လ.က (၃) တောင်ဥက္ကလာမှာပဲ။ အန်တီနဲ့ တစ်ကျောင်းတည်း ပေါ့။ သားသားကြီး သူငယ်တန်း ကျောင်းတက်ခါစက ဖွန်လပေါ့နော်။ အန်တီ က မနက်ပိုင်း သင်ရတာ။ သူနဲ့ သူ့အဖေက ညနေပိုင်း ကျောင်းအတူတူ သွားကြရတယ်။ ဗူလိုင်မှာ သူ့အဖေက ဆုံးတယ်။ သူ ကျောင်းပြန်တက်တဲ့ အခါကျတော့ ဒုက္ခရောက်တော့တာပေါ့။ ကျောင်းကလူတွေကလည်း တစ်ချိန်လုံး သူတို့ချည်း ငိုနေကြတာပဲ။ အရင် သူတို့သားအဖကို တွဲလျက် မြင်နေကျကိုး။

အန်တီလည်း အလုပ်ကတစ်ဖက်နဲ့ အားတော့မအားပေမယ့် လက်ရေးလက် သားကအစ ထပ်ပြီးတော့ သင်ပေးပါတယ်။ လုပ်ပေးရတာပေါ့နော်။ ကိုယ်ကိုယ် တိုင်က ဆရာမဖြစ်နေတာကိုး။ ကလေးတစ်ယောက်ရဲ့ လိုအပ်ချက်ကို ကြည့်ပြီး တော့ ဖြည့်ဆည်းပေးရတာပေါ့။ ငယ်ငယ်ကတည်းက အရမ်းနားလည်တာပဲ။ ငယ်ငယ်ကတည်းက လူကြီးစိတ်ရှိတာ၊ သားသားကို တစ်ချက်မှ မရိုက်ခဲ့ရဘူး။ အန်တီကလည်း နားဝင်အောင် ပြောပြပေးရတာပေါ့နော်။ အကျိုးအကြောင်းက ဘယ်လိုဘယ်လိုပေါ့နော်။ ဆရာမတွေဆို သူ့ကို အကုန်သိတယ်။ အန်တီက အဲဒီတုန်းက မူလတန်းပေါ့။ သူ့ကိုတော့ အန်တီ မသင်ခဲ့ရဘူး။ တကယ့် စေ့စပ်သေချာတဲ့ မူလတန်းပြ ဝလုံးလေးသင်ပေးတဲ့ ဆရာမလက်ထဲကို အပ် ထည့်ထားတယ်။ ရခိုင်က ဆရာမကြီးပါ။ ခုတော့ ပင်စင်ယူတာ ကြာပြီ။ အလွန် စိတ်ရှည်တယ်။ ဆရာမကြီး နာမည်က ဒေါ်နုတဲ့။ အန်တီတော့ ကျောင်းကပြန်လာတော့မှပဲ Train လုပ်ရုံပဲပေါ့။ ငယ်စဉ်ကတည်းက ပညာရေး

www.burmeseclassic.com



နဲ့ပတ်သက်ရင် အမြဲတမ်း ပထမပဲ ရတယ်။ မရရအောင် ကြိုးစားတယ်။ ပြော စရာဆိုလို့ ပဋ္ဌမတန်းလောက်မှာ အန်တီက ဘယ်ရောက်သွားလဲဆိုတော့ မင်္ဂလာဒုံ ကျောင်းကို ပြောင်းရတယ်။ သားသားကြီးက လေးတန်းအောင်လို့ ငါးတန်း ရောက်တော့ အန်တီနဲ့က လွတ်သွားတာပေါ့နော်။ သားသားကတော့ ဒီကျောင်း မှာပဲ ကျန်နေခဲ့တာပေါ့။ အဲဒီအခါကျတော့ အဆင့်က နိမ့်သွားတယ်။ ဒုတိယလား၊ တတိယလား ဖြစ်သွားတယ်။ အဲဒါကို သူ့ဘကြီးက မင်းရှေ့မှာ မင်း အထက်မှာ နှစ်ယောက်ရှိနေတယ်လည်းဆိုရော လုံးဝကို သူ မခံနိုင်ဘူး။ စာကို တောက်လျှောက် ကျက်တာ။ အဲဒါ စာမေးပွဲကျတာ မဟုတ်ဘူးနော်။ အဆင့် ၂ ခုလေး ကျသွားတာ သူ လုံးဝမခံနိုင်ဘူး။ တအား ကြိုးစားတာ။ ရှေ့ဆောင် လူငယ်တွေ၊ လမ်းစဉ်လူငယ်တွေ၊ တေဇ လူငယ်တွေ အကုန်ဝင်တယ်။ ဘင်ခရာအဖွဲ့လည်း သူပါတယ်။ အကုန် အကုန် အကုန် ဝါသနာပါတယ်။ အကုန်လုပ်တာ။ ဝါသနာအပါဆုံးကတော့ စာဖတ်တာပဲ။ ပုံတွေဘာတွေ သိပ် မဆွဲဘူး။ အားကစားတော့ သိပ်မလုပ်ခိုင်းဘူး။ ထိခိုက်ကျိုးပဲ့မှာ စိုးလို့လေ။ အပွန်းအပဲ့ မခံနိုင်ဘူး။ မလုပ်နဲ့ မလုပ်နဲ့ပေါ့နော်။ လုံးဝ ပေးမကစားခိုင်းဘူး။ ထိခိုက်မှာစိုးလို့ပါ။

သူ ရှစ်တန်းအောင်လို့ ၉ တန်း၊ ၁၀ တန်းနှစ်တွေမှာတော့ အ.ထ.က (၂) တောင်ဥက္ကလာမှာ တက်ရတယ်။ အန်တီကလည်း အ.ထ.က (၂) တောင်ဥက္ကလာကို ပြန်ရောက်တော့ သားအမိနှစ်ယောက် အတူတူ ပြန်တွေ့ရ တာပေါ့။ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တယ်။ အမှတ်ပေါင်း ၄၈၇ မှတ်နဲ့ ၁၉၈၈ မှာ အောင်တာပေါ့။ အန်တီတော့ သိပ်မသင်ခဲ့ရပါဘူး။ သားသားကြီးဘာသာပဲ ကြိုးစားရတာပါပဲ။ အန်တီက ဘေးကနေ သားသား ကို စာကျက်ပေါ့။ စာပြန်ဆိုပေါ့။ ဒီလောက်ပါပဲ။ သူ့အားသူကိုးရတာ များပါ တယ်။ တစ်လျှောက်လုံး သူ့အားသူကိုးရတာ။ ကြိုးစားရတာ။ ဆယ်တန်း ရောက်တော့လည်း ဒီနားပတ်ဝန်းကျင်မှာရှိတဲ့ ကျူရှင်သေးသေးမွှားမွှားလေးမှာ ပဲ တက်ရတာပါ။ ၉ တန်းတက်တုန်းက ဆရာတွေဆီမှာပဲ တစ်ချက်သွားပြန် ကြည့်၊ သွားပြန်နားထောင် ဒီလောက်ပါပဲ။ သတ်သတ်မှတ်မှတ်ကြီး သူများ တွေလို မထားနိုင်ပါဘူး။ သူကလည်း မတက်ဘူး။ သူ့ဘာသာသူပဲ ကြိုးစား၊ စာနဲ့ မျက်နှာနဲ့ကို မခွာဘူး။ ကျက်တာ။ မအေနဲ့ သူနဲ့ အတူတူအိပ်တာဆိုတော့ မအေက ထိုင်စောင့်နေတာ အားနာလို့ မီးပိတ်လိုက်တယ်။ မအေ အိပ်ပျော်ပြီ ဆို ချက်ချင်း မီးထဖွင့်ပြီး ချက်ချင်းပြန်ကျက်တာ။ အဲဒါနဲ့ နောက်ပိုင်းကျ တော့ မေမေတို့ သားအမိနှစ်ယောက် ခွဲအိပ်တော့မယ်တဲ့။ မေမေ့ဘာသာ အိပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အဲဒါတစ်ညလုံး ကျက်တော့တာပဲ။ ဝိုင်းကြီးဘာညာလည်း မတတ်နိုင်တော့ သူ့ဘာသာသူ လေ့လာတာ များပါတယ်။ သူအောင်တော့ ဘယ့်နှယ်ပြောပါလိမ့်။ သူ့ကို ဝိုင်းကြီးတွေ မထားခဲ့ရဘဲနဲ့ ဂုဏ်ထူး လေးဘာသာနဲ့ ရှောရှောရှူရှူ အောင်တာ။ ဆေးတက္ကသိုလ်တက်တော့လည်း ခုံနံပါတ် ၄ နဲ့ဝင်တာ။ အဲဒီနေ့က ခံစားမှုကတော့ ပြောမနေနဲ့တော့။ ရပ်ကွက်ထဲက အခုတော့ စည်ပင်သာယာရေးရုံးပေါ့။ အရင်ကတော့ ဘယ်လိုခေါ်သလဲ မသိဘူး။ အဲဒီ ရုံးကနေ အော်လန်ကြီးနဲ့ အော်ပေးနေတာ။ ကြိုပြီးကြားတော့ ကြားတယ်။ ဂုဏ်ထူးနှစ်ဘာသာလောက် ပါတယ်ပေါ့။ တကယ်တမ်းအောင်တော့ ဂုဏ်ထူးလေးခုနဲ့ဆိုတော့ ဘာပြောကောင်းမလဲ။ ဝမ်းလည်း သာတာပေါ့။ တစ်ညလုံး မအိပ်ဘူးနားထောင်တာ။ သားအမိနှစ်ယောက်လုံး မအိပ်ဘူး။ နောက်ပြီး ထပ်တလဲလဲအော်ပေးနေတာ အရမ်းလည်း ဝမ်းသာတာပေါ့။

ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့အောင်တော့ နောက်ပိုင်းကျမှ သူပြောတယ်။ တကယ်တမ်းယူချင်တာက ဒဿနိက (Philosophy) မေဂျာ ယူပြီးစာပဲ ရေးချင်တာတဲ့။ အဲဒီအချိန်မှာ အဘွားက တော်တော်လေးကို နေမကောင်းဖြစ်နေတာ သူ့ရှေ့မှာ သူ့အဖေ ဆုံးတယ်။ အဘိုး ဆုံးတယ်။ သူ့ညီမလေးဆုံးတယ်။ အဲဒီအချိန်မှာ Form မတင်သေးဘူး။ စိတ်လည်း သိပ်ပါပုံမရဘူး။ မအေကို အတိုက်အခံ မပြောချင်သေးလို့သာ ငြိမ်နေတာ။ Form မတင်သေးဘူးစောင့်နေတာ။ သူ့ရှေ့မှာ အဘွားက နေမကောင်းဖြစ်တော့ အန်တီက ကဲသား ကြည့်လို့။ မင်းသာ ဆရာဝန်ဖြစ်လို့ရှိရင် ဘွားဘွားကို ကုပေးလို့ရမှာလို့လည်း ပြောလိုက်ရော နောက်နေ့ ချက်ချင်းပဲ Form သွားတင်တာ။ ကျောင်းပြီးတော့ ဘွဲ့မယူဖြစ်ဘူး။ အဝေးရောက် ဘွဲ့လက်မှတ်ပဲယူဖြစ်တယ်။ အန်တီ့တုန်းကလည်း B.Sc. ယူခါနီး Form တင်တော့မှ သူ့အဖေဆုံးတာဆိုတော့ ဘွဲ့တက်မယူဖြစ်တော့ဘဲ အဝေးရောက်ပဲ တင်လိုက်တော့တယ်။ 'ဦး' ဆုံးတော့ အန်တီ့အသက်က ၂၅ နှစ်လောက်ပဲ ရှိဦးမှာ။ B.Ed ကျတော့လည်း မယူတော့ပါဘူးလို့ ပင်ပန်း ပါတယ်လေ။ အဲဒါ သားသားလည်း ဘွဲ့တက်မယူဖြစ်ဘူး။ အန်တီက B.Sc ကို ရူပဗေဒနဲ့ ပြီးတော့ B.Ed ကတော့ သင်္ချာနဲ့ပြီးတာ။ အန်တီက သင်္ချာ ဝါသနာပါတယ်။ ကျောင်းမှာလည်း သင်္ချာပဲ သင်တာ။ စာသင်ရတဲ့ ဆရာမ အလုပ်ကို အန်တီ သိပ်မြတ်နိုးတယ်။

သားသားတို့အဖေ ဆုံးပြီးနောက်ပိုင်း သားသားရဲ့ ပတ်ဝန်းကျင်မှာ အန်တီ့ကြောင့် မျက်နှာမငယ်စေရဘူး။ အန်တီက ဆရာမဆိုတော့ မြင့်မြင့်နေရတာပေါ့နော်။ အိမ်ထောင်တွေ ပြိုကွဲသွားတာကြောင့် ကလေးတွေ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်လဲ။ အဲဒါကြောင့် အိမ်ထောင်ပြုတာကို စိတ်ကူးထဲတောင် မထည့်ဘူး။ ခုထိ အန်တီ သားသားနဲ့ပဲ ဘဝကို ဆက်လျှောက်ပါတယ်။ ဘယ်သူ့ကိုမှလည်း အားကိုးစရာ မလိုဘူး။ ကိုယ့်ပညာအရည်အချင်းနဲ့ ကိုယ့်ဘာသာကိုယ် လုံလောက်တယ်။ ဖြစ်အောင်လုပ်တယ်။ သားသားကိုလည်း နားလည်အောင် ပြောပေါ့နော်။ သူကလည်း တအားကြိုးစားတာ။ အန်တီကလည်း သားရဲ့ မျက်နှာကို ကြည့်ပြီးတော့ပဲ ကိုယ့်မှာ အားဖြစ်တာပေါ့နော်။ အန်တီ့ကြောင့် သူ့ရဲ့ ပတ်ဝန်းကျင်မှာ မျက်နှာငယ်မယ့်ကိစ္စဆိုတာ အဖြစ်ကို မခံနိုင်ဘူး။ အဲဒါကြောင့် အဲဒီဘက်ကကိစ္စကို လုံးဝကို မစဉ်းစားဘူး။ သားသားလည်း ကိုယ့်ဘာသာကိုယ် စာကြိုးစားလို့။ အန်တီ အဲလိုနေခဲ့တာကြောင့်လည်း သားက ခုထိ အန်တီ့ကို ပြန်ကြည့်နေတာပေါ့နော်။

သားသားက ဆယ်တန်းရောက်တော့ စာတွေကို ရေးနေတော့တာပဲ။ သီချင်းနားထောင်တာ၊ ရုပ်ရှင်ကြည့်တာ သိပ်ဝါသနာမပါဘူး။ စာတွေပဲ ရေးတာ ဖတ်တာများတယ်။ သူဖတ်တာ ဆရာနေဝင်းမြင့်၊ ဆရာမ ဂျူး၊ ဆရာအောင်ကျော်စည်၊ ဆရာကျော်စွာထက်ရဲ့ စာတွေ ဖတ်တာတွေ့တယ်။ ဖတ်တာတွေကတော့ အများကြီးပဲ။ သူ့ဘကြီးတွေက ဝယ်ပေးတာများတယ်။ သားသားကြီးမှာ ဟာသဉာဏ်လေးရှိတာ သူ့အဘိုးကြောင့်လို့ ပြောရမှာပဲ။ သူ့အဘိုးက သူ့မြေးလေးနဲ့ ပျော်ပျော်ရွှင်ရွှင်နေတာ များတယ်လေ။ သားသားက အဖေမရှိတော့ပေမယ့် အားငယ်တာတွေ ဘာတွေ မရှိဘူး။ ဘာလို့လဲဆိုတော့ သူက သူငယ်တန်းကနေ ဆယ်တန်းထိ နှစ်တိုင်း ဆုတွေရနေတော့ ဆရာတွေ ဆရာမတွေက မြှောက်စားတာပေါ့နော်။ သူငယ်ချင်းတွေကလည်း ဝိုင်းချစ်ကြတော့ အားငယ်တဲ့အချိန်ကို မရလိုက်ဘူးထင်ပါရဲ့။ သူဆုံးတော့ သားက ငါးနှစ်လောက်ဆိုတော့ ဝမ်းနည်းရကောင်းမှန်း သိပ်မသိသေးတဲ့ အရွယ်ကိုးနော်။ သူ့ရဲ့ ဆရာ ဆရာမတွေ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုတွေကြောင့်လည်း ပါမှာပေါ့။ ဒါကလည်း အရေးကြီးတယ်နော်။

သားသားက စာဖတ်တာ၊ စာရေးတာ အရမ်းကို ဝါသနာပါတယ်။ စာတွေ ရေးရေးနေတော့ အန်တီကတော့ ဆေးကုတဲ့အလုပ်ကို လုပ်စေချင်တာပေါ့နော်။ ဒီဘက်မှာ အားသန်နေပြီး ဟိုဘက်မှာ အားနည်းသွားမှာ စိုးရိမ်တယ်။ ဆေးကုတဲ့ဘက် လမ်းပြတ်သွားမှာ စိုးလို့။ သူဝါသနာပါတဲ့အလုပ်ဆိုတော့ တင်းတင်းကျပ်ကျပ်ကြီးတော့ မပြောဘူးပေါ့နော်။ ပြီးတော့ အန်တီက သူ့မျက်နှာကို ကြည့်နေရတာလေ။ သူ စိတ်ချမ်းသာရာပေါ့နော်။ သူ့ဘက်ကလည်း နှစ်ဖက်စလုံးကို ဖြစ်အောင်လုပ်တာဆိုတော့ အန်တီကတော့ သူ ပင်ပန်းတာကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မင်းခိုက်စိုးစန်နှင့် သူ၏မေမေ





၇၉ ခုနှစ်က အပြည်ပြည်ဆိုင်ရာ ကလေးများနှစ် အထိမ်းအမှတ် ပုံပြောပြိုင်ပွဲ ယှဉ်ပြိုင်စဉ်



၈ နှစ်သားလေး မောင်ကျော်စိုး



သူငယ်တန်း ပထမဆုရစဉ် ဆရာမများနှင့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com





ငွေကြယ်ပွင့်ရဲ့ ဖေဖေ
ဦးမြဝင်း(ကွယ်လွန်)





ကိုရင်ဝတ်နဲ့ မင်းနိုက်စိုးစန်





ဆုံးပါးသွားတဲ့ ညီမလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com





မေမေပင်ဆော ဂီတာ

၁။

ဘားဆွေးတဲ့ အသံကို
ဂီတာဆေ[illegible]ဘူးလို့ ဘယ်သူပြော[illegible]လဲ။

၂။

[illegible] ငါလို အသက်ရှူရဖို့တောင်မှ
[illegible]စာရေးပြီး တင်ခဲ့ရတဲ့ ယောဒီ 'သား' ကို
မေမေက
ဝဋ်နာ ကံနာတစ်ခုလို ချစ်ခဲ့တယ်…
မေမေရေ….
သားဟာ မေမေ့အတွက်
လက်လွန်သွားခဲ့တဲ့ ဒဏ်ရာတစ်ခုပေါ့။

၃။

အပွင့်တွေခူးဖို့
တစ်ပင်လုံး ခုတ်လှဲခံထားရတဲ့ ပိတောက်ပင်လို
မေမေ့ကို မြင်မိတယ်
(အစကတည်း[illegible]
သား…မဖူး[illegible]

၄။

'နာကျင်နေတဲ့
ရှာဖွေရတာ အ[illegible]
သစ်ချက်[illegible]
အမေ့နှလုံးသာ[illegible]
'အလွယ်တကူ'[illegible]

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သနားတာပဲ ရှိတယ်။ အဲဒါ ဘွဲ့ရတော့ မအေကို ရှော့ မေမေ့ဘွဲ့လက်မှတ်ကြီးတဲ့။ ကိုယ်က ဘာပြောရမလဲနော်။ စာရေးတာကျတော့လည်း အထိုက်အလျောက် အောင်မြင်မှုတွေ ရနေတော့လည်း ဝမ်းသာရပါတယ်။ ပထမပိုင်းက ပို့စ်မော်ဒန်တွေရေးတော့ ကိုယ်က နားမလည်ဘူးလေ။ ခုကျတော့ လက်ခံလာကြပြီဆိုတော့ ကျေနပ်ရတာပေါ့။ ပထမဦးဆုံးဝတ္ထုက 'လွမ်းလို့ သေသွားတဲ့ သစ်ပင်' လေ။ အဲဒါကို ဒါရိုက်တာ ကိုမျိုးမင်းက ရိုက်လိုက်တော့ ဝမ်းသာတာပေါ့။ အဲလိုကျတော့လည်း တစ်ဖက်က စိတ်ချမ်းသာတာပေါ့နော်။ 'အချစ်သည် လေပြည်' ဆိုရင်လည်း တော်တော်ကောင်းတယ်နော်။ ဟိုတစ်နေ့က တီဗီအစီအစဉ်က လာသွားတဲ့ 'မိုးသက်လေကို ခြွေတဲ့ဆောင်း'။ အဲလိုမျိုးဆို တော်တော်ကြီးကို ဂုဏ်ယူမိပါတယ်။ ဝမ်းလည်းသာပါတယ်။ သူငယ်ချင်းတွေကိုလည်း ကြွားရတာ ပေါ့နော်။ ကျောင်းကလည်း သားသားကြီး၊ သားသားကြီးနဲ့ ဂုဏ်ယူကြပါတယ်။ အကုန်လုံးက အားလည်းပေးကြတော့ ဝမ်းသာနေရတာပေါ့နော်။ ခရီးတွေ ဘာတွေထွက်ရင်လဲ ပြန်လာရင် မေမေ့အတွက် လျှော့လာခဲ့တယ်ဆိုတာချည်းပဲ။ ရောက်ရာအရပ်မှာ အန်တီ့နာမည်နဲ့ လှူလာပေးတာ။

BURMESE CLASSIC

သားကို အန်တီက ရုပ်ရှင်ဘက် သိပ်မရောက်စေချင်ဘူး။ အဲဒီဘက်ကနေ ပြန်မထွက်နိုင်မှာစိုးလို့။ အန်တီကတော့ ဆရာဝန်ပဲ လုပ်စေချင်တာ။ လောလောဆယ်တော့လည်း သူ့ဝါသနာပါတာလေး ကြိုးစားနေတာပေါ့နော်။ အန်တီကတော့ မကြိုက်ဘူးပေါ့လေ။ မဟုတ်တာ လုပ်လာမှာလည်း စိုးတယ်။ သူတို့ဆီက ကောလာဟလ သတင်းကလည်း ထွက်တတ်တယ်လေ။ အန်တီကလည်း ပြောပြပါတယ်။ ကောလာဟလတွေထွက်တိုင်း သားကတော့ ရှင်းနေတာပဲ။ အန်တီကတော့ စိတ်ပူတာပေါ့နော်။ သူ့ဆုံးဖြတ်ချက်ပဲ အရေးကြီးတာပါ။ အန်တီ့ဘက်ကတော့ စိတ်ပူပေးရုံ တားရုံပဲ ရှိတာပေါ့နော်။ လမ်းတည့်ရုံပဲ ရှိတာပေါ့နော်။ ဘယ်လို မိန်းကလေးမျိုးမှ မအေနဲ့ ဘယ်လိုအဆင်ပြေမှ မေမေ့ကို မိခင် တစ်ယောက်လို ချစ်ကြောက် ရှိသေနိုင်တဲ့ မိန်းကလေးမျိုးမှ အဲဒါဆို ပညာတတ် အသိုင်းအဝိုင်းကဖြစ်မှ ဒီလိုမျိုး စဉ်းစားတတ်မှလေ။ မအေကတော့ နားချပေးရတာပေါ့နော်။ အနေနီးမှာလည်း စိုးတယ်။ အဲဒါကို အကြောက်ဆုံးပဲ။ အန်တီအဖြစ်စေချင်ဆုံးကတော့ ဆရာဝန်နဲ့ပေါ့လေ။ ဒါပေမဲ့ သားရဲ့ စိတ်ကြိုက်ပါပဲ။ သူနဲ့ ပေါင်းရမှာကိုး။ သူ ဘာတွေ ဆိုးတတ်လဲဆိုတော့ သားသားကြီးက ငယ်ငယ်ကတည်းက လိမ္မာတာ ခုချိန်ထိပဲ။ ခုနောက်ပိုင်းရောဆိုတော့ သူများနဲ့တော့ မသိဘူးပေါ့နော်။ အန်တီနဲ့ကတော့ လိမ္မာနေတာပဲ။

သားသားကြီးက တစ်ယောက်ဆို ဆိုသလောက်ပဲ လိမ္မာပါတယ်။ သား

www.burmeseclassic.com

www.burmeseclassic.com



သမီး ကံကောင်းတယ်လို့ပဲ ဆိုရမှာပေါ့နော်။ အဲဒါကြောင့်လည်း အန်တီက ပိုစိုးရိမ်နေရတာ။

အရင်တုန်းကနဲ့ အခု ဘာတွေ ပြောင်းလဲတာတွေ့လဲဆိုတော့ ဝတ်စားဆင်ယင်တာလို့ပဲ ပြောရမှာပေါ့။ အရင်တုန်းကတော့ ရိုးရိုးအေးအေးပါပဲ။ မအေးဆင်သမျှလေးပေါ့။ အရွယ်လေးရောက်လာတော့ သူ့ဘာသာသူ ဆင်ပေါ့။ မအေး ထက်တော့ ဟုတ်နေတာပေါ့။ ငယ်ငယ်တုန်းကလိုလည်း မလိုက်နိုင်ဘူးလေ။ သားသားကြီးရဲ့ ပရိသတ်တွေကို သူ့စာအုပ်တွေ၊ ရုပ်ရှင်တွေကို အားပေးကြတာ ကျေးဇူးလည်း တင်ပါတယ်။ ရှေ့ဆက်လည်း အားပေးကြပါပေါ့နော်။

●

BURMESE CLASSIC

www.burmeseclassic.com